www.burmeseclassic.com

# မေတ္တာဖြင့်စီးပွားရှာခြင်း

မေတ္တာချစ်
(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မေတ္တာဖြင့်စီးပွားရှာခြင်း

ကိုယ်သာအောင်လုပ်ခြင်းသည်
တိုင်းပြည်နာအောင်လုပ်ခြင်း ဖြစ်သည်။ (ဒီးဒုတ်ဦးဘချို)

## ဉာဏ်ပါမှချမ်းသာရမည်

လူအများစုကြီးသည် အပြစ်လွတ်ရုံလောက်သာ ကိုယ့်အလုပ်၊ ကိုယ့်လုပ်ငန်းကို လေ့လာကြသည်။ ထို့နောက် ဆက်လက် လေ့လာခြင်း မပြုတော့ဘဲ အသိပညာရှာဖွေမှုကို ရပ်ပစ်လိုက်ကြသည်။ လုပ်ငန်းဆိုင်ရာ နားလည်တတ်ကျွမ်းမှုရှိရန် ဆက်လက် လေ့လာရမည်၊ လေ့ကျင့်ရမည် ဆိုသည်ကို သူတို့ မသိကြ။ လုပ်ငန်းတိုင်းလိုလိုတွင် လူနည်းစုသာလျှင် လုပ်သင့် လုပ်ထိုက်တာတွေကို လုပ်ကြသည်။

ဤခေတ်ထဲတွင် ကြီးပွားချမ်းသာလိုသော လူငယ်တစ်ယောက် အနေဖြင့် လိုအပ်သည်မှာ အထူးတလည်တတ်သိသော ဗဟုသုတ ရှိရမည်။ လုပ်ငန်းဆိုင်ရာ နားလည်တတ်ကျွမ်းမှုရှိအောင် လေ့လာရမည်။ မဆည်းပူး မသင်ကြားဘဲနှင့် လုပ်နိုင်သည်ဟု ဆိုသူသည် ပင်ကိုယ်အသိဉာဏ် နည်းသူသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

### ဆင်းရဲခြင်း၏ အစိကအကြောင်းရင်း

"ဆင်းရဲခြင်းနှင့် မအောင်မြင်ခြင်း၏ အဓိက အကြောင်းရင်းသည် မတတ်ခြင်း၊ မသိခြင်း၊ လုပ်ငန်းဆိုင်ရာ နားလည်တတ်ကျွမ်းမှု (ဉာဏသမ္ပတ္တိ) မရှိခြင်းကြောင့်ပင် ဖြစ်၏။ ဤသည်မှာ ဘယ်တော့မှ မမှားသော အမှန် တရားပင် ဖြစ်သည်"

ဟားဘတ်အင်ကက်ဆင်

(ဗြိတိသျှ စီးပွားရေးပညာရှင်နှင့် စီမံအုပ်ချုပ်ရေးပါရဂူ)

BURMESE CLASSIC

* မကျွမ်းကျင်က၊ ပြုသမျှ၊ ပျက်ရဆုံးရ ဖြစ်တတ်သည်။
* မကျွမ်းကျင်ပြန်၊ ကျွမ်းကျင်ရန်၊ ဧကန်လေ့လာကြရမည်။
* ကျွမ်းကျင်ပါမှ၊ ပြုသမျှ၊ မုချအလွယ်ပြီးနိုင်သည်။

အမှုကိစ္စ၊ ဟူသမျှဌ်၊ နှစ်ဝကျိုးပြစ်၊ စိစစ်ဖွေရှာ၊ သေချာစေ့ငု၊ ကြည့်ရှု ဆင်ခြင်၊ မပြုပြင်ဘဲ၊ အလျင်စလို၊ ပြုလုပ်လို၍၊ ကံကိုသာချ၊ ကမ္မ သဿကာ၊ ဖြစ်လိုရာလေ၊ ဖြစ်ပါစေဟု၊ မပြုနှလုံး၊ ဉာဏ်ကိုသုံး၍၊ ထုံး နည်းစိစစ်၊ ဖြစ်သင့်မသင့်၊ နှိုင်းချင့်ဆင်ခြင်၊ အမြင်သန်မြန်၊ ဉာဏ်လည်းရင့်မှ၊ ကြီးပွားရ၊ မုချအမှန်သာ။။

စံကျောင်းဆရာတော်

(မေတ္တာသုတ်၊ မေတ္တာပုဗ္ဗဘာဂပဋိပဒါ၊ နိပကောစ)

* * *



www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာစဖြင့် စီးပွားရှာခြင်း

## မာတိကာ

အခန်း (၁)

အကြောင်းအရာ | စာမျက်နှာ

**ဆရာတော်နှင့်တာဂင်စကားပြောခြင်း**


| | |
|---|---|
| ဒါနပြုလျှက် ဆင်းရဲရခြင်း အကြောင်း | ၁ |
| စကာ်ပူမှာပေါက်သော တရားခွေ | ၄ |
| မကြီးပွားခြင်းအကြောင်း (၁၁) ချက် | ၆ |
| အောင်မြင်သောတရားပွဲဟူသည် | ၉ |
| ပိုနေသောအရပ်နှင့် လိုနေသောအရပ် | ၁၁ |
| သာသနာပြုခြင်း အစိပ်ပွါယ် | ၁၃ |
| ရုပ်ပွားတွေတိုး ကလေးတွေလျှော့ | ၁၆ |
| အပြစ်ကင်းလျက် ဒဏ်ခတ်ခံရသူများ | ၁၉ |
| အသာစံလမ်းစဉ်နှင့် အနာခံလမ်းစဉ် | ၂၃ |
| အဘစံရဲ့ ချက်ရည် | ၂၅ |
| ပေးခဲ့ရသော ကတိတစ်ခု | ၂၈ |
| စိတ်၏ စွမ်းအင်တန်ခိုး ရရှိစေမှု အကြောင်းတရား ၁၀ ခု | ၃၀ |




www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂ )


| | |
|---|---|
| ကြီးပွားချမ်းသာကြောင်း တရားလေးပါး | ၃၃ |
| ဈေးရောင်းသူရှိရမည့် အင်္ဂါ | ၃၆ |
| အလုပ်သမားမှ အလုပ်ရှင်ဖြစ်လိုလျှင် | ၃၉ |
| အင်ဒရူးကာနက်ဂျီ ချမ်းသာရခြင်းအကြောင်းနှစ်ပါး | ၄၁ |
| မြန်မာသူကြွယ်များ ကမ္ဘာ့အဆင့်သို့ မရောက်ခြင်းအကြောင်း | ၄၄ |
| လုပ်ငန်းအောင်မြင်ခြင်းအကြောင်းလေးပါး | ၄၅ |
| အတုယူစရာ ရွာတစ်ရွာ | ၄၈ |
| အတုယူဖွယ်ရာ အရှင်အာနန္ဒာ | ၅၀ |
| စည်းကမ်းရှိသော သာကေတ သူဌေးကတော် | ၅၂ |
| စည်းကမ်းရှိသော မန္တလေးမှ ဆေးပွဲစားကြီး | ၅၄ |
| စာရေးသူနှင့် အသုဘကုတင် | ၅၅ |
| သက်န်းပဋိစ္စသမုပ္ပါဒ် | ၅၈ |
| အဓိကနှင့် သာမညခွဲတတ်သူ | ၆၀ |
| မျက်စိခွဲပေးပါဘုရား | ၆၃ |
| ပေးပါ စကားကိုမကြားလိုသော ဆရာတော် | ၆၇ |
| လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက် | ၇၁ |
| သိန်းနှစ်ဆယ် အကြွေးတင်ခံ လှူသူ | ၇၇ |
| ကမ္ဘာကျော်သူကြွယ်များ၏ ငွေစုနည်းလမ်းညွှန် | ၈၂ |


BURMESE CLASSIC

အခန်း (၃)


| | |
|---|---|
| မေတ္တာကြောင့်လား ယတြာကြောင့်လား | ၈၆ |
| ဈေးရောင်းကောင်းခြင်း၏ အဓိကအကြောင်း | ၈၉ |
| မြိတ်မြို့က ဦးစိုးကြီးကွမ်းယာ | ၉၂ |
| မေတ္တာနှင့် လောဘ၏ အစွမ်းတွေ့တိုက်ပွဲ | ၉၇ |




www.burmeseclassic.com

www.burmeseclassic.com

အင်ဒရူးကာနက်ဂျီရဲ့ မေတ္တာ ၁၀၁
ခိုးလို့ရတဲ့ အစားအစာဆိုတာ ၁၀၄

အခန်း (၄)

စိတ်သခင်နှင့် စိတ်ကျွန် ၁၀၆
စိတ်ကျွန် မိုးကုတ်သူဌေး ၁၀၈
စိတ်သခင် လက်ပံတန်းသူဌေး ဦးထိန်းဝင်း ၁၁၀
ဂျပန်တို့၏ ပရဟိတဒါန ၁၁၁
သစ်ခွဲသော ကုလားနှင့် မြန်မာ ၁၁၃
ချဲထီကိုမက် ဘဝပျက် ၁၁၅
ဦးအောင်ဖေယျလို တွေးစေချင် ၁၁၈
ဘီလ်ဂိတ်၏ လုပ်ငန်းအောင်မြင်နည်း ၁၂၂

အခန်း ( ၅ )

ပျင်းရိခြင်းကို ရောင့်ရဲခြင်းဟု အထင်မှားမှု ၁၂၃
ပင်လယ်ရေနှင့် မြစ်ရေ ၁၂၆
မောင်းထောင်သူဌေး ဦးမြရာ ၁၂၇
မျိုးစပါးထောင်း၍ ဆွမ်းလှူသူ ၁၃၀
နွားတွေအပေါ်မှာထားတဲ့ မေတ္တာ ၁၃၂
ဦးမြရာ၏ ပရဟိတဒါနများ ၁၃၄
နွားလှည်းနှင့်လာသော သူခိုး ၁၃၈
ဦးမြရာ၏ လယ်ကေါ်ရာကျော်အလှူ ၁၄၀
ဦးမြရာနှင့်အတူ အိမ်မှထွက်သွားသော ရတနာများ ၁၄၃
ထိုက်သူစံ ၁၄၅
ငွေနှင့် အရိပ် ၁၅၁



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

အချိန်ဟူသည် အသက် ၁၄၉
ဂျပန်သူဌေးရဲ့မြန်မာတွေအပေါ် စီးပွားရေးအမြင် ၁၅၄
ဓမ္မဒူတ ဆရာတော်ကြီး၏ အနားယူနည်း ၁၅၆
လူတိုင်းအတွက် နှစ်ဆယ့်လေး ၁၅၈
အချိန်ရဲ့ တန်ဖိုး ၁၆၀
ကြီးမြတ်သူတို့ နေရာ ၁၆၁

အခန်း ( ၇ )

ကျွန်းနိုင်ငံလေး၏ နေမဝင်အင်ပါယာ ထူထောင်
နိုင်ခြင်းအကြောင်း ၁၆၂
ချမ်းသာခြင်းအစ ကြွက်သေက ၁၆၃
ကုန်သွယ်ရေးအတတ်ပညာလေးရပ် ၁၆၇
အတုယူရမည့် ဂျင်နရယ်မော်တာ (GM) ကားကုမ္ပဏီ ၁၆၉
ဖနီးသည်၏ စွမ်းရည် ၁၇၁
အကောင်းဆုံး ချီးကျူးနည်း ၁၇၄
စိတ်က လက်မခံသရွေ့ အမြတ်ငမ်းရှူးနိမ့်ခြင်းဟူသည် မရှိ ၁၇၇
လူတိုင်းမချမ်းသာခြင်း၏ အဓိကအကြောင်း ၁၈၀
စီးပွားရေးဉာဏ်ပညာ ရှိသူနှင့် မရှိသူ ၁၈၂
အလုပ်ရှင်ဖြစ်တဲ့နည်း ၁၈၆
ချမ်းသာခြင်း အစစ်ရှိတဲ့နေရာ ၁၈၉
ဣသာကြောင့်သေသော နတ်များ ၁၉၂
ရဟန္တာဖြစ်လျှက် ဆွမ်းမစားရခြင်း ၁၉၅



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)


ခေါင်းဆောင်စိတ် ၁၉၇

အာဏာထက်နိုင်ငံကို ပိုချစ်သော သီလဝ ၂၀၂

ပဲရော့ ဦးဆန်နီ၏ ခေါင်းဆောင်စိတ် ၂၀၃

ဦးဆန်နီ၏ စေတနာ ၂၀၅

ကိုရင်လူထွက် သူဌေးသားမက် ၂၁၀

စန်းပွင့်သော မောင်အေးလေး ၂၁၁

ဘိုးသင်းနိုင်၏ စာရိတ္တသတ္တိ ၂၁၃

ထူးခြားသော သူငယ်ချင်းလေးယောက် ၂၁၆

စားပြနှင့် သူငယ်ချင်းလေးယောက် ၂၁၉

နောက်လိုက်စိတ်နှင့် ဆေးရုံအုပ်ကြီး ၂၂၂

ခေါင်းဆောင်စိတ်ရှိသော အင်ဒရူးကာနက်ဂျီ ၂၂၄

ခေါင်းဆောင်စိတ်နှင့် စောလှဖြူ ၂၂၆

ကြွက်ကိုကြောက်သော လင်းယုန်နှစ်ကောင် ၂၂၈

ကရုဏာသက်ဖွယ် ဟောင်ကောင်အပျော်မယ် ၂၃၁

နေ့စံ ညခံဘဝရောက်ရခြင်း အကြောင်းကံ ၂၃၂

လာဘ်ထိုး၍မရသော ဘေး ၂၃၄

ဂုဏ်မယူသင့်တာဂုဏ်ယူ၍ အောက်ကျရသောလူမျိုး ၂၃၅

ကောင်းကင်တစ်ဝက် ပိုင်သူများ ၂၃၇

ဝါသနာပါရာလုပ်၍ ကြီးပွားသူ မဲ(လ်)ဝါနီ ၂၃၉


**မေတ္တာဖြင့်စီးပွားရှာခြင်း မာတိကာပြီး၏။**



www.burmeseclassic.com

www.burmeseclassic.com

## ဆရာတော်နှင့်တာဒင်္ဂစကားပြောခြင်း

၁၃၆၉ ခု၊ ကန်ဆောင်မုန်းလပြည့်နေ့၊ (၂၄-၁၁-၀၇)စနေနေ့။

ဆရာတော် ဦးဇဝန(မေတ္တာရှင်-ရွှေပြည်သာ)၏ နယ်လှည့်ဓမ္မခရီးစဉ် ပြီးဆုံး၍ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်ရှိ မန္တလေးကျောင်းတိုက်သို့ ပြန်ရောက်ပြီး ခရီးရောက်မဆိုက်ပင် မိန့်တော်မူသည်။

"အသေမြတ်ချင် သေနည်းသင် အိတ်ဆောင်စာအုပ်လေး ထုတ်လိုက်တာ သိပ်ကောင်းတယ်ကွ၊ ခုခေတ်လူငယ်တွေဟာ ဘာသာရေး စာအုပ်တွေ သိပ်ဖတ်ချင်ကြတာ မဟုတ်ဘူး၊ စာအုပ်သေးသေးလေးဆိုတော့ ဖတ်ချင်စိတ် ဖြစ်လာတာပေါ့၊ အထူကြီးဆိုရင် ဒဏ္ဍာလောက်သာ ဖတ်ချင်ကြတာ၊ ဘာသာရေးစာအုပ်ဆိုရင် ပျင်းပြီး ကောက်တောင်ကိုင်မကြည့်ဘူး၊ စိတ်ပုတီးတောင် (၁၀၈)လုံးပုတီး ၉ ပါတ်စိတ်ပါဆိုရင် ပျင်းသွားလိမ့်မယ်၊ (၉)လုံးပုတီး အပါတ် ၁၀၀ စိတ်ပါဆိုရင် မပျင်းဘူး၊ ခဏခဏ စိတ်ဖြစ်တာပေါ့၊ စိတ်ရတာ အလုံးရေနည်းတာကိုး၊ အဲဒီလိုပဲ စာအုပ် ဆိုတာလည်း သေးသေးလေးဆိုတော့ ဖတ်ဖြစ်တာပေါ့။

ဖတ်ဖြစ်ပြန်တော့ ဖတ်ထားတာတွေ မမေ့အောင် တိုတိုနဲ့ လိုရင်းကို ထိထိမိမိ သိစေနိုင်တဲ့ နည်းမျိုးစုံနဲ့ ရေးဖို့ လိုပြန်တယ်၊ စာအုပ်သေးသေးလေးတွေ ဖတ်ရင်းကနေ စာအုပ်ကြီးတွေကို ဖတ်ချင်လာလိမ့်မယ်၊ ဒီလို ဖတ်ချင်လာအောင် မင်းတို့ စာအုပ် စီစဉ်ထုတ်ဝေသူက စာအုပ်မျက်နှာဖုံးကို မြင်လိုက်တာနဲ့ ကောက်ကိုင်ကြည့်ချင်စရာ၊

www.burmeseclassic.com

www.burmeseclassic.com

ဖတ်ချင်စရာကောင်းတဲ့ မျက်နှာဖုံး ဒီဇိုင်းမျိုး သရုပ်ဖော် စီစဉ်တတ်ဖို့ လိုအပ်တယ်။

တို့ စာရေးတဲ့သူကလည်း ကိုယ့်စာကို စဖတ်ပြီဆိုကတည်းက လက်ကမချချင်အောင် စိတ်ဝင်စားစရာကောင်းတဲ့ ရေးနည်းမျိုးနဲ့ ရေးပြီး စဖတ်မိလို့ စာအုပ်ဆုံးတော့မှ လက်ကချချင်ပြီး စွဲဆောင်နိုင်စွမ်း ရှိတဲ့ အရေးသားမျိုးလည်း လိုအပ်တယ်၊ အိတ်ဆောင်တရားစာအုပ်ဖြစ်ပြီးရောဆိုပြီး တရားပွဲတွေမှာ ဟောတဲ့အတိုင်း တိတ်ခွေနဲ့ ဖမ်းယူထားတာကို ပြန်ကူးရေးပြီး စာအုပ်ထုတ်ရင် ဟောစဉ်တရားက နားထောင်လို့ ကောင်းတယ်၊ ဖတ်ဖို့ကျတော့ လက်ရေးနဲ့ ရေးတဲ့ တရားလောက် မပြည့်စုံတော့ ဖတ်လို့ မကောင်းပြန်ဘူး"။

"ဆရာတော်ဟောတဲ့ 'ဗုဒ္ဓဟောကြား ကြီးပွားကြောင်းတရား' ခွေကို အိတ်ဆောင်စာအုပ်ကလေးထုတ်ဖို့ ဆရာတော်ကို လျှောက်မယ်လို့ စိတ်ကူးထားတာ၊ ဆရာတော် အမိန့်ရှိသလိုဆိုရင် အဲဒီတရားခွေကို စာမူအဖြစ် ရေးပေးပါဘုရား၊ ဒီတရားဟာ လူတိုင်း ကျင့်သင့်သိသင့်တဲ့ တရားဖြစ်ပြီး တိုင်းပြည်အတွက် အလွန်လိုအပ်နေပါတယ်ဘုရား"

"ဟုတ်တယ်၊ ဒီတရားကို တစ်နိုင်ငံလုံး သိသင့်တယ်၊ ဒါပေမယ့် အိတ်ဆောင်စာအုပ်လို စာအုပ်သေးသေးလေး ထုတ်လို့ မလုံလောက်ဘူး၊ မပြည့်စုံဘူး၊ ဒါ့ကြောင့် စာအုပ်ကြီးပဲ ရေးတော့မယ်၊ ဒီတော့ မျက်နှာဖုံးအတွက် ဒီဇိုင်းထုတ်ပေတော့"

ဆရာတော်တွင် သီးသန့် စာရေးချိန်ဟူ၍ မရှိ၊ အနယ်နယ် အရပ်ရပ်ကို တရားဟောကြွရင်း ရောက်ရာအရပ်တွင် နေ့ဘက်မှာ စာရေး၊ ညဘက်တွင် တရားဟောရရှာသည်။ တရားဟောရန်၊ စာရေးရန်အတွက် လိုအပ်သော ဗဟုသုတကုန်ကြမ်းကို ရထားပေါ်မှာ ကားပေါ်မှာ စာဖတ်ခြင်းဖြင့် တရားစာအုပ်ပေါင်း နှစ်ဆယ်ကျော်

www.burmeseclassic.com

www.burmeseclassic.com

ရေးသားပြီးစီးခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍ ဓမ္မစာအုပ်ကောင်းများ ရေးသားနေဆဲ ဖြစ်သည်။

"မကြာမီထုတ်ဝေမည့် "ဗုဒ္ဓဟောကြား ကြီးပွားကြောင်း တရား" ကို အနယ်နယ်အရပ်ရပ်တွင် လှည့်လည် ဟောကြားခဲ့ရာ ဤစာရေးနေချိန်အထိ မြို့နယ်ပေါင် ၇၅ မျိုးနယ်တွင် ဟောကြားခဲ့ပြီး ဖြစ်သည်။ ဆရာတော်သည် ဤတရားတော်ကို တစ်နိုင်ငံလုံး သိစေချင်၏။ နိုင်ငံသားအားလုံး၏ အသိစိတ်ဓာတ်တွင် ဤတရားများ ပြန့်နှံ့စေချင်သည်။ ထို့ကြောင့် ဤတရားတော်များကို ဟောတရားမှ စာအုပ်အဖြစ် ပြောင်းလဲရာတွင် စာအုပ်ဈေးနှုန်းကို တပ်နိုင်သမျှ သက်သာသောနှုန်းထားဖြင့် ထုတ်ဝေဖြန့်ချိရန် ဆရာတော်က မှာကြားသည်။ မကြာမီထုတ်ဝေတော့မည့် "မေတ္တာဖြင့် စီးပွားရှာခြင်း" စာအုပ်တွင် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအပေါ် ထားရှိသော ဆရာတော်၏ မေတ္တာစေတနာများကို ထင်ရှားစွာ တွေ့ရပါမည်။ မူလဟောစဉ် တရားတော်၏ အမည်မှာ "ဗုဒ္ဓဟောကြား ကြီးပွားကြောင့်တရား"ဖြစ်ပြီး မေတ္တာဖြင့် စီးပွားရှာခြင်း အမည်သို့ ပြောင်းလဲထားသော ဤစာအုပ်တွင် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် သိသင့်သိထိုက်သည့် အကြောင်းအရာ များစွာကို နိုင်ငံနှင့် လူမျိုးအပေါ် စေတနာထားပြီး စုံလင်စွာ ဖော်ပြထားပါသည်။

ရင်းပြင် ကမ္ဘာကျော်သန်းကြွယ်သူဌေးကြီးများ၏ အတွေးအခေါ် အယူအဆ၊ အပြောအဆို လုပ်နည်းလုပ်ဟန်များသည် ဗုဒ္ဓ၏ စကားတော်၊ တရားတော်များနှင့် ကိုက်ညီနေခြင်းကြောင့် ကြီးပွားချမ်းသာရခြင်းဖြစ်ကြောင်း သိကြစေရန် ဗုဒ္ဓစာပေနှင့် ကမ္ဘာ့စာပေများမှလည်း တင်ပြကိုးကားထားပါသည်။

ဤစာအုပ်၏ မျက်နှာဖုံးဒီဇိုင်းနှင့် ပတ်သက်ပြီး ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်က တာဝန်ပေးထားသည့်အတိုင်း ဆရာတော်၏ စာအုပ်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါရမီဖြည့်သည့် အနေဖြင့် မျက်နှာဖုံးဒီဇိုင်းကို အဓိပ္ပါယ်ရှိရှိ သရုပ်ဖော်ကာ ပူဇော်လိုက်ပါသည်။

ဤဒီဇိုင်းကို စိတ်ကူးပုံဖော်ရာတွင် လိုအပ်သော အတွေးစိတ်ကူးများကို မူလတန်းဖတ်စာအုပ် ပုံပြင်လေးတစ်ပုဒ်မှ တစ်ဆင့်ရခဲ့ပြီး အကြောင်းအရာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

တစ်နေ့သောအခါ မင်းသားတစ်ပါးသည် တောကစား ထွက်ရင်း ရွာတစ်ရွာသို့ ရောက်ရှိလာသည်။ ရွာထိပ်ရှိ အိမ်တစ်အိမ်ရှေ့ ရောက်လျှင် သရက်ပင်စိုက်နေသော အဖိုးအိုတစ်ဦးကို တွေ့ရသဖြင့် ရေဆာနေသော မင်းသားသည် အဖိုးအိုထံတွင် ရေးတောင်းသောက်သည်။ အဖိုးအိုသည် မင်းသားအား ရေတိုက်သည့်အပြင် သူ့ခြံမှ ထွက်သော သရက်သီးများကို စေတနာအပြည့်ဖြင့် ကျွေးမွေးဧည့်ခံသည်။ မင်းသားသည် အရသာရှိပြီး ချိုမြိန်သော သရက်သီးများကို စားသုံးပြီးနောက်-

"အဖိုး၊ စောစောက ဘာပင်တွေ စိုက်နေတာလဲ"

"သရက်ပင် စိုက်နေတာပါ မင်းသား"

မင်းသားသည် ခေတ္တမျှ တွေဝေသွားပြီး-

"အဖိုးအသက်က ဘယ်လောက်ရှိပြီလဲ"

"ရှစ်ဆယ့်ငါးနှစ်ပါ မင်းသား"

"အဖိုးဟာ အဓိပ္ပါယ်မရှိသော အလုပ်ကို လုပ်နေတာပဲ၊ ဒီသရက်ပင်ဟာ အဖိုးအတွက် ဘာမှအကျိုးမရှိ အချည်းနှီးပါပဲ"

ထိုအခါ အဖိုးအိုက. . . .

"မင်းသား၊ ဒီအပင်မှ သရက်သီးများကို အဖိုးမမျှော်လင့်ပါ။ နောင်လာ နောက်သားများအတွက်သာ ဖြစ်ပါသည်၊ မျှော်လင့်ချက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com

စိုက်ပျိုးခြင်း မဟုတ်ပါဘူး၊ ယခု သင်မင်းသားစားသုံးခဲ့သော သရက်သီး ပင်လျှင် အဖိုး၏ မိဘဘိုးဘွားများ စိုက်ပျိုးခဲ့သော အပင်မှ ဖြစ်ပါသည် မင်းသား"

ထိုအခါ မင်းသား၏ စိတ်တွင် တွေးတောဆင်ခြင်မိသည်မှာ

"အို တစ်ကိုယ်ကောင်းဆန်ပြီး ကျဉ်းမြောင်းတဲ့ အမြင်နဲ့ ငါ အဖိုးအိုကို ပြောခဲ့တာတွေဟာ ရှက်စရာပါကလား"

မင်းသားသည် ဤသို့ စဉ်းစားမိသည်နှင့် အဖိုးအို၏ မြင့်မြတ်သောစိတ်ဓာတ်ကို ချီးမြှောက်သောအားဖြင့် မိမိလက်တွင် ဝတ်ဆင်ထားသော စိတ်လက်စွပ်ကို ချွတ်ပေးလေသည်။ အဖိုးအိုသည် စိန်လက်စွပ်ကို သရက်ပင်တွင် ချိတ်ဆွဲလိုက်ပြီး . . .၊

"သင်မင်းသားသည် ဤသရက်ပင်ကို စိုက်ပျိုးခြင်းဖြင့် အဖိုးအတွက် အကျိုးမရှိဟု ဆိုခဲ့၏၊ ယခုပင် သရက်ပင်မှ စိန်လက်စွပ် ဆိုသော ရတနာသီး သီးခဲ့လေပြီ" ဟု ပြောဆိုလေသတည်း

စိုးတင့်(ရွှေပြည်သာစာပေ)

***

*********

www.burmeseclassic.com

www.burmeseclassic.com

တကယ့် စိတ်ချမ်းသာမှု အစစ်ကို ရလိုလျှင် သူတစ်ပါးကို ထောက်ပံ့ကူညီသည့်အခါ မည်သည့် မျှော်လင့်ချက်မှ မထားပါနှင့်။ ။

မေတ္တာရှင်(ရွှေပြည်သာ)

ဗုဒ္ဓဘာသာဝင်များသည် ဘာသာရေးအပေါ်ထားသော မေတ္တာစေတနာမျိုး စီးပွားရေးအပေါ်မှာ ထားမည်ဆိုလျှင် ကုသိုလ်လည်းရ၊ ဝမ်းလည်းဝပြီး စီးပွားရေးတွင် ကမ္ဘာ့အဆင့်ထိရောက်အောင် တိုးတက်မည်ဖြစ်သည်။

လောကီ လောကုတ္တရာ နှစ်ဖြာလုံး ဆုံးရှုံးပျက်စီးနေသော ပုဂ္ဂိုလ်မှန်သမျှသည် စိတ်၏ ကျွန်။
လောကီလောကုတ္တရာ နှစ်ဖြာလုံး ကြီးပွားတိုးတက် အောင်မြင်နေသော ပုဂ္ဂိုလ်မှန်သမျှသည် စိတ်၏သခင်။

မေတ္တာရှင်(ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁ )

## ဒါနပြုလျက် ဆင်းရဲခြင်း အကြောင်းရင်း

### အကောင်းနှင့်အဆိုး

နိုင်ငံခြားမှ သိပ္ပံပညာရှင်ကြီးတစ်ဦး အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော်ကြီးထံ ရောက်လာပြီး သိပ္ပံပညာ ထွန်းကား တိုးတက်လာမှုအပေါ် ဆရာတော်၏အမြင်ကို သိလိုပါသည်ဟု မေးလျှောက်၏။ ဆရာတော်က–

"အကောင်းလည်း ရှိတယ်၊ အဆိုးလည်း ရှိတယ်၊ ဥပမာ သိပ္ပံပညာ မတိုးတက်ခင်က ရေလမ်းခရီးကို လှေနဲ့သွားရတော့ တစ်ပြိုင်နက် လေးငါး ဆယ်ယောက်ပဲ သွားနိုင်တာပေါ့။ သိပ္ပံပညာကြောင့် ပင်လယ်ကူး သင်္ဘော ကြီးတွေပေါ်လာတော့ တစ်ပြိုင်နက် လူနှစ်ထောင် သုံးထောင် သွားနိုင်တာ ပေါ့။ ဒါကအကောင်းဘက်က ကြည့်တာ–

အဆိုးဘက်ကကြည့်တော့ လှေမှောက်လို့သေရင် အလွန်ဆုံး လူ ဆယ်ယောက်ပေါ့၊ သင်္ဘောမှောက်လို့သေရင် လူနှစ်ထောင် သုံးထောင်အထိ သေရတာပေါ့" ဟုဖြေတော်မူ၏။ သိပ္ပံပညာရှင်ကြီးသည် ခေါင်း တညိတ်ညိတ်ဖြင့် တွေးခေါ် စဉ်းစားမိသွားကြောင်း ဖတ်ရဖူး၏။

အသိပညာ (ဝိဇ္ဇာ)နှင့် အတတ်ပညာ (သိပ္ပံ) တို့သည် ချိန်ခွင်လျှာ



www.burmeseclassic.com

www.burmeseclassic.com



အလယ်၌ တည့်မတ်နေသကဲ့သို့ အညီအမျှ တိုးတက်နေမှသာ လောကကောင်းကျိုးကို ဖော်ဆောင်နိုင်မည် ဖြစ်၏။ သို့ပွဲ၏ တိုးတက်မှုနောက်သို့ ဝိဇ္ဇာက အမီ မလိုက်နိုင်မှုကြောင့် ဟီရိုရှီးမား နှင့် နာဂါစကီ မြို့ကြီးနှစ်မြို့သည် ပြာပုံဘဝသို့ ရောက်ခဲ့ရခြင်း ဖြစ်၏။

စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုဟူသည် လောကကို ဖျက်ဆီးမည့် လောဘ, ဒေါသ စသောကိလေသာများ စိတ်သန္တာန်တွင် လျော့ပါးကုန် ခန်းလာသည်ကို ဆိုလိုခြင်းဖြစ်၏။ ငါကောင်းစားဖို့ ဟူသော ရည်ရွယ် ချက်မပါဘဲ သူတစ်ပါး ကောင်းစားဖို့ ဟူသော ရည်ရွယ်ချက်ဖြင့် ဒါနပြု ခြင်း၊ သီလဆောက်တည်ခြင်း၊ ပရဟိတ (အများကောင်းကျိုး) လုပ်ခြင်းများ သည် ဝိပဿနာတရား နာကြားအားထုတ်သည့်နည်းတူ ငါစွဲတည်းဟူ သော ဒိဋ္ဌိကိလေသာ၊ ငါကောင်းစားဖို့ တည်းဟူသော လောဘကိလေသာ များကို အထိုက်အလျောက် လျော့ပါးကုန်ခန်းစေသည်သာ ဖြစ်၏။

## ကော့သောင်းမြို့က စေတနာရှင်

ကော့သောင်းမြို့၊ ၈-မိုင်၊ ဝေနေယျသုခရိပ်သာကျောင်း၊ ၁၃ဖြစခုနှစ် တရားစခန်း၌ ငါကောင်းစားရေးကို ပယ်သတ်ခဲ့သော အတုယူဖွယ် ဇင်မာဌေး အမည်ရှိ ထားဝယ်သူမလေးတစ်ယောက်ကို တွေ့ရဖူး၏။ သူမ၏အသက်သည် ၂၂ ခန့်သာ ရှိသေးသော်လည်း အသက်ခြောက်ဆယ်ကျော် ယောဂီများထက်ပင် စိတ်ထားရင့်ကျက်သည်ကို တွေ့ရ၏။

ယခုတစ်ကြိမ်သာ တရားစခန်းဝင်ဖူးသော်လည်း အကြိမ်များစွာ တရားစခန်းဝင်ဖူးသူများထက် ကိလေသာ ပိုမို လျော့ပါးကုန်ခန်းသည်ကို ထောက်၍ သူမသည် သူတစ်ပါး ကောင်းစားဖို့ဟူသော မျှော်လင့်ချက်ဖြင့် ပရဟိတ အလုပ်များကို လုပ်နေသူဖြစ်ကြောင်း ထင်ရှား၏။ သူမသည် တရားစခန်း ဝင်ချိန်အတွင်း အမျိုးသမီးယောဂီများ အသုံးပြုသော အိမ်သာ



www.burmeseclassic.com

www.burmeseclassic.com



များကို အချိန်ရသလောက် သန့်ရှင်းရေးလုပ်၏။ ထိုသို့ လုပ်ကြောင်းကို လည်း မည်သူ့ကိုမျှ အသိမပေးပေ။

တရားစခန်း နောက်ဆုံးညတွင် တရားစခန်းဝင် ယောဂီများသည် တရားပြဆရာတော်များကို မိမိတို့ တတ်နိုင်သမျှ နဝကမ္မ ဝတ္ထုငွေများဖြင့် ကန်တော့ကြ၏။ ဗင်မာဒွေးနေသော အဆောင်ထဲမှ ယောဂီခြောက်ဆယ် ကျော်လောက်သည် ဆင်းရဲနွမ်းပါးသောကြောင့် ဆရာကို ဝတ္ထုငွေဖြင့် မကန် တော့နိုင်ကြ။ ထိုအခါ ဗင်မာဒွေးက သူ့အိတ်ထဲမှ ငွေများကို တစ်ယောက် တစ်ထောင်စီ ထုတ်ပေးပြီး ဆရာကို ကန်တော့စေ၏။

ယောဂီခြောက်ဆယ်ကျော် ငွေထုတ်ပေးနေရသောအခါ သူကိုယ်တိုင် ကန်တော့ရန်ပင် ငွေမကျန်တော့သောကြောင့် ဆရာကို လက်အုပ်ချီ ကန်တော့ ကာ ကုတ်ကုတ်ကလေး ပြန်သွားရှာ၏။ ထိုအဖြစ်ကို မသိသော ပစ္စည်းပြည့်စုံ သော ယောဂီအချို့က ဗင်မာဒွေးကို အထင်သေးသော အကြည့်ဖြင့် ကြည့်ကြ သည်ကို တွေ့ရ၏။ ဗင်မာဒွေး၏ ဒါနတွင် ဆရာတော်က ငါ့ကို အရေးပေး ရမယ်၊ နောက်ဘဝ ကောင်းစားရမယ်ဟူသော ရည်ရွယ်ချက်များ တစ်ခုမျှ မပါသည်ကို တွေ့ရ၏။

ဤသည်ကား ငါဟူသော ဒိဋ္ဌိကိလေသာနှင့် အရေးပေးဖို့ ငါကောင်း စားဖို့ဟူသော လောဘကိလေသာများကို အလုပ်နှင့် ပယ်သတ်လိုက်ခြင်းပင် ဖြစ်၏။ ထိုကဲ့သို့ အသိပညာ၏ တိုးတက်မှု ပါမလာဘဲ အတတ်ပညာ တစ်ခုတည်း တိုးတက်လာခြင်း၏ အဆုံးစွန်ဆိုးကျိုးကား လူသားများသည် မိမိတို့ လူသားတစ်ရပ်လုံး မျိုးပြုတ်စေမည့် နျူကလီးယား လက်နက်များကို အပြိုင်အဆိုင် တီထွင် တပ်ဆင်လာကြခြင်းပင် ဖြစ်၏။

သို့သော် စိတ်ကောင်းရှိက လူ၏အသက်ကို သေစေသော မြွေဆိပ် ကိုပင် မြွေဆိပ်ဖြေဆေးအဖြစ် ပြန်လည်တီထွင် နိုင်သောကြောင့် သိပ္ပံပညာ သည် အကောင်းဘက်သို့ အသုံးချနိုင်လျှင်လည်း အခြားပညာများထက် ဆယ်ဆမက သာသည်သာ ဖြစ်၏။ စာရေးသူတို့အရင် စာတတ်ပေတတ်



www.burmeseclassic.com

www.burmeseclassic.com



အဟော အပြောကောင်း၊ အကျင့်ကောင်း ဓမ္မကထိက ဆရာတော်များနှင့် လူပုဂ္ဂိုလ်များ များစွာ ပေါ်ထွန်းခဲ့၏။

သို့သော် သိပ္ပံပညာ၏ အထောက်အပံ့ကို မရသောကြောင့် ဟော သမျှပြောသမျှ တရားတော်များသည် လေထဲမှာပင် နှမြောဖွယ်ရာ ပျောက်ဆုံး သွားခဲ့ရ၏။ စာရေးသူတို့ခေတ်တွင်ကား ကွန်ပျူတာအင်တာနက်စသော သိပ္ပံပညာ၏ အကူအညီရမှုကြောင့် ယနေ့ညဟောသောတရားသည် နောက်ည တွင် ရုပ်မြင်သံကြား ဗီစီဒီဓာတ်ပြားအဖြစ် တစ်ပြည်လုံးပင်မက တစ်ကမ္ဘာ လုံးကိုပင် ဖြန့်ဖြူးလာနိုင်ပြီ ဖြစ်၏။

## စင်္ကာပူမှာပေါက်သော တရားခွေ

စင်္ကာပူမှ တရားနာပရိသတ်တစ်ဦး၏ လျှောက်ထားမှုကြောင့် စာရေးသူဟောသမျှတရားများ အင်တာနက်ပေါ် တင်ထားပြီး ဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗုဒ္ဓဘာသာဝင်များ အချိန်မရွေး နာယူနိုင်ပြီ ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာ သိရ၏။ ပဲနွယ်ကုန်းဇာတိ စာရင်းစစ် ကုမ္ပဏီတစ်ခုမှ အကျိုးဆောင် အမျိုးသမီးတစ်ဦးကလည်း စင်္ကာပူမှာ ပေါက်နေတဲ့ ဆရာတော်ရဲ့ တရားခွေဟုဆိုကာ ဆယ်ပုဒ်စာပါ"အမ်ပီသရီး" စီဒီချပ်ကလေး တစ်ချပ်ကို ပြ၏။

ခေါင်းစဉ်ကို ကြည့်လိုက်သောအခါ မြောက်ဒဂုံနှင့်၊ ရန်ကင်း ၅ ရပ်ကွက်၊ ဓမ္မိကမွှောရုံတွင် ဆယ်ညတိုင်တိုင် ဟောထားသော 'သညာသိနှင့် ပညာသိ' အမည်ရှိ ဝိပဿနာအလုပ်ပေး တရားများ ဖြစ်ကြောင်း တွေ့ရ၏။

မြန်မာပြည်မှာ ဟောသောတရားသည် စင်္ကာပူတွင် အရင်ပြန့်ပြီး မြန်မာပြည်သို့ပင် ပြန်လည်ဝင်ရောက်လာသည်မှာ သိပ္ပံပညာ၏ ကျေးဇူး ပင်ဖြစ်၏။ ၂၀၀၇-ခုနှစ်၊ ၂-လပိုင်း အတွင်းလောက်က ဆိုဗီယက်မှ မြန်မာပညာတော်သင် အမျိုးသမီးတစ်ဦးက ရွှေပြည်သာမှ မိတ်ဆွေ မိန်းကလေးတစ်ဦးထံ "သိပ်ကောင်းတဲ့ တရားလေး၊ နာကြည့်စမ်းပါ"ဟုဆိုကာ



www.burmeseclassic.com

www.burmeseclassic.com



အင်တာနက်မှ တစ်ဆင့် တရားတစ်ပုဒ် ပို့ပေးလိုက်၏။

တရားနာမည်ကား စာရေးသူ ဟောထားသော "မိရိုးဖလာဗုဒ္ဓဘာသာနှင့် တကယ့်ဗုဒ္ဓဘာသာပင်" ဖြစ်၏။ ထိုတရားသည် ပထမဆုံးဗီစီဒီ ထုတ်သော ခွေပင်ဖြစ်၏။ ထုတ်စခွေတွင် အရှင်ဇဝန(မေတ္တာရှင်) ဟုသာ ပါ၍ ရွှေပြည်သာဟု မပါပေ။ ထို့ကြောင့် ဆိုဗီယက်မှ မိတ်ဆွေက ရွှေပြည်သာမှ မိတ်ဆွေကို ရွှေပြည်သာဆရာတော် ဟောသောတရားခွေကို ပို့မိလျက်သား ဖြစ်နေခြင်းပင်။

မြန်မာပြည်မှ သရုပ်ဆောင် မင်းသားတစ်ယောက်သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ အလည်အပတ်ရောက်ရှိရာမှ ဘန်ကောက် အမှတ်တရ လက်ဆောင်အဖြစ် လှပသေသပ်သော ရွှေချည်ထိုး ဦးထုပ်ကလေး တစ်လုံး တန်ဖိုးကြီးကြီးပေး၍ ဝယ်လာခဲ့၏။ မြန်မာပြည်သို့ ပြန်ရောက်ပြီး မန္တလေးသား သရုပ်ဆောင်တစ်ယောက်နှင့် တွေ့သောအခါတွင်မှ စာရေးသူ၏ ဇာတိ အမရပူရမြို့၊ နန်းတော်ရာ စံပြကွက်သစ်ရပ်ကွက်မှ ထွက်သော ရွှေချည်ထိုး ဦးထုပ်မှန်း သိသွား၏။

ရွှေပြည်သာ ဆရာတော် ဟောသောတရားကို ရွှေပြည်သာသူထံ ပို့ပေးမိခြင်းနှင့် နိုင်ငံခြား၌ မြန်မာလုပ်သော ဦးထုပ်ကို မြန်မာက ပြန်ဝယ်မိခြင်းမှာ အံ့သြဖွယ်ရာ တိုက်ဆိုင်မှုတို့ပင် ဖြစ်၏။ ဤစာအုပ်၌ အဓိကရေးချင်သည့် အချက်မှာ သိပ္ပံပညာ၏ ကူညီမှုကြောင့် စာရေးသူ ဟောကြားသော တရားတော်များ ဗုဒ္ဓဘာသာဝင်များရှိရာ နိုင်ငံအသီးသီးသို့ ပြန့်နှံ့သွားရာမှ နိုင်ငံရပ်ခြားမှ တရားပွဲပင့်ဖိတ်မှုများ ရှိလာ၏။

ထိုသို့ ပင့်ဖိတ်မှုကြောင့် ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်မှ ၂၂ ရက်နေ့အထိ ဩစတေးလျနိုင်ငံ၊ ဆစ်ဒနီမြို့၌ ဗုဒ္ဓ၏ ဓမ္မဒေသနာတော် များ ဟောကြားခြင်း တရားစခန်း ဖွင့်ခြင်းများကို ပြုလုပ်ပေးခဲ့ရ၏။ ဓမ္မဒေသနာ ခရီးစဉ်အတွင်း ပရိသတ်များသိလိုရာကို မေးမြန်းခွင့် ပေးခဲ့၏။ မေးခဲ့သော မေးခွန်း များစွာအနက်မှ ဗုဒ္ဓဘာသာဝင် မြန်မာလူငယ်တိုင်း သိထားသင့်သော



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်း တစ်ခုကိုလည်း ပြည့်စုံစွာ ဖြေကြားပေးခဲ့ရ၏။

ထိုမေးခွန်းမှာ–

"မြန်မာတိုင်းရင်းသား အများစုသည် အမြတ်ဆုံး ဗုဒ္ဓဘာသာကို ကိုးကွယ်နေပါလျက်၊ အလှူဒါနများစွာ ပြုနေကြပါလျက် ကြီးပွားတိုးတက်သူကနည်းပြီး ဆင်းရဲနွမ်းပါးသူများ များပြားနေရသည်မှာ အဘယ့်ကြောင့်ပါနည်း" ဟူသော မေးခွန်းပင်ဖြစ်၏။ အဖြေအကျဉ်းကား "ဗုဒ္ဓဘာသာဝင်များ ဖြစ်နေပါလျက် ဗုဒ္ဓ၏စကားကို နားမထောင်ကြသောကြောင့် ကြီးပွားသင့်သလောက် မကြီးပွားကြခြင်း" ပင်ဖြစ်၏။ အကျယ်ချဲ့လျှင်–

## မကြီးပွားခြင်းအကြောင်း ၁၁ ချက်

၁။ ဗုဒ္ဓက ဒါနပြုလျှင် လောကကောင်းစားရေးကို ကြည့်ပြီး လိုအပ်သောနေရာတွင် လှူခိုင်း၏။ ဗုဒ္ဓဘာသာဝင် အများစုက ငါကောင်း စားရေးကို ရှေ့တန်းတင်ပြီး မလိုအပ်သော နေရာတွင်ပုံ၍ လှူတတ်ကြ၏။

၂။ ဗုဒ္ဓက စီးပွားရှာလျှင် သမ္ပဒါတရားလေးပါးနှင့် ပြည့်စုံရမည်ဟု ညွှန်ပြ၏။ ဗုဒ္ဓဘာသာဝင် အများစုကား တစ်ပါးမျှ မပြည့်စုံကြ။

၃။ ဗုဒ္ဓက ဘာသာရေးအပေါ်မှာထားသော မေတ္တာစေတနာမျိုး စီးပွားရေးအပေါ်မှာ ထားခိုင်း၏။ ဗုဒ္ဓဘာသာဝင် အများစုက မလိုက်နာကြ။

၄။ ဗုဒ္ဓက ကြီးပွားတိုးတက်ရန် မိမိကိုယ်ကို မပျက်စီးအောင် ထိန်းသိမ်းသော "အတ္တသမာပဏိဓိ" မင်္ဂလာနှင့် ပြည့်စုံရန် ညွှန်ပြခဲ့၏။ အများစုက မလိုက်နာကြ။

၅။ ဗုဒ္ဓဟောကြားသော ရှောင့်ရဲခြင်း အစစ်ကို မကျင့်သုံးကြပဲ အကုသိုလ်တွင် ပါဝင်သော "ကောသဇ္ဇ" ခေါ် ပျင်းရိခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရောင့်ရဲ ခြင်းဟု မှားယွင်း ကျင့်သုံးနေမိကြ၏။

၆။ ဗုဒ္ဓက ကြီးပွားတိုးတက်လိုသူများသည် အချိန်မှန်သမ္မုထဲမှ ကုသိုလ်, ပညာ, ဥစ္စာ တစ်မျိုးမျိုးကို အမြဲရအောင် ယူ‌ရမည် ဟုညွှန် ပြ၏။ ဗုဒ္ဓဘာသာဝင် မြန်မာအများစုကား အချိန်မှန် သမ္မုထဲမှ အကုသိုလ်၊ မောဟ၊ မွဲပြာကျဆေး (အသုံးအဖြုန်း ကြီးခြင်း) တို့ကိုသာ ထုတ်ယူနေကြ၏။

၇။ နိုင်ငံတကာ ဗဟုသုတ မရှိခြင်း။

၈။ စာပေ ဗဟုသုတ မရှိခြင်း ။

၉။ ကိုယ့်ထက်သာလျှင် မနာလိုခြင်း။

၁၀။ ခေါင်းဆောင်စိတ်နည်းပါးခြင်း။

၁၁။ မိမိကိုယ် မိမိ အားကိုးလိုစိတ်မရှိခြင်းများသည် ဗုဒ္ဓဘာသာဝင် မြန်မာအများစု မကြီးပွားခြင်း၏ အကြောင်းများပင်ဖြစ်၏။ ဉာဏ် ပညာ ရင့်ကျက်၍ စာပေဗဟုသုတ ပြည့်စုံသူများသည် ဤအကျဉ်း ၁၁ ချက်ကို ဖတ်ရသည်နှင့် စာရေးသူ ဆိုလိုချက်ကို မိမိဘာသာ အကျယ်ချဲ့ပြီး သိနိုင်မည် ဖြစ်၏။ ဉာဏ်နုသူ၊ စာပေဗဟုသုတ မပြည့်စုံသူ လူငယ်အများစုကား မသိနိုင်။ ထို့ကြောင့် လူငယ်အများစု အတွက် လက်တွေ့ ဖြစ်ရပ်မျိုးစုံဖြင့် အကျယ်ချဲ့ပြမည်ဖြစ်၏။ ဒါနနှင့် ပတ်သက်၍ ဤဒဿနလေးကို ဦးစွာသိထားသင့်၏။

**မျှော်လင့်ချက်ဖြင့် ပေးကမ်းလျှင် အမြတ်ရဖို့ အရောင်း အဝယ်လုပ်ခြင်းတစ်မျိုး ဖြစ်၏။ မျှော်လင့် ချက်မပါဘဲ ပေးကမ်းလျှင် ကိလေသာကုန်ရာ နိဗ္ဗာန်ရဖို့ ဒါနပါရမီ ဖြည့်ဆည်း ခြင်းဖြစ်၏။**

ယနေ့ ဗုဒ္ဓဘာသာအများစု ပြုသောဒါနကို သေချာ စစ်ကြည့်လျှင် ပါရမီထိုက်သောဒါန အလွန်နည်းပါးသည်ကို တွေ့ရ၏။ သာဓကပြအံ့။



www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်တစ်ခုရှိ စာသင်တိုက်မှ တရားပွဲပင့်သဖြင့် သွားရောက်ဟောကြား ပေးရ၏။ ထိုစာသင်တိုက်သည် တည်ထောင်ခါစ ဖြစ်သဖြင့် အလွန်ဆင်းရဲ၏။ စာသင်သားကိုရင် အပါးနှစ်ဆယ်အတွက် ရေလောင်းကုဋီ ကောင်းကောင်း တစ်လုံးမှ မရှိ။

လေးထောင့် မြေကျင်းကြီးပေါ်တွင် သစ်သားတန်းများ ဖြစ်သလို ရိုက်ပြီး ရိုင်ဖျာများ ကာပေးထားသော နေရာတွင် အနံ့ဆိုးများကို ရှူရှိုက်ရင်း ကိုရင်ကလေးများ ဖြစ်သလို ကုဋီတက်နေရ၏။

ရက်,လကြာလာလျှင် ရောဂါပင်ရနိုင်၏။ တကယ်လိုအပ်နေသော ရေလောင်းကုဋီအတွက် လှူမည့်သူ တစ်ယောက်မျှ မရှိ။ ထိုကျောင်းအတွင်းမှ ကိုးတောင်ပြည့် စေတီတစ်ဆူကို ဉာဏ်တော်မြှင့်ရန် အတွက်ဟု ဆိုကာ လှူဒါန်းနေကြသည်မှာ သိန်းလေးဆယ်နီးပါး ရ၏။

လိုနေသည်က ကုဋီ၊ ဝိုင်းလှူနေကြသည်က စေတီ၊ "အဘယ့်ကြောင့် တကယ်လိုအပ်သော ကုဋီအတွက် မလှူကြဘဲ၊ တကယ် မလိုအပ်သေးသည့် စေတီအတွက် ဝိုင်းလှူနေကြသနည်း"။ အဖြေကား-'ဗုဒ္ဓဘာသာဝင် အများစု သည် ကျောင်းဒကာ, ကျောင်းအမ အဖြစ်သာ အမည်ခံလိုကြ၏။ အိမ်သာ ဒကာ, အိမ်သာဒကာမအဖြစ် အမည်မခံလိုကြပေ။'

ဤအားနည်းချက်ကြောင့်လည်း ဗုဒ္ဓဘာသာဝင် မြန်မာအများစုသည် လှူသလောက် မွဲနေကြခြင်း ဖြစ်၏။ တရားပွဲပြီးသောအခါ ပရိသတ်များ ဓမ္မပူဇာအဖြစ် လှူဒါန်းသော ခုနစ်သိန်းခန့်အား ကျောင်းဂေါပက အဖွဲ့သို့ အပ်ကာ ရေလောင်းကုဋီ ငါးခန်းတွဲ ဆောက်လှူရန် တာဝန်ပေးလိုက်သည်။

ဟောရကျိုး နပ်ပါသည်။ ယင်းညက ဤစာအုပ်ပါ "ဗုဒ္ဓဟောကြား ကြီးပွားကြောင်းတရား" (သို့) "မေတ္တာဖြင့် စီးပွားရှာခြင်း"တရားကို ဟောခဲ့ ခြင်းပင် ဖြစ်၏။ တရားပြီးဆုံးသည်နှင့် အလှူရှင်နှစ်ဦး နောက်က လိုက်လာ ပြီး ငါးခန်းတွဲ ကုဋီဆောက်လုပ်ရာ၌ လိုအပ်သော ငွေများကို အကုန်စိုက်ထုတ် လှူဒါန်းမည် ဖြစ်ကြောင်း ကတိပြု၏။ တစ်ခန်းကိုနှစ်သိန်း ခန့်ဖြင့်တွက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ငါးခန်းဖြစ်သည့်အတွက် ဆယ်သိန်းခန့် ကုန်ကျပေလိမ့်မည်။

## အောင်မြင်သောတရားပွဲဟူသည်

နောက်တစ်ဦးကား ကျောင်းမကြီး၌ လိုအပ်နေသော မျက်နှာကျက် လျှပ်ဒါန်းဖို့ တာဝန်ယူသွားသည်။ ဤအချက်ကို ထောက်၍ တရားတစ်ပွဲ၏ အောင်မြင်မှု၊ မအောင်မြင်မှုကို ပရိသတ် အနည်းအများ တစ်ခုတည်းဖြင့် တိုင်းတာ၍ မရနိုင်ကြောင်း ထင်ရှား၏။ ပရိသတ်များ သောင်း နှင့်ချီပြီး များပြားသော်လည်း ဟောသည့်အတိုင်း တစ်ယောက်မျှ မလိုက်နာလျှင် မအောင်မြင်သည့် တရားပွဲသာ ဖြစ်၏။

ပရိသတ်တစ်ယောက်တည်း ရှိသော်လည်း ဟောသည့်အတိုင်း လိုက်နာလျှင် အောင်မြင်သော တရားပွဲသာ ဖြစ်၏။ စာအုပ်တစ်အုပ်၏ အောင်မြင်မှုကိုလည်း ထို့အတူ တိုင်းတာမှ သဘာဝကျပေမည်။ ထိုတရားပွဲ အပြီး သင်္ဘောနှင့် ပြန်လာကာ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်၏။ ဆိပ်ကမ်းမှ တစ်ဆင့်(ကက)ငှားပြီး ရွှေပြည်သာသို့ ထွက်လာရာ လမ်းခုလပ်တွင် ကား ဆရာက စာရေးသူအား မေးခွန်းတစ်ခု ထုတ်၏။

"အရှင်ဘုရား ရွှေပြည်သာ သွားမှာဆိုတော့ မေတ္တာရှင်(ရွှေပြည်သာ) ဆရာ တော်ကို သိပါသလားဘုရား"

စာရေးသူမှာ အံ့ဩပြီး ရယ်ချင်စိတ်ကို မနည်းမျိုသိပ် ထားရ၏။ ခဏနေမှ ဖြေလိုက်ရ၏။

"ဒကာကြီး၊ မေတ္တာရှင်(ရွှေပြည်သာ)ဆိုတာ ဦးပဥ္စင်းပဲ"

သူသည် အတော်အံ့ဩသွားဟန်ဖြင့် စာရေးသူကို မျက်လုံးပြူး ပြီး စိုက်ကြည့်လိုက်၏။ နာမည်ကြီးမေ့ကထိကတစ်ပါး ဖြစ်နေပြီး ကြိုဆို မည့်သူလည်း တစ်ယောက်မျှ မရှိ၊ ထို့အပြင် ကိုယ်ပိုင်ကားကိုလည်းအရိပ် အယောင်မျှ မတွေ့သဖြင့် အထင်သေးသွားဟန် တူ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်က နိုင်ငံကျော် စာရေးဆရာ၊ ဓမ္မကထိက ဖြစ်နေ တာတောင် ကိုယ်ပိုင်ကား တစ်စီးမှ မရှိဘူးလား ဘုရား"

" ရသမျှ နဝကမ္မငွေတွေ စီစီစစ်စစ်စုပြီး သိန်းသုံးလေးရာတန်တဲ့ ကားလောက်တော့ ဝယ်စီးရင် ဖြစ်တာပေါ့ ဒကာကြီးရာ၊ ဒါပေမယ့် ငွေစုပြီး ကားဝယ်စီးရတဲ့ အရသာထက် တကယ်လိုအပ်တဲ့ နေရာတွေမှာ ပုံပြီး ရှိသမျှ လှူလိုက်ရတဲ့ အရသာကို ပိုကြိုက်တယ်"

> ရယူခြင်းနှင့် ပေးဆပ်ခြင်းတို့တွင် ပေးဆပ်ခြင်း၌ ပျော်မွေ့သူသည်သာ တကယ့်သူတော်ကောင်း ဖြစ်သည်။

ဟူသော ဒဿနစကားလေးကား စာရေးသူနားထဲတွင် အရှိန်ပြင်းစွာ မြည်ဟီးလျှက်ရှိသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ပါရမီ ဖြည့်စဉ် လေးသင်္ချေကမ္ဘာတစ်သိန်း ကာလပတ်လုံးနှင့် ဘုရားဖြစ်ရာ ကာလတိုင်အောင် ပေးဆပ်ခြင်း၌သာ ပျော်မွေ့ခဲ့၏။ ရယူခြင်း၌ ပျော်မွေ့ခဲ့သော ဘဝဟူ၍ တစ်ဘဝမျှ မရှိခဲ့ပေ။

> ရယူခြင်း၌ ပျော်မွေ့ခြင်းဟူသည် သမုဒယသစ္စာ တရားကို သိမ်းပိုက်ထားခြင်းပင် ဖြစ်၏။ ပေးဆပ်ခြင်း၌ ပျော်မွေ့ခြင်းဟူသည် သမုဒယသစ္စာ တရားကို အကျင့်ဖြင့် ပယ်သတ်ခြင်းပင် ဖြစ်၏။
>
> ဘဝသံသရာတစ်လျှောက်တွင် ရယူခြင်း၌ ပျော်မွေ့ခဲ့သူများသည် အောက်တန်းစားများ ဖြစ်လာရပြီး ပေးဆပ်ခြင်း၌ ပျော်မွေ့သူများသည် အထက်တန်းစားများ ဖြစ်လာကြ၏။
>
> အောက်တန်းစားများဟူသည် အပါယ်ဘုံသားများ ဖြစ်ပြီး၊ လူဖြစ်သော်လည်း ဆင်းရဲမွဲတေသူများကို ဆိုလိုခြင်း



www.burmeseclassic.com

www.burmeseclassic.com



**ဖြစ်၏။အထက်တန်းစားများဟူသည် လူဖြစ်သော်လည်း ချမ်းသာ ကြွယ်ဝသူများ၊ ထိုမှတစ်ဆင့် ဘုရား, ပစ္စေက ဗုဒ္ဓါ,ရဟန္တာ ဖြစ်သွားသူများကို ဆိုလိုခြင်း ဖြစ်၏။**

အခြားဘာသာများသည် ယုံကြည်မှု သဒ္ဓါတစ်ခုနှင့်သာ တည်ဆောက်ထားခြင်း ဖြစ်၏။ ဗုဒ္ဓဘာသာကား ယုံကြည်မှုသဒ္ဓါ၊ ဝေဖန် ဆန်းစစ်မှု ပညာနှစ်ခုလုံးနှင့် တည်ဆောက်ထားခြင်း ဖြစ်၏။ သို့ဖြစ်ပါလျက် ဗုဒ္ဓဘာသာဝင်အများစုသည် ဝေဖန်ဆန်းစစ်မှု ပညာကို အသုံးမပြုဘဲ၊ ယုံကြည်မှု၊ သဒ္ဓါနောက်သို့ မျက်စိမှိတ်၍ လိုက်နေကြသောကြောင့် ဗုဒ္ဓဘာသာဝင်တို့မှာ တိုးတက်သင့်သလောက် မတက်ခြင်းဖြစ်၏။

## ငိုနေသောအရပ်နှင့် လိုနေသောအရပ်

ရန်ကုန်မြို့မှ ဂဏန်းပေးသော ဆရာတော်ထံတွင် ဗုဒ္ဓဘာသာ ဝင်များ၏ လှူဒါန်းငွေ သိန်းပေါင်းလေးသောင်းကျော်ရှိ၏။ ထိုငွေများသည် လောကအတွက် သာသနာအတွက် ဘာမျှ အကျိုးမရှိဘဲ အဟောသိကံ ဖြစ်နေရ၏။ ထိုအချိန်တွင် မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းများတွင် လှူဒါန်းသူ နည်းပါးလှသဖြင့် ကလေးငယ်များမှာ မဝရေစာစား နေကြရ၏။

ယနေ့အချိန်တွင် ဗုဒ္ဓဘာသာမှ အမြင်ကျယ်သော ရဟန်းတော်များ သီလရှင်များသည် ပရဟိတကျောင်းများ တည်ထောင်ပြီး တောင်ပေါ်ဒေသနှင့်တကွ အနယ်နယ် အရပ်ရပ်မှ မိဘမဲ့ကလေးများကို ထိန်းသိမ်း စောင့်ရှောက် ပညာသင်ပေးနေကြ၏။ ထိုကဲ့သို့ လက်ခံစောင့်ရှောက်သူ မရှိပါက ဗုဒ္ဓဘာသာ ကလေးငယ်များသည် ဘာသာခြားဘာဝသို့ ရောက်ကြရမည် ဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် မိမိတို့ ဗုဒ္ဓဘာသာဝင် ကလေးများ တခြားဘာသာထဲ မရောက်ရန်အတွက် မိဘမဲ့ ပရဟိတကျောင်းများ ဆင်းရဲနွမ်းပါး ဒုက္ခရောက်နေသူများကို အဓိကထားပြီး လှူဒါန်းကြရမည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြီးနားမြို့မှ ဖြစ်ရပ်ကလေးတစ်ခုကလည်း ဗုဒ္ဓဘာသာဝင်များအနေဖြင့် လူမှုရေးအလှူကို အဓိကထားဖို့ သင့်နေပြီဖြစ်ကြောင်း မီးမောင်းထိုးပြလျက်ရှိ၏။ ပန်းဒကာ ကိုတင်မြင့်၏ ဟောပြောပြသမှုကြောင့် ဘာသာခြားအမျိုးသမီးကြီး တစ်ဦးသည် သားနှစ်ယောက်နှင့်အတူ ဗုဒ္ဓဘာသာထဲ ဝင်ရောက်လာ၏။

ဗုဒ္ဓဘာသာဝင် ဖြစ်သွားသည်နှင့် ယခင်ဘာသာမှ ထောက်ပံ့မှုများ ရုတ်သိမ်းသွားသဖြင့် အမျိုးသမီးကြီးနှင့် သားနှစ်ယောက်တို့မှာ အတော်ဒုက္ခရောက်ရာ၏။ အမျိုးသမီးကြီးမှာ အသက်ကြီးပြီ ဖြစ်သဖြင့် စီးပွားရေးကို ဦးဆောင် မလုပ်နိုင်တော့ပေ။ သားနှစ်ယောက်ကသာ ကြိုးစားလုပ်ဆောင်နေရ၏။ တိုက်ဆိုင်မှုဟု ဆိုရပေမည်။ ဘာသာပြောင်းပြီးမှ စီးပွားရေးက ထိုးကျလာ၏။

ယခင်ဘာသာကဲ့သို့ ဆင်းရဲသားများကို ဗုဒ္ဓဘာသာမှ ကူညီထောက် ပံ့မှု ပေးမည်ဟု ထင်ထားမိကြ၏။ သို့သော် ထိုကဲ့သို့ လူမှုရေးကူညီမှုအသင်း မျိုးမရှိဟု ဆိုသောအခါ သူတို့မှာ တော်တော် အံ့သြကြ၏။ သူတို့၏ ဒုက္ခကို ကူညီသူဟူ၍ ပန်းဒကာကိုတင်မြင့် တစ်ယောက်သာရှိ၏။

စားဝတ်နေရေး ဒုက္ခမျိုးစုံ ခံစားရင်းပင် ဗုဒ္ဓဘာသာကို စွဲမြဲဆုပ်ကိုင်ရင်း၊ ယင်းအမျိုးသမီးကြီး ကွယ်လွန်သွား၏။ ကွယ်လွန်ချိန်တွင်လည်း ဗုဒ္ဓဘာသာဘက်မှ ကူညီသူဟူ၍ ပန်းဒကာကိုတင်မြင့် တစ်ယောက်တည်းသာ။ ထိုအချိန်တွင် အုပ်စုလိုက် လာရောက်ကူညီသော အဖွဲ့ကား ဘာသာခြားများပင်ဖြစ်၏။

မိခင်ကြီး၏ သင်္ဂြိုဟ်ခြင်းကိစ္စ ပြီးဆုံးသောအခါ ကျန်ရစ်သူသားနှစ်ယောက်က ဗုဒ္ဓရုပ်ပွား ဆင်းတုကလေးကို ပန်းဒကာ၏လက်ထဲ ပြန်အပ်ကာ အရင်ဘာသာသို့ ပြန်ပြောင်းသွား၏။ ဗုဒ္ဓရုပ်ပွားကို ပြန်အပ်ရင်း သူတို့ပြောခဲ့သောစကားက –



www.burmeseclassic.com

www.burmeseclassic.com



" ဦးလေးတို့၊ ဗုဒ္ဓဘာသာဟာ အခြားဘာသာတွေထက် မြင့်မြတ်သာလွန်တယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့် ဗုဒ္ဓဘာသာ အများစုဟာ ဗုဒ္ဓရဲ့ စကားကို တကယ်လိုက်နာတာ ရှားပါတယ်၊ ကျွန်တော်တို့ဟာ အရင်ဘာသာက ဆွေမျိုးအသိုင်းအဝိုင်းတွေ၊ အရင်ဘာသာက အထောက် အပံ့တွေကို စွန့်ပစ်ပြီး ဗုဒ္ဓဘာသာရဲ့ အရိပ်မှာလာပြီး ခိုလှုံကြတာပါ၊ ဒါပေမယ့် ကျွန်တော်တို့ကို အားပေးကူညီသူဆိုလို့ ဦးလေးတစ်ယောက်ပဲ ရှိတယ်၊ နေပူထဲက ချွေးသန်တရွှဲရွှဲနဲ့ နေရိပ်ထဲဝင်လာသူကို လက်ကမ်း ကြိုဆိုသူ တစ်ယောက်၊ ဖနောင့်နဲ့ ဆီးပေါက်သူက တစ်ရာလောက် ဖြစ်နေ ပါတယ်၊ မွေးနေ့ပွဲ ရှင်ပြုပွဲမှာ ဇာတ်ပွဲဆိုင်းပွဲကို ဆယ်သိန်းလောက် အကုန်ခံ တဲ့ အလှူရှင်ဟာ၊ ဗုဒ္ဓဘာသာထဲက ဒုက္ခရောက်နေသူ တစ်ယောက်အတွက် အရင်းအနှီးတစ်သိန်း တောင် ထုတ်မပေးရဲပါဘူး။

ကျွန်တော်တို့ ဗုဒ္ဓကို ကြည်ညိုတယ်၊ လေးစားတယ်၊ အားကိုး တယ်၊ ဒါပေမယ့် ဗုဒ္ဓဘာသာဝင် အများစုကိုတော့ ကြည်ညိုလေးစားလို့ မရလို့ အရင်ဘာသာကို ပြန်ပြောင်းတာပါ "ဟူ၏။

ဤအချက်ကို ထောက်၍ ဗုဒ္ဓဘာသာ အများစုသည် မည်သည့် ကောင်းကျိုးမျှ မရနိုင်သည့် ပကာသနဒါနများကို လျှော့၍ လူမှုရေးဒါန များကို ဦးစားပေးသင့်ကြပြီဖြစ်၏။

## သာသနာပြုခြင်းအဓိပ္ပါယ်

ဗုဒ္ဓဘာသာ အများစုသည် သာသနာပြုဖို့ရန် အလွန်စိတ်ဝင်စား၏။ သာသနာပြုပုဂ္ဂိုလ်များကိုလည်း အလွန်လေးစား၏။ ထို့ကြောင့် သာသနာပြုအမည်ခံ ပုဂ္ဂိုလ်များကို နားကပ်ဆွဲကြိုးကအစ ချွတ်ပြီး လှူတတ်ကြ၏။ သာသနာပြုလိုလျှင်၊ သာသနာပြုပုဂ္ဂိုလ်များကို တကယ်လှူဒါန်းလိုလျှင် သာသနာ၏ အဓိပ္ပါယ်ကို ဦးစွာသိရမည် ဖြစ်၏။

သာသနာဟူသည်– အဆုံးအမပင် ဖြစ်၏။ မည်သူ၏ အဆုံးအမ



www.burmeseclassic.com

www.burmeseclassic.com



နည်းဟု ဆိုလျှင် ဗုဒ္ဓ၏အဆုံးအမပင်ဖြစ်၏။ ဗုဒ္ဓက မည်ကဲ့သို့ ဆုံးမခဲ့သနည်း။ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး မိမိသန္တာန်မှာ ဦးစွာတည်အောင် ကြိုးစားဖို့ ဆုံးမ၏။ ဤသည်မှာ မိမိသန္တာန်ကို ဦးစွာသာသနာပြုခြင်း မည်၏။

မိမိသန္တာန်တွင် သာသနာသုံးရပ်တည်ပြီးလျှင် သူတစ်ပါး သန္တာန်တွင် သာသနာသုံးရပ်တည်အောင် စာသင်တိုက်များ ဖွင့်လှစ်၍ စာပေများကို ပို့ချသင်ကြားပေးခြင်း၊ ရိပ်သာများ တည်ထောင်ပေး၍ တရားဓမ္မများ ဟောပြောပြသခြင်းများသည် သူတစ်ပါး သန္တာန်၌ သာသနာပြုခြင်းပင် ဖြစ်၏။

ထို့ကြောင့် တကယ်သာသနာပြုနေသူများသည် စာချဆရာတော် များ၊ တရားပြဆရာတော်များပင် ဖြစ်၏။ သို့သော် ဗုဒ္ဓဘာသာ အများစုကား ဘုရားတည်သော ဘိုးတော်, မယ်တော်နှင့် တောထွက် ရဟန်းတော်အချို့ ကိုသာ သာသနာပြုပုဂ္ဂိုလ်များဟု ထင်မြင်နေကြ၏။ ထင်ရခြင်း၏ အကြောင်းမှာ ဘုရားတည်သောသူများက "သာသနာပြု" ဟူသော ဆိုင်းဘုတ်ကို ကြီးကျယ်စွာ ထောင်နေကြသောကြောင့် ဖြစ်၏။

အမှန်အားဖြင့် ဘုရားတည်ခြင်းကို သာသနာပြုခြင်းဟု မခေါ်နိုင်ပေ။ ဒါနပြုခြင်းဟုသာ ခေါ်ဆိုနိုင်၏။ ထိုကဲ့သို့ သာသနာပြုခြင်း၏ အဓိပ္ပါယ်ကို သေချာမသိခြင်းကြောင့် ..... ပြည်နယ်.....မြို့နယ်.....ရွာရှိ ဒကာ,ဒကာမများ သည် ဘုရားတည်သော ဘုန်းကြီးများကိုသာ အဓိကထား လှူကြပြီး၊ စာသင်တိုက်နှင့် တရားပြဆရာတော်များကို ပစ်ထားကြသောကြောင့် ထိုမြို့၌ စာသင်တိုက်များ နှင့် တရားပြစခန်းများ ဝမ်းနည်းဖွယ်ရာ ပျောက်ကွယ် သွားကြလေပြီ။

## ဘုရားတည်ခြင်းနှစ်မျိုး

ဘုရားတည်ခြင်းသည် မြေပြင်မှာ တည်ခြင်း၊ လူများ၏ နှလုံးသား၌ တည်ခြင်းဟူ၍ နှစ်မျိုးရှိ၏။ မြေပြင်မှာတည်သော ဘုရားများသည် သဘာဝ ရာသီဥတုဒဏ်ကြောင့် နှစ်အနည်းငယ်ကြာလျှင် ပျက်စီးပျောက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်သာ ဖြစ်၏။ စာပေများ သင်ကြားပို့ချပေးခြင်း၊ တရားပွဲများ တရားစခန်းများ ကျင်းပ၍ ဟောကြားပြသပေးခြင်းများသည် လူတို့၏ နှလုံးသား၌ ဘုရားတည်ပေးခြင်းပင် ဖြစ်၏။

တကယ့်အရေး တကယ့်ဘေးနှင့် ကြုံရသောအခါ မြေပြင်မှာ တည်ထားသော ဘုရားစေတီများသည် သာသနာ မကွယ်ပျောက်အောင် တားဆီးကာကွယ်နိုင်စွမ်းမရှိပေ။ ထိုအချက်ကို ဗုဒ္ဓဘာသာ ကွယ်ပျောက် သွားသော နိုင်ငံများမှ ရုပ်ပွားစေတီများက သက်သေပြလျက်ရှိ၏။ မြန်မာနိုင်ငံ ကဲ့သို့ တစ်ချိန်က ဗုဒ္ဓသာသနာထွန်းကားခဲ့သော အင်ဒိုနီးရှားနိုင်ငံတွင် ပေလေး ရာပတ်လည်မျှ ကြီးမားသော "ဗောဓော့ဗုဒ္ဓ" အမည်ရှိ ကျောက်စေတီတော်ကြီး ရှိနေသော်လည်း ဗုဒ္ဓဘာသာဝင်များ မရှိတော့ပေ။

အာဖဂန်နစ္စတန်နိုင်ငံ၊ ဘာမီယန်မြို့တွင် ပေတစ်ရာကျော် မြင့်မား သော ကျောက်ဆင်းတု ရုပ်ပွားတော်ကြီးများ ရှိသော်လည်း ဗုဒ္ဓဘာသာဝင်တို့ ကား မရှိတော့ပေ။

*အတွေးအခေါ် ဉာဏ်ပညာ ကြီးမားသောသူများသည် သူတစ်ပါး အမှားကိုကြည့်ပြီး သခ်ၤန်းစာ ယူတတ်ကြ၏။ အတွေးအခေါ် ဉာဏ်ပညာနည်းပါး သူများသည် သူတစ်ပါးအမှားကို ကြည့်ပြီး ကိုယ်မမှား အောင် သခ်ၤန်းစာ မယူတတ်ကြ၊ ကိုယ်ကိုယ်တိုင် မှားမှ သခ်ၤန်းစာ ယူတတ်ကြသည်။ အတွေးအခေါ် ဉာဏ်ပညာ အနည်းဆုံးသူများကား ကိုယ့်ကိုယ်တိုင် မှားတာကိုပင် သခ်ၤန်းစာ မယူတတ်ကြ။*

ဟူသော ဒဿနအတိုင်း မြန်မာဗုဒ္ဓဘာသာဝင်များသည် တခြားနိုင်ငံများ၏ အမှားကိုကြည့်ပြီး မိမိတို့နိုင်ငံ မမှားအောင် တစ်နည်း -ဗုဒ္ဓဘာသာ မကွယ်ပျောက်အောင် သခ်ၤန်းစာယူ၍ ကာကွယ်ကြရမည် ဖြစ်၏။ ထိုသို့ ကာကွယ်လိုလျှင် လူသားတို့၏ နှလုံးသားများတွင် ဘုရားစေတီများ, များသည် ထက်များအောင် တည်ပေးကြရမည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ပွားတော်များကို စက်ရုံမှထုတ်သလို လိုအပ်သည်ထက် ပိုမို ထုလုပ်ကြသောအခါ တန်ဖိုးနည်းသွား၏။ ဗုဒ္ဓရုပ်ပွားတော်များသည် ရှိခိုးစရာ၊ ကြည်ညိုစရာများ မဟုတ်တော့ပဲ ကလေးကစားစရာ အရုပ်များလို အလှကြည့်ရန်ဖြစ်သွား၏။ ထို တစ်ထောင်ဘုရားများသို့ လူအတော်များများ ရောက်ဖူးကြ၏။ မည်သူမျှ အပါးစေ့ မရှိခိုးနိုင်ကြ။ အလှကြည့်ပြီးသာ ပြန်ကြရ၏။

ရုပ်ပွားတစ်ဆူလျှင် အနည်းဆုံး သုံးသိန်းခန့် ကုန်ကျ၏။ အဆူ တစ်ထောင်ဆိုလျှင် ငွေသိန်းပေါင်း သုံးထောင်ကုန်ကျ၏။ ထိုရုပ်ပွားတစ်ထောင် သည် ဆွမ်းတော်ရေတော်ကပ်မည့်သူမရှိ၊ အမိုးအကာမရှိသော လွင်တီးခေါင် တွင် မိုးထဲရေထဲ သည်အတိုင်းပင် သီတင်းသုံးကြရ၏။ ဆယ်နှစ်ပင် မကြာပါချေ၊ ရုပ်ပွားတော်များသည် မိုးဒဏ်၊ နေဒဏ်ကြောင့် ပျက်စီးသွားရ၏။

## ရုပ်ပွားတွေတိုး ကလေးတွေလျှော့

အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးဆိုလျှင် တန်ဆောင်း တစ်ခုတွင် သပ္ပါယ်သော ရုပ်ပွားတစ်ဆူသာ ထားသင့်ကြောင်း၊ ထို့အတူ ကျောင်းတိုက်ကြီးတစ်ခုတွင်လည်း ရုပ်ပွားတော် တစ်ဆူသာ ထားသင့်ကြောင်း ဩဝါဒပေးတော် မူခဲ့၏။

ဆရာတော်၏ ကျောင်းတိုက်တွင်လည်း ဂန္ဓကုဋီတိုက် ကျောင်း ကြီး တစ်ကျောင်းတွင်သာ ရုပ်ပွားတော်တစ်ဆူ ထားရှိသည်။ ကျန်သည့် ကျောင်းဆောင်ပေါင်း ငါးဆယ်ကျော်တွင် မည်သည့်ကျောင်းတွင်မှ ဘုရား ခန်းရုပ်ပွားမရှိပေ။ ဘုရားရုပ်ပွားတော်ပင့်ထားလျှင် သက်တော်ထင်ရှား ဘုရား ရှင်ရှေ့တွင် နေသလို နေနိုင်မှ ကောင်းသည်။ မနေနိုင်လျှင် ပင့်မထားသင့် ဟု ဩဝါဒပေးတော်မူခဲ့သည်။

ဗုဒ္ဓဘာသာဝင် အများစုက ထိုကဲ့သို့ ဉာဏ်မယှဉ်ဘဲ လှူနေကြ ချိန်တွင် ဘာသာခြားသူဌေးများက သူတို့ ဘာသာအတွက် ကျေးရွာများသေ



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် ရှာဖွေလှူနေကြသည်မှာ ဗုဒ္ဓဘာသာဝင်များ အတုခိုးစရာ ကောင်းလှ၏။ အင်းစိန်တို့၊ လှိုင်သာယာတို့တွင် ခြံကျယ်ကြီးများဝယ်ပြီး ကားဝပ်ရှော့ ရုံကြီးများ၊ ကားဘော်ဒီရုံကြီးများ တည်ထောင်ပြီး ဗုဒ္ဓဘာသာကလေးများကို ဆွဲဆောင်သိမ်းသွင်းကြ၏။

ထမင်းလည်းကျွေး၊ အသက်မွေးဝမ်းကျောင်း ပညာလည်း သင်ပေး၊ လစာလည်းပေးသောအခါ ဆင်းရဲသော ဗုဒ္ဓဘာသာကလေး ရာပေါင်းများစွာတို့သည် တဖွဲဖွဲရောက်လာကြ၏။ နောက်ဆုံး၌ ထိုကလေးများ အားလုံးသည် ဘာသာခြားထဲသို့ ရောက်သွားကြ၏။ တစ်ထောင် ရုပ်ပွားတော်များ တိုးတိုးလာသလောက် ဗုဒ္ဓဘာသာကလေးများ လျော့လျော့သွားသည်ကို ဗုဒ္ဓဘာသာ ရဟန်းရှင်လူတိုင်း အထူးသတိ ပြုသင့်လှ၏။

ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့နယ်မှ ရွာတစ်ရွာတွင် ကျောင်းထိုင် ဆရာတော်သည် အမြင်ကျယ်ကျယ်ဖြင့် ဘုန်းတော်ကြီးသင် အထက်တန်း ပညာသင်ကျောင်းကြီးကို စွန့်စားစွာ တည်ထောင်လိုက်၏။ ထိုသို့ တည်ထောင်ခြင်းမှာ အကြောင်းနှစ်ချက် ရှိ၏။ ပထမတစ်ချက်မှာ ထိုရွာတွင် ဘာသာခြား သာသနာပြု အသင်းကြီးတစ်သင်း ရောက်လာပြီး ရွာသားကလေးများကို အတန်းပညာ အသက်မွေးဝမ်းကျောင်းပညာများကို သင်ပေးပြီး သူတို့၏ဘာသာထဲသို့ ဆွဲသွင်း၏။

ဒုတိယတစ်ချက်မှာ ထိုဆရာတော်၏ရွာနှင့် ရွာနီးချုပ်စပ် ခြောက်ရွာခန့်တွင် အထက်တန်းကျောင်း လုံးဝမရှိခြင်းပင် ဖြစ်၏။ ထို့ကြောင့် ယင်းရွာခြောက်ရွာတွင် ဆယ်တန်းအောင်သူ၊ ဘွဲ့ရသူ၊ မရှိသလောက်ရှား၏။ မော်လမြိုင်ကျွန်းမြို့ပေါ် အထက်တန်း ကျောင်းများသို့ သွားလာဖို့ကလည်း ရေလမ်းခရီးသာဖြစ်၍ မလွယ်ကူလှ။

ထိုအကြောင်းနှစ်ချက်ကြောင့် ဆရာတော်က တကယ်လို အပ်သော ဘုန်းတော်ကြီးသင် အထက်တန်းပညာသင် ကျောင်းကြီးကို မရှိမဲ့၊ ရှိမဲ့နှင့် တည်ထောင်ခြင်းဖြစ်၏။ ကျောင်းဆောင်သစ်များ ဆောက်ရခြင်း၊ လစဉ်ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမများကို လစာပေးရခြင်း၊ ကျောင်းအိပ်ကျောင်းစား ကလေးများအတွက် ကျွေးမွေးရခြင်းတို့ကြောင့် ဆရာတော်မှာ ငွေဆယ်သိန်းပင် အကြွေးတင်နေရှာ၏။

နှစ်အနည်းငယ်အတွင်း မြေဩဇာဖြစ်မည့် တစ်ထောင်ဘုရားများကို သိန်းပေါင်းသုံးထောင်ကျော် အကုန်ခံတည်နေသော အလှူရှင်များသည် ယခုလိုကျောင်းများတွင် သိန်းသုံးဆယ်လောက် လှူတတ်မည်ဆိုလျှင် လောက အတွက်၊ သာသနာအတွက် မည်မျှအကျိုးရှိလိုက်မည်နည်း။

တစ်ရက်တွင် ထိုဆရာတော်ထံသို့ တပည့်ပေါများသော ဂိုဏ်း ဆရာကြီးတစ်ယောက် ရောက်လာပြီး ကျောင်းဝိုင်းအတွင်း၌ ဘုရားတည် လိုကြောင်း လျှောက်ထား၏။ ဆရာတော်က ကျောင်းဝိုင်းထဲတွင် ဘုရား စေတီများရှိနေ၍ မလိုအပ်ကြောင်း၊ တကယ် လိုအပ်နေသည်မှာ ကျောင်းသူ ကျောင်းသားများ သွားရန် အိမ်သာများသာ လိုအပ်ကြောင်း အမိန့်ရှိ လိုက်၏။

ထိုဒကာသည် မျက်နှာရှုံ့မဲ့သွားပြီး ဘုရားသာလှူချင်ပြီး၊ အိမ် သာ မလှူချင်ကြောင်းပြောကာ ပြန်ထွက်သွား၏။ ယခုအချိန်တွင်ကား စာရေးသူနှင့် ဒကာဒကာမများ စုပေါင်းလှူဒါန်းမှုကြောင့် အကြွေးဆယ်သိန်း ကား ကျေသွားလေပြီ။ ဤပြခဲ့သော အချက်များကြောင့် စာရေးသူ လှူပြီ ဆိုလျှင် လောကအတွက် တကယ် အကျိုးရှိမည့် နေရာ၊ သာသနာအတွက် တကယ် အကျိုးရှိမည့် နေရာများတွင်သာ ပုံ၍လှူသည်။

စာရေးသူ သိတတ်သော အချိန်မှစ၍ ယခုလေးဆယ့်သုံးနှစ် သက်တမ်း ၂၀၀၇ ခုနှစ်အတွင်း လှူခဲ့သော အလှူငွေများကို ကပ္ပိယများက ခန့်မှန်းတွက်ချက်ပြသည်မှာ သိန်းလေးရာနီးပါး ရှိပြီဟုသိရ၏။ ထို အလှူများ အနက်မှ စာရေးသူ အကြည်နူးရဆုံးအလှူ လေးခုရှိရာ တစ်ခုကို ဤ၌ ရေးပါမည်။ ကျန်သုံးခုကို "အသာခံခြင်းနှင့် အနာခံခြင်း" စာအုပ်၌ ဆက်လက် ရေးမည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## အပြစ်ကင်းလျက် ဒဏ်ခတ်ခံရသူများ

၁၉၈၈ ခုနှစ်ဝန်းကျင်ကပင် ဖြစ်၏။ ထောက်ကြံ့မှ အနာကြီးရောဂါသည်များ၊ စိမ်ချက်တစ်ခုကြောင့် ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ မရမ်းချောင်းရွာဟု တွင်လာမည့် တောနက်ကြီးထဲသို့ အစုလိုက်အပြုံလိုက်ရောက်လာကြသည်။ အိမ်ထောင်စုပေါင်း ရှစ်ရာခန့်၊ လူဦးရေ ရှစ်ထောင်ခန့် ရှိသည်။ ရောဂါသည်များသည် လက်တို ခြေတိုများ ဖြစ်သောကြောင့် တောင်းရမ်းစားသောက်ကာ သူတစ်ပါးကို မှီခိုရသူများသာ ဖြစ်၏။

ထို့ကြောင့် စုဆောင်းထားသည့် ငွေမရှိကြသောကြောင့် ထိုတောထဲတွင် သူတို့အတွက် နေစရာအိမ်မှာ သစ်ပင်နှင့် ခြုံပုတ်များသာ။ စားစရာကား တွေ့ရာအသီးအရွက်နှင့် မှျစ်များသာ ဖြစ်၏။ မြို့ပေါ်တက်၍ တောင်းစားရအောင်ကလည်း လှည်းကူးမြို့သည် သူတို့ရွာနှင့် မိုင်နှစ်ဆယ်ကျော် ဝေး၏။ လက်တိုခြေတို ရောဂါသည်များ မည်သည့်နည်းဖြင့် သွားရောက်နိုင်ပါ မည်နည်း။

နွေမိုးဆောင်း သုံးရာသီလုံး သစ်ပင်အောက်တွင် နေရခြင်းကြောင့် ငှက်ဖျားရောဂါ ဖြစ်ခြင်း၊ အစာရေစာ ပြတ်လပ်ခြင်းတို့ကြောင့် ရောဂါသည် လေးရာနီးပါးခန့် သေဆုံးခဲ့ရ၏။ ဤတွင်ချဲဂဏန်းပေးသော ဘုန်းကြီးကို လှူထားသော သိန်းပေါင်း လေးသောင်းကျော်မှ သိန်းပေါင်း လေးရာကျော်လောက်ကိုသာ မရမ်းချောင်းရွာသို့ လာလှူကြမည်ဆိုလျှင် အပြစ်မဲ့သော ရောဂါသည် လေးရာခန့်တို့ သေဆုံးရလိမ့်မည် မဟုတ်ပေ။

တစ်နည်း တစ်ထောင်ဘုရားများ တည်ရာ၌ လှူထားသော သိန်းပေါင်း သုံးထောင်ကျော်မှ သိန်းပေါင်း သုံးရာကျော်လောက်ကိုသာ မရမ်းချောင်းရွာသို့ လာလှူမည်ဆိုလျှင် ရောဂါသည်လေးရာခန့်တို့၏ အသက်ကို အချိန်မီ ကယ်တင်နိုင်မည်သာ ဖြစ်၏။

သို့သော် ဗုဒ္ဓဘာသာများဘက်မှ အလိုက်တသိ ပုံပြီး လှူသောသူဟူ၍ တစ်ယောက်မျှ မရှိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ စာရေးဆရာ ချစ်စံဝင်း၏ မိသားစုကား တတ်နိုင်သမျှ လှူဒါန်း ထားသည်ကို တွေ့ရ၏။

သို့သော် ဂုဏ်ပကာသနကို အဓိကမထားပဲ တကယ်လိုအပ်သော နေရာအတွက် အကျိုးဆောင်နေသော ဖြူစင်မြင့်မြတ်သူ အချို့ကိုလည်း တွေ့ရ၏။ စာရေးဆရာမ မသန်းမြင့်အောင်နှင့် ပုဇွန်တောင် ဈေးသူဈေး သားများသည်ကား မိမိတို့လည်း လှူကြ၏။ သူတစ်ပါးလှူသမျှတို့ကိုလည်း တာဝန်ယူပို့ပေးကြ၏။

တစ်ရက်တွင် စာရေးဆရာမ သန်းမြင့်အောင်သည် သူတစ်ပါး ထောက်ပံ့လိုက်သော ပစ္စည်းနှင့် ငွေအချို့ကို မရမ်းချောင်းရွာသို့ လာပို့၏။ တစ်ခါမျှ မမြင်ဖူးသော မြင်ကွင်းကို မြင်လိုက်ရသဖြင့် သန်းမြင့်အောင်တစ်ယောက် ခုန်ပေါက်ချင်လောက်အောင် ပျော်မြူးသွား၏။ မြင်လိုက်ရ သည်ကား သပ်ရပ်လှပစွာ ဆောက်ထားသော အိမ်ကလေး ခြောက်လုံး ခန့်ပင်။

တို့ ဗုဒ္ဓဘာသာတွေ တကယ်လိုအပ်တဲ့ နေရာမှာ လှူတတ်လာပြီ ဟူသော အတွေးနှင့်အတူ အိမ်လေးခြောက်လုံးထဲသို့ သေချာစောင်းငဲ့ ကြည့်လိုက်၏။ ရောဂါသည် မိသားစုခြောက်စုကို ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် တွေ့ရ၏။ အကြောင်းစုံကို သေချာသိချင်သဖြင့် အကျိုးဆောင် လူကြီးတစ်ယောက်ကို မေးမိ၏။

"ဦးလေး၊ ဒီအိမ်ခြောက်လုံးက ကျမတို့ ဗုဒ္ဓဘာသာထဲက လှူတာပဲလား"

အကျိုးဆောင်လူကြီး၏ မျက်နှာတစ်ချက် ညိုးငယ်သွား၏။ ချက်ချင်း စကားမပြန်ပဲ ခပ်လှမ်းလှမ်းရှိ ဗာဒံပင်အောက်မှာ အသက်ခြောက်ဆယ့်ငါးနှစ်ခန့် ရှိမည့် ရောဂါသည် အဖိုးတစ်ယောက်ထံသို့ ရီဝေသော မျက်လုံးများဖြင့် လှမ်းစိုက်ကြည့်ရင်း ခေတ္တငြိမ်သက်သွား၏။ သန်းမြင့်အောင် မှာ ဘာဆက်ပြောရမှန်းမသိဘဲ အကျိုးဆောင်လူကြီးကို တစ်လှည့်၊ သစ်ပင် အောက်မှ အဖိုးကို တစ်လှည့် ကြည့်ရင်း ငေးကြောင်ကြောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတော်လေးကြာမှ သူ့ထံက စကားသံထွက်လာ၏။

"ဆရာမ သေချာသိချင်ရင် ဟိုသစ်ပင်အောက်က ကာယကံရှင် အဘစံကို ကိုယ်တိုင်သွားမေးကြည့်ပါလား"

အကျိုးဆောင်လူကြီး ညွှန်ပြရာ ဗာဒံပင်အောက် ရောက်လျှင် သန်းမြင့်အောင်က အဘစံကိုရော၊ အဘစံပတ်ဝန်းကျင်ကိုပါ စေ့စေ့စပ်စပ် လေ့လာကြည့်မိ၏။ အဘစံမှာ ရောဂါဒဏ်ကြောင့် ခြေတိုလက်တို ဖြစ်နေသည့်အပြင် နှာခေါင်းကလည်း ချိုင့်ဝင်နေသည်။ သို့သော် နောက်ဆုံးပေါ်လာသော အမ်ဒီတီဆေးပေါင်းကို သောက်ထားပြီး ဖြစ်သောကြောင့် မရမ်းချောင်း ရွာသူရွာသား အားလုံး အနာကြီး ရောဂါပိုးကား မရှိတော့ပေ။ ထို့ကြောင့် မည်သူ့ကိုမှလည်း မကူးစက်နိုင်တော့ပေ။ ထိုရွာသားတစ်ယောက်က ယခုလို ပြောဖူး၏။

"မရမ်းချောင်း တစ်ရွာလုံးကို အနာကြီးရောဂါပိုး ကင်းစင်ရာ ဒေသအဖြစ် တရားဝင် ကြေငြာနိုင်ပါတယ်။ တစ်ခြားနေရာ ဒေသတွေကိုတော့ အနာကြီး ရောဂါပိုး ကင်းစင်ရာဒေသလို့ မကြေငြာနိုင်ပါဘူး။ ဘာ့ကြောင့်လဲ ဆိုလျှင် မရမ်းချောင်းတစ်ရွာလုံးက လူတွေဟာ အမ်ဒီတီဆေးပေါင်းကို သောက်သုံးပြီးဖြစ်လို့ အားလုံးမှာ ရောဂါကင်းနေပါပြီ။

သူတို့က မွေးလာတဲ့ သားသမီးတွေမှာတောင် ရောဂါပိုး ပါမလာတော့ပါဘူး။ တခြားနေရာဒေသက လူတွေမှာတော့ အမ်ဒီတီဆေးပေါင်းကိုမသောက်ရသေးတာကြောင့် တစ်ယောက်မဟုတ် တစ်ယောက်မှာ အနာကြီးရောဂါပိုး ရှိနိုင်ပါသေးတယ်"။

သန်းမြင့်အောင်က အဘစံ၏ သစ်ခက်နန်းတော်ကို သေချာကြည့် မိပြန်၏။ တောင်းစားရသော ရောဂါသည် အဘစံတို့မှာ ပေးကမ်းမည့်လူ အများနှင့် ဝေးရာ တောကြီးထဲသို့ ရောက်လာသောအခါ နေစရာအိမ် မဆောက်နိုင်သည့်အတွက် ဗာဒံပင်ကိုပင် အိမ်အဖြစ် သတ်မှတ်ပြီး နေရ ရှာသည်။ သစ်ခက်များပေါ်တွင် ပလပ်စတစ်များကို ဖြန့်တင်ကာ အမိုးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုထား၏။

ဤ ဖြစ်ကတက်ဆန်း ဖြန့်တင်ထားသော ပလပ်စတစ်များသည် နေဒဏ်မိုးဒဏ်ကို အဘယ်သို့ ဟာကွယ်နိုင်ပါမည်နည်း။ ထို့ကြောင့် မိုးရွာလျှင် အဘာစံတစ်ကိုယ်လုံး ရေစို၏။ တစ်ဖန် နေပူလာပြန်လျှင် ခြောက်သွား၏။ လူကောင်းများအတွက် ကျန်းမာရေးကောင်းပြီး အသက်ရှည်ရခြင်းသည် ဝမ်းသာဖွယ်ဖြစ် သော်လည်း ရောဂါသည် အဘာစံတို့ အတွက်ကား "သေမင်း ရယ် ခေါ်နိုင်ခဲရန်ကော"ဟု ငြီးတွားရသည်အထိ စိတ်ပျက်ဝမ်းနည်းဖွယ် ဖြစ်နေ၏။

အဘာစံတို့ အနာကြီးရောဂါသည်များသည်ကား– အပြစ်ကင်းလျက် ဒဏ်ခတ်ခံရသူများ ဖြစ်၏။ လူသတ်မှု ကျူးလွန်သူများကို အပြစ်ကြောင့် တစ်ကျွန်းသို့ ပို့သည်မှာ သဘာဝကျပါ၏။ မည်သည့် အပြစ်မှ မကျူးလွန်ဘဲ အဘာစံတို့လို အနာကြီး·ရောဂါသည်များကို လူ့ပတ်ဝန်းကျင်မှ ဖယ်ရှားပစ် ကြခြင်းကား မည်သို့မျှ သဘာဝမကျပေ။

ကူးစက်တတ်သော ရောဂါချင်းအတူတူ တီဘီရောဂါသည်များကို တန်းတူရည်တူ ဆက်ဆံပြီး အနာကြီးရောဂါသည်များကျမှ လူ့ပတ်ဝန်းကျင်မှ မတရားနှင်ထုတ်နေကြသည်မှာ အဘယ့်ကြောင့်ပါနည်း။ တစ်ဖန် ရောဂါပိုးရှိ၍ ကူးစက်မှာကြောက်သောကြောင့် လူ့လောကအပြင်မှာ ထားသည်ဟု ဆိုခဲ့လျှင် အမ်ဒီတီ ဆေးပေါင်းသောက်၍ ရောဂါပိုးကင်းစင်သွားသူများကို တီဘီ ရောဂါ ပျောက်သွားသူများကဲ့သို့ လူ့လောကတွင် အဘယ့်ကြောင့် ပြန်၍လက် မခံကြသနည်း။

ဤအချက်၌ ခရစ်ယာန်ဘာသာဝင်များသည် ဗုဒ္ဓဘာသာဝင်များ ထက်သာ၏။ အနာကြီးရောဂါ အမြစ်ပြတ်ပျောက်သော အမ်ဒီတီဆေးပေါင်း မပေါ်မီကပင် သက်သာရုံမျှရှိသော ပေါ်စဆေးများဖြင့် ခရစ်ယာန်သီလရှင် များက အနာကြီးရောဂါသည်များနှင့် လက်ပွန်းတတီးနေကာ ပြုစုယုယကုသ ပေးကြ၏။ အခန့်မသင့်သောအခါ ပြုစုကုသပေးသော ခရစ်ယာန်သီလရှင်များ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ရောဂါသည်ဘဝသို့ ရောက်ကြရရှာ၏။

ထိုသို့ ခရစ်ယာန်ဘာသာဝင်များက အနာကြီးရောဂါသည်များကို ကိုယ်ဖိရင်ဖိ ပြုစုနေချိန်တွင် ဗုဒ္ဓဘာသာဝင်တချို့ကား ထိုကဲ့သို့ ပြုစုဖို့ နေနေသာသာ အနာကြီးရောဂါ ဆေးရုံရှေ့ရောက်လျှင် စက်ဘီးကို အမြန် နင်းပြေး၏။ ကားကို အမြန်မောင်းပြေး၏။

## အသာစံလမ်းစဉ်နှင့် အနာခံလမ်းစဉ်

အရှင်ဒေဝဒတ်သည် အရာရာ၌ အသာချည်းစံခဲ့၏။ အသာစံခြင်း ဝါဒကိုတည်ထောင်ခဲ့သော အရှင်ဒေဝဒတ်သည် ယခုအခါ အဝီစိငရဲသို့ ကျရောက်နေရပြီ ဖြစ်၏။ ထို့အတူ အသာစံခြင်း ဝါဒကို ကျင့်သုံးသူမှန်သမျှသည် အရှင်ဒေဝဒတ် နောက်သို့ လိုက်ကြရမည် ဖြစ်၏။

ဗုဒ္ဓသည် အရာရာ၌ အနာခံခဲ့၏။ အနာခံခြင်းဝါဒကိုတည် ထောင်ခဲ့သော ဗုဒ္ဓသည် ယခုအခါ နိဗ္ဗာန်သို့ ရောက်နေပြီ ဖြစ်၏။ ထို့အတူ အနာခံခြင်းဝါဒကို ကျင့်သုံးသူ မှန်သမျှ သည် ဗုဒ္ဓနောက်သို့ လိုက်ကြရမည် ဖြစ်၏။ သစ္စာစကားဖြင့် ပြောလျှင် အသာစံခြင်းသည် "သမုဒယသစ္စာ" ခေါ် တဏှာကို သိမ်းပိုက်ထားခြင်း ဖြစ်၏။ အနာခံခြင်းသည် သမုဒယသစ္စာ ခေါ်တဏှာကို စာတွေ့မဟုတ်ဘဲ ငါတွေ့အလုပ်ဖြင့် ပယ် သတ်ခြင်း ဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို ရလိုသူမှန် သမျှ အနာခံခြင်းဝါဒကို ကျင့်သုံးရမည် ဖြစ်၏။

မန္တလေးမြို့၌ အနာကြီးရောဂါကုဆေးရုံ တည်စအချိန်က မြင်ကွင်း ကိုကြည့်၍ ဖော်ပြပါ ဓမ္မဒသနလေးသည် စာရေးသူရင်ထဲသို့ ကဆုန်ပေါက် ကာ ဝင်ရောက်လာခြင်း ဖြစ်၏။ သန်းမြင့်အောင်သည် အဘစံ၏ နေရေးကို မြင်ပြီးသည်နှင့် စားရေးကိုလည်း ဆက်လက် မြင်ရပြန်၏။ အဘစံဘေးနား



www.burmeseclassic.com

www.burmeseclassic.com



မှ ကျောက်ခဲသုံးလုံးဖြင့် ပြုလုပ်ထားသော မီးဖိုထက်တွင် ဒယ်အိုးတစ်လုံးက အခန့်သား နေရာယူထား၏။

ဒယ်အိုးတွင်း၌ကား တောမျှစ်နှစ်တုံးကို ရေပေါလောဖြင့် တွေ့ရ၏။ အဘစံတို့ကား ထမင်းကိုပင် မစားနိုင်ဘဲ တောမျှစ်ပြုတ်နှင့် ခက်ခဲစွာအသက်ရှင်နေရသူများပါတကား။ သန်းမြင့်အောင်က ကရုဏာမျက်ဝန်းဖြင့် အဘစံကို စိုက်ကြည့်လိုက်ရင်း–

"အဘစံက တစ်ယောက်တည်းလား"

ဟု မေးလိုက်၏။ အဘစံ၏ အဖြေစကားများက အလွမ်းငွေ့များ ဆိုင်းနေသယောင်ပင် ထင်ရ၏။

"အခုအချိန်မှာတော့ တစ်ယောက်တည်းပေါ့ ဆရာမလေးရယ်၊ အရင်တုန်းကတော့ မယားလည်းရှိတယ်၊ သမီးသုံးယောက်လည်း ရှိတယ်၊ အဘစံ အသက် နှစ်ဆယ်အရွယ်၊ ဇနီးဖြစ်သူ အသက်ဆယ့်ရှစ်နှစ် အရွယ်ကတည်းက အဘစံတို့ လက်ထပ်ပြီး ဒိုးတူဘောင်ဖက် တောင်းစားလာခဲ့ကြတာ ကြာလှပါပြီကွယ်"

"ဒီနေရာ ရောက်စတုန်းကလည်း အဘစံတို့ လင်မယားရယ်၊ သမီးသုံးယောက်ရယ်၊ ဒီသစ်ပင်အောက်မှာ အေးအတူပူအမျှ နေခဲ့ကြတာပဲ"

"အခု သူတို့ ဘယ်ရောက်သွားကြလဲ အဘစံ"

"ငတ်ပြတ်ဆင်းရဲတဲ့ဒဏ် မခံနိုင်လို့ ဘာသာပြောင်းပြီး ဟောဟို အိမ်သစ်လေးတစ်လုံးထဲ ရောက်သွားကြပြီလေ"

သန်းမြင့်အောင်မှာ ထိုအခါကျမှ အိမ်သစ်လေးခြောက်လုံးမှာ ဗုဒ္ဓဘာသာဝင်များက လှူထားခြင်းမဟုတ်ဘဲ ဘာသာခြား သာသနာပြုများ လှူထားခြင်းဖြစ်ကြောင်း သိလိုက်ရ၏။

"မယားနဲ့ သမီးတွေက အဘကိုသူတို့နဲ့ လာနေဖို့မခေါ်ဘူးလား"

"ခေါ်တာပေါ့ ဆရာမလေးရယ်၊ သူတို့သားအမိသုံးယောက် တစ်လ ကျော်ကျော်လောက်ထိ ဒီသစ်ပင်အောက်မှာ ငိုယိုပြီး အဘကို သူတို့နဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



လာနေဖို့၊ ဘာသာပြောင်းဖို့ ဆွဲဆောင်စည်းရုံးကြသေးတယ်၊ အဘသူတို့ စကားကို နားမထောင်ဘူး၊ ခေါ်မရမှန်းသိလို့ အခုတော့ လာမခေါ်ကြတော့ပါဘူး၊ ဘာသာချင်းမတူတော့ အတူလည်း မနေချင်တော့ပါဘူး ဆရာမလေးရယ်၊ ဒါ့ကြောင့် အဘစံတို့မိသားစုမှာ တစ်ရွာတည်းနေပြီး တစ်နယ်စီလို ဝေးကွာနေတာပေါ့"

"အဘရော ဘာသာခြားထဲကို ဘာလို့ပြောင်းမသွားတာလဲ"

"ဆရာမလေးရယ်၊ အဘစံတို့ဟာ လူ့လောကက စွန့်ပယ်ခံရတဲ့ အနာကြီးရောဂါသည်ဘဝလည်း ရောက်ခဲ့ရပြီ၊ အဘစံအသက်ဟာ ခုနစ်ဆယ်နီးပါးရှိပြီဆိုတော့ အိုလည်း အိုနေပါပြီ၊ ရှေ့ နှစ်အနည်းငယ်အတွင်းမှာ နာပြီး သေရတော့မှာပါ၊ ဒီအသက်ဒီအရွယ်အထိ ဗုဒ္ဓဘာသာအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ပြီး နာပြီးသေရခါနီး အချိန်နားရောက်မှတော့ အဘစံ ဗုဒ္ဓဘာသာကို ဘယ်တော့မှ မစွန့်ဘူး"

## အဘစံရဲ့ မျက်ရည်

ထိုစကားကို ပြောပြီးချိန်တွင် အဘစံ၏ နှုတ်ခမ်းနှစ်ခုက တင်းတင်းစေ့ထား၏။ သို့သော် မျက်စိနှစ်ဖက်မှ မျက်ရည်တို့ကား စီးကျလာခဲ့ပြီ။ တင်းတင်းစေ့ထားသောနှုတ်ခမ်းက အနေဆင်းရဲ အစားဆင်းရဲနေသော်လည်း ဗုဒ္ဓဘာသာမှ လျှောမကျအောင် တောင့်ခံထားနိုင်သည့်အတွက် ဝမ်းသာအားတက်မိသောကြောင့် ဖြစ်၏။ မျက်ရည်ကျခြင်းကား လူမှုရေးဒါနအားနည်းလှသောဗုဒ္ဓဘာသာဝင်များကြောင့် သူသည်လည်း အစာရေစာငတ်ပြတ်သည့်ဒဏ်၊ ၄က်ဖျားရောဂါဒဏ်တို့ဖြင့် လအနည်းငယ်အတွင်း သေဆုံးရတော့မည်ကို စဉ်းစားမိသဖြင့် အားငယ် ဝမ်းနည်းလှသောကြောင့် ဖြစ်၏။

မရမ်းချောင်းရွာတွင် အိမ်ခြေ သုံးရာ့ငါးဆယ်ကျော် ရှိ၏။ ဘာသာခြားဘုရားရှိခိုးကျောင်း သုံးကျောင်းရှိသော်လည်း ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း တစ်ကျောင်းသာ ရှိ၏။ ဘာသာခြား ဘုရားရှိခိုးကျောင်းများက တစ်ပါတ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကြိမ် ဘုရားရှိခိုးကျောင်း တက်လျှင် လူတစ်ယောက် ဆန်တစ်ပြည် ထောက်ပံ့၏။

ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကား ရွာသူရွာသားများကို ထိုကဲ့သို့ ထောက်ပံ့နိုင်စွမ်းမရှိ၊ ထို့ကြောင့်လည်း ငတ်ပြတ်ဆင်းရဲသည့်ဒဏ်ကို မခံနိုင်သဖြင့် အိမ်ခြေတစ်ရာ့ငါးဆယ်ကျော်သည် ဗုဒ္ဓဘာသာအဖြစ်မှ ဘာသာခြားသို့ ပြောင်းသွားကြ၏။

> **တခြားဘာသာမှ ဗုဒ္ဓဘာသာသို့ ပြောင်းဝင်လာကြခြင်းလည်း ရှိ၏။ ထို့အတူ ဗုဒ္ဓဘာသာမှလည်း တခြားဘာသာသို့ ပြောင်းဝင်သွားကြခြင်းလည်း ရှိ၏။ သို့သော် တခြားဘာသာမှ ဗုဒ္ဓဘာသာသို့ ပြောင်းဝင်လာကြခြင်းသည် အခြားဘာသာထက် ဗုဒ္ဓဘာသာက မြတ်သောကြောင့် ဖြစ်၏။ ဗုဒ္ဓဘာသာမှ အခြားဘာသာသို့ ပြောင်းဝင် သွားခြင်းကား အခြားဘာသာက ဗုဒ္ဓဘာသာထက် မြတ်သောကြောင့် မဟုတ်၊ (ငတ်သော) ဆင်းရဲသောကြောင့် ဖြစ်၏။**

" ဘာသာခြား ဘုရားရှိခိုးကျောင်းများမှ ဆန်ဝေငှတိုင်း ဗုဒ္ဓဘာသာ အနာကြီးရောဂါသည်များသည် ငါတို့ဗုဒ္ဓဘာသာဝင်များလည်း ဘာသာခြားများကဲ့သို့ လာရောက်ထောက်ပံ့လျှင် ကောင်းလေစွဟု တောင့်တကမိကြ၏။ အဘစံသည်လည်း ထိုသို့တောင့်တရင်း ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ရလေပြီ။

အဘစံတို့ ဗုဒ္ဓဘာသာ အနာကြီးရောဂါသည်များ၏ တောင့်တမှုသည် ၅၊ ၁၊ ၂၀၀၇ နေ့က ပြည့်ဝလေပြီ။ စာရေးသူသည် လှူဒါန်း ချင်လှသဖြင့် အနာကြီးရောဂါသည်ရွာကို စုံစမ်းနေသည်မှာ နှစ်အတန် ကြာလေပြီ။ ဟိုလူမေးမသိ၊ ဒီလူမေးမသိဖြင့် ရက်ကိုလစား၊ လကိုနှစ်စားဖြင့် အချိန် အတော် လင့်သွားရ၏။ စာရေးဆရာမ သန်းမြင့်အောင်နှင့် တွေ့မှပင် စာရေးသူ၏ဆန္ဒလည်း ပြည့်ဝရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူနှင့် ဒကာ, ဒကာမများ စုပေါင်းလှူဒါန်းမှုများမှာ–

| | | |
|---|---|---|
| ၁။ ငွေသား | | ၅သိန်း။ |
| ၂။ ဆန်အိတ် | | ၇၁ အိတ်။ |
| ၃။ ခြင်ထောင် | | ၂၅၀ လုံး။ |
| ၄။ ခြုံစောင် | | ၃၅၀ ထည်။ |
| ၅။ ဖိနပ် | | ၁၀၀ ရံ။ |
| ၆။ ပုဆိုး, အင်္ကျီ | အိတ်ကြီး | ၂ အိတ်။ |

ခမ္မာရုံကြီးထဲ တရားဟော အပြီးတွင် မရမ်းချောင်းကျေးရွာ ဥက္ကဋ္ဌက ယခုလို လျှောက်၏။

"ဆရာတော်ဘုရား၊ တပည့်တော်တို့ ရွာထိပ်မှာ နိုင်ငံတော်က ဆောက်လုပ်ပေးတဲ့ အဆောင်နှစ်ဆောင်ရှိပါတယ် ဘုရား၊ ဒီအဆောင်တွေထဲမှာတော့ မိသားစုမရှိတဲ့ အထီးကျန် ရောဂါသည်တွေကို ထားပါတယ်ဘုရား၊ သူတို့ကတော့ ကိုယ်တိုင်ချက်ပြုတ် စားနိုင်စွမ်းကို မရှိတော့လို့ ရပ်ရွာကပဲ စုပြီး ချက်ပြုတ်ကျွေးမွေးရပါတယ်"

" ရောဂါပိုးကတော့ မရှိတော့ပါဘူးဘုရား၊ ဒါပေမယ့် ရောဂါဒဏ်ချက်က ပြင်းထန်တော့ တချို့ဆိုရင် အိပ်ယာမှာပဲ ပက်လက် နေကြရတယ်။ အမျိုးသမီးဆောင်မှာ လေးဆယ်နဲ့၊ အမျိုးသားဆောင်မှာ လေးဆယ်ရှိပါတယ်၊ ဒီဝေဒနာရှင်တွေကလည်း ဆရာတော်ကို ဖူးပါရစေလို့ တောင်းပန်လျှောက်ထားခိုင်းပါတယ်။

"သူတို့ ကိုယ်တိုင်တော့ ခမ္မာရုံထဲကို မလာနိုင်ဘူးဘုရား၊ အဲဒါ ဆရာတော် သူတို့အဆောင်ထဲ ကြွစေချင်တာကို မလျှောက်ရဲဘူး ဖြစ်နေတယ် ဘုရား"

"အို–ဆရာတော်ကို ဖူးချင်တာများ ဘာလို့ မလျှောက်ရဲဘူး ဖြစ်နေရတာလဲ"

"သူတို့ကို ရောဂါက ပေးထားတဲ့ ဒဏ်ချက်တွေက ပြင်းလွန်း တော့



www.burmeseclassic.com

www.burmeseclassic.com



ဘေးအမြင်တော့ မကောင်းဘူးပေါ့ ဘုရား၊ တော်တော်တန်တန် လူတွေ အဲဒီအဆောင်ထဲ မဝင်ချင်ကြဘူး ဘုရား၊ ဒါ့ကြောင့် ဆရာတော်ရော အဆောင်ထဲ ဝင်ချင်ပါ့မလားလို့ တွေးပြီး မလျှောက်ရဲဘူး ဖြစ်နေတာပါဘုရား"

"ဘာဖြစ်လို့ မဝင်ရဲရမှာလဲ၊ အခုသွားစို့"

စာရေးသူ ရှေ့ကဦးဆောင်သွားသည်နှင့် ပရိသတ်များလည်း နောက်က စီတန်းပြီးပါလာ၏၊ စာရေးသူ အဆောင်ထဲဝင်လာသည်နှင့် အမျိုးသမီး ရောဂါသည်များ ကြမ်းပြင်ပေါ် မရ ရအောင်ဆင်းပြီး ဝမ်းသာအားရ ရှိခိုးကန် တော့ကြ၏။ စာရေးသူက တစ်ယောက်တစ်ထောင်စီ ဝေငှပေးလိုက်၏။

အသက်ခြောက်ဆယ်ခန့်ရှိ အမျိုးသမီးကြီးတစ်ဦးမှာ စာရေးသူကို ကန်တော့ရင်း မျက်ရည်တွေစီးကျပြီး ငိုကြွေးရှာ၏။ စာရေးသူက မေးမိ၏။

"ဒကာမကြီးက ဘာဖြစ်လို့ ငိုတာတုန်း"

"ဝမ်းသာလို့ပါ ဘုရား၊ တပည့်တော်တို့ ဒီနေရာကို ရောက်နေ တာ နှစ်နှစ်ဆယ်နီးပါး ရှိပါပြီ၊ ဘုရားသားတော် သံဃာတော်ကို ဒီတစ်ခါပဲ ဖူးခွင့် ရလို့ပါဘုရား"

စာရေးသူရင်ထဲ နင့်ကနဲနေအောင် ခံစားလိုက်ရ၏။ သူတို့ အားရ အောင်ဖူးခွင့်ရဖို့အတွက် လမ်းလယ်တွင် ခပ်ကြာကြာ ရပ်ပေးနေမိ၏။ ထိုမှ တဖန် အမျိုးသားဆောင်ထဲ ဝင်လိုက်သည်နှင့် အမျိုးသားရောဂါသည် များကလည်း အားရပါးရဖူးမျှော်ကြ၏။ သူတို့ကိုလည်း ငွေတစ်ထောင်စီ ဝေငှ ပေးလိုက်၏။

## ပေးခဲ့ရသော ကတိတစ်ခု

အမျိုးသားရောဂါသည် တစ်ဦးက သူ့ရင်ထဲက ဆန္ဒတစ်ခုကို တောင်းဆို၏။

"ဆရာတော်ဘုရား၊ တပည့်တော်တို့ဟာ ဘိုးစဉ်ဘောင်ဆက် ဗုဒ္ဓဘာ သာတွေပါဘုရား၊ သံဃာတော်များကို အမြဲဖူးမြင်လိုကြပါတယ် ဘုရား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တပည့်တော်တို့ကလည်း သံဃာတော်တွေရှိရာ မသွားနိုင်၊ သံဃာတော်တွေကလည်း တပည့်တော်တို့ရှိရာ မကြွနိုင်နဲ့ နှစ်နှစ်ဆယ် နီးပါးရှိမှ ဒီတစ်ခါပဲ သံဃာတော်ကို ကောင်းကောင်း ဖူးရပါတယ်ဘုရား၊ တပည့်တော်တို့ ရောဂါသည်များမှာ ဒါနကုသိုလ်ပြုရအောင် ဓနအားလည်း မရှိပါဘုရား၊ တစ်ခါ ဗုဒ္ဓဝေယျာဝစ္စ, သံဃာ့ဝေယျာဝစ္စ ပြုရအောင် ကာယအားလည်း မရှိပါဘုရား၊ တပည့်တော်တို့ ရနိုင်တဲ့ ကုသိုလ်ဆိုလို့ ဆရာတော် သံဃာတော်များ ကြွလာတဲ့အခါ ဖူးမြင်ရတဲ့ ကုသိုလ်ပဲ ရှိပါတယ်ဘုရား၊ ဒါ့ကြောင့် ရောဂါသည်များ အားလုံးရဲ့ကိုယ်စား ဆရာတော်ကို တောင်းပန် လျှောက်ထားပါရစေ၊ တပည့်တော်တို့ ဖူးခွင့်ရအောင် ဆရာတော်အနေနဲ့ ဒီမရမ်းချောင်းရွာကို တစ်နှစ် နှစ်ကြိမ်ခန့် ကြွရောက်ပေးတော်မူပါဘုရား"

"ဘယ်လောက် အလုပ်ကိစ္စတွေများများ ဦးပဥ္စင်း တစ်နှစ် နှစ်ခေါက် ရောက်အောင် ကြွပေးပါ့မယ်"

"တပည့်တော်တို့အတွက် ဒီနေ့ဟာ ဝမ်းသာစရာ အကောင်းဆုံး နေ့၊ မင်္ဂလာအရှိဆုံးနေ့ပါဘုရား"

**စာကြွင်း။** ။ ၃၀, ၅, ၂၀၀၇ နေ့က မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ ရေနံ့သာ အနာကြီးရောဂါဆေးရုံအတွက် –

| | |
|---|---|
| ဆေးဝါးနှင့် အခြားပဒေသာပင် | ၁၅၀၀၀၀ဝိ။ |
| ဒေါက်တာ မြတ်သီတာနှင့် မိသားစုဆုချငွေ | ၅၀၀၀၀ဝိ။ |
| နံ့သာမြိုင်မှ မိသားစု လေးရာကျော်အတွက်ဆန်အိတ်(၇၀) | ၁၄၀၀၀၀ဝိ။ |
| မန္တလေးမြို့၊ ၃၈ လမ်းမှ၊ ဦးလှစိုး+ဒေါ်တင်ရွှေ မိသားစု၊ | |
| ပန်းကန်နှင့် စတီးခွက်များ | ၁၅၀၀၀ဝိ။ |
| ငါးဇွန်မြို့မှ၊ ကိုမြကြီးနှင့် ညီ, ညီမများ မှ | |
| ကျောင်းစိမ်းလုံချည် (၂၅၀) | ၂၀၀၀၀ဝိ ခန့်။ |
| လူနာတစ်ယောက် ၅၀၀၀ နှုန်းဝေ၄ | ၆၀၀၀၀ဝိ။ |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| မသိတာနွယ်ဦး၊ ဈေးချို 'ခင်ကြည်ကြည်' ဖိနပ်ဆိုင်မှဖိနပ် | |
| ၁၀၀- ရံ | ၁၅၀၀၀၀ဝိ။ |
| လူနာများအား ထမင်းတစ်နပ်ကျွေး | ၁၀၀၀၀၀ဝိ။ |
| ဓမ္မစေတီ ဆရာတော်မှ ထမင်းတစ်နပ်စာလှူ | ၁၀၀၀၀၀ဝိ။ |
| ရွာထဲမှ အန္ဓမ်းပါးဆုံးမိသားစုများအား လောက်ပံ့ငွေ | ၂၈၀၀၀၀ဝိ။ |
| ဝန်ထမ်းများအား တစ်ဦးတစ်ထောင် ထောက်ပံ့ငွေ | ၁၂၀၀၀၀ဝိ။ |
| စုစုပေါင်း | ၅၈၂၀၀၀ဝိ |
| ရန်ကုန်နှင့် မန္တလေး၊ တရားနာပရိသတ်များအားလှူငွေ | ၃၃ သိန်းခန့်။ |
| ဆရာတော်မှလှူငွေ | ၂၅ သိန်းခန့်ရှိ။ |



www.burmeseclassic.com

www.burmeseclassic.com



## ကြီးပွားချမ်းသာရန် စိတ်၏စွမ်းအင်တန်ခိုးလိုအပ်သည်
## စိတ်တန်ခိုး ရရှိစေမှု အကြောင်းတရား ၁၀ ခု

၁။ တိကျသော ရည်ရွယ်ချက် ထားရှိခြင်း။

၂။ ဆုံးဖြတ်ချက် အမြန်ချမှတ်ခြင်း (ဒွိဟ မရှိခြင်း)။

၃။ ကိုယ်ကျင့်တရားခိုင်လုံခြင်း (ရိုးသားမှု)။

၄။ မိမိစိတ်၏ လှုပ်ရှားမှုများကို တင်းကျပ်စွာ အုပ်ထိန်းချုပ်တည်း နိုင်ခြင်း။

၅။ အကျိုးပြု 'ပရဟိတ' အလုပ်လုပ်ရန် စိတ်အားထက်သန်စွဲမြဲခြင်း။

၆။ မိမိလုပ်ငန်းများအပေါ် ကောင်းစွာသိနားလည်ခြင်း။

၇။ အရာခပ်သိမ်းတို့အပေါ်မှာ သည်းခံနိုင်စွမ်းရှိခြင်း။

၈။ မိမိလုပ်ဖော်ကိုင်ဘက် အပေါင်းအသင်းများအပေါ် သစ္စာရှိခြင်းနှင့် သဘာဝတရားအပေါ် ယုံကြည်မှုရှိခြင်း။

၉။ အသိပညာများကို စွဲစွဲမြဲမြဲ ရှာမှီးလိုစိတ်ရှိခြင်း။

၁၀။ စိတ်ကူးကြံစည်မှု အာရုံကို မျက်ခြည်မပြတ် စောင့်ကြည့်နိုင်စွမ်းရှိ ခြင်း။

(ကမ္ဘာ့အချမ်းသာဆုံး သံမဏိသူဌေးကြီး အင်ဒရူးကာနက်ဂျီ)



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂ )

## ကြွယ်ဝချမ်းသာလိုသူတိုင်း ပြည့်စုံရမည့် တရားလေးပါး

ရုပ်ဝါဒီအချို့က ဘာသာတရားသည် ဘိန်းနှင့် တူသည်။ ဘိန်းစွဲသွားသူသည် ကြီးပွားချမ်းသာရေးလမ်း ပိတ်သကဲ့သို့ ဘာသာရေး လိုက်စားသူများသည် ကြီးပွားချမ်းသာရေးလမ်းကို ပိတ်ဆို့စေသည်ဟု စွပ်စွဲရေးသားကြ၏။ ဤသို့ ရေးသားခြင်းသည် ဗုဒ္ဓ၏ ဓမ္မဒေသနာများကို သေချာမလေ့လာမိသောကြောင့် ဖြစ်၏။

ဗုဒ္ဓသည် အနအရင့် မခွဲဘဲ တွေ့သမျှလူတိုင်းကို အနိစ္စ၊ဒုက္ခ၊အနတ္တချည်း ဟောကြားနေသည် မဟုတ်ပေ။ နုလျှင် နုသောတရား၊ ရင့်လျှင် ရင့်သောတရားကို အာသယာနုသယဉာဏ်ဖြင့်ကြည့်ကာ ခွဲခြားဟောကြားပေးလေ့ရှိ၏။ ဤဒုတိယအခန်း၌ ဗုဒ္ဓညွှန်ပြသည့် ကြီးပွားချမ်းသာကြောင်း သမ္ပဒါတရားလေးပါးကို ဖော်ပြမည် ဖြစ်၏။

ဤ သမ္ပဒါတရားလေးပါးကို ဗုဒ္ဓသည် အင်္ဂုတ္တိုရ်ပါဠိတော်၊ 'အဋ္ဌကနိပါတ်၊ ဒီဃဇာဏုသုတ်'၌ ဟောကြားတော်မူခဲ့၏။

အခါတစ်ပါး ဘုရားရှင်သည် ကောလိယတိုင်းအတွင်းရှိ ကက္ကရပတ္တအမည်ရှိ နိဂုံးရွာကြီး၌ သီတင်းသုံး တရားပြတော်မူ၏။ ဗုဒ္ဓလက်ထက်က



www.burmeseclassic.com

www.burmeseclassic.com



မြို့အဖြစ်၊ ရွာအဖြစ်၊ နိဂုံးအဖြစ် သတ်မှတ်ပုံ လင်္ကာကလေးရှိ၏။

'တံတိုင်းရံမရှိ၊ ဈေးသာရှိ၊ မှတ်ဘိ'နိဂုံး'တည်း။
နှစ်ပါးစုံရှိ၊ မြို့ဟုသိ၊ မရှိ 'ဂါမ'တည်း'

**ဤလင်္ကာအရ တံတိုင်းမရှိဘဲ ဈေးသာရှိလျှင် နိဂုံး၊ တံတိုင်း, ဈေး နှစ်မျိုး လုံးရှိလျှင်မြို့၊ တံတိုင်း, ဈေးနှစ်မျိုးလုံးမရှိလျှင်ရွာ။**

ဟု–သတ်မှတ်နိုင်၏။ ကက္ကရပတ္တကား တံတိုင်းမရှိဘဲ ဈေးသာ ရှိသောကြောင့် နိဂုံးဟုခေါ်၏။

တစ်နေ့တွင် ဒီဃဇာဏု (ကျားသွားသော လမ်းတွင် မွေးဖွားသော ကြောင့် ဗျဂ္ဃပဇ္ဇဟုလည်း အမည်တွင်သော) အမည်တွင်သော ကောလိယမင်း သားသည် ဘုရားရှင်ကို ရိုသေစွာရှိခိုးပြီး ယခုလို လျှောက်ထား၏။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခံစားကြသော လူတို့ဖြစ်ခြင်းကြောင့် သားမယားတို့ဖြင့် ကျဉ်းမြောင်းသော အိပ်စက်ရာ နေရာတို့၌ နေကြရပါကုန်၏။ ကာသိတိုင်း၌ဖြစ်သော စန္ဒကူးနံ့သာတို့ကို သုံးစွဲနေကြပါကုန်၏။ ပန်းနံ့သာ နံ့သာပြောင်းတို့ကိုလည်း ပန်ဆင်သုတ် လိမ်းနေကြပါကုန်၏။ ရွှေငွေနှင့် အခြားသော ပစ္စည်းဥစ္စာ ရတနာတို့ကိုလည်း သာယာကိုင်တွယ် နေကြပါကုန်၏။ ထို့ကြောင့် ပစ္စုပ္ပန်၌လည်း ကြီးပွားချမ်းသာ၊ တမလွန်၌လည်း ကြီးပွားချမ်း သာကြောင်းတရားကို ဟောကြားတော်မူပါဘုရား"

ထိုသို့ လျှောက်ထားလာသူကို ဗုဒ္ဓက သူအလိုရှိသည်အတိုင်း ကြီးပွား ချမ်းသာကြောင်း တရားကို ဟောကြားတော်မူ၏။

## ပစ္စုပ္ပန်ကြီးပွားချမ်းသာကြောင်းတရားလေးပါး

ကြီးပွားချမ်းသာကြောင်းတရားလေးပါးမှာ–

၁။ **ဥဋ္ဌာနသမ္ပဒါ**– ထကြွလုံ့လ ဝီရိယဖြင့် ဥစ္စာစည်းစိမ်ကို ရှာဖွေရမည်။

၂။ **အာရက္ခသမ္ပဒါ**– မကုန်သင့်တာ မကုန်အောင် ထိန်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်မှုနှင့် ပြည့်စုံရမည်။

၃။ **ကလျာဏမိတ္တသမ္ပဒါ**- မိတ်ဆွေကောင်း ရှိရမည်။

၄။ **သမဇီဝိတသမ္ပဒါ**- အဝင်အထွက် မျှတအောင် သုံးစွဲတတ်ရမည်။

ဤ ဥဋ္ဌာနသမ္ပဒါ၌ အင်္ဂါငါးချက်ရှိ၏။

၁။ မိမိ၏ စီးပွားရေးလုပ်ငန်း၌ ကျွမ်းကျင်လိမ္မာခြင်း။

၂။ မပျင်းမရိ ထကြွလုံ့လဝီရိယရှိခြင်း။

၃။ လုပ်ငန်း၌ စူစမ်းဆင်ခြင်နိုင်သော ဉာဏ်ပညာရှိခြင်း။

၄။ ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်ခြင်း။

၅။ ဦးစီးဦးဆောင် ပြု၍ စီမံညွှန်ကြားနိုင်ခြင်း။

၎င်းငါးချက်တွင် စီးပွားရေးလုပ်ငန်း၌ ကျွမ်းကျင်လိမ္မာခြင်း၊ စူးစမ်းဆင်ခြင်နိုင်သော ဉာဏ်ပညာရှိခြင်းဟူသော အင်္ဂါနှစ်ချက် အားနည်းချို့ယွင်းတတ်သောကြောင့် ဗုဒ္ဓဘာသာ မြန်မာများ၏ စီးပွားရေး လုပ်ငန်းများသည် ပျက်စီးသွားတတ်၏။ နိုင်ငံကျော် စာရေးဆရာကြီး ပီမိုးနင်းသည်ပင် ပုံနှိပ်စက်ဆိုင်ရာ၌ ကျွမ်းကျင်မှုမရှိဘဲ ပုံနှိပ်စက်တစ်လုံး တည်ထောင်ရာ ငွေရင်းများစွာ ပျက်စီးဆုံးရှုံးသွားဖူး၏။

ရွှေပြည်သာမှ စာရေးသူ၏ ဆွမ်းဒကာတစ်ယောက်သည် လိုင်းကားတစ်စီးတည်ထောင်မည် ဖြစ်ကြောင်း စာရေးသူကို လျှောက်ထား၍ အကြံဉာဏ်တောင်း၏။ စာရေးသူက သူ့ကို ပြန်ပြီးမေးခွန်းထုတ်မိ၏။

"ဒကာကြီး- ကားအကြောင်းကို သေချာနားလည်ရဲ့လား"

"အဲဒီလိုတော့ နားမလည်ဘူး ဘုရား၊ ဒရိုင်ဘာတစ်ယောက်က သူတာဝန်ယူပြီးဝယ်ပေးမယ်၊ သူပဲမောင်းမယ်ဆိုပြီး ပြောလို့ပါဘုရား"

"ကိုယ်ကိုယ်တိုင် ဦးလည်းမဆောင်နိုင်၊ နားလည်းမလည်နိုင်တဲ့ အလုပ်မျိုးကို မလုပ်သင့်ဘူး ဒကာကြီး၊ အောင်မြင်ဖို့ထက် ဆုံးရှုံးဖို့က ပိုများတယ်"

"ဒကာ္ခပဲ၊ တပည့်တော် ကားက ဝယ်ပြီးနေပြီဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်းပင် ကားအစုတ်ကို ဝယ်မိပြီး ခဏခဏ ပျက်ကာ ပစ္စည်းချည်း ဝယ်ထည့်နေရသဖြင့် ငွေများ အတော်ဆုံးရှုံးသွားရာ၏။ ထိုကား ရောင်းမထွက်မချင်း တစ်အိမ်လုံး စိတ်ဆင်းရဲကြရ၏။ ထိုကား ရောင်းထွက်သွားမှပင် ငွေထွက်လည်း ရပ်သွား၏။ ရောင်းသောအခါတွင်လည်းအရှုံးခံပြီး ရောင်းလိုက်ရ၏။

နွားမွေးမြူရာ၊ ဈေးရောင်းရာ၌ပင် ကျွမ်းကျင်လိမ္မာမှုနှင့်၊ စူးစမ်းဆင်ခြင်ဉာဏ်ရှိမှုတို့ အရေးတကြီးလိုအပ်ပုံကို ဗုဒ္ဓက ယခုလို အသေးစိတ်ဟောကြားခဲ့၏။

## နွားမွေးမြူသူ ရှိရမည့်အင်္ဂါ ၁၁ ချက်

နွားမွေးမြူသူသည် –

၁။ နွားတစ်ကောင်ချင်း၏ ရုပ်သွင်သဏ္ဍာန်ကို သိရမည်။

၂။ နွား၏ကြန်အင်လက္ခဏာတို့၌ လိမ္မာရမည်။

၃။ ယင်ချေးဥကို ခွာတတ်ရမည်။(သန့်ရှင်းရေး, ကျန်းမာရေး လုပ်တတ်ရမည်။)

၄။ အနာကို ဖုံးလွှမ်းတတ်ရမည်။

၅။ မှက်,ချင်,ယင် အန္တရာယ်များကင်းဝေးအောင် မီးဖို၍ မီးခိုး တိုက်ပေးရမည်။

၆။ သောက်ရန်အန္တရာယ်ကင်းဝေးသော ရေဆိပ်ကိုသိရမည်။

၇။ အငယ်,အလတ်,အကြီး အသီးသီးသောနွားအားလုံး ရေဝအောင်သောက်ရခြင်း ရှိ/မရှိ သိအောင်ပြုရမည်။

၈။ သွားရန်ကင်းသော လမ်းခရီးကို သိရမည်။ (နွားကျောင်းချိန်)

၉။ စားကျက်မြေ၌ ကျွမ်းကျင်လိမ္မာရမည်။

၁၀။နွားနို့ညှစ်သောအခါ နွားသားငယ်အတွက် ခြွင်းချန်၍ နို့ညှစ် လေ့ရှိမည်။

၁၁။နွားတို့၏ မိဘ၊ နွားတို့၏ အကြီးအကဲဖြစ်သည့် ရှေ့ဆောင် နွားလားကို



www.burmeseclassic.com

www.burmeseclassic.com



ပိုလွန်သောအားဖြင့် ပူဇော်စောင့်ရှောက်တတ်ခြင်း ဟူသော အချက်တို့ကိုသိရမည်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ကောဒသကနိပါတ်၊ ဝေါပါလသုတ်)

## ဈေးရောင်းသူ ရှိရမည့် အင်္ဂါ

ဈေးရောင်းသူသည်–

၁။ ပညာမျက်စေ့ ရှိရမည်။ (မည်သည့် ကုန်သည်၊ မည်သည့်အချိန် ဈေးကျပြီး၊ မည်သည့်အချိန်ဈေးတက်သည် စသည်ကို သိသောပညာ)။

၂။ လုံ့လဝီရိယ ရှိရမည်။ (ဥပမာ– ငါးပိကောင်း ရောင်းလိုသူသည် ဧရာဝတီတိုင်းမှလည်း ဝယ်နိုင်သလို၊ တနင်္သာရီတိုင်း မြိတ်မြို့နယ်၊ ကျွန်းစုမြို့ နယ်တို့မှလည်း ဝယ်ယူနိုင်သည်၊ မြိတ်ငါးပိကို ဝယ်ရောင်း နိုင်လျှင် ပို၍တွင် ကျယ်နိုင်သည်၊ သယ်ယူပို့ဆောင်မှု ဝေးသော်လည်း အပင်ပန်းခံ၍ သယ်ယူ ခြင်းမျိုးကို လုံ့လဝီရိယရှိခြင်း ဟုဆိုနိုင်၏)။

၃။ အမှီသဟဲ မိတ်ဆွေကောင်း ရှိရမည်။

၄။ နံနက် စောစောထ၍ ရောင်းရမည်။(စောစော ဈေးဝယ်လိုသူများ သည် စောစောထွက်သော ဆိုင်တွင်သာ ဝယ်တတ်၍ ဤအချက်ကို ဟောခြင်း ဖြစ်၏)။

၅။ နေ့လည်ခင်းတွင်လည်း ဂရုတစိုက်ရောင်းရမည်။(ပျင်းရိသောဈေး သည်များသည် နေ့လည်နေ့ခင်းတွင် တော်ရာသို့ လျှောက်လည်နေ တတ်သည်၊ ထိုအချိန်မျိုး ဝယ်သူများသည် ရောင်းသူအသင့် ရှိသောဆိုင်တွင်သာ ဝယ်တတ်၍ ဤအချက်ကို ထည့်ဟောခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



၆။ ညမိုးချုပ်သည်အထိ ရောင်းခြင်း။ (နောက်ကျမှ အလုပ်ပြန်ရသော သူများသည် မိုးချုပ်မှ ဈေးဝယ်တတ်ကြ၏။ ထိုအခါမျိုးတွင် မိုးချုပ်သည်အထိ ဖွင့်ထားသောဆိုင်တွင်သာ ဝယ်ကြ၍ ဤအချက်ကို ထည့်ဟောခြင်း ဖြစ်၏။)

(အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ ပဌမပါပဏိကသုတ်နှင့် ဒုတိယပါပဏိကသုတ်)

ဥဋ္ဌာနသမ္ပဒါ အင်္ဂါငါးချက်အနက် နောက်ဆုံးနှစ်ချက်မှာလည်း ကြီးပွားချမ်းသာရေးတွင် အရေးကြီးဆုံးနေရာမှ ပါဝင်၏။ ထိုနှစ်ချက်မှာ ကိုယ်တိုင်ကိုယ်ကျ ဦးစီးဦးဆောင်၍ ပြုလုပ်ခြင်း၊ ကိုယ်တိုင် စီမံညွှန်ကြား ပေးခြင်း ဖြစ်၏။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်ခန့်က မန္တလေးမြို့တွင် အလွန်ရောင်းကောင်းသော ထမင်းဆိုင်တစ်ဆိုင် ရှိခဲ့ဖူး၏။

ဆိုင်ပိုင်ရှင်သည် မိမိ၏ လုပ်ငန်း၌ ကျွမ်းကျင်လိမ္မာခြင်း၊ ထကြွလုံ့လဝီရိယရှိခြင်း၊ စူးစမ်းဆင်ခြင်နိုင်သော ဉာဏ်ပညာရှိခြင်းဟူသော ဥဋ္ဌာနသမ္ပဒါ အင်္ဂါငါးချက်အနက် ရှေ့ပိုင်းသုံးချက်နှင့်အညီ ရောင်းဝယ်ခြင်းကြောင့် ယခုလို အောင်မြင်နေခြင်း ဖြစ်၏။

ဆိုင်ရှင်သည် ထမင်းဆိုင် လေးငါးဆိုင်တွင် အလုပ်ဝင်လုပ်ရင်း အချက်အပြုတ်ပညာကို ကျွမ်းကျင်အောင် လေ့လာသင်ယူ၏။ ထို့ကြောင့် သူ့ဆိုင်မှဟင်းသည် မန္တလေးရှိ ထမင်းဆိုင်တို့တွင် အကောင်းဆုံးဟူ၍ စားသုံးသူတို့ ပတ်ဝန်းကျင်တွင် နာမည်ထွက်ခဲ့၏။ ဤကားမိမိလုပ်ငန်း၌ ကျွမ်းကျင်လိမ္မာခြင်းဟူသော 'ပထမဥဋ္ဌာနသမ္ပဒါ'အင်္ဂါနှင့် ပြည့်စုံခြင်းဖြစ်၏။

သူ့ဆိုင်သည် ဟင်းအစောဆုံးကျက်၏။ ထို့ကြောင့် မနက်စောစော ထွက်မည့် ကုန်ကားမောင်းသမားများသည် သူ့ဆိုင်တွင် စားကြ၏။ ညဉ့်နက်မှ ဆိုင်သိမ်း၏။ ထို့ကြောင့် မန္တလေးသို့ ညဉ့်နက်မှ ဝင်လာသော ကားသမားများသည်ပင် သူ့ဆိုင်တွင်သာ စားကြ၏။ သူ့ဆိုင်သည် မန္တလေးမြို့ အဝင် ကားလမ်းဘေး မူလဇီးဘန်နီ ကျောင်းတိုက်နားတွင် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ခင်းတွင် အလုပ်သမားအချို့ကို အိပ်ချင်လျှင်အိပ်ခွင့် ပြုသော်လည်း သူကိုယ်တိုင်ကား မအိပ်။ လာသမျှ စားသုံးသူများကို ကိုယ်တိုင်ကြိုဆိုပြီး နေရာချထားပေး၏။ ဤအချက်များသည် ထကြွလုံ့လ ဝီရိယရှိခြင်းဟူသော ဒုတိယဉဋ္ဌာနသမ္ပဒါအင်္ဂါနှင့် ပြည့်စုံခြင်း ဖြစ်၏။

ဆိုင်ရှင်သည် ထမင်းဆိုင်အမျိုးမျိုးတွင် အလုပ်လုပ်ခဲ့သောကြောင့် စားသုံးသူအမျိုးမျိုး၏ အကြိုက်အမျိုးမျိုးကို သိ၏။ သိအောင်လည်း သေချာလေ့လာထား၏။ ထို့ကြောင့် သူ့ဆိုင်တွင် ဝက်သားတစ်ခုတည်းကိုပင် ဝက်သားနှပ်၊ ဝက်သားဆီပျံ၊ ဝက်သားဟင်းလေး (သရက်သီး နှင့် ချက်ခြင်း)၊ ဝက်သား ပဲငါးပိ၊ စသည်ဖြင့် စုံလင်အောင် ချက်ထား၏။

အတို့အမြှုတ်ကိုလည်း အစုံပါနိုင်အောင် အမြဲကြိုးစား၏။ တမာရွက် တုံးချိန်တွင်ပင် သူ့ဆိုင်၌ တမာရွက်အတို့ကို ရ၏။ မည်သို့ရသနည်း။ စဉ့်အိုးကြီးများစွာဖြင့် တမာရွက်များကို အချဉ်စိမ်ထားနိုင်သော ကြောင့်ပင် ဖြစ်၏။ ဤကား မိမိလုပ်ငန်း၌ စူးစမ်းဆင်ခြင်နိုင်သော ဉာဏ်ပညာရှိခြင်းဟု ဆိုရမည့် 'တတိယ ဉဋ္ဌာနသမ္ပဒါ'နှင့် ပြည့်စုံခြင်းပင် ဖြစ်၏။

ဆိုင်ရောင်းအား ထိုးတက်လာပြီး ငွေများများကိုင်ရသည်နှင့် ထိုဆိုင်ရှင်သည် မိန်းမအပျော်အပါး လိုက်စားလာ၏။ သေရည်သေရက် သောက်လာ၏။ လောင်းကစား လုပ်လာ၏။ အပေါင်းအသင်းများနှင့် လျှောက်လည်ချိန်များလာ၏။ ဤလေးချက်ကား စီးပွားဥစ္စာပျက်စီးကြောင်း တရားများပင် ဖြစ်၏။

ဆိုင်သည် နာမည်ကြီးသွားပြီဖြစ်၍ အရှိန်နှင့် လိမ့်နေရာ အမြတ်ငွေများမှာ ပုံမှန်ဝင်လျက်ရှိသဖြင့် ဆိုင်ရှင်က သူကိုယ်တိုင် မထိုင်လည်း ဖြစ်သည်ဟု ယူဆလာ၏။ ထို့ကြောင့် ဆိုင်ထိုင်ချိန် မရှိသလောက် နည်းလာ၏။ ဟင်းအမယ်များကို ကိုယ်တိုင် မချက်တော့သလို ကိုယ်တိုင်စီမံညွှန်ကြားမှုလည်း မရှိတော့ပေ။

ဤသည်ကား ဉဋ္ဌာနသမ္ပဒါ အင်္ဂါငါးပါးတွင် ကိုယ်တိုင်ဦးဆောင်



www.burmeseclassic.com

www.burmeseclassic.com



၍ လုပ်ခြင်း၊ ကိုယ်တိုင်စီမံညွှန်ကြားပေးခြင်းဟူသော စတုတ္ထနှင့် ပဉ္စမအင်္ဂါနှစ်ပါးပျက်စီးသွားခြင်းပင် ဖြစ်၏။

## အလုပ်သမားမှ အလုပ်ရှင်ဖြစ်လိုလျှင်

> အလုပ်သမားဟူသည် အလုပ်အပေါ်၊ စားသုံးသူအပေါ်၊ အလုပ်ရှင်လောက် ဘယ်သောအခါမျှ စေတနာထားလိမ့်မည် မဟုတ်ပေ။ ထိုသို့ စေတနာမထားသောကြောင့် အလုပ်ရှင်ဘဝသို့ မရောက်ဘဲ အလုပ်သမားဘဝနှင့် နေကြရခြင်းပင် ဖြစ်၏။ အကယ်၍ အလုပ်ရှင်၏ စေတနာမျိုးထားပြီး ကြိုးစားမည် ဆိုလျှင် နှစ်အနည်းငယ်အတွင်း အလုပ်သမားသည် အလုပ်ရှင် ဖြစ်လာပေလိမ့်မည်။

ဤနေရာ၌ စာရေးဆရာ နပိုလီယံဟီးလ်နှင့် အမေရိကန် သန်းကြွယ်သူဌေးကြီး အင်ဒရူးကာနက်ဂျီတို့၏ အမေးအဖြေမှာ ကြီးပွားချမ်းသာလိုသူတိုင်း သိထားသင့်သဖြင့် ကောက်နုတ်ဖော်ပြအံ့။

မေး။ ။မစ္စတာကာနက်ဂျီခင်ဗျား၊ အခု ကျွန်တော်မေးမယ့် မေးခွန်းအတွက် ခင်ဗျားခွင့်လွှတ်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။ ကျွန်တော်ကြားထားတာက ခင်ဗျားမှာ အကြီးအကျယ် ဝေဖန်ပြစ်တင်မှု ခံနေရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားမှာ အကြီးအကျယ် အစုလိုက်အပြုံလိုက် ကြွယ်ဝချမ်းသာနေချိန်မှာ၊ ခင်ဗျားအခုလို ကြွယ်ဝလာအောင် လုပ်ဆောင်ပေးခဲ့ကြရတဲ့ ခင်ဗျားရဲ့ အလုပ်သမားများမှာတော့ ဆင်းရဲနွမ်းပါးလျက်ပဲ ရှိနေကြတယ်။ ဒီအချက်ကို ထောက်ပြီး ခင်ဗျားကြွယ်ဝချမ်းသာလာမှုဟာ အလုပ်သမားများအပေါ်မှာ ခေါင်းပုံဖြတ်သွေးစုပ်မှု ပြုလို့ပါပဲလို့ လူတစ်ချို့က ပြောဆိုကြတယ် ဒီတော့ ခင်ဗျားရဲ့ ကြွယ်ဝချမ်းသာလာမှုနဲ့ ခင်ဗျားရဲ့ အလုပ်သမားများရဲ့ ဆင်းရဲနွမ်းပါးမှုဟာ ဘာဖြစ်လို့ ဒီလောက်ထိ ကွာဝေးနေရတယ် ဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားအယူအဆအရ ရှင်းပြစေချင်ပါတယ်”

**ကာနက်ဂျီဖြေ။** ။ဒီမေးခွန်းကို မေးတဲ့အတွက် ကျွန်တော် အများကြီးဝမ်းသာပါတယ်၊ ဒီမေးခွန်းအတိုင်းပါပဲ၊ လူများစွာတို့ကလည်း မေးကြပါတယ်၊ ထိုသူများကို ကျွန်ုပ်အဖြေပေးခဲ့သလိုပဲ မင်းကိုလည်း ကျွန်ုပ်က ဖြေဆိုပေးပါမယ်–

> ပထမဆုံးအနေနဲ့ မင်းကို ကျွန်ုပ်မဆိုင်းမတွ ပြောပြရမှာ ကတော့ ကျွန်ုပ်၏ကြွယ်ဝသမျှ ဒေါ်လာအားလုံးကို ကျွန်ုပ်မကွယ်လွန်မီမှာ ပေးဝေလှူဒါန်းသွားမှာ ဖြစ်တယ် ဆိုတာပါပဲ၊

မှတ်ချက်။ ။ ကာနက်ဂျီသည် သူ၏ချမ်းသာသမျှ သုံးပုံပုံ နှစ်ပုံကို လောကအတွက် စွန့်လွှတ် လှူဒါန်းသွားခဲ့သည်။

> သို့သော် အခု ကျွန်ုပ်တို့ တွေ့ရှိနေရတဲ့ အခက်အခဲကတော့ ငွေကို ပေးကမ်းတဲ့အခါမှာ ထိုငွေကြောင့် ဘေးအန္တရာယ် မဖြစ်စေပဲ ကောင်းကျိုး ကိုသာ ပိုမိုဖြစ်ထွန်းအောင် ဘယ်လို လုပ်ဆောင်ရပါ့မလဲဆိုတဲ့ အချက်ပါပဲ။
>
> **လူတွေဟာ မိမိတို့ကိုယ်တိုင် အလုပ်လုပ်လို့ရသည့်ငွေ မှတစ်ပါး၊ အလကားရသည့် အခြားသောငွေများဖြင့် အကျိုးကျေးဇူး ဖြစ်ထွန်း အောင် လုပ်ဆောင်နိုင်ခြင်းဟာ အင်မတန် နည်းပါးပါတယ်။**

အခုပြောတာဟာ ဆန်းသလိုတော့ ရှိတယ်၊ ဒါပေမယ့် အခုပြောတာဟာ အမှန်အတိုင်းပါပဲ၊ ကျွန်ုပ်ကိုကြွယ်ဝလာအောင် လုပ်ဆောင် ပေးကြတဲ့ သူများအား ကျွန်ုပ်မှာ ရှိတဲ့ဒေါ်လာအားလုံးကို ပေးဝေခြင်းအားဖြင့် သူတို့မှာ ဘေးအန္တရာယ်မဖြစ်စေဘဲ ကောင်းကျိုးချည်း ဖြစ်ထွန်းနေမယ်ဆိုရင် ကျွန်ုပ် ချက်ချင်းပေးဝေလိုက်ချင်ပါတယ်”

ငွေရှိတဲ့အတွက် ကောင်းကျိုးထွက်ရန်မှာ ထိုငွေကိုပိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရုံမျှနှင့် မပြီးပါဘူး၊ ထိုငွေကို အကျိုးရှိအောင် အသုံးပြုတတ်ရန်လည်း လိုအပ်ပါတယ်။ အများ အားဖြင့်တော့ ငွေရရှိအောင် ကိုယ်တိုင် ကြံဆောင်လုပ် ကိုင်သူမှသာ ငွေကို လောကအတွက် ဘယ်လို အကျိုးရှိ အောင် အသုံးချသင့်တယ်ဆိုတဲ့ အသိပညာ ရှိတတ်ကြပါ တယ်။

မင်းမေးတဲ့မေးခွန်းထဲမှ ကျွန်ုပ်၏ကြီးမားသော ကြွယ်ဝမှုနှင့် ကျွန်ုပ်အတွက် အလုပ်လုပ်ပေးကြရတဲ့သူများရဲ့ စီးပွားရေး အခြေအနေဟာ တစ်ခုနှင့်တစ်ခု လွန်စွာ ကွားခြားမှု ရှိနေရတာဟာ ဘာ့ကြောင့်လဲဆိုတာ ရှင်းပြပါလို့ ပါရှိတယ်၊ ကျွန်ုပ်ပေးနိုင်တဲ့ တစ်ခုတည်းသော အဖြေကတော့-

**အင်ဒရူးကာနက်ဂျီ ချမ်းသာရခြင်းအကြောင်းနှစ်ပါး**

ကျွန်ုပ်မှာ ကြီးမားစွာ ကြွယ်ဝမှုရှိနေတာဟာ ကျွန်ုပ်သည် ကြီးမားသော တာဝန်များထမ်းဆောင်ရန်နှင့် ကျယ်ကျယ် ပြန့်ပြန့် အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ရန်ကို လိုလို လားလား စိတ်ထားရှိခဲ့ခြင်းကြောင့်ပါပဲ။

မှတ်ချက်။ ။ သူတစ်ပါးကို ပေးကမ်းထောက်ပံ့လိုသောစိတ်ကြောင့် ပေးကမ်းထောက်ပံ့နိုင်အောင် ကြီးပွားချမ်းသာလာသည် ဟု ဆိုလိုခြင်းဖြစ်၏။

ကျွန်ုပ်တွေးကြည့်တယ်၊ ကျွန်ုပ်အတွက် အလုပ်လုပ်ပေးနေကြတဲ့ ထောင်ပေါင်းများစွာသော အလုပ်သမားများကို ကျွန်ုပ်ထမ်းဆောင်နေတဲ့ တာဝန်များကို ထမ်းဆောင်ပြီး ကျွန်ုပ်အလုပ်လုပ်သော အချိန်နာရီအတိုင်း အလုပ် လုပ်ကြမလား၊ လုပ်နိုင်ကြရင် ကျွန်ုပ်မှာ ကြွယ်ဝသမျှကို ပေးမယ်လို့ ဆိုရင် လုပ်ဆောင်နိုင်ပါမယ်လို့ ဆိုမယ့်သူဟာ ဦးရေနှစ်ဆယ်ထက် ပိုမယ် မထင်ဘူး၊

အခုအခါမှာ ကျွန်ုပ်အတွက် အလုပ်လုပ်ပေးနေကြတဲ့ လူအချို့ သာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ပြောခဲ့တဲ့တာဝန်ကို လိုလိုလားလား ထမ်းဆောင်ကြတဲ့ အတွက် သူတို့ စိတ်ဆန္ဒရှိသလောက် ကြွယ်ဝချမ်းသာနေကြတာကို ထင်ရှား စွာ မြင်တွေ့နိုင်ပါတယ်။

ကျွန်ုပ်ရဲ့ အလုပ်သမားများအနက်မှ ချာလီရှဝပ်ကဲ့သို့သော သူများ ကို တစ်နှစ်ထဲမှာကိုပဲ သူတို့လုပ်ခအတွက် ဒေါ်လာတစ်သန်း ကျွန်ုပ်ပေးပါ တယ်၊ အဲဒီငွေ ဒေါ်လာတစ်သန်းဆိုတာ သူတို့ရဲ့ ရမြဲလစာအပြင် သူတို့လုပ် သင့်လုပ်ထိုက်တာထက် ပိုပြီးအလုပ်ကို စိတ်ပါလက်ပါ လုပ်တဲ့အတွက် အပိုကြေးအဖြစ် ပေးတဲ့ငွေပါ။

သို့သော်လည်း ကြီးမားသော ထိုငွေအလုံးအရင်းကို သူတို့အား ကျွန်ုပ် မပေးရခင်မှာပဲ သူတို့မရှိရင် ကျွန်ုပ်မှာ အလုပ်လုပ်၍ မဖြစ်နိုင် အောင် သူတို့ရဲ့ လုပ်အားဟာ ကျွန်ုပ်အတွက် လိုအပ်နေပါတယ်။ ဘာဖြစ် လို့လဲဆိုတော့ သူတို့ဟာ စိတ်ပါလက်ပါ ကျွန်ုပ်ထမ်းဆောင်ရမယ့် လုပ်ငန်း တာဝန်များကို ဝင်ရောက် ထမ်းဆောင်ကြတော့ ကျွန်ုပ်မှာ တာဝန် အဖိစီးခံရမှု လျော့ပါးသွားလို့ပါပဲ။

သူတို့လို စိတ်ထားရှိသူများဟာ သူတို့ရဲ့ ဝင်ငွေကို သူတို့ကိုယ်တိုင် သတ်မှတ်နိုင်ကြတာပဲ၊ သူတို့ရသင့်ရထိုက်တဲ့ ဝင်ငွေကို သူတို့မှ တစ်ပါးအခြား သူ အနည်းငယ်ကလေးမျှသာ သူတို့မရရှိနိုင်အောင် တားမြစ်နိုင်ကြပါလိမ့်မယ်။

> ကျွန်ုပ်အတွက် အလုပ် လုပ်ပေးနေကြသူများရဲ့ လစာကို ကျွန်ုပ် ဘယ်တော့မှ မှုသေကန့်သတ်ပြီး မထားပါဘူး၊ သူတို့ရဲ့ လစာကို သူတို့ပဲ သတ်မှတ်ဆုံးဖြတ်ကြတာပါ၊ သူတို့ ကိုယ်တိုင် ဘယ်လိုသတ်မှတ် ဆုံးဖြတ်သလဲ ဆိုရင် သူတို့ကပေးအပ်တဲ့ သူတို့ရဲ့ လုပ်အားပမာဏနဲ့ အရည်အချင်းတိုင်းပဲ သူတို့မှာ လစာအဖြစ် ငွေကြေး များကို ရရှိကြပါတယ်။

အခု ကျွန်ုပ်ပြောပြတဲ့ အမှန်တရားကို မင်းကောင်းစွာနားလည် ရှင်



www.burmeseclassic.com

www.burmeseclassic.com



လူသားရဲ့ ကြွယ်ဝချမ်းသာမှု အမျိုးမျိုးရဲ့ ကွာဟချက်များနဲ့ ပတ်သက် ပြီး လေ့လာကြည့်ရှုတဲ့အခါမှာ မတရားသဖြင့်ပေါ်ရတဲ့ အချက်ဆိုတာ မပါရှိဘူး လို့ မင်းသိလာပါလိမ့်မယ်။

မေး။ ။ မစ္စတာကာနက်ဂျီရဲ့ ပြောပြချက်များမှ အနက် အဓိပ္ပါယ်ကို ကျွန်တော်ကောက်ယူရရှိတာကတော့ ခင်ဗျားအတွက် အလုပ် လုပ်ပေးနေကြတဲ့ လူအများစုကြီးဟာ သူတို့မှာ တိကျတဲ့ရည်ရွယ်ချက် မရှိကြဘူး။ အကယ်၍သာ သူတို့မှာ ထိုရည်ရွယ်ချက်မျိုးရှိခဲ့လို့ရှိရင် သူတို့ ဟာလည်း ခင်ဗျားနည်းတူ ကြွယ်ဝချမ်းသာကြမှာပဲလို့ ဖြစ်ပါတယ်၊ အဲဒါ မှန်ပါသလား။

ဖြေ။ ။ ကျွန်ုပ်ရဲ့ အလုပ်သမားများကို မင်း စိတ်ကြိုက်တွေ့ဆုံ မေးမြန်းနိုင်ပါတယ်၊ အခုလို တွေ့ဆုံ မေးမြန်းတဲ့အခါမှာ

> အလုပ်သမားအများစုရဲ့ အမြင့်ဆုံးရည်မှန်းချက်ဟာ အခုသူတို့ ရရှိထားတဲ့ ရာထူးအဆင့်အတန်းကို လက် မလွှတ်စေပဲ ထိန်းသိမ်း ထားနိုင်ရင် ပြီးရော သဘောထား ကြတာကို မင်းတွေ့ရလိမ့်မယ်။ ဒီတော့ သူတို့ဟာ သူတို့ရဲ့ အခု နေရာမှာပဲ ရှိနေကြရတယ်၊ သူတို့ ရရှိ မြဲလစာကိုပဲ ရနေကြရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ စိတ်ထဲမှာ သူတို့အတွက် သူတို့ကိုယ်တိုင်ရဲ့ ကန့်သတ် ချက်ရှိနေလို့ပဲ၊ အခု ဖြစ်နေတဲ့ ကိစ္စကို ကျွန်ုပ် ဘာမှမတတ်နိုင်ပါဘူး၊ သူတို့ကိစ္စကို သူတို့ ကိုယ်တိုင်သာ အပြောင်းအလဲဖြစ်အောင် လုပ်နိုင်ပါတယ်။

ကျွန်ုပ်ရဲ့ အလုပ်သမားများဟာ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း က ကျွန်ုပ်ရပ်တည်ခဲ့ရတဲ့ အဆင့်အတန်းမှာပဲ၊ အခုလည်း သူတို့ဟာ သည် အတိုင်းပဲ မတိုးတက်ဘဲ ရပ်တည်နေကြရတယ်၊ ကိုယ်ပိုင်တိုးတက် အောင်မြင် ကြွယ်ဝစေသော အခွင့်အလမ်းများဟာ ကျွန်ုပ်မှာရှိခဲ့သလို သူတို့မှာလည်း ရှိခဲ့ကြတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ အားလုံးဟာ ကမ္ဘာမှာ အကြွယ်ဝဆုံးနဲ့ အလှတ်လပ်ဆုံး ဖြစ်တဲ့နိုင်ငံမှာ နေကြတာပဲ၊ ဤတိုင်းပြည်မှာ မည်သည့်လူ့သားကိုမျှ သူ၏ ကိုယ်ပိုင်စိတ်နေစိတ်ထား အခြေအနေနဲ့ သူ့ဆန္ဒမှတစ်ပါး အခြားသော ကန့်သတ်ချုပ်ချယ်မှုဟာ မရှိပါဘူး"

ဤအမေးအဖြေများကို ထောက်၍ မိမိ၏လုပ်ငန်းအောင်မြင်ဖြစ်ထွန်းလိုလျှင် မိမိကိုယ်တိုင် ဦးဆောင်လုပ်ဖို့လိုကြောင်း ထင်ရှား၏။ ယခု မန္တလေးမှ ဆိုင်ရှင်သည် ကိုယ်တိုင်ဦးဆောင်မလုပ်ဘဲ အလုပ်သမား များနှင့် ပွဲထားသောကြောင့် တဖြေးဖြေးရောင်းအား ကျဆင်း၍လာ၏။

**မြန်မာသူကြွယ်များ ကမ္ဘာ့အဆင့်သို့ မရောက်ခြင်းအကြောင်း**

> လုပ်ငန်းတစ်ခု အောင်မြင်ဖို့ အလွန်ခဲယဉ်း၏။ ထို့ထက် အောင်မြင်မှုကျမသွားအောင် လုပ်ဆောင်ဖို့ ပို၍ခဲယဉ်း၏။ မြန်မာအများစုသည် အောင်မြင်အောင် ကျားကုတ်ကျားခဲ ကြိုးစားကြသော်လည်း အောင်မြင်မှုကို ဆက်လက်တည် တန့်အောင်၊ ပို၍တိုးတက် အောင်မြင်အောင် တီထွင် ကြိုးစား အားထုတ်မှု အလွန် နည်းပါး၏။ ထို့ကြောင့် မြန်မာ သူဌေးများသည် ကမ္ဘာ့အဆင့်ရောက်အောင် မချမ်းသာကြခြင်း ဖြစ်၏။ ရပ်နေသူကို သွားနေသူက ကေန်မုချ ဖြတ်ကျော်သွားသကဲ့သို့ ရပ်နေသော မြန်မာများကို အစဉ်တစိုက် သွားနေသော နိုင်ငံများက ဖြတ်ကျော် တက်သွားခြင်း ဖြစ်၏။

တစ်ချိန်က စင်္ကာပူနိုင်ငံသည် ရန်ကုန်သို့လာပြီး မြို့တည်ပုံ၊ လမ်းဖောက်ပုံ၊ သန့်ရှင်းရေးလုပ်ပုံများကို အတုယူခဲ့ရသည့် ဆင်းရဲသား နိုင်ငံတစ်ခုပင်ဖြစ်၏။ ယခုအချိန်တွင်ကား မြန်မာများပင် သူတို့ နိုင်ငံသွားရောက် အလုပ် လုပ်ရသည်အထိ စင်္ကာပူနိုင်ငံက မြန်မာနိုင်ငံထက် တိုးတက်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

မန္တလေးမှ ထမင်းဆိုင်ရှင်သည်လည်း အောင်မြင်မှုကို ယစ်မူးပြီး ဆက်လက် တိုးတက်ကောင်းမွန်အောင် မကြိုးစားဘဲ ဆိုင်ကို တပည့်များနှင့် လွှဲထားပြီး အပျော်အပါးနှင့် လောင်းကစားဘက် ရောက်သွား၏။ ထိုအချိန်မှာပင် သူ့ဆိုင်နှင့်မနီးမဝေးတွင် သူ့ထက်ကြိုးစား သောထမင်းဆိုင် နှစ်ဆိုင် ထပ်မံပေါ်လာ၏။

ထိုဆိုင်များကား ဟင်းအားလုံးကို မျိုးစုံအောင်၊ ကောင်းမွန်အောင် ကြိုးစားသည့်အပြင် ဟိုင်းဝေးကားသမားများအတွက် အခမဲ့ရေချိုးနိုင်ရန်ပင် စီစဉ်ပေး၏။ ထိုအချိန်မှစ၍ ယခုပြောခဲ့သောဆိုင်မှာ ရောင်းအားထိုးကျသွား၏။ ဆက်လက်၍ပင် ဆိုင်မဖွင့်နိုင်တော့ပေ။ ဆိုင်ရှင်သည်ကား လူချမ်းသာအဖြစ်မှ လျှောကျ၍ လူဆင်းရဲအဖြစ်ဖြင့် ရပ်တည်နေရပေ၏။

## လုပ်ငန်းအောင်မြင်ခြင်း အကြောင်းလေးပါး

ဥဋ္ဌာနသမ္ပဒါနှင့် ဆက်စပ်၍ လုပ်ငန်းအောင်မြင်လိုသူတိုင်း ကျင့်သုံးရမည့် ဘာဝနာလေးချက် ရှိ၏။ ထိုလေးချက်မှာ–

၁။ **စိရကာလဘာဝနာ**– ကြာမြင့်စွာပြုလုပ်ခြင်း။

၂။ **နိရန္တရဘာဝနာ**– မပြတ်ပြုလုပ်ခြင်း။

၃။ **နိရဝသေသဘာဝနာ**– အစွမ်းကုန်ပြုလုပ်ခြင်း။

၄။ **သက္ကစ္စဘာဝနာ**– လုပ်ငန်းအပေါ် လေးစားစွာပြုလုပ်ခြင်း–တို့ပင်။ ဤလေးချက်ဖြင့် ပါရမီဆယ်ပါးကို ကြိုးစားဖြည့်ဆည်း ကြသောကြောင့် အလောင်းတော်များသည် သမ္မာသမ္ဗုဒ္ဓဘုရားရှင် အဖြစ် သို့ ရောက်ကြခြင်း ဖြစ်၏။ ဤလေးချက်နှင့် အညီကြိုးစားပါက ဘုရားအဖြစ်သို့ပင် ရောက်နိုင်သေးရာ စီးပွားရေးလုပ်ငန်း အောင်မြင်ဖို့ကား ပြောစရာပင် မလိုတော့ပေ။

မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်လုံ ရပ်မှ ဦးလှအောင်သည် နို့ဆီချက်လုပ်ငန်းကို ဖော်ပြပါ အင်္ဂါလေးချက်နှင့်အညီ နှစ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်ကျော်ကြာအောင် ကြိုးစားအားထုတ်ခဲ့ရာ ယခုအချိန်တွင် ကြီးပွားချမ်းသာသော ဘဝသို့ရောက်ရှိနေပေပြီ။

ယခုအချိန်တွင်ကား“ရွှေရည်နို့ဆီ”ဆိုလျှင် လူအတော်များများ သိနေကြ၏။ ထိုလုပ်ငန်းလုပ်ချိန်ကို မေးကြည့်ရာ နှစ်ပေါင်းငါးဆယ်ကျော်ခဲ့ပြီဟု သိရ၏။ ဤအခန်းကို ပျော်ဘွယ်မြို့၌ ဦးလှအောင် ကျင်းပသော တရားပွဲသွားဟောရင်း ရေးသားခြင်းဖြစ်၏။ ဦးလှအောင်မှာ အသက် ၇၇ နှစ်ရှိပြီ ဖြစ်၏။ သားသမီးဆယ်ယောက် ရှိ၏။ ဇနီးဖြစ်သူ ဒေါ်စောကြွယ်ကား ဆုံးသွားလေပြီ။ ဦးလှအောင်၏ ကိုယ်တွေ့ ပြောကြားပုံကို ဖတ်ရှုကြည့်ပါ–

**ကိုယ်ကျင့်သီလဆိုတာ ဆင်းရဲသားများရဲ့ အကောင်းဆုံး အရင်းနှီး။ ဥစ္စာစည်းစိမ် ဆင်းရဲလို့ အပါယ်မကျ။ ကိုယ်ကျင့်သီလ ဆင်းရဲမှ အပါယ်ကျသည်။**

ဆိုတဲ့အဆုံးအမလေးတွေ ရထားလို့ တပည့်တော်သိတတ်တဲ့ အချိန်ကစပြီး ငါးပါးသီလကို အသက်နဲ့လဲပြီး ထိန်းသိမ်းပါတယ်။

ဒီကိုယ်ကျင့်သီလကပဲ တပည့်တော်ကို ချမ်းသာတဲ့ဘဝကို ပို့ပေးခဲ့တာပါ၊ တပည့်တော်ယူတဲ့အမျိုးသမီးကို မိဘများက သဘောမတူလို့ မိန်းမလက်ဆွဲပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ အိမ်ပေါ်က ဆင်းခဲ့ရပါတယ်။ သမ္မာအာဇီဝကျတဲ့ အလုပ်မှန်သမျှ ဝင်လုပ်ပြီး မိသားစုကို ကျွေးမွေး စောင့်ရှောက်ခဲ့ပါတယ်။

ရိုးသားမှု၊ ကြိုးစားမှု၊ ကျေးဇူးသိတတ်မှု၊ သစ္စာရှိမှုတို့ကြောင့် တပည့်တော်နဲ့ ဆက်ဆံဖူးသူ မှန်သမျှရဲ့ ယုံကြည်လေးစားမှုကို ရခဲ့ပါတယ်။ တစ်ခါတော့ မိတ်ဆွေတစ်ယောက်က နို့ဆီချက်ကွာဆိုပြီး နို့ဆီချက်တဲ့ ကိရိယာတွေ ပံ့ပေးပါတယ်။ နို့ဆီဖြန့်ပေးမယ့် ရန်ကုန်ကမိတ် ဆွေတစ်ယောက်နဲ့လည်း ဆက်သွယ်ပေးပါတယ်”

**လူတစ်ယောက် ကြီးပွားတိုးတက်အောင် ဂြိုဟ်တွေ၊ နက္ခတ်တွေ၊ ယတြာတွေက ပြုလုပ်မပေးနိုင်ပါဘူး။**



www.burmeseclassic.com

www.burmeseclassic.com



စေတနာ ကောင်းထားတဲ့ကံ၊ စူးစမ်းဝေဖန်တဲ့ဉာဏ်၊ အားထုတ်ကြိုးစားတဲ့ ဝီရိယ၊ ဒီသုံးပါးကသာ လူတစ်ယောက် ကြီးပွားတိုးတက်အောင် ပြုလုပ်ပေးနိုင်တယ်ဆိုတာ တပည့်တော် ကိုယ်တွေ့ပါ။

"အရင်က မန္တလေးကို နို့ဆီပို့ရင် ကိုယ်တိုင်အဝေးပြေးလိုင်းကားနဲ့ သွားပို့တယ်၊ တစ်ခါသွားရင် နှစ်ရက်လောက်အချိန် ကုန်တယ်။ အဲဒီနှစ်ရက် အကုန်မခံဘဲ ပျော်ဘွယ်မှာ အလုပ် လုပ်ရရင် သိပ်အကျိုးရှိမယ်ဆိုတာကို တွက်မိတော့ ကားဆရာကို သင့်အောင်ပေါင်းပြီး ကိုယ်တိုင် မလိုက်တော့ဘဲ နို့ဆီပုံးတွေပဲ တင်ပေးလိုက်တယ်"

"ဘယ်ဆိုင်က ငွေဘယ်လောက်သိမ်းရမယ်ဆိုတာလည်း စာရင်း လုပ်ပေးလိုက်တယ်၊ တစ်ပါတ်နေမှ တစ်ခါ ရှင်းရတာဆိုတော့ ကားဆရာက လည်း ဒီငွေတွေကိုခေတ္တ လှည့်သုံးထားလို့ရတယ်၊ သူ့အတွက်လည်း ကုန်ဝယ်၊ ပျော်ဘွယ်မှာ ပြန်ဖြန့်၊ ငွေပေါ်မှ တပည့်တော်ပြန်ပေးဆိုတော့ သူရောကိုယ် ရော နှစ်ဦးနှစ်ဖက် အကျိုးရှိတာပေါ့ဘုရား"

"အဲဒီလို ဉာဏ်ကူလိုက်တဲ့အတွက် ကားခကုန်မှာ မကုန်တော့ဘူး။ အလုပ်လုပ်ချိန်လည်း ပိုထွက်လာတယ်၊ မကုန်သင့်တာ မကုန်အောင်လည်း တပည့်တော် ဂရုစိုက်တယ်၊ အဲဒီတုန်းကဆို ဖိနပ်ဝယ်စီးတာ မရှိသလောက်ပဲ နို့ဆီကျိုဖို့ဝယ်ထားတဲ့ ထင်းတုံးတွေထဲက အသားပွတာတွေ့ရင် ကိုယ်တိုင် ခုံဖိနပ် ခုတ်လိုက်တယ်"

"ပြီးရင် စက်ဘီးတာယာအဟောင်းကို သဲကြိုးလုပ်သံရိုက်ပြီး စီးတာပဲ၊ ဒီလိုလုပ်ရတာ ငွေအပိုမကုန်စေချင်တာပါသလို ဒီလုပ်ငန်းနဲ့ ကြီးပွားနေပြီဆိုပြီး လူတွေအထင်မကြီးစေချင်တာလည်းပါတယ်၊ မြန်မာအများစုဟာ စီးပွားရေးလုပ်တဲ့အခါ ကိုယ့်နည်းကိုယ့်ဟန်နဲ့ မကြိုးစားချင်ကြဘူး၊ တီထွင်မှု မရှိကြဘူး"

"သူများ အောင်မြင်တာမြင်မှ နောက်ကနေအတင်း လိုက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြတယ်၊ ပျော်ဘွယ်ကလူတစ်ယောက် မုန့်ကြွပ်လုပ်တာလည်း အောင်မြင်ရော နောက်ကလိုက်လုပ်ကြတာ ပျော်ဘွယ်တစ်နယ်လုံး မုန့်ကြွပ် ချည်း ဖြစ်သွားတယ်၊ အဲဒီတော့ အရင်လူလည်း သိပ်မစားသာ တော့ဘူးပေါ့"

**မှတ်ချက်။** ။ မြန်မာများ၏ အားနည်းချက်မှာ စီးပွားရှာသော အခါ ကိုယ်ပိုင်တီထွင်မှု မရှိဘဲ၊ သူတစ်ပါးအတုကို အချောင် လိုက်လုပ်တတ်ခြင်းပင် ဖြစ်၏။ ရပ်ကွက်တစ်ခုတွင် တစ်ဦးက ဗွီဒီယိုပြ၍ အဆင်ပြေနေလျှင် နောက် အဦးပေါင်းများစွာက ဗွီဒီယို လိုက်ပြကြ၏။

ထိုအခါ ဗွီဒီယိုကြည့်သူများ မျှသွား၍ သူလည်းမမျှ ငါလည်းမဝ ဖြစ်ကြရ၏။ သူတစ်ပါး အောင်မြင်နေသော အလုပ်ကို လိုက်လုပ်ခြင်း သည် မေတ္တာ, ကရုဏာခေါင်းပါးရာရောက်၍ လိုက်မလုပ်သင့်ပေ။ ထို အချက်နှင့် ပတ်သက်၍ အတုယူစရာ ရွာတစ်ရွာကို တွေ့ရဖူး၏။ ထိုရွာကား စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်မှ "ကံသာရွာ" ပင်ဖြစ်၏။

## အတုယူစရာ ရွာတစ်ရွာ

ထိုတစ်ရွာလုံးတွင် ဗွီဒီယိုပြသောရုံဆိုလျှင် တစ်ရုံသာရှိ၏။ အရင်လူ ၏ စီးပွားရေး ထိခိုက်မှာ စိုးသောကြောင့် နောက်လူက လိုက်မလုပ်ခြင်း ဖြစ်၏။ အိမ်ဆိုင် ဖွင့်ထားလျှင်လည်း တစ်ဆိုင်သာရှိ၏။ နောက်လူက လိုက်မဖွင့်။ ထိုမေတ္တာ၊ ကရုဏာကြောင့်ပင် ကံသာရွာ တစ်ရွာလုံး သူ့စီးပွား ရေးနှင့်သူ အဆင်ပြေကြသူချည်း ဖြစ်၏။

"တပည့်တော် နို့ဆီချက်စ အချိန်က ပတ်ဝန်းကျင်က ပြောကြ တာပေါ့ ဘုရား၊ ဒီကောင်ခဏပါ၊ သူများမလုပ်တာ ထလုပ်တဲ့ကောင် ရှိတာတွေ ပြုတ်ရင် ရပ်သွားမှာပဲတဲ့၊ တပည့်တော်က ဒီစကားတွေ ဂရုမစိုက် ပါဘူး၊ ကိုယ်လုပ်တဲ့ အလုပ်အောင်မြင်တဲ့အထိ နောက်မဆုတ်တမ်း လုပ်မယ်"

" နောက်ဆုံး ဘာမှမရှိရင် နွားနို့အိုးထဲ ခေါင်းနှစ်နေမယ်လို့ ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်၊ ဒီတိုက်တာ ခြံမြေတွေအားလုံးဟာ နို့ဆီလုပ်ငန်းကြောင့်ပဲ ဖြစ်ထွန်းလာတာပါ၊ နွားနို့နဲ့ ကြီးပွားခဲ့ရတာဖြစ်လို့ ကျေးဇူးရှင် ဖြစ်တဲ့ နွားရဲ့အသားကိုတောင် မစားဘဲ ရှောင်ပါတယ်"

## အာရက္ခသမ္ပဒါ ထိန်းသိမ်းစောင့်ရှောက်မှု

ဥဋ္ဌာနသမ္ပဒါအကြောင်းကို ပြပြီး၍ အာရက္ခသမ္ပဒါအကြောင်းကို ဆက်ပြအံ့။ အာရက္ခသမ္ပဒါဟူသည် ရှာဖွေရရှိသော ပစ္စည်းဥစ္စာများကို မကုန်သင့်တာ မကုန်အောင်၊ မပျက်စီးသင့်တာ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းပင် ဖြစ်၏။

မီး၊ ရေ၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူဟူသော ရန်သူမျိုး ငါးပါး မဖျက်ဆီးနိုင်အောင် စောင့်ရှောက်ရသကဲ့သို့ ဥစ္စာကြေးငွေကို စည်းကမ်းတကျသုံးစွဲခြင်းဖြင့် မကုန်သင့်တာ မကုန်အောင်လည်း စောင့်ရှောက်ရ၏။

အသုံးနှင့် အဖြုန်းတွင် အသုံးသာရှိပြီး အဖြုန်းမရှိလျှင် ကြီးပွားတိုးတက်မည်သာဖြစ်၏။ စားဝတ်နေရေးအတွက် မဝယ်မဖြစ်၍ ဝယ်ရခြင်းသည် အသုံးဖြစ်၍ မဝယ်ဘဲဖြစ်လျှက် ဂုဏ်တုဂုဏ်ပြိုင် လုပ်လို၍ ဝယ်ယူခြင်းသည် အဖြုန်းဟုခွဲခြားနိုင်၏။

ဤအချက်နှင့် ပတ်သက်၍ အင်္ဂုတ္တိုရ်ပါဠိတော်၊ ကုလသုတ်လာ ပစ္စည်းဥစ္စာများ ကြာမြင့်စွာတည်တံ့ခြင်း အကြောင်းလေးပါးနှင့် ကြာမြင့်စွာ မတည်တံ့ခြင်းအကြောင်း လေးပါးတို့ကို ဦးစွာသိသင့်သဖြင့် ဖော်ပြအံ့။

## ပစ္စည်းဥစ္စာ ကြာမြင့်စွာ တည်တံ့ခြင်းအကြောင်းလေးပါး

၁။ ပျောက်သော ပစ္စည်းဥစ္စာကို ရှာဖွေခြင်း။

၂။ ဟောင်းနွမ်းသော ပစ္စည်းကို ပြုပြင်ခြင်း။

၃။ အတိုင်းအရှည် ပမာဏကို ချင့်ချိန်၍စားသောက်သုံးဆောင်ခြင်း။

၄။ အကျင့်သီလနှင့် ပြည့်စုံသော မိန်းမကိုဖြစ်စေ၊ ယောကျ်ားကို ဖြစ်စေ၊



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကဲ "ဘဏ္ဍာစိုး" အရာ၌ထားရှိခြင်း။

## ပစ္စည်းဥစ္စာ ကြာမြင့်စွာ မတည်တံ့ခြင်းအကြောင်းလေးပါး

၁။ ပျောက်သောပစ္စည်းကို မရှာဖွေခြင်း။

၂။ ဟောင်းနွမ်းသော ပစ္စည်းကို မပြုပြင်ခြင်း။

၃။ အတိုင်းအရှည် ပမာဏကို မချင့်ချိန်ဘဲ စားသောက်သုံးဆောင် ခြင်း။

၄။ အကျင့်သီလမရှိသော မိန်းမကို ဖြစ်စေ၊ ယောကျ်ားကို ဖြစ်စေ အကြီးအကဲ "ဘဏ္ဍာစိုး" အရာ၌ထားရှိခြင်း။

ဤနေရာ၌ ဟောင်းနွမ်းသော ပစ္စည်းကို ပြုပြင်ခြင်းနှင့် ပတ်သက်၍ အတုယူသင့်သော အရှင်အာနန္ဒာ၏ သင်္ကန်းဟောင်းအပေါ် ပြုပြင်သုံးစွဲမှုကို ဖော်ပြအံ့။

## အတုယူဖွယ်ရာ အရှင်အာနန္ဒာ

တစ်နေ့သောအခါ အရှင်အာနန္ဒာမထေရ်သည် နောက်ပါရဟန်း ငါးရာနှင့်အတူ ကောသမ္ဗီပြည်သို့ ကြွချီတော်မူခဲ့၏။ အကြောင်းမှာ ဗုဒ္ဓမိန့်တော်မူခြင်းကြောင့် အရှင်ဆန္နအား ဗြဟ္မဒဏ်ပေးရန်အတွက် ဖြစ်၏။ ကောသမ္ဗီပြည်သို့ ရောက်သောအခါ ဥတေနမင်းကြီး၏ ဥယျာဉ်အနီး သစ်ပင်ရင်း တစ်ခု၌ သီတင်းသုံးနေတော်မူ၏။

ထိုအချိန်တွင် ဥတေနမင်းကြီးသည် မောင်းမမိဿံငါးရာနှင့် အတူ ဥယျာဉ်ကစား စံပျော်နေချိန်ဖြစ်၏။ အရှင်အာနန္ဒာမထေရ် ဥယျာဉ်အနီး သစ်ပင်ရင်းတစ်ခု၌ သီတင်းသုံးနေကြောင်း သိရသောအခါ သွားရောက်ဖူးမျှော်ရန် ဘုရင်ကြီးထံ ခွင့်ပန်ကြ၏။

ခွင့်ပြုချက် ရရှိသောအခါ မောင်းမမိဿံများသည် အရှင်အာနန္ဒာမထေရ်ထံသို့ သွားရောက်ဖူးမျှော်ကြ၏။ အရှင်အာနန္ဒာမထေရ် ဟောကြားသော တရားတော်များကို ကြားနာရသဖြင့် ကြည်ညိုသဒ္ဓါ အားကြီးစွာ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ရုံ တဘက်ငါးရာကို လှူဒါန်းပြီး ပြန်လာကြ၏။

ဥတေနမင်းကြီးသည် ပြန်လာသော မောင်းမမိဿံတို့ထံမှ အပေါ်ရုံ တဘက်ငါးရာလုံး လှူပစ်ခဲ့ကြကြောင်း သိသောအခါ အရှင်အာနန္ဒာသည် အဘယ့်ကြောင့် တစ်ပါးတည်းဖြစ်လျက် တဘက်ငါးရာလုံးကို အလှူခံရသနည်း အရှင်အာနန္ဒာသည် အထည်ကုန်သွယ်ခြင်းကိုလည်း ပြုအံ့လော၊ အထည်ဆိုင်ကိုလည်း ဖွင့်အံ့လော ဟုရှုတ်ချပြောဆို၏။

ထို့နောက် ဥတေနမင်းကြီးသည် အရှင်အာနန္ဒာထံသို့ ချဉ်းကပ် ပြီး ယခုကဲ့သို့ လျှောက်ထားမေးမြန်း၏။

"အရှင်အာနန္ဒာ၊ ဤအရပ်သို့ တပည့်တော်၏ မောင်းမမိဿံများ လာရောက်ပါသလော"

"မင်းကြီး၊ သင်၏ မောင်းမမိဿံများ ဤအရပ်သို့ လာရောက်ကြပါကုန်၏"

"အရှင်အာနန္ဒာအား တစ်စုံတစ်ခုကို ပေးလှူကြကုန်သလော"

"မင်းကြီး၊ အပေါ်ရုံတဘက်ငါးရာကို ပေးလှူကြကုန်၏"

"အရှင်အာနန္ဒာသည် ဤမျှလောက်သော တဘက်ငါးရာကို မည်သို့ အသုံးပြုပါသနည်း"

"မင်းကြီး၊ သင်္ကန်းရှားပါးသော ရဟန်းတို့နှင့် အတူခွဲဝေသုံးစွဲ၏"

"အရှင်အာနန္ဒာ၊ ဟောင်းနွမ်းသော သင်္ကန်းတို့ကို မည်သို့ အသုံးပြုသနည်း"

"မင်းကြီး၊ ထိုသင်္ကန်းဟောင်းတို့ကို အပေါ်အခင်းပြုကုန်အံ့"

"အပေါ်အခင်းဟောင်းတို့ကို မည်သို့ပြုကုန်အံ့နည်း"

"အပေါ်အခင်းဟောင်းတို့ကို ဘုံလျှိုစွပ် ပြုကုန်အံ့"

"ဘုံလျှိုစွပ်အဟောင်းတို့ကို မည်သို့ပြုကုန်အံ့နည်း"

"ဘုံလျှိုစွပ်အဟောင်းတို့ကို မြေအခင်းပြုကုန်အံ့"

"မြေအခင်းအဟောင်းတို့ကို မည်သို့ပြုကုန်အံ့နည်း"

ရွှေမြည်းသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မြေအခင်းအဟောင်းတို့ကို ခြေသုပ်ကြိုးဝန်း ပြုကုန်အံ့"

"ခြေသုပ်ကြိုးဝန်းအဟောင်းတို့ကို မည်သို့ပြုကုန်အံ့နည်း"

"ခြေသုပ်ကြိုးဝန်းအဟောင်းတို့ကို ဖုန်သုတ်အဝတ်ပြုကုန်အံ့"

"ဖုန်သုတ်အဝတ်အဟောင်းတို့ကို မည်သို့ပြုကုန်အံ့နည်း"

"ဖုန်သုတ်အဝတ်အဟောင်းတို့ကို နုပ်နုပ်စဉ်းထောင်း၍ ရွှံ့ညွှန်ဖြင့် နယ်ပြီး အကာအရံအကျည်ကို လိမ်းကျံကုန်အံ့" ဟုမိန့်တော်မူသောအခါ ဥတေနမင်းကြီးသည် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းအားလုံးတို့သည် သင့်လျော်အောင် ဆောင်ရွက်ကုန်၏။ အကျိုးမဲ့ပျက်စီးခြင်းသို့ မရောက်စေကုန် ဟု တွေးတော ဝမ်းမြောက်ကာ နောက်ထပ်အထည်ငါးရာကို လှူဒါန်းသွားလေ၏။

## စည်းကမ်းရှိသော သာကေတသူဌေးကတော်

ဗုဒ္ဓလက်ထက်က သာကေတမြို့၌ သူဌေးကတော် တစ်ဦးသည် ခုနစ်နှစ်တိုင်တိုင် ခေါင်းကိုက်ရောဂါ စွဲကပ်နေ၏။ ဆရာအမျိုးမျိုးနှင့် ကုသသော်လည်း ရောဂါမပျောက်ဘဲ ငွေအသပြာများသာ ပျောက်သွားသဖြင့် သမားတော်များကို စိတ်ကုန်နေချိန် ဖြစ်၏။

ထိုအချိန်မှာပင် ဆရာဇီဝက ရောက်လာပြီး ကုသဖို့ ကြိုးစားရာ ငယ်ရွယ်သေးသော ဆရာဇီဝကကို အထင်သေးသဖြင့် ကုသခွင့်မပေးပေ။ ထိုအခါ ဆရာဇီဝကက "ရောဂါမပျောက်ခင် ဆေးကုသခပေးစရာမလို ရောဂါပျောက်မှ ပေးလိုသလောက်ပေးပါ"ဟု ပြောသဖြင့် ကုသခွင့် ရလေ၏။

ကုသခွင့်ရသည်နှင့် ဆရာဇီဝကသည် တစ်လက်ဖက်သော ထောပတ်ကိုတောင်း၍ ဆေးအမျိုးမျိုးတို့ဖြင့် ချက်၏။ ပြီးလျှင် သူဌေးကတော်ကို ညောင်စောင်း၌ အိပ်စေကာ ဆေးဖြင့်ချက်ထားသော ထောပတ်နှင့် နှာနှပ်ပေး၏။ ထိုအခါ ထောပတ်တို့သည် ခံတွင်းမှ ပြန်၍အန်ထွက်၏။ သူဌေးကတော်သည် ထွေးခံဖြင့်ထွေး၍ ဤထောပတ်တို့ကို ဝါဂွမ်းဖြင့် တို့ယူထားပါဟု



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို စေခိုင်းသောအခါ ဇီဝကသည် အလွန်စိတ်ဓာတ်ကျပြီး မျက်နှာမသာမယာ ဖြစ်သွား၏။ သူဌေးကတော်ကား အလွန်နှမြောစေးနှဲ၏။ သူဌေးဖြစ်ပါလျက် စွန့်ပစ်ထိုက်သော ထောပတ်ကို ဝါဂွမ်းဖြင့် တို့ယူခိုင်းသေး၏။ ငါသည် တန်ဖိုးရှိသော ဆေးတို့အကုန်ခံရ၏။ ရောဂါပျောက်သော်လည်း ဤသူဌေးကတော်သည် တန်ရာတန်ကြေး ဆေးဖိုးကို ပေးလိမ့်မည် မဟုတ် ဟုတွေးတောကြံစည်မိ၏။

ထိုအခါ သူဌေးကတော်က မျက်နှာမသာမယာ ဖြစ်ခြင်း အကြောင်းကို မေးမြန်းသောအခါ ဆရာဇီဝက,က ကြံစည်မိသည့်အတိုင်း ပြောပြ လိုက်၏။ ထိုအခါ သူဌေးကတော်က -

"ဆရာ၊ အကျွန်ုပ်တို့ အိမ်ထောင်သည်တို့မည်သည် အနာရောဂါမှ ကင်းလွတ်အောင် ကုသပေးသော ကျေးဇူးကို သိတတ်ပါကုန်၏။ ဤထောပတ်သည် ကျွန်ုပ်တို့အား လည်းကောင်း၊ အမှုလုပ်တို့အားလည်းကောင်း၊ ခြေကို လိမ်းရန်ကောင်း၏။ ဆီမီးထွန်းခြင်း၌ ထည့်၍ အသုံးပြုနိုင်ပါသေး၏။ ဆရာ၊ သင်သည် နှလုံးမသာမယာ မဖြစ်ပါနှင့်၊ သင့်အား ပေးသင့်ပေးထိုက် သည်ထက် လျှော့၍ပေးလိမ့်မည် မဟုတ်ပါ" ဟုပြော၏။

ဆရာဇီဝကသည် ခုနစ်နှစ်ဝေဒနာခံစားနေရသော သူဌေးက တော်ကြီး၏ ခေါင်းကိုက်ရောဂါကို တစ်ကြိမ်နှာနှပ်ကာမျှဖြင့် ပျောက်ကင်းစေ၏။ သူဌေးကတော်သည် ရောဂါပျောက်ကင်းလတ်သော် အသပြာလေးထောင် ပေး၏။ သား၊ ချွေးမ၊ သူဌေးကြီးတို့ကလည်း အသပြာလေးထောင်စီ ပေးကြ၏။

ထို့အပြင် ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ မြင်းရထားတို့ကိုပါ ပေး လိုက်၏။

## စည်းကမ်းရှိခြင်းနှင့် နှမြောခြင်း

စည်းကမ်းရှိခြင်းကို နှမြောခြင်းနှင့် ရောနေတတ်ကြ၏။

**မကုန်သင့်တာ မကုန်အောင် စောင့်ရှောက်ခြင်းကို**



www.burmeseclassic.com

www.burmeseclassic.com



**စည်းကမ်း ရှိခြင်းဟုခေါ်ပြီး၊ ကုန်သင့်ပါလျက် မကုန်အောင် စီစစ် လွန်းခြင်းကိုကား နှမြောခြင်းဟု ဆိုသင့်၏။**

သာကေတမှ သူဌေးကတော်သည် ထောပတ်များကို ဝါဂွမ်းဖြင့် တို့ယူ၏။ တို့ယူထားခြင်းသည် နှမြောခြင်းမဟုတ်စည်းကမ်းရှိခြင်းသာ ဖြစ်၏။ မနှမြောသည့်အတွက် ဇီဝကအား တန်ရာတန်ကြေးထက် အဆများစွာပိုသော ဆေးဖိုးငွေများကို ပေးခြင်းဖြစ်၏။

စာရေးသူ စာချဖူးသော စာသင်တိုက်တစ်ခုမှ ဆရာတော်တစ်ပါးသည် စားစရာသောက်စရာများကို တပည့်များအား မကျွေးဘဲ ကျက်သရေခန်းထဲတွင် မှိုတက်အောင်ထား၏။ ထိုအခန်းကို သန့်ရှင်းရေးလုပ်သောအခါ စာရေးသူက ပုပ်နေသော ငှက်ပျောသီးများကို လွှင့်ပစ်မည်ပြုသောအခါ "လွှင့်မပစ်နဲ့ ဆီနဲ့ကြော်စားလို့ ရသေးတယ်" ဟုဆိုကာ ပြန်သိမ်း သွားဖူး၏။

ညကိုးနာရီထိုးသည်နှင့် တစ်ကျောင်းလုံး မှောင်မိုက်သွား၏။ အကြောင်းကား ထိုဆရာတော်က မိန်းချပစ်လိုက်သောကြောင့် ဖြစ်၏။ သံဃာများ ညကိုးနာရီကျော်သည့်အထိ မီးဖွင့်ပြီး စာကြည့်လျှင် မီတာတက်မည် စိုးသောကြောင့် ထိုသို့ပြုလုပ်ခြင်း ဖြစ်၏။

ထိုအခါ စာရေးသူက မီတာခအလှူရှင် ရှာပေးလိုက်၏။ သံဃာများ စိတ်ကြိုက်စာကြည့်နိုင်ရန် ဖြစ်၏။ ထိုသို့ မီတာခအလှူရှင် ရှာပေးသောအခါ မီတာခ မကုန်တော့သော်လည်း စာသင်သားများအား မီးကို အချိန်ပို၍မပေး။ ကိုးနာရီထိုးသည်နှင့် မိန်းချမြဲ ချ၏။ ဤကား ကုန်သင့်ပါလျက် မကုန်အောင် စီစစ်လွန်းအားကြီးသည့်အတွက် နှမြောစေးနှဲခြင်းဟု မှတ်အပ်၏။

## စည်းကမ်းရှိသော မန္တလေးမှဆေးပွဲစားကြီး

၁၉၈၇ ခုနှစ်ခန့်က မန္တလေးမြို့တွင် အလွန်ချမ်းသာသော ဆေးပွဲစားကြီးတစ်ဦး ရှိခဲ့ဖူး၏။ တစ်ခါတွင် ဆွမ်းကျွေးရန်အတွက် သူပင့်ချင်သော ဆရာတော်များဘွဲ့ကို ရေးရန် စာရွက်တစ်ရွက်ကို တောင်း၏။ သားသမီး



www.burmeseclassic.com

www.burmeseclassic.com



များက အကောင်းစား စာရွက်တစ်ရွက်ကို ပေးသောအခါ ပွဲစားကြီးက–

"ဒီစာရွက်က သိပ်ကောင်းနေတယ်၊ ပြန်သိမ်းထားလိုက် လွှင့်ပစ်ရမယ့် စာရွက်တစ်ရွက်ကိုသာ ယူခဲ့" ဟုပြောသဖြင့် စာရွက်စုတ် တစ်ခုကို ယူပေးမှ သူပင့်ချင်သောဆရာတော်များနှင့် ကျောင်းနာမည်ကို ရေးပေး ၏။ ဤဖြစ်ရပ်တစ်ခုတည်းကို ကြည့်လျှင် ပွဲစားကြီးကို နှမြောစေးနှဲသူဟု ထင်စရာရှိ၏။ အမှန်ကား ပွဲစားကြီးသည် နှမြောစေးနှဲခြင်းမဟုတ်။ စည်း ကမ်းရှိခြင်းသာ ဖြစ်၏။ သူရေးသည့် စာရွက်သည် တစ်စုံတစ်ယောက်က ပြန်လည် အသုံးပြုရမည့်၊ သို့မဟုတ် သိမ်းထားရမည့် စာရွက်မျိုးမဟုတ်။ ဆွမ်းစားပင့်ရမည့် ဆရာတော်များ ကျောင်းနာမည်သိရုံ ရေးသည့် စာရွက် မျိုးသာ ဖြစ်၏။

ထို့ကြောင့် ဤနေရာမျိုး၌ အကောင်းစားစာရွက်မျိုး မကုန်သင့်။ ထိုသို့ မကုန်သင့်သောကြောင့် အသုံးမပြုခြင်းသာ ဖြစ်၏။ ထိုဆေးပွဲစား ကြီးသည် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်၌ စာချစာသင် သံဃာများ သီတင်းသုံးရန် နှစ်ထပ်တိုက်ကြီးတစ်လုံးကို ကိုယ်တိုင် စီမံဆောက်လုပ် လှူဒါန်းခဲ့၏။

၁၉၈၆ ခုနှစ်ကဈေးအရ ရှစ်သိန်းခန့် ကုန်ကျခဲ့၏။ တချို့ ကျောင်း အလှူရှင်များမှာ ဝိနည်းနားမလည်သဖြင့် ကျောင်းဆောက်ရန် ဆရာတော်အား ငွေတွေပုံပြီး လှူခဲ့တတ်၏။ စိတ်ချရသော ကပ္ပိယကာရက မရှိသောအခါ ဆရာတော်အချို့မှာ နိဿဂ္ဂိပါစိတ်အာပတ် အသင့်ခံပြီး ဆောက်လုပ်ကြရ၏။

ထိုကဲ့သို့ မဖြစ်ရန်အတွက် ဆေးပွဲစားကြီးက ကိုယ်တိုင် စီမံ ဆောက် လုပ်လှူဒါန်းခြင်း ဖြစ်၏။ ထိုကဲ့သို့ ရှစ်သိန်းတန် ကျောင်းကြီး တစ်ဆောင်ကို ပင် ဆောက်လုပ်လှူဒါန်းသော ပွဲစားကြီးအား နှမြောသူဟု မဆိုသင့်။ စည်း ကမ်းရှိသူဟုသာ ဆိုသင့်၏။

## စာရေးသူနှင့် အသုဘကုတင်

ယခုရေးမည့် ခေါင်းစဉ်းနှင့် ပတ်သက်သော တရားတစ်ပုဒ်ကို ၁၉၉၂ ခုနှစ်ခန့်က ရွှေပြည်သာမြို့၌ နာကြားလိုက်ရဖူး၏။ ဟောပြော ချက်မှာ–



www.burmeseclassic.com

www.burmeseclassic.com



"ဒကာ, ဒကာမ အများစုဟာ မကောင်းကျောင်းပို့ဆိုတဲ့ စကားအတိုင်း မကောင်းတာမှ ကျောင်းပို့ကြတယ်၊ ကောင်းတာကျတော့ ကျောင်းကို ပို့ဖို့ သတိမရကြဘူး၊ လူတစ်ယောက်သေပြီဆိုရင် သေသူဝတ်ခဲ့တဲ့ ထမီတွေ၊ ပုဆိုးတွေကို လိုက်ကာတွေ နေကထိုင်တွေ ချုပ်ပြီး ကျောင်း လာလှူကြတယ်၊ အပြောလေးကတော့ သင့်ပါတယ်၊ သေသွားတဲ့သူ ကုသိုလ်ရအောင်လို့ပါ ဘုရားတဲ့၊ အမှန်က ဘယ်သူမှ မဝတ်ရဲလို့ ကျောင်းလာလှူတာ"

(ရယ်သံများ)

"နောက်ပြီး လူသေတင်တဲ့ ကုတင်ကြီးကိုလည်း ကျောင်းလာလှူတယ်၊ ပြောတာကတော့ သေသူကုသိုလ်ရအောင်လို့တဲ့၊ တကယ်တော့ ဘယ်သူမှတက်မအိပ်ရဲလို့ ကျောင်းလာလှူတာပါ"

(ရယ်သံများ)

"သေသူကုသိုလ်ရအောင်လို့ လာလှူတာပါဆိုရင် ပြောလိုက်ချင် တယ်၊ သေသူဟာ ဆွဲကြိုးဆွဲရင်းလည်း သေတာပဲ၊ လက်စွပ်လက်ကောက် ဝတ်ရင်းလည်း သေတာပဲ၊ သေသူဝတ်ဆင်ခဲ့တဲ့ ဆွဲကြိုး၊ လက်စွပ်၊ လက်ကောက်တွေကျတော့ သေသူကုသိုလ်ရအောင်လို့ပါဘုရားဆိုပြီး တစ်ယောက်မှ ကျောင်းလာမလှူကြပါဘူး"

(ရယ်သံများ)

"ဒကာ, ဒကာမအားလုံးကို မေတ္တာရပ်ခံချင်ပါတယ်၊ မကောင်း တာ ကျောင်းပို့တာ များနေပါပြီ၊ တစ်ခါတစ်ရံ ကောင်းတာလည်း ကျောင်း ပို့ကြပါဦး" ဟူ၏။

ယခုလည်း စာရေးသူအိပ်သော ကုတင်မှာ သေသူကုသိုလ်ရအောင် လာလှူထားသော အသုဘကုတင်ဖြစ်၏။ ကုတင်အကောင်းစား ပေါ်၌ တိုက်အုပ်ဆရာတော်ကို အိပ်စေပါသည်။ တိုက်အုပ်ဆရာတော်ကို အိပ်ခန်း၊ ရေချိုးခန်း၊ ကုဋီတွဲထားသော အကောင်းဆုံးအခန်းမှာ ထားပြီး စာရေးသူကား



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းခန်းမကြီးထဲတွင် အသုဘကုတင်ကို ချပြီးအိပ်သည်။

စာရေးသူကို လာတွေ့သူများ အလွန်စိတ်ချမ်းသာရကြောင်း အမြဲပြော၏။ တံခါးမရှိ၊ ဓားမရှိ ဆိုသည်မှာ စာရေးသူအတွက် ထားခဲ့သည်လားဟုပင် ဆိုရပါတော့မည်။ အခန်းမရှိသောကြောင့် တံခါးလည်း မရှိတော့ပေ။

ကုတင်ပေါ်တွင် မွေ့ယာမဆိုထားနှင့် အိပ်ယာခင်းပင် မရှိ။ သင်ဖျူးဖျာတစ်ချပ်သာ ခင်းထား၏။ အပိုစောင်ဟူ၍လည်း မရှိ။ ညသည့် အာဂန္တုရဟန်းများလာတိုင်း ဤစောင်ကိုပင် ခဏခဏယူပေး နေရသောကြောင့် ဖြစ်၏။ ငှက်ပျောအူ ခြင်ထောင်တစ်လုံးသာ မားမားမတ်မတ် ကုတင်ထက်မှာ ရှိ၏။ ဤကား နေရေးနှင့် ပတ်သက်၍ ဖြစ်၏။

ဝတ်ရေးနှင့် ပတ်သက်၍ ဆိုဦးအံ့။ သင်္ကန်းအကောင်းစား ရလျှင် ကျောင်းရှိသံဃာများကို အပါးစေ့အောင် ပြန်လှူ၏။ ကျောင်းသံဃာများ အပါး စေ့မှ စာရေးသူအတွက် ဝတ်၏။ အကောင်းစား သင်္ကန်းဆိုသည်မှာ ဂျပန်မှ လာသော ဘိုမတံဆိပ်၊ စီဝိုင်စီ၊ သရီးရိုင်ဖယ်၊ မာတင်၊အင်တာနက် စသော သင်္ကန်းများကို ဆိုလိုခြင်းဖြစ်၏။ စာသင်သား သံဃာများ ကျောင်းသို့ အလည်အပတ်ရောက်လာလျှင် သင်္ကန်းတစ်စုံနှင့် ငွေငါးထောင် အမြဲလှူ၏။ ထို သင်္ကန်းများမှာ တစ်စုံလျှင် နှစ်သောင်းအထက် ရှိသဖြင့် လူတိုင်းမလှူနိုင်ကြပေ။ တချို့က မတတ်နိုင်၍ မလှူခြင်း ဖြစ်ပြီး၊ တချို့ကား တတ်နိုင်ပါလျက် မသိသည့်အတွက် မလှူကြခြင်း ဖြစ်၏။ အများအားဖြင့် လှူကြသော ငါးထောင်ခြောက်ထောင်ကျော်တန် သင်္ကန်းများမှာ ဒုလ္လဘကျအဟောင်းများသာ ဖြစ်၏။

ထို့ကြောင့်လည်း ကြီးကြီးငယ်ငယ် ငယ်ဖြူဆရာတော်များသည် ထိုသင်္ကန်းမျိုးကို မဝတ်ကြခြင်းဖြစ်၏။ သင်္ကန်းဆိုင်အချို့က ဒုလ္လဘရသီပြီးသည်နှင့် ဘုန်းကြီးကျောင်းများသို့ သွားပြီး သင်္ကန်းအဟောင်း တစ်စုံငါးရာလောက် နှင့်ကောက်ပြီး ကော်ပြန်တင်ကာ ပြင် ဆင်လိုက်၏။ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



လူ့မြည့်ဒကာများကို ထောင်နှင့်ချီ၍ ပြန်ရောင်းကြ၏။

## သက်န်းပဋိစ္စသမုပ္ပါဒ်

သူတို့ငါးထောင်နှင့် ရောင်းပြီး သက်န်းများသည် ဝါဆို၊ ကထိန်ရာသီ ရောက်သည်နှင့် ဘုန်းကြီးများထံသို့ အစုံပေါင်း သောင်းနှင့်ချီပြီးရောက်သွား၏။ အပေါင်းတွေမှန်းသိ၍ ဘုန်းကြီးများက ထိုသက်န်း များကို လှူသည့်နေရာမှာပင် ပုံထားကြ၏။ ဝါဆို၊ ကထိန်ရာသီ ပြီးသည်နှင့် သက်န်းဆိုင် အချို့က သူတို့ငါးထောင်နှင့် ရောင်းထားသော သက်န်းများ ကို ငါးရာလောက်နှင့် လိုက်ဝယ်ကြပြန်၏။

ထို့ကြောင့် မြန်မာပြည်တွင် ခန္ဓပဋိစ္စသမုပ္ပါဒ်သာမက သက်န်းပဋိစ္စသမုပ္ပါဒ်ပါ လည်နေခြင်းဖြစ်၏။ ဗုဒ္ဓဘာသာ အများစုသည် လောကအတွက် သာသနာအတွက်၊ အလှူခံအတွက် ကျေးဇူးများအောင် ဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားပြီး လှူတတ်သူ အလွန်နည်း၏။ သဒ္ဓါတွင် ပညာမယှဉ်ခြင်း ဖြစ်၏။

ပညာမပါသော ဒါနရှင်အများစုသည် နောင်ဘဝများတွင် ချမ်းသာသောဘဝကိုကား ရကြပါ၏။ သို့သော် ဉာဏ်ပညာမပါသော ဒွိဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်များ ဖြစ်ကြရ၏။ ထိုပုဂ္ဂိုလ်များသည် ယခုဘဝတွင် မဂ်ဖိုလ်ရခွင့် မရှိတော့ပေ။

မြို့တစ်မြို့တွင် ၁၅ နှစ်အရွယ်ခန့်ရှိ သူဌေးသားလေးတစ်ယောက်ကို တွေ့ဖူး၏။ ဒါနကုသိုလ်ပါခဲ့သောကြောင့် ချမ်းသာသော မိဘဝမ်းထဲ ရောက်သဖြင့် သူဌေးသားကား ဖြစ်ရ၏။ သို့သော် ဒါနပြု စဉ်အခါက လောကအတွက်၊ သာသနာအတွက် ကျေးဇူးများမည့် နေရာကို ရှာဖွေ လှူဒါန်းတတ်သည့်ပညာ မပါသောကြောင့် စကားမပြောတတ်သော၊ မည်သည့်အတတ်ပညာမှ သင်ကြား၍ မရသော အ,အလေး၊ ဉာဏ်ထုံလေး ဖြစ်နေရှာ၏။

ထိုကလေး ဉာဏ်ပညာမပါလိုက်ပုံများ ထမင်းကိုပင် ပုံမှန်စား ရမှန်း



www.burmeseclassic.com

www.burmeseclassic.com



မသိသဖြင့် မိဘများက ထမင်းချိန် ထမင်းစောင့် ကျွေးပေးရသည်။ တစ်ခါကလည်း တခြားကလေးများ အုံးသီးအခွံ ခွာနေသည်ကို သွား ကြည့်၏။ ဓားက အုံးသီးအခွံပေါ်သို့ စိုက်လိုက်၊ ကလန့်ပြီး အခွံကိုခွာ လိုက်နှင့် လုပ်နေသည်ကို ကြည့်ရင်း သူ့လက်ချောင်းများကို ခုတ်နေသော ဓားအောက်သို့ သွားထိုးထည့်လိုက်၏။

သူ၏လက်ညှိုးနှင့် လက်ခလယ်နှစ်ချောင်းလုံး အရင်းက ပြတ်ပါ သွားပါလေတော့သည်။ ခုတ်နေသော ဓားအောက်လက်လျှိုလျှင် လက်ချောင်း တွေ ပြတ်လိမ့်မည်ဟူသည့် ဉာဏ်ပညာပင် ပါမလာရှာသော ထိုကလေး၏ အဖြစ်ကား ရင်နာစရာကောင်းလှ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာ များအနေဖြင့် မိမိချွေးနည်းစာဖြင့် လှူဒါန်းတော့မည်ဆိုလျှင် လောကအတွက်၊ သာသနာ အတွက် ကျေးဇူးများမည့် နေရာကို ရွေးချယ်လှူဒါန်းဖို့ သတိပြုသင့်၏။

## လောကီဥစ္စာနှင့်သူတော်ကောင်းဥစ္စာ

သဒ္ဒါတွင် ပညာယှဉ်သော ညီအမသုံးဦးကို ရွှေပြည်သာတွင်ရှား ရှားပါးပါး တွေ့လိုက်ရ၏။ သူတို့အမည်များကို တင်တင်၊ ခင်ခင်၊ ဝင်းဝင်း နိုင်ဟု အလွယ်တကူပင် ခေါ်ကြ၏။ စာရေးသူ၏ ပစ္စည်းလေးပါး ဒကာမများ ပင် ဖြစ်၏။ သူတို့သည် မိဘနှစ်ပါးကို မုန့်ဟင်းခါးနှင့် အသုပ် စုံရောင်းပြီး ပြုစုလုပ်ကျွေးနေကြသူ သမီးအလိမ္မာများဖြစ်၏။

**သူတို့သည် လောကီဥစ္စာ ဆင်းရဲသော်လည်း သူတော် ကောင်း ဥစ္စာ ချမ်းသာကြ၏။ လောကီဥစ္စာသည် ဒါန ကုသိုလ်အဖြစ် အသုံးမချတတ်လျှင် အပါယ်သို့ ဆွဲချမည့် အတွင်းရန်သူတစ်မျိုး ဖြစ်၏။ သဒ္ဒါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပဟူသော သူတော်ကောင်း ဥစ္စာများကား သံသရာတစ်လျှောက် လူချမ်းသာ၊ နတ်ချမ်း သာကိုသာမက နိဗ္ဗာန်ချမ်းသာအထိ ပို့ပေးမည့် မိတ်ဆွေ**



www.burmeseclassic.com

www.burmeseclassic.com



**ကောင်း စင်စစ်ဖြစ်၏။**

သူတို့သည် စာရေးသူအား ကထိန်ရာသီတစ်ကြိမ်၊ ဝါဆိုရာသီ တစ်ကြိမ် တစ်နှစ်လျှင် နှစ်ကြိမ် သင်္ကန်းလှူ၏။ ထိုသို့ လှူသောအခါ အဓိကနှင့် သာမညကို ခွဲခြားပြီး လှူတတ်၏။ ဥပမာအားဖြင့် ဝါဆို သင်္ကန်းကပ်မည်ဆိုလျှင် အကောင်းစား သင်္ကန်းသုံးစုံလောက် ဝယ်လိုက်၏။ တစ်စုံနှစ်သောင်းဆိုလျှင် သုံးစုံခြောက်သောင်းကျ၏။

ထိုသင်္ကန်းများကို စာရေးသူအပါဝင် သံဃာသုံးပါး ပင့်ပြီး ညနေ ပိုင်းမှာကပ်၏။ သံဃာနှင့် ပရိသတ်များအား အအေးတိုက်၏။ ထိုသို့ အကျဉ်းချုပ်လှူသည့်အတွက် –

၁။ မိမိလည်း အကောင်းစားသင်္ကန်းကို လှူနိုင်ခြင်း။

၂။ သံဃာများလည်း အလွန်ရခဲသော သင်္ကန်းအကောင်းစားကို ရခြင်း။

၃။ ညနေပိုင်းဖြစ်သည့်အတွက် တရားကိုလည်း အေးချမ်းစွာနာ ကြားရခြင်း၊ ကောင်းကျိုးတို့ကို အလှူရှင်များ ခံစားရ၏။

## အဓိကနှင့် သာမညခွဲတတ်သူ

ဝါဆိုသင်္ကန်းလှူဒါန်းပွဲ၌ အဓိကမှာ သင်္ကန်းကောင်းကောင်းကို လှူ ဒါန်းနိုင်ရေးပင် ဖြစ်၏။ အကြွေးအမွေးမှာ သာမညသာဖြစ်၏။ ဆွမ်းကျွေး ဆိုသည်မှာ မည်သည့်အချိန်လုပ်လုပ် ရသည်သာဖြစ်၏။

ယခုခေတ်တွင် 'ဝါဆိုသင်္ကန်းကပ်'ဟု အမည်တပ်သော်လည်း ကပ် သောသင်္ကန်းမှာ လေးငါးထောင်တန် အညံ့စားသင်္ကန်းသာ။ အပေါင်းအဖော် များနှင့် စားသောက်ကြသည်ကား နှစ်သိန်းကျော်ထိ ကုန်ကျ၏။ လွန်ခဲ့သည့် နှစ်အတွင်းက သူတို့ညီအမသုံးဦး ကျောင်းသို့ ရောက်လာပြီး ယခုလို လျှောက်ထား၏။

"ဒီနှစ် ဆရာတော်ကို ဝါဆိုသင်္ကန်း မကပ်နိုင်တော့ဘူးဘုရား"

"အေး၊ အဆင်မပြေရင်လည်း မကပ်ကြနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သက်န်းဖိုးအတွက် အဆင်ပြေတယ်ဘုရား"

"ဒါဆို ဘာက အဆင်မပြေတာလဲ"

"သင်္ကန်းဖိုးကတော့ ငါးသောင်းကျော်လောက်ထိ စုမိနေပြီ၊ အိမ်ဘေးနားက ဘကြီးတစ်ယောက် မျက်စိတိမ်ခွဲဖို့ ပိုက်ဆံမလောက်ဘူး ဖြစ်နေတာနဲ့ သင်္ကန်းလှူဖို့ မှန်းထားတဲ့ ငါးသောင်း အကုန်လုံး ထောက်ပံ့လိုက်တယ် ဘုရား"

"သာဓုဗျာ၊ သာဓု၊ သာဓု၊ အဲဒါ ဘုရားရှင် သာဓုခေါ်တဲ့ ကာလဒါနပဲ၊ တင်တင်တို့ဆုံးဖြတ်ချက် မှန်တယ်။ တင်တင်တို့ ရပ်ကွက်ထဲမှာ ဗုဒ္ဓဘာသာ အိမ်ခြေတစ်ထောင်ရှိတယ်ဆိုရင် ကိုးရာ့ကိုးဆယ့်ကိုးအိမ်က ဝါဆိုသင်္ကန်းလှူဖို့သိတယ်။ လှူလည်း လှူကြလိမ့်မယ်။ ဒါကြောင့် ဦးဇင်းအတွက် ဝါဆိုသင်္ကန်းမရမှာ ပူစရာမလိုဘူး။ စောစောကလို မျက်စိခွဲစိပ်မယ့် လူနာအတွက် ငွေကြေးထောက်ပံ့ ဖို့ကျတော့ ဗုဒ္ဓဘာသာ အိမ်တစ်ထောင်မှာ တစ်အိမ်လောက်ပဲသိတယ်။ တင်တင်တို့ မိသားစုဟာ ဦးဇင်းရဲ့ တပည့် ရင်းတွေပီသကြပါပေတယ်။ နောက်နောင် မိမိရဲ့ ချွေးနည်းစာကို လှူဒါန်းခွင့်ကြုံလာပြီဆိုရင် အခုလိုပဲ လောကအတွက်၊ သို့မဟုတ် သာသနာ အတွက် တကယ်ကျေးဇူးများ မယ့်နေရာကို စိစစ်ပြီး လှူပါ"

"တင်တင်တို့အလှူထဲမှာ တို့အလှူပါ ထပ်ထည့်လိုက်မယ်။ ကပ္ပိယဆီက ငါးသောင်းထုတ်ပြီး စောစောက မျက်စိလူနာ ဘကြီးကို ထပ်ထောက်ပံ့လိုက်ပါ"

ဝတ်ရေးနှင့် ပတ်သက်၍ ရေးသားရင်း သင်္ကန်းလှူဒါန်း တတ်ဖို့အထိ အပိုရေးသားပေးနေခြင်း ဖြစ်၏။ ယခု ဝတ်ရေးနှင့် ပတ်သက်၍ စနစ်ထားပုံ ဆက်ဦးအံ့။ အကောင်းစား သင်္ကန်းများ လှူရင်းဖြင့် လက်လွန်သွားသောအခါ တခါတရံ တရားဟောကြွရာ၌ပင် အညံ့စား သင်္ကန်း ဝတ်ပြီး ကြွရ၏။

တစ်ခါက တရားပွဲတစ်ပွဲသို့ အကြွတွင် စာရေးသူဝတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



သက်န်းကို ကိုင်ကြည့်ပြီး တိုက်အုပ်ဆရာတော်က

"ဟာ ဆရာတော်ဝတ်ထားတဲ့ သင်္ကန်းက အကြမ်းစား အညံ့ကြီးပဲ၊ ဆရာတော်ကို လူတွေအထင်သေးလိမ့်မယ်၊ ကောင်းတဲ့ သင်္ကန်း ဝတ်ပါဘုရား" ဟု လျှောက်၏။ စာရေးသူက ပြန်ပြောလိုက်၏။

**ယမမင်းစစ်ဆေးတာ အစ္ဈတ္တပါ**

**သူများအထင်သေးလို့ မကြည်ညိုလို့ အပါယ်မကျပါဘူး။ ကိုယ့် ကိုယ်ကို အထင်သေးမှ မကြည်ညိုမှ အပါယ်ကျတာပါ။ ဗဟိဒ္ဓကို သိပ်အလေးထားလွန်းတဲ့သူ အများစုဟာ အစ္ဈတ္တပိုင်း သန့်ရှင်းစင်ကြယ်ဖို့ အားနည်းသွား တတ်ကြတယ်။ ယမမင်း စစ်ဆေးတယ်ဆိုတာလည်း အစ္ဈတ္တကိုပါ၊ နိဗ္ဗာန်ရောက်တယ်ဆိုတာလည်း အစ္ဈတ္တမှာ ကိလေသာအညစ်အကြေး စင်ကြယ်သူတွေပါ။**

စာရေးသူ မထင်မှတ်ဘဲ ပြောလိုက်သော စကားတစ်ခွန်းက တိုက်အုပ်ဆရာတော်အတွက် တွေးစရာ၊ ကျင့်စရာတွေ အများကြီးပါသွား ဟန်တူ၏။ အကြောင်းကား သူ၏မျက်နှာသည် ငြိမ်သက်တည်ကြည် သွားသောကြောင့် ဖြစ်၏။

ကိုယ်တိုက်ဆပ်ပြာဆိုလျှင် စာရေးသူသည် တစ်ခဲလုံးအစပျောက်ကုန်သွားမှ နောက်တစ်ခဲထုတ်၏။ ကျောင်းမှာ အရဏ်ဆွမ်းစားလျှင် ဟင်းတစ်ခွက်တည်းသာ များ၏။ အချိုပွဲလည်း သေချာမစီမံခိုင်းပေ။ သစ်သီးအချို့လှူထားတာ အသင့်ရှိလျှင် ဘုဉ်းပေး၏။ မရှိလျှင် မဘုဉ်းပေး။

တစ်ခါက မော်လမြိုင်မှ တရားပွဲအလှူရှင် ဒကာကြီးတစ်ယောက်သည် နံနက်အစောကြီး မော်လမြိုင်သို့ကြွရန် သူ့ကားဖြင့် လာကြို၏။ သူရောက်လာချိန်တွင် စာရေးသူတို့ သံဃာများ အရဏ်ဆွမ်းဘုဉ်းပေးနေချိန် ဖြစ်၏။ သူသည် ဆွမ်းပွဲကို လာကြည့်ပြီး စာရေးသူအား အတော်ကရုဏာ



www.burmeseclassic.com

www.burmeseclassic.com



သက်သွား သည်ဟု ဆို၏။

နိုင်ငံကျော်ဆရာတော်တစ်ပါး ဖြစ်ပြီး ခရမ်းချဉ်သီးငါးပိချက် တစ်ခွက်ဖြင့် ဖြစ်သလိုဘုဉ်းပေးနေသည်ကို မကြည့်ရက်ဟုဆိုကာ သူ့မြို့အရောက်တွင် ဟင်းခွက်ပေါင်း နှစ်ဆယ်နီးပါးဖြင့် ဆွမ်းကပ်၏။ ဟင်းခွက်တွေများသော်လည်း စာရေးသူကား ကိုယ်နှင့် သပ္ပါယမျှသော ဟင်းခွက်တစ်ခွက်နှစ်ခွက်သာ စားသဖြင့် ကျောင်းမှာ တစ်ခွက်တည်း စားသလိုပင် ဖြစ်၍ သိပ်မထူးလှပေ။

စာရေးသူတွင် နေစရာအခန်း ကောင်းကောင်းမရှိခြင်း၊ အဲယားကွန်းထား၍ ပန်ကာပင် မရှိခြင်း၊ အသုဘကုတင်နှင့်ပင် ဖြစ်သ လိုအိပ်ခြင်း၊ အသင့် တွေ့ရာ သင်္ကန်းအညံ့စားကိုပင် ဝတ်ခြင်း၊ အချိုပွဲမပါ ဟင်းတစ်ခွက်တည်းဖြင့် ဖြစ်သလိုဆွမ်းစားခြင်းများသည် နှမြောခြင်းကြောင့် မဟုတ်၊ မကုန်သင့်တာ မကုန်အောင် ထိန်းသိမ်းသော အာရက္ခသမ္ပဒါခေါ် စည်းစနစ် ကြောင့်ပင် ဖြစ်၏။

စာရေးသူသန္တာန်တွင် နှမြောသော မစ္ဆရိယစေတ်အားကြီးမည် ဆိုပါက ဖော်ပြပါ အလှူများကို လှူလိမ့်မည် မဟုတ်ပေ။ အိမ်နှင့်ခြံ လှူသော မိသားစုသုံးစု၊ မြေကွက်ချည်းလှူသော မိသားစုလေးစု၊ စုစုပေါင်း ကာလတန်ဖိုး သိန်းတစ်ရာခန့် ရှိပါမည်။ ယင်းမိသားစု အများစုသည် လမ်းဘေးရောက်ပြီး ဒုက္ခရောက်သွားနိုင်သောကြောင့် စာရေးသူက မရှိ ရှိတာထုတ်ပြီး စွန့်ကြဲရခြင်း ဖြစ်၏။

## မျက်စိခွဲပေးပါဘုရား

ရွှေပြည်သာမြို့နယ်နှင့် အနီးပတ်ဝန်းကျင်မြို့နယ်မှ မျက်စိ ဝေဒနာရှင်များကို ခွဲစိတ်ကုသလှူဒါန်းနေသည်မှာ တစ်နှစ်ကျော်ခဲ့ပေပြီ။ မျက်စေ့တစ် လုံးလျှင် ဆေးဖိုးနှင့် ခွဲစိပ်ခ တစ်သိန်းနှစ်သောင်းခန့် ကုန်ကျ၏။ ခွဲစိပ်ပြီး တစ်လခန့် နားနေချိန်အတွင်း စားစရာမရှိသူ များအတွက် ရိက္ခာဖိုး ခြောက်သောင်းခန့်



www.burmeseclassic.com

www.burmeseclassic.com



ထောက်ပံ့ပေး၏။ ယခုအခါ မျက်စေ့တစ်လုံးအတွက်၊ နှစ်လုံးအတွက် စသည်ဖြင့် တပ်နိုင်သမျှ ကျောင်းသို့ လာရောက်လှူဒါန်းသူ အချို့ ရှိနေပြီ။

မျက်စေ့ခွဲစိပ်မှု အလှူစလှူဖြစ်ခြင်း အကြောင်းကို တင်ပြအံ့။ တစ်ရက်တွင် အသက်ငါးဆယ်ကျော်ခန့် ရှိမည်ထင်ရသော အဝတ်အစား ခပ်နွမ်းနွမ်းနှင့် အမျိုးသမီးကြီးတစ်ဦး ခြောက်နှစ်ခုနှစ်နှစ်သား အရွယ်ခန့်ရှိ ကလေးနှစ်ယောက် လက်ကို ကိုင်လျက် စမ်းစမ်းစမ်းစမ်းဖြင့် ကျောင်းပေါ် တက်လာပြီး စာရေးသူကို ဦးချ၏။

ဦးချသည့်နေရာ လွဲနေသဖြင့် ပါလာသော ကလေးများက စာရေး သူနှင့် တည့်မတ်သွားအောင် ပြင်ပေးကြ၏။ ထို့ကြောင့် မျက်မမြင် တစ်ဦး ဖြစ်မှန်း မမေးဘဲ သိလိုက်ရ၏။ အမျိုးသမီးကြီးသည် ဘုန်းကြီးများ နှင့် ရင်းနှီးကျွမ်းဝင် ရှိဖူးဟန်မတူ။ တစ်စုံတရာမှ မပြောဝံ့ဘဲ မတုန်မလှုပ် ထိုင်လျှက်ရှိသဖြင့် စာရေးသူကပင် ရှေးလက်စစကို ခဏရပ်ကာ စကားစရ၏။

"ဒကာမကြီး၊ လိုတဲ့ အကူညီပြောပါ။ ဦးပဥ္ဇင်းဘာကူညီရမလဲ"

"တပည့်တော်မ မျက်စေ့နှစ်ဖက်လုံး ကွယ်နေတာ သုံးနှစ်နီးပါး လောက်ရှိပါပြီ ဘုရား။ ခွဲစိပ်ကုသရင် ပြန်မြင်နိုင်တယ်လို့ ပြောကြပေမယ့် တပည့်တော်မမှာ ငွေမရှိတဲ့အတွက် ဒီအတိုင်းပဲ နေနေရတာပါဘုရား။ ချင်း တွင်းလမ်းထဲက ဒေါ်ခင်သန်းက ဆရာတော်ဟာ တကယ်ဒုက္ခ ရောက်နေတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ကူညီတယ်ဆိုလို့ တပည့်တော်မ မျက်လုံးကို ခွဲစိပ်ကုသပေး မလားဆိုပြီး လာစုံစမ်း တာပါဘုရား"

"ကုသပေးမှာပေါ့ ဒကာမကြီးရ၊ ဒီကနေ့ကစပြီး ဒကာမကြီး ဝမ်းသာတော့။ ဘယ်လောက်ကုန်ကုန် မျက်လုံးသာ ပြန်မြင်မယ်ဆိုရင် ဦးပဥ္ဇင်းကုပေးမယ်"

ထိုစကားအဆုံးမှာပင် အမျိုးသမီးကြီးသည် တဘက်ကို မျက်နှာ အုပ်ပြီး မျက်ရည်တွေတွေ စီးကျကာ ငိုကြွေးရှာ၏။ ဝမ်းသာ၍ကျသော မျက်ရည်ပင် ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဒကာ၊ ထီးဒကာအမည်ခံနိုင်ဖို့အတွက် သိန်းသုံးဆယ်၊ သိန်းသုံးရာ၊ သိန်းသုံးထောင် အကုန်ခံနိုင်သော ဗုဒ္ဓဘာသာ သူဌေးအချို့သည် ကိုယ့်အမျိုး, ကိုယ့်ဘာသာဝင် ဆင်းရဲသား တစ်ယောက် စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေးအတွက် သုံးသိန်းလောက်သော ငွေကိုကား အကုန်မခံနိုင်ကြသည်မှာ အလွန်အံ့ဩဖို့ ကောင်း၏။

အမျိုးသမီးကြီးငိုပြီး အတန်ကြာမှစာရေးသူက ဆက်လက်မေးမြန်းရ၏။

"ဒကာမကြီး ဘဝအကြောင်းနဲ့ မျက်စေ့ဝေဒနာ စဖြစ်ပုံလေး ပြောပြနိုင်ရင် ပြောပြပါလား"

"ပြောပြနိုင်ပါတယ်ဘုရား၊ တပည့်တော်မဟာ အရင်က ဒီ၆/၁၃ ရပ်ကွက်၊ ချင်းတွင်းလမ်းထဲမှာပဲ နေပါတယ်။ တပည့်တော်မ အိမ်နဲ့ခြံ ရှိပါ တယ်။ နောက်အမျိုးသား ရောဂါဖြစ်ပြီး ဆေးကုတာနဲ့ အိမ်နဲ့ခြံလည်း ကုန်တာပါပဲ။ အမျိုးသားလည်း ဆုံးပါးသွားပါတယ်၊ တပည့်တော်မမှာ သမီးတစ် ယောက် ရှိပါတယ်။ အိမ်နဲ့ခြံ အပေါင်ဆုံးသွားလို့ ပြန်အမ်း တဲ့ငွေလေးနဲ့ သံဒင်းရပ်ကွက်ထဲမှာ မြေဆယ်ပေလောက် ဝယ်ပြီးတဲထိုး နေပါတယ်။ တဲကစနိုတောင် မမိုးနိုင်လို့ ပလပ်စတစ်ပဲ မိုးထားရတယ်။

သမီးဖြစ်သူ အိမ်ထောင်ကျပြီး ဒီမြေးလေးနှစ်ယောက် ရတဲ့အချိန် မှာပဲ သမီးက နောက်ယောကျ်ားနဲ့ လိုက်ပြေးသွားတယ်။ သားမက်လေးအား ကိုးမယ်လုပ်တုန်း သားမက်ကလည်း နောက်မိန်းမယူပြီး ထွက်သွားပြန်တယ်။ ဒီမြေးနှစ်ယောက်ကို သူတစ်ပါးအိမ်မှာ အဝတ်လျှော်ပြီး ကျွေးနေတာပါဘုရား–

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာပဲ ဆိုရမလား မသိပါဘူးဘုရား။ တစ်ရက် ရန်ဖြစ်နေတဲ့ မိသားစုနှစ်စုကြားက ကိုယ့်လမ်းကိုယ် ဖြတ်အသွား တစ်ဖက်နဲ့တစ်ဖက် လှမ်းပစ်တဲ့ ဝါးခမောက်တစ်လုံးက တပည့်တော်မ ညာဘက်မျက်လုံးကို လာမှန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ ဘဝဆိုတော့ ရုံးလည်းတိုင်ချိန် မရသလို၊ မျက်စေ့ဆရာလည်း မပြနိုင်ပါဘူးဘုရား၊ ဆေးမြီးတို မျက်စဉ်းလေးတွေခပ်ရင်းပဲ ဒဏ်တိမ်ဖြစ်ပြီး ညာဘက်မျက်လုံးကွယ်သွားပါတယ်၊ နောက်ထပ် နှစ်နှစ်နီးပါး ကြာတော့ ဘယ်ဘက်မျက်လုံးပါ ကူးပြီး နှစ်ဖက်လုံးကွယ်သွားတာပါပဲဘုရား"

"မျက်လုံးကွယ်နေတဲ့အချိန် သူများအိမ်က အဝတ်တွေ ဘယ်လိုလိုက်လျှော်သလဲ"

"ဒီမြေးကလေးတွေ လက်ကိုကိုင်ပြီး ဖောက်သည်အိမ်တွေ ရောက်အောင်သွားရတာပေါ့ဘုရား။ ဟိုရောက်တော့လည်း သူတို့က အဝတ်တွေကိုတပည့်တော်မရှေ့ လာပုံချပေးတော့ လျှော်ဖွပ်ပေးလို့ ရသွားတာပါပဲ"

ထိုဒကာမကြီး ကံကောင်းပါသည်။ မျက်လုံးနှစ်ဖက်လုံး ခွဲစိပ်လျှင်ပြန်မြင်မည်ဟု ဆရာဝန်က ပြောလိုက်သောအခါ လှူရမည့် စာရေးသူပင်ဒီတ်ခနဲနေအောင် ဝမ်းသာသွားလေရာ၊ ကာယကံရှင် ဒကာမကြီးကား မည်မျှထိဝမ်းသာနေမည် မသိ။ ပထမတစ်လုံးခွဲစိပ်ပြီး အိမ်တွင်ဘာမျှမလုပ်ဘဲတစ်လတိတိ နားနေရ၏။

ထိုတစ်လစာ မြေးအဘွားသုံးယောက် စားစရိတ်အဖြစ် ငွေခြောက်သောင်းကို စာရေးသူကပင် ထောက်ပံ့ရ၏။ မျက်စဉ်းခတ်ပေးရန် အိမ်နီးချင်းမိန်းကလေးတစ်ယောက်ကို တစ်ရက်ငါးရာဖြင့် တစ်လငှားပေးရ၏။

| | |
|---|---|
| မျက်စေ့နှစ်လုံးခွဲစိပ်ခ | ၂၄၀၀၀၀ိ |
| နှစ်လစာစားစရိတ် | ၁၂၀၀၀၀ိ |
| မျက်စဉ်းခတ်လူနာစောင့် ငှားခ | ၃၀၀၀၀ိ |
| တဲအိမ်ပြင်ဆောက်ပေးခ | ၁၅၀၀၀၀ိ |

စုစုပေါင်း ၅၄၀၀၀၀ သောငွေသည် ပါရမီထိုက်သောဒါန စာရင်းဝင်သွားလေပြီ။ ရန်ကုန်၊ လှည်းတန်းရှိ "မေတ္တာဦး–မျက်စေ့အထူးကုဆေးခန်း"တွင် ခွဲစိပ်ခြင်းဖြစ်ရာ စာရေးသူ၏ ညီဖြစ်သူ ကပ္ပိယဦးစိုးတင့်က ကားမေင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကိုယ်တိုင်လိုက်ကုပေးခြင်း ဖြစ်၏။

မေတ္တာရှင်–ရွှေပြည်သာ ဆရာတော်၏လှူနာဆိုသဖြင့် ဆရာဝန်များ ကဂရုတစိုက်ရှိကြ၏။ ဆရာဝန်များက စာရေးသူ၏ ဆွေမျိုးသားချင်း တစ်ယောက်ဟုထင်ကြ၏။ ညီဖြစ်သူကရှင်းပြမှ သွေးမတော်သားမစပ်သူတစ်ဦးကို စာရေးသူက ထောက်ပံ့ကူညီကုသပေးကြောင်း သိသွားကြသောအခါ ဆရာဝန်များမှာ အတော်အံ့ သြသွားကြ၏။

## ပေးပါ စကားကိုမကြားလိုသော ဆရာတော်

သူတို့အနေဖြင့် ဘုန်းကြီးဆိုတာ ရူ(ယူ)ပက္ခန္ဓာသာရှိတယ်။ ဝေဒနာက္ခန္ဓာမရှိဘူးဟူသော စကားကို ကြားဖူးထားသဖြင့် အံ့သြခြင်း ဖြစ်ဟန်တူသည်။ ဆရာတော်တစ်ပါး အမိန့်ရှိသဖြင့် ဖြစ်ရပ်ကလေးတစ်ခု ကြားဖူး၏။ မြို့တစ်မြို့တွင် ဦးအာစာရနှင့် ဦးကောဝိဒအမည်ရှိ မိတ်ဆွေ ကျောင်းထိုင်ဆရာတော်နှစ်ပါး ရှိ၏။

ဦးအာစာရသည် မစ္ဆရိယနှင့် လောဘစိတ်အားကြီးသဖြင့် အလှူနှမြော၏။ သူ့ထံသို့ အဝင်သာရှိ၏။ အထွက်မရှိ။ အလှူအတန်း ဝါသနာမပါလိုက်ပုံမှာ 'ပေး' ဟူသောစကားကိုပင် မကြားချင်လောက်အောင် နားကြားပြင်းကပ်သောဟူ၏။ တစ်ရက်တွင် သူတို့နှစ်ပါး စက်လှေ တစ်စင်းဖြင့် ရွာတစ်ရွာသို့ ဆွမ်းစားကြွကြ၏။

လမ်းခုလတ်တွင် စက်လှေမှောက်ပြီး ဦးအာစာရမှာ ချောင်းရေအတွင်း နစ်သွား၏။ ဦးကောဝိဒကား ကံကောင်းထောက်မစွာ ကုန်းပေါ်အလွယ်တကူရောက်သွား၏။ သို့သော် ဦးအာစာရအတွက် ပူစရာသိပ်မရှိလှ။ အဘယ့်ကြောင့်နည်း ကယ်ဆယ်မည့် ဒကာများ စက်လှေများဖြင့် လှေမှောက်သည့် နေရာသို့ အများအပြား ချက်ချင်းရောက်လာကြသောကြောင့် ဖြစ်၏။

ထို့အပြင် ရေရှင်ဖြစ်သဖြင့် ရေနစ်သူသည် ရေပေါ်သို့ အနည်းဆုံး သုံးကြိမ်ပြန်ပေါ်သောအကြောင်းလည်း ပါ၏။ ဒကာများသည် ဦးအာစာရ ပေါ်လာမည့် နေရာသို့ စက်လှေများကို မောင်းသွားပြီး ဆွဲယူကယ်တင်ရန်



www.burmeseclassic.com

www.burmeseclassic.com



အသင့်ပြင်နေကြ၏။

ဦးအာစာရကား ပထမအကြိမ်အဖြစ် ရေပေါ်သို့ ဘွားခနဲပေါ်လာပေပြီ။ အနီးရောက်နေသော လှေပေါ်မှ ဒကာက–

" ဦးအာစာရ ၊ဆရာတော့်လက်ကလေး လှမ်းပေးလိုက်ပါဘုရား" ဟုလျှောက်ထားလိုက်ရာ ဦးအာစာရက –

"မပေးဘူးကွာ" ဟုအော်ပြောရင်း ရေထဲသို့ ပြန်နစ်သွား၏။ ဦးအာစာရသည် 'ပေး' ဟူသောစကားကို မကြိုက်၊ ပစ္စည်းဥစ္စာမပြောနှင့် သူ့လက်ကိုပင် လှမ်းမပေးချင်။ ထို့ကြောင့် သေချင်သေပါစေဟူသော သဘောဖြင့် လက်ကို လှမ်းမပေးဘဲ ပြန်နစ်သွားခြင်း ဖြစ်၏။ ထိုအဖြစ်ကို ကြားနေမြင်နေရသော ဦးကောဝိဒက–

"ဒကာတွေ ဦးအာစာရကို ပေးဆိုတဲ့စကားမပါအောင် ပြောပြီးကယ်ကြ၊ နို့မို့ဆို အသေသာခံသွားမယ့်ကိုယ်တော်" ဟု လှမ်းအော်သတိပေးသဖြင့် ဦးအာစာရ ဒုတိယအကြိမ် ရေပေါ် ပေါ်လာသောအခါ –

"ဦးအာစာရ တပည့်တော်လက်ကလေး အလှူခံလိုက်ပါဘုရား" ဟု လျှောက်သောအခါတွင်မှ"အေး" ဟုပြောပြီး ဒကာ၏လက်ကို လှမ်းဆွဲကာ လှေပေါ်တက်လာသော ဟူ၏။

**ဒကာဒကာမများသည် လောဘကိုသတ်ပြီး ပစ္စည်းလေးပါးကို လှူဒါန်းကြခြင်း ဖြစ်၏။ ထို့ကြောင့် လှူပြီးပစ္စည်းကို ထွေးပြီး သားတံတွေးလို သဘောထားကြ၏။ ဒကာ,ဒကာမတို့ စွန့်လှူထားသော ပစ္စည်းများကို စွဲလန်း တပ်မက်နေသော ရဟန်းသည် ဒကာဒကာမတို့ ထွေးထုတ်လိုက်သောတံတွေးကို ပြန်မျိုသည်နှင့် တူလှ၏။**

ဤစာအုပ်ရေးဆဲ ၂၀၀၇ ခုနှစ်၊ လေးလပိုင်းအတွင်းမှာပင် အညာဒေသမှ ရှစ်ဝါရ ရဟန်းတစ်ပါး ရွှေပြည်သာကျောင်းသို့ ရောက်လာ၏။ ရန်ကင်း မိုးကောင်းဘုရားတွင် ညတရားပွဲဟောစဉ်က စာသင်သားသံဃာများ လမ်းကြုံ



www.burmeseclassic.com

www.burmeseclassic.com



လျှင် မန္တလေးကျောင်းတိုက်သို့ ဝင်ခဲ့ပါ။ သင်္ကန်းတစ်စုံနှင့် ငွေငါးထောင်လှူမည်ဟု တရားနာလာသော သံဃာများကို လျှောက်ထားခဲ့၏။

သူသည် ရန်ကင်း၌စာလိုက်နေသည့် ဓမ္မာစရိယနှစ်ကျမ်းစွဲ စာသင်သားတစ်ပါး ဖြစ်၏။ သူလာခြင်း အကြောင်းမှာ ခြေဖဝါးတွင် ဖြစ်နေသော အနာကို ကုချင်ပါလျက် ငွေမရှိသောကြောင့်အကူညီလာတောင်းခြင်း ဖြစ်ကြောင်း သိရသဖြင့် ဆေးရုံတက်ရောက်ကုသရန် ငွေတစ်သိန်းခွဲ လှူလိုက်၏။

ထိုသို့လှူပြီး လေးလခန့်အကြာတွင် စာရေးသူထံ တစ်ခေါက်ပြန်ရောက်လာပြန်၏။ ပြန်လာရခြင်းအကြောင်းမှာ ယခုနှစ်သင်္ကြန်တွင် ကျုံမငေး မြို့၊ နတ်ထိပ်ကျောင်း၌ စာရေးသူပြသမည့် တရားစခန်းကို ဝင်ရောက်ရန်အတွက် ဖြစ်သည်။ တရားစခန်းဝင်ပြီး ရင်းနှီးသွားသောအခါတွင်မှ သူ့အကြောင်းကို သေချာသိရ၏။

သူ့ဖခင်တွင် အသည်းကင်ဆာရောဂါ ဖြစ်သဖြင့် ရှာရှိအိမ်နှင့် ခြံကို ပေါင်ပြီး မန္တလေးဆေးရုံကြီးတွင် ဆေးသွားကုရ၏။ ရောဂါမပျောက်ဘဲ ဆေးဖိုးငွေလည်းကုန် ဖခင်လည်း ဆုံးသွားသဖြင့် အိမ်နှင့်ခြံကို ပြန်မရွေး နိုင်တော့ပေ။ တစ်ရာတစ်ဆယ်တိုးဖြင့် အိမ်နှင့်ခြံကို ငွေတစ်သိန်းခွဲဖြင့် ပေါင်ခဲ့ရာ သုံးနှစ်ကြာသောအခါ အတိုးပင် ငါးသိန်းစွန်းစွန်း ဖြစ်နေသဖြင့် အရင်းနှင့်ပေါင်းပါက ခုနှစ်သိန်းခန့်ထိဖြစ်နေရာ အိမ်မှာရှိသော နှမနှင့် အမေမှာ ထိုငွေခုနှစ်သိန်းကို တစ်ဘဝလုံးရှာလည်း ဆပ်နိုင်စရာအကြောင်း မရှိတော့ပေ။

ထို့ကြောင့် သူသည် ယခုတရားစခန်းအပြီး လူဝတ်လဲကာ အလုပ်ထွက်လုပ် ငွေရှာရတော့မည် ဖြစ်ကြောင်း ပြောပြရှာ၏။ ဤကဲ့သို့ ကိစ္စမျိုးတွင် စာရေးသူသည် ဘယ်သောအခါမှ လက်မနှေး၊ ကပ္ပိယကို ငွေခုနှစ်သိန်းထုတ်ပေးခိုင်းကာ အိမ်နှင့်ခြံကို ပြန်ရွေးပေးလိုက်သဖြင့် သူသည် ယခုအခါ လူဝတ်လဲစရာမလိုတော့ပဲ စာရေးသူထံ တရားအလုပ်စာပေအလုပ်များကို ဆက်လက် လုပ်နိုင်ပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်ရပ်၌ အပေါင်ခံသော မိသားစုသည် ဗုဒ္ဓဘာသာများပင် ဖြစ်၏။ ဓမ္မာစရိယတန်း ပြီးခါနီး ရဟန်းတော်တစ်ပါး သာသနာတော်မှ အဆုံးရှုံးခံလူဝတ်လဲပြီးမှ ဆပ်ရမည့် အတိုးငွေမျိုးကို လောဘရမ္မက်ကြီး စွာဖြင့် မယူသင့်ပေ။ သင့်တင့်သော အတိုးငွေလေး ယူပြီး အိမ်နှင့်ခြံကို ပြန်ပေးသင့်၏။

စာရေးသူနှင့်သာမတွေ့လျှင် ကိုယ်တော်လေး လူဝတ်လဲရသည့်တိုင်အောင် သူတို့မိသားစုသည် အိမ်ပေါ်မှ ဆင်းပြီး လမ်းဘေးရောက်ကြတော့မည် ဖြစ်၏။ စီးပွားရှာရာ၌ မိမိမိသားစု ထောက်ပံ့ကျွေးမွေးရုံလောက် ရှာဖွေလျှင် မိသားစု ထောက်ပံ့ကျွေးမွေးရုံလောက်သာရ၏။ လောကကို ထောက်ပံ့ကျွေးမွေးနိုင်သည်အထိ ရှာဖွေလျှင် လောကကို ထောက်ပံ့ကျွေးမွေး နိုင်သည့်အထိ ရရှိ၏။

**ဤသည်ကိုရည်ရွယ်၍ ရှေးဆရာတော်ကြီးများက တရားကို ရှာဖွေလျှင် မနက်ဖြန်သေရမလို သဘောထားပြီး ရှာရမည်။ စီးပွားဥစ္စာကို ရှာဖွေလျှင် တစ်ကပ်တစ်ကမ္ဘာ စားရမလောက် သဘောထားပြီး ရှာဖွေရမည်။**

ဟု ဆုံးမတော်မူခဲ့ခြင်း ဖြစ်ဟန်တူ၏။ ဤနေရာ၌ အတိုးပေးစားသူများ အတုယူသင့်သည့် လူသူတော်ကောင်းကြီးတစ်ယောက် အကြောင်းကို တင်ပြအံ့။

မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့နယ်၊ ကုန်းသာရွာ၌ ဦးကျောက်ခဲ အမည်ရှိ အမျိုးသားကြီးတစ်ယောက် ရှိ၏။ ဦးကျောက်ခဲသည် ယခုဘဝခန္ဓာ နှင့် မိသားစုများ ရှိနေသည့်အတွက် လောကီဥစ္စာ သုံးမျိုးကိုလည်း သမ္မာအာဇီဝကျစွာ မနေမနား ရှာဖွေ၏။

နောက်ဘဝသံသရာများစွာ ရှိသည့်အတွက် အနုဂါမိကခေါ် ကုသိုလ်ဥစ္စာကိုလည်း ရှာဖွေစုဆောင်း၏။

## ဥစ္စာလေးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာသည် ထာဝရဥစ္စာ၊ ဇင်္ဂမဥစ္စာ၊ အင်္ဂသမဥစ္စာ၊ အနုဂါမိကဥစ္စာ ဟုလေးမျိုးရှိ၏။ ထာဝရဥစ္စာဟူသည် ရွှေ့ပြောင်း၍ မရကောင်းသော တိုက်တာ ခြံမြေ၊ လယ်ယာချောင်းမြောင်းတို့ကို ဆိုလိုခြင်း ဖြစ်၏။

ဇင်္ဂမဥစ္စာဟူသည် ရွှေ့ပြောင်း၍ ရကောင်းသော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ရွှေ၊ ငွေရတနာများကို ဆိုလိုခြင်း ဖြစ်၏။

အင်္ဂသမဥစ္စာဟူသည် အသက်မွေးဝမ်းကျောင်းအတွက် တတ်မြောက်ထားသော အတတ်ပညာ မှန်သမျှကို ဆိုလိုခြင်းဖြစ်၏။

အနုဂါမိကဥစ္စာဟူသည် ဒါန၊သီလ၊ ဘာဝနာကုသိုလ် ဥစ္စာကို ဆိုလိုခြင်းဖြစ်၏။ ဤလေးမျိုးတွင် ရှေ့သုံးမျိုးကို လောကီဥစ္စာဟု ခေါ်၏။ နောက်ဆုံးတစ်မျိုးကို ကုသိုလ်ဥစ္စာ(သို့) သံသရာဥစ္စာဟု ခေါ်၏။

## လူဖြစ်ရခြင်းရဲ့အဓိကရည်ရွယ်ချက်

ဈေးရောင်းနေသူ တစ်ယောက်ကို "ခင်ဗျားလူလာဖြစ်တာ ဈေးရောင်းဖို့တစ်ခုတည်း အတွက်လား"အင်ဂျင်နီယာတစ်ယောက်ကို "ခင်ဗျား လူဖြစ်လာတာ အင်ဂျင်နီယာလုပ်ဖို့ တစ်ခုတည်းအတွက်လား" ကံထရိုက်တာ တစ်ယောက်ကို "ခင်ဗျားလူလာဖြစ်တာ ကံထရိုက်တာလုပ်ဖို့ တစ်ခုတည်း အတွက်လား" ဟုမေးခဲ့လျှင် ရုတ်တရက်ဘာဖြေရမှန်း မသိအောင် နှုတ်ဆွံ့သွားမှာ သေချာ၏။

လူသားအများစုသည် အသက်သာ ငါးဆယ်ကျော်၍ ခြောက်ဆယ် နားကပ်လာသည် မိမိလူလာဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကိုသိသူ အလွန်နည်း၏။

> လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထဘာဝနာကုသိုလ်၊ ဝိပဿနာဘာဝနာ ကုသိုလ်၊ မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ် ခြောက်မျိုးလုံးကို အရယူရန်အတွက် ဖြစ်၏။ စီးပွားဥစ္စာရှာဖွေခြင်းသည်ပင် ထို



www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ခြောက်မျိုး ပြုလုပ်ရန်အတွက် ဖြစ်၏။ ၃၁ ဘုံတွင် အပါယ်လေးဘုံသည် ဆင်းရဲဒုက္ခတွေ များလွန်း အားကြီး၍ မည်သည့်ကုသိုလ်မျှ ပြုလုပ်၍မရ။ နတ်ဘုံခြောက် ဘုံနှင့် ဗြဟ္မာ့ဘုံနှစ်ဆယ်သည်ကား ချမ်းသာသုခတွေ များ လွန်း အားကြီး၍ ကုသိုလ်တရားများကိုပင် တင်းပြည့် ကျပ်ပြည့် ပြုလုပ်၍ မရပြန်။

ဥပမာအားဖြင့် နတ်ပြည်၊ ဗြဟ္မာပြည်၌ အလှူခံမရှိ၍ ဒါနကုသိုလ် မည်သို့သောနည်းနှင့်မျှ မရနိုင်ခြင်းမျိုးတည်း။ ထို့ကြောင့် ၃၁–ဘုံတွင် ဤလူ့ဘုံ တစ်ဘုံတည်းသာလျှင် ကုသိုလ်အားလုံးကို ဆည်းပူးအားထုတ်၍ ရ၏။ ဘုရားအလောင်းတော်များဆိုလျှင် နတ်ပြည်ရောက်ခဲ့လျှင်ပင် သက်တမ်း ပြည့် မနေဘဲ နတ်သက်ချွေကာ လူ့ပြည်ပြန်လာပြီး ကုသိုလ်ပြုကြ၏။

ဤအချက်များကြောင့် လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် ကုသိုလ်ပြုဖို့အတွက် ဟု ဆိုခဲ့ရခြင်းဖြစ်၏။ လူ့ဘဝခန္ဓာရကြတာခြင်း တူသော် လည်း အသုံးချပုံခြင်းကား မတူကြ။

## ပညာရှိနှင့် ပညာမဲ့ လူ့ဘဝအသုံးချပုံ

**ပညာမဲ့ လူမိုက်များသည် ရလာသော လူ့ဘဝခန္ဓာကို အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိဟူသော ကာမဂုဏ် ခံစားဖို့အတွက် အသုံးချ၍ အပါယ်လေးပါးသို့ သွားကြ၏။ ပညာရှိ လူလိမ္မာများသည် ရလာသော လူ့ဘဝခန္ဓာကို ကုသိုလ်ရဖို့အတွက် အသုံးချ၍ နိဗ္ဗာန်သို့ သွားကြ၏။**

ဦးကျောက်ခဲကား လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကို သေချာ သိထားသူဖြစ်၏။ ထို့ကြောင့် ပစ္စည်းဥစ္စာကို များများရအောင်ရှာသလို များများလည်း လှူဒါန်း၏။ ဦးကျောက်ခဲသည် လယ်နှင့်ယာကိုလည်း လုပ်၏။ အရောင်း အဝယ်လည်းလုပ်၏။ အပေါင်လည်းခံ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးကျောက်ခဲအပေါင်ခံခြင်းကား ကိုယ့်အကျိုးသူ့အကျိုး နှစ်မျိုးလုံးပါ၏။ အပေါင်ခံသူမိမိမှာ အတိုးအမြတ်ရသလို ပေါင်သူမှာလည်း ငွေ ရင်းငွေနှီးရသွား၏။ အပေါင်ခံထားသော လယ်ယာများကို ကိုယ်တိုင်ဦးစီးပြီး စိုက်ပျိုး၏။ အပေါင်ခံသောလယ်မှ ထွက်သမျှသီးနှံတို့၏ တန်ဖိုးငွေကို စာရင်းနှင့်မှတ်ထား၏။

တစ်သိန်းနှင့် အပေါင်ခံထားသောလယ်သည် သီးနှံတစ်သိန်းဖိုးကျော် အောင် ထွက်ပြီးသည် ဆိုသည်နှင့် ဆက်ယူမထားတော့ပဲ ပိုင်ရှင်အား ခေါ်၍ ပြန်ပေးလိုက်တော့သည်။ မြန်မာအချင်းချင်း ခေါင်းပုံဖြတ် အမြတ် ကြီးစားနေသည့် အပေါင်ခံသူများ အတုယူစရာပင်ဖြစ်၏။

ရွာထဲမှာ စားဖို့သောက်ဖို့ အဆင်မပြေသူများရှိလျှင် တစ်အိမ်လျှင် စပါးတစ်တောင်း လာယူခွင့်ပြု၏။ ပေးသူနှင့် ယူသူတွင် ပစ္စက္ခမျက်စေ့ဖြင့် ကြည့်ပါက ယူသူကရ၏။ သံသရာမျက်စေ့ဖြင့် ကြည့်ပါက ပေးသူကရ၏။ ဦးကျောက်ခဲ၏ ဉာဏ်ပညာသည် ထိုမျှအထိ ထိုးထွင်း၍မြင်၏။ ဤကဲ့သို့ သံသရာ တစ်လျှောက်ထိ ထိုးထွင်း၍ သိသောပညာကိုသာ တကယ့်ဉာဏ် ပညာဟု ဆိုရ၏။

ဤတစ်ဘဝစာ အသုံးချရုံ တတ်ထားသမျှ ဘွဲ့ဒီဂရီအားလုံးတို့သည် သင်၍တတ်ရသောကြောင့် သညာသိသာဖြစ်၏။ ဘွဲ့ဒီဂရီ ကြီးကြီး ရာထူး မြင့်မြင့် ရထားပါလျက် စိတ်ဓာတ်ညံ့ဖျင်း ကိုယ်ကျင့်သီလယွင်းသူများကို တွေ့ ရခြင်းအားဖြင့် ထိုအတတ်ပညာများသည် ပညာသိမဟုတ် သညာသိသာ ဖြစ် ကြောင်း ထင်ရှား၏။

စပါးလာတောင်းသူများကို ဦးကျောက်ခဲက စပါးလည်းပေး၏။ ဒါနကုသိုလ် ယူနည်းကိုလည်း ပေး၏။ အိမ်ပြန်ရောက်လျှင် ဆန်တစ်ပြည်စာ စပါးမြန်မြန်ဖွပ်ပြီး သံဃာတော်များကို ဆွမ်းလောင်းဖို့ မှာလိုက်ခြင်းပါ တည်း။

**မိမိကိုယ်မိမိ ကြည်ညိုသူများအတွက် သေခြင်းတရားသည် ချစ်စရာ ကောင်းသော မိတ်ဆွေသာ ဖြစ်၏။ မိမိကိုယ်မိမိ**



www.burmeseclassic.com

www.burmeseclassic.com



**မကြည်ညိုသူများအတွက်ကား သေခြင်းတရားသည် ကြောက်စရာကောင်းသော ရန်သူသာ ဖြစ်၏။**

ဗုဒ္ဓလက်ထက်က ဓမ္မိကအမည်ရှိ ဥပါသကာ တစ်ယောက်ရှိခဲ့၏။ လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် ကုသိုလ်အားလုံးအရယူဖို့ ဆိုသည်ကို သိထားသော ဥပါသကာကြီးသည် စီးပွားရေးကို အားတက်သရော ရှာဖွေပြီး လောကအတွက်၊ သာသနာအတွက် စွန့်လွှတ်လှူဒါန်း၏။ များများလည်း ရှာ၏။ များများလည်း လှူ၏။ သူသေမည့် အချိန်ကို ကြိုတင်သိထားသည့် အတွက် သံဃာတော်များကို ပင့်ပြီး အိပ်ယာထဲမှာပင် တရားနာ၏။ ဇရာဒဏ် ရောဂါဒဏ်ကြောင့် အိပ်ယာထဲမှ နာခြင်းဖြစ်၏။ ထိုသို့ တရားနာနေဆဲ အချိန်မှာပင် နတ်ပြည်မှ ရထားခြောက်စင်းရောက်လာပြီး၊ သူ့ရထားပေါ် တက်ပါ၊ ငါ့ရထားပေါ်တက်ပါနှင့် အလုအယက် ဆူညံစွာ အော်ဟစ် ခေါ်ယူနေကြ၏။ ဥပါသကာကြီးသည် သူသေရမည်ကိုလည်း သိ၏။နတ်ပြည် ရောက်မည်ကို လည်းသိ၏။ သို့သော် တရားကိုကား ဆုံးအောင် နာယူသွား ချင်၏။

ထို့ကြောင့် နတ်ရထားများကို "ခဏဆိုင်းပါဦး"ဟုလှမ်းပြောလိုက်၏။ ရဟန်းတော်များမှာ သူတို့ကို တားမြစ်သည်ဟု ထင်ကြသည့်အတွက် ကျောင်းသို့ ပြန်ကြွသွားကြ၏။ ထိုအခါ အနားမှ စောင့်ကြည့်နေကြသော သားသမီး များသည် "ငါတို့ဘခင်ကား ဤမျှလောက်ထိ ကုသိုလ်ကောင်းမှုတွေ ပြုလုပ် ပါလျက် သေခြင်းတရားကို ကြောက်ရွံ့ပြီး ထင်မိထင်ရာတွေ ပြောပါပေါ့လား" ဟု တွေးထင် ငိုကြွေးကြ၏။

ထိုအခါ ဥပါသကာကြီးက ငိုကြွေးခြင်းအကြောင်းကို မေးမြန်း၍ သားသမီးတို့ အဖြေကိုသိရသောအခါ "ငါသည် သေခြင်းတရားကို မကြောက် နတ်ရထားများကိုသာ တရားနာမပြီးမီ မခေါ်သေးရန် တားမြစ်ခြင်း ဖြစ်သည်။ ရဟန်းတော်များကို တရားဆက်မဟောရန် တားမြစ်ခြင်းမဟုတ်" ဟု ရှင်းပြ၏။ သို့သော် နတ်ရထားများကို သားသမီးများက မမြင်ရသဖြင့် မယုံနိုင် ဖြစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဥပါသကာကြီးက ပန်းကုံးများ ပြုလုပ်ခိုင်းပြီး နတ်ပြည် ခြောက်ထပ်တွင် မွေ့လျော်ဖွယ်ရာ အကောင်းဆုံး နတ်ပြည်မှရထားဒွ် ဤပန်း ကုံး ကိုချိတ်မိရန် အဓိဋ္ဌာန်ပြီး“ ကောင်းကင်ကိုပစ်မြှောက်လိုက်ပါ” ဟုစေ ခိုင်း၏။

နောင်ပွင့်မည့် ဘုရားအလောင်းတော် အရိမေတ္တေယျ နတ်သားနေ ထိုင်သည့် တုသိတာနတ်ရထားသို့ချိတ်ရန် အဓိဋ္ဌာန်၍ ပန်းကုံးကို ကောင်းကင်သို့ မြှောက်တင်လိုက်ရာ နတ်ရထားကို ချိတ်မိပြီး တွဲလဲဖြစ်နေ၏။

ထိုအခါကျမှ သားသမီးများမှာ ဥပါသကာကြီး၏ စကားကို ယုံကြည် သွားကြ၏။ ဥပါသကာကြီးသည် စီးပွားရေး၊ ကုသိုလ်ရေးကို နှစ်မျိုးလုံး ရှာဖွေ ရန် ဩဝါဒပေးပြီး တစ်ဘဝချုပ်ဆုံးလေ၏။ ကောင်းကင်တွင် လှမ်းမြင်နေရ သော ပန်းကုံးမှာလည်း အထက်သို့ တဖြည်းဖြည်းတက်၍သွားရာ နောက်ဆုံး မမြင်ရတော့သည်အထိပင် ဖြစ်၏။

(ဓမ္မပဒအဋ္ဌကထာ၊ ဓမ္မိကဥပါသကာဝတ္ထု)

## ဦးကျောက်ခဲ အသေပြင်ပုံ

ဤသည်ကား လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၅ ခုနှစ်ကျော်က သူတော် ကောင်းတစ်ယောက်၏ သေဆုံးပုံဖြစ်၏။ ယခုနှစ်ဆယ့်တစ်ရာစုထဲမှ သူတော် ကောင်းတစ်ယောက်ဖြစ်သော ဦးကျောက်ခဲ၏ သေဆုံးပုံကို ရှုဦးလော့။ ဦးကျောက်ခဲသည် ကုသိုလ်တရားနှင့် အမြဲနေ၍ စိတ်သန့်ရှင်း၏။

စိတ်သန့်ရှင်းသောအခါ စိတ်ကြောင့် ဖြစ်ရသော ရုပ်သည်လည်း သန့်ရှင်းရတော့၏။ ထို့ကြောင့် ရောဂါဘယကင်းပြီး ကျန်းမာစွာဖြင့် အသက် ရှစ်ဆယ်ကျော်အရွယ်သို့ ရောက်လာ၏။ ဦးကျောက်ခဲသည် ဘာဝနာပွားများ မှုရှိသောကြောင့် သမာဓိအားကောင်း၏။ သမာဓိ အားကောင်းသောကြောင့် သေရမည့်အချိန်ကို ကြို၍သိ၏။ မနက်စောစော အိပ်ယာကထ ထမင်းစားပြီး ရေနွေးကြမ်းသောက်နေရင်းဖြင့် ဇနီးဖြစ်သူကို တည်ငြိမ်သော လေသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပြော၏။

"ရှင်မ၊ ဒီနေ့ညနေ ငါ့သက်တမ်းကုန်ပြီ။ ဒါ့ကြောင့် မသေမီမှာ ရွာဦးကျောင်း ဆရာတော်ကို နေ့ဆွမ်းကပ်ပြီး ဓမ္မစကြာတရား နာလိုက်ချင် တယ်။ ဆွမ်းကပ်ရအောင် စီစဉ်ပါ"

"ဟင် ကိုကျောက်ခဲကလည်း နိမိတ်မရှိ နမာမရှိ။ မနက်စောစော ဘာတွေလျှောက်ပြောနေတာလဲ"

"ရှင်မရာ၊ အသက်ပဲ ရှစ်ဆယ်ကျော်နေပြီ။ ကလေးကလား မဟုတ်တာပြောပါ့မလား ကဲအိမ်မှာ ငါးခြောက်ကောင်းကောင်း ရှိတယ်။ အဲဒါကို ခရမ်းချဉ်သီးနဲ့ သေချာချက်ထား ငါသရက်သီးနဲ့ ဟင်းရွက်ကလေး သွားရှာဦးမယ်" ဟုဆိုကာ ထသွားသဖြင့် ဇနီးဖြစ်သူမှာ သမီးများမြေးများကို ခေါ်၍ ဆွမ်းနှင့် ဟင်းကို ချက်ပြုတ်ရလေ၏။ သို့သော် ဦးကျောက်ခဲ ညနေဆုံးမည် ဟူသော စကားကိုကား လုံးလုံးမယုံ။ ခဏကြာသောအခါ ဦးကျောက်ခဲသည် သရက်သီး များနှင့်အတူ ဟင်းရွက်မျိုးစုံ ခူးလာသည်ကို တွေ့ရ၏။

ဦးကျောက်ခဲကား အေးအေးဆေးဆေးပင် စီစဉ်ပေးနေ၏။

"သရက်သီးကို ငါးပိဖုတ်ထည့်ပြီး ထောင်း။ ရေပ်သီးလည်းနည်းနည်းထည့်။ ဟင်းရွက်စုံကိုတော့ ပုဇွန်ခြောက်လေးထည့်ပြီး ဟင်းချိုချက်ကွာ။ ငါကိုယ်တိုင် ဆရာတော်ကိုသွားပင့်မယ်။ အိမ်နီးချင်းတွေကိုလည်း တရားနာရအောင် ဖိတ်ထားလိုက်"

ဆရာတော်ကြွလာသောအခါ ဆွမ်းကပ်ပြီး တရားနာယူကြ၏။ ဆရာတော်၏တစ်သက်တာအတွင်း အမြိန်ဆုံးဆွမ်းပွဲဟု ချီးကျူးသွားသဖြင့် ဦးကျောက်ခဲနှင့် မိသားစုမှာ ဝမ်းသာကြရ၏။ ဆရာတော်အများစုမှာ တကူးတကချက်သော ဆီပြန်ဟင်းများကို မဘုဉ်းပေးလိုကြ။ မိမိတို့အိမ်တွင် စားနေကျ တမယ်ကောင်းချက်သော ဟင်းများကိုသာ ဘုဉ်းပေးလိုကြသည်။

ထိုအချက်ကို သိသောကြောင့် ဦးကျောက်ခဲက ကြက်သားဆီပြန်၊ ဝက်သားဆီပြန်တွေမပါဘဲ၊ ဆွမ်းကပ်ခြင်း ဖြစ်၏။ ပြီးလျှင် ဧည့်သည်များကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွေးမွေးကာ သူတို့မိသားစုလည်း စားကြ၏။ အားလုံးပြီးကြလျှင် တရား ဝါသနာပါသော မိတ်ဆွေရင်းများနှင့် တရားအကြောင်းကို စိတ်ပါဝင်စားစွာ ဆွေးနွေးကြရင်း ညနေလေးနာရီခန့်သို့ ရောက်လာ၏။ ဦးကျောက်ခဲသည် နာရီကိုလှမ်းကြည့်ရင်း –

"ကဲ၊ ငါ့အတွက်တော့ အချိန်ကျပြီ။ မင်းတို့လည်း လူ့ဘဝခဏတာ နေရတဲ့အချိန်လေး ကုသိုလ်ပဲ ဖြစ်အောင်ကြိုးစားကြပေါ့ကွာ" ဟုပြောပြီး အိပ်ယာ ပေါ်တက်အလဲ့တွင် တစ်ဘဝငြိမ်းလေတော့၏။

## သိန်းနှစ်ဆယ် အကြွေးတင်ခံ လှူသူ

၂၀၀၆ ခုနှစ်ခန့်က ဆရာတော်တစ်ပါး ကျောင်းသို့ကြွလာပြီး ကျောင်းမြေအတွက် သိန်းနှစ်ဆယ်လောက်လှူရန် အလှူခံ၏။ ထိုဆရာတော်နှင့် သိသည်မှာ တစ်နှစ်ကျော်သာရှိသေး၏။ ရိပ်သာဖွင့်ပြီး တရားပြမှာ ဖြစ်ကြောင်း ကျောင်းမြေမှာ သိန်းသုံးဆယ်သွင်းရမှာ ဖြစ်ပြီး၊ ဒကာ၊ဒကာမများမှ ဆယ်သိန်းခန့်သာ လှူနိုင်သောကြောင့် သိန်းနှစ်ဆယ်လိုနေခြင်း ဖြစ်ကြောင်း ရှင်းပြ၏။

စာရေးသူသာ မလှူလျှင် ကျောင်းမြေကွက်မှာ လက်လွှတ်ရတော့မည်ဖြစ်သည်။ လှူမည်ဟု ဆုံးဖြတ်ပြီး ကပ္ပိယနှင့် ဘိုးတိုးတိတ်တိတ်သွားဆွေးနွေးရ၏။ စာရေးသူသည် တရားပွဲတွေ ဟောရသဖြင့် အလှူငွေတွေ ရပါ၏။ တရားပွဲမှာ တစ်ရက်တစ်ပွဲသာ ဟောရသော်လည်း အကူညီလာတောင်းသူများမှာ တစ်ခါတရံ တစ်ရက်ထဲ ငါးဦးလောက် ရှိနေတတ်သည်။

ထို့ကြောင့် ထောက်ပံ့လှူဒါန်းခွင့်ရှိသော နဝကမ္မငွေမှာ ပြတ်နေတတ်သည်။ ထို့ကြောင့်လည်း ကပ္ပိယထံသွားပြီး တိုးတိုးမေးရခြင်းဖြစ်၏။

"စိုးတင့်၊ ဒီဆရာတော်ကို ကျောင်းမြေအတွက် သိန်းနှစ်ဆယ် လှူချင်တယ်။ ငါ့ရဲ့နဝကမ္မငွေ ရှိသေးလား"

"ဆရာတော့်နဝကမ္မငွေ ကုန်နေပြီဘုရား"

ကပ္ပိယထံတွင် ငွေသုံးမျိုး စာရင်းဇယားနှင့်ထား၏။ မော်ဘီမြို့တွင်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ဆဲ 'သုဒ္ဓဝိပဿနာကျောင်း' အတွက်လှူဒါန်းထားသောငွေများ၊ စာအုပ်ရောင်းရငွေများ၊ တရားပွဲနှင့် ဆရာတော်လိုအပ်သည့် နေရာတွင် သုံးစွဲပါဟု လျှောက်ထား၍ လှူသောငွေများဖြစ်၏။ ထိုသုံးမျိုးတွင် ကျောင်းငွေကို ကျောင်းသာဆောက်ရသည်။ တခြားနေရာမသုံးရ။ မပေးရ။

စာအုပ်ဖိုးငွေသည် စာအုပ်ပြန်ရိုက်ဖို့သာ သုံးရသည်။ တခြားနေရာ မသုံးရ၊ မပေးရ။ တတိယမြောက်ငွေထဲမှသာလျှင် ဒုက္ခရောက်သူများကို ထောက်ပံ့ကူညီနိုင်သည်။ ယခုနဝကမ္မ ငွေကုန်နေပြီ။ သို့သော် လှူချင်စိတ်က အားကြီး နေသည်။ ထို့ကြောင့် ကျောင်းဆောက်မည့် ငွေထဲမှ သိန်းနှစ်ဆယ် ခဏချေးကာ ဆရာတော်အား လှူဒါန်းလိုက်သည်။

တရားပွဲများမှ ငွေရသောအခါတွင် ထိုချေးငွေကို ပြန်ဆပ်ရဦးမည်။

ဆရာတော်ဦးဆောက်နွှ၏ ဩဝါဒစာပိုဒ်ကလေးတစ်ခု ဖတ်ရဖူး၏။

**ကဲ့ရဲ့စရာတွေ့ရင် ပါးစပ်ကို တတွတ်တွတ်နဲ့ အမြဲဖွင့်တတ်ပေမယ့် ချီးမွမ်းစရာကြုံရင်တော့ သော့ခတ်ပြီး အသေပိတ်ထားတတ်တယ်။**

မှန်၏။ ကိုယ့်ထက်သာတာကို ချီးမွမ်းလျှင် မုဒိတာဟူသော ကုသိုလ်တရားဖြစ်ပွားခွင့်ရ၏။ မချီးမွမ်းနိုင်လျှင် ဝဏ္ဏမစ္ဆရိယ ဟူသောအကုသိုလ် ဖြစ်၏။ အသိဉာဏ်နည်းပါးသော လူအများစုသည် အကုသိုလ်ကိုသာ ယူကြသည်။ ကုသိုလ်တရားကို မယူကြ။ ဝဏ္ဏမစ္ဆရိယ ရှိသူများသည် ဖြစ်ရာဘဝ အရုပ်ဆိုးအကျည်းတန်ဘဝ ရောက်ရတတ်၏။

စာရေးသူသည် ရဟန်းတစ်ပါးသာဖြစ်၍ စီးပွားရေးလုပ်ငန်းမရှိ။ ဒကာ၊ ဒကာမတို့ စုပေါင်းလှူဒါန်းငွေကို ခြစ်ခြုတ်စုပြီး မိမိကိုယ်ရေးကိုယ်တာအတွက် မသုံးဘဲ နွမ်းပါးသူများကို ပြန်လည် စွန့်ကြဲခြင်းသာ။

စာရေးသူသည် ယခုလို ဘုန်းကံမကြီးမားမီကပင် တတ်နိုင်သမျှ ပေးကမ်းလှူဒါန်းနေသည်မှာ ကြာခဲ့ပြီ။ သို့သော် ဝဏ္ဏမစ္ဆရိယရှိသူများက "လှူနိုင်မှာပေါ့၊ ဒီကိုယ်တော်က ဘုန်းကြီးတော့ ငွေတွေပေါနေတာ" ဟုပြောတတ် ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူများကို ပြန်ပြောပြချင်၏။

**ငွေပေါ်များတိုင်း မလှူပါ။ သဒ္ဓါတတ်ပေါ်များမှသာ လှူဒါန်း နိုင်သည်။ သဒ္ဓါတတ်ကြီးမားသူအတွက် လှူချင် စရာပစ္စည်းတွေ အမြဲတမ်းပိုနေတတ်ပေမယ့်၊ လောဘ တတ် ကြီးမားသူအတွက် ယူချင်စရာပစ္စည်းတွေ အမြဲတမ်း လိုနေတတ်ပေသည်။**

ဘုန်းကြီးလို့ လှူနိုင်တာဟု ပြောသူများကိုလည်း ဒဿနလေး တစ်ခု ထည့်ပေးလိုက်ချင်၏။ ဘုန်းဆိုသည်မှာ ပုညသဒ္ဒါမှလာခြင်းဖြစ်၏။ ပုညသဒ္ဒါမှလာခြင်းကြောင့် စပြောစအချိန်က ပုန်းကြီးသည်ဟုသာ ပြော ကြ၏။ ကာလကြာသောအခါ ပုန်းမှ ဘုန်းဖြစ်လာခြင်းပင်။ ပုညသဒ္ဒါသည် ကုသိုလ်ကို ဟော၏။ ထို့ကြောင့် ဘုန်းကြီးသူ ဟူသည် **"ကုသိုလ်များသူ"** ဟုဆိုလိုခြင်း ဖြစ်၏။

ဘုန်းကံမရှိဟု ပြောခြင်းသည် ကုသိုလ်မရှိဟု ပြောခြင်းပင် ဖြစ်၏။ ထို့ကြောင့် ဘုန်းကြီးလိုက ကုသိုလ်လုပ်ရန်သာ ရှိ၏။ တခြားဖြတ်လမ်း မရှိပေ။ ဤအထိ ရေးပြနေသည်မှာ စာရေးသူ၏ ကိုယ်ရေးကိုယ်တာ စားဝတ်နေရေး ခြိုးခြံချွေတာနေခြင်းသည် နမြော်ခြင်းမဟုတ်။ ရောင့်ရဲခြင်း စည်းစနစ်ရှိခြင်းတို့ကြောင့်သာ ဖြစ်ကြောင်း ခိုင်လုံစွာသိစေလို၍ဖြစ်၏။ စာရေး သူသည် နမြော်သူသာဖြစ်ပါက ယခုလိုလူမှုရေးကိစ္စများတွင် ကူညီထောက်ပံ့ လိမ့်မည် မဟုတ်ပေ။

အာရက္ခသမ္ပဒါအကြောင်း ရှင်းပြပြီး၍ သမဇီဝိတသမ္ပဒါအကြောင်း ကို ဆက်အံ့။

သမဇီဝိတသမ္ပဒါဟူသည် အဝင်အထွက် မျှတအောင်သုံးစွဲခြင်းပင် ဖြစ်၏။ အဝင်များပြီး အထွက်နည်းအောင် သုံးစွဲတတ်ရမည်ဟုဆိုလို၏။

အာရက္ခသမ္ပဒါကို လိုက်နာကျင့်ကြံက သမဇီဝိတသမ္ပဒါသည်



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်ပြီးသလောက် ဖြစ်နေသဖြင့် အကျယ်မချဲ့လိုတော့ပေ။

ကလျာဏမိတ္တသမ္ပဒါသည် မိတ်ဆွေကောင်းရှိခြင်းကို ဆိုလို၏။ မိတ်ဆွေကောင်း၏ အင်္ဂါ ခုနစ်ချက်ကို အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်၊ ပဌမမိတ္တသုတ်လာအတိုင်း ဖော်ပြအံ့။

## မိတ်ဆွေကောင်းအင်္ဂါ ခုနစ်ပါး

၁။ ပေးနိုင်ခဲသော အရာဝတ္ထုကို ပေးခြင်း။

၂။ ပြုနိုင်ခဲသော အမှုကိစ္စကို ပြုလုပ်နိုင်ခြင်း။

၃။ သည်းခံနိုင်ခဲသောအရာကို သည်းခံခြင်း။

၄။ မိမိ၏ လျှို့ဝှက်အပ်သောအရာကို မိမိ၏ အဆွေခင်ပွန်းအား ဖွင့်ဟပြောကြားခြင်း။

၅။ မိမိမိတ်ဆွေ၏ လျှို့ဝှက်အပ်သောအရာကို လျှို့ဝှက်ထားခြင်း။

၆။ ဘေးရန်အန္တရာယ်တွေ့ကြုံလာသော အခါ၌ မိမိ၏မိတ်ဆွေကို စွန့်ပစ်မထားခြင်း။

၇။ ပစ္စည်း ဥစ္စာကုန်ခန်းပျက်စီးခြင်းကြောင့် မိမိ၏မိတ်ဆွေအားအထင်သေး၍ မိမိကိုယ်ကိုမူ အထင်ကြီးမောက်မာပြီး မထေမဲ့မြင် မပြုတတ်ခြင်း။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်၊ ပဌမမိတ္တသုတ်)

ဤကား မိတ်ဆွေကောင်း အင်္ဂါခုနစ်ပါးပင် ဖြစ်၏။ ဆန့်ကျင်ဘက် အင်္ဂါခုနစ်ချက်ကို မိတ်ဆွေယုတ်အင်္ဂါဟု အပြန်အားဖြင့် သိနိုင်ပါ၏။

အကျဉ်းချုပ်အားဖြင့် သူတော်ကောင်းဖြစ်လျှင် မိတ်ဆွေကောင်း ဖြစ်လေပြီ။ ထို့ကြောင့် မှတ်ရလွယ်ကူသော သူတော်ကောင်းအင်္ဂါလေးချက်နှင့် သူယုတ်မာအင်္ဂါလေးချက်တို့ကို ဖော်ပြဦးအံ့။



www.burmeseclassic.com

www.burmeseclassic.com



## သူတော်ကောင်းအင်္ဂါ လေးပါး

၁။ သူတစ်ပါး၏ ဂုဏ်ကျေးဇူးမဲ့(မကောင်းကြောင်း) ကိုမမေးလျှင် မပြော၊ မေးလျှင်လည်း ချဲ့ကား၍ မပြောဘဲ လျှော့ပေါ့၍ပြောဆိုခြင်း။

၂။ သူတစ်ပါး၏ ဂုဏ်ကျေးဇူး(ကောင်းကြောင်း) ကို မမေးပဲနှင့်ပင် ပြောခြင်း၊ မေးလျှင်လည်း မထိန်ချန်ဘဲ ပြည့်စုံစွာပြောခြင်း။

၃။ မိမိ၏ဂုဏ်ကျေးဇူးမဲ့ (မကောင်းကြောင်း)ကို မမေးဘဲနှင့်ပင် ပြောခြင်း၊ မေးလျှင်လည်း ထိန်ချန်မထားပဲ ပြည့်စုံစွာပြောခြင်း။

၄။ မိမိ၏ဂုဏ်ကျေးဇူး(ကောင်းကြောင်း)ကို မမေးဘဲနှင့်မပြော၊ မေးလျှင်လည်း ချဲ့ကား၍ မပြောဘဲ လျှော့ပေါ့၍ ပြောခြင်း။

## သူယုတ်မာအင်္ဂါ လေးပါး

၁။ သူတစ်ပါး၏ ဂုဏ်ကျေးဇူးမဲ့ (မကောင်းကြောင်း)ကို မမေးဘဲနှင့်ပင် ပြောကြားတတ်ပြီး၊ မေးလျှင်လည်း ချဲ့ကား၍ ပြောတတ်ခြင်း။

၂။ သူတစ်ပါး၏ဂုဏ်ကျေးဇူး (ကောင်းကြောင်း)ကို မမေးလျှင် မပြောဘဲ မေးလျှင်လျှော့ပေါ့၍ ပြောခြင်း။

၃။ မိမိ၏ဂုဏ်ကျေးဇူးမဲ့ (မကောင်းကြောင်း)ကို မမေးလျှင်မပြော၊ မေးလျှင် လျှော့ပေါ့ထိန်ချန်၍ပြောခြင်း။

၄။ မိမိ၏ဂုဏ်ကျေးဇူး (ကောင်းကြောင်း)ကို မမေးဘဲနှင့် ပြောကြားတတ်သည်။ မေးလျှင် ချဲ့ကား၍ ပြောကြားတတ်ခြင်း။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ စတုက္ကနိပါတ်၊ သပ္ပုရိသသုတ်)

***ဤမျှနှင့်ပင် သမ္မဒါလေးပါး ပြည့်စုံလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာကျော်သူကြွယ်များ၏ ငွေစုနည်းလမ်းညွှန်

* စေ့စေ့သိပ်သည်း၊ ရွှေ့ရွှေ့ဆည်းသော်
စရည်းအိုးခွက်၊ ကြီးစွာလျှက်ပင်
တံစက်ကျများ၊ ပြည့်သောလားသို့
ပျား၏နည်းထုံး၊ မှတ်ကျင့်သုံး၍
ခြခုံးတောင်ပို့၊ ဖို့သည့်ခြင်းရာ
လူလိမ္မာတို့၊ ဥစ္စာဆည်းထွေ
တက်လှစေလော့၊ ကြွက်သေတစ်ခု
အရင်းပြု၍၊ ကြွယ်မှုတတ်ဆုံး
သူဌေးထုံးကို၊ နှလုံးမူလျှက်
ကြံစည်နက်၍၊ သူထက်လွန်ကဲ ကြွယ်စေမင်း။ ။

* လောကဥ္စပင်၊ ပျားနှင့်ယင်ကို
မျက်မြင်ပုံထား၊ မောင်ရှုစားလော့
ပျားကားအုံပြု၊ အရည်စု၍
ထားမှုလိမ္မာ၊ နောင်ချမ်းသာ၏
ယင်မှာသော်တုံ၊ ဝမ်းဝရုံမျှ
သုံးကာသောက်စား၊ စုမထား၍
ရှာငြားမပြတ်၊ မရငတ်၏
ဆက်ဆက်မုချ၊ အလသဖြင့်
ငယ်ကပျင်းသူ၊ ကြီးမူဆင်းရဲ
ရစမြဲတည်း။ ။

တစ်ရက် မိမိရငွေ၏ ဆယ်ပုံတစ်ပုံကို မဖြစ်မနေစုပါ။ စားဝတ်နေ ရေးမှ အလွတ်ဖြစ်သော ထိုငွေသည်သာ မိမိ၏ကိုယ်ပိုင်ငွေ အစစ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုငွေများကို အရင်းအနှီးပြု၍ အမြတ်ရရန် သေချာသည့်
စီးပွားရေးလုပ်ငန်းကို ဆက်လုပ်ပါ။

(ဘေဘီလုံသူဌေးကြီးအာခတ်)

ငွေကြေးစုဆောင်းခြင်း ပြုသူများသည် လူချမ်းသာများ ဖြစ်လာ၍
ငွေကြေး စုဆောင်းခြင်း မပြုသူများသည် ဆင်းရဲသားများ
ဖြစ်လာကြသည်။

(အမေရိကန် သမ္မတကြီး ဂျော့ဝါရှင်တန်)

မည်သည့်လူတန်းစားမဆို လူတိုင်းလူတိုင်း မိမိဝင်ငွေထဲမှတိကျတဲ့ ငွေစုမှုကို ငါးဆင့်ထက်မပိုသည့်တိုင်အောင်ငွေစုခြင်းမှာ အကျင့်ပါလာစေရန် မှန်မှန်ကြီး ပြုလုပ်သင့်တယ်။အတိအကျ မိမိစုသမျှ ငွေကြေးပမာဏရဲ့ တန်ဖိုးဟာ ငွေစုခြင်းအကျင့်နှင့် နှိုင်းစာလျှင်ဘာမျှ အရေးပါ အရာရောက်ခြင်း မရှိပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ငွေစုခြင်းအကျင့်ဆိုတာမိမိကိုယ်မိမိ ထိန်းကျောင်းကွပ်ကဲတဲ့ စည်းကမ်းသေဝပ်မှုတစ်ခု ဖြစ်လို့ပါပဲ။ထိုစည်းကမ်းသေဝပ်မှုဟာ အခြားသောနေရာများအတွက်လည်း များစွာအကျိုးအမြတ်ထွက်ရှိစေနိုင်တယ်။(အမေရိကန် သံမဏိသူဌေးကြီး အင်ဒရူးကာနက်ဂျီ)

ပါရမီဆိုသည်မှာ ထူးကဲသော ဉာဏ်တစ်ကျပ်သား၌
ချွေးစက် ကိုးကျပ်သား ပေါင်းစပ်ထားခြင်း ဖြစ်သည်။

(သောမတ်အက်ဒီဆင်)



www.burmeseclassic.com

www.burmeseclassic.com



## သင်သေသွားသော်

လူ့ပြည်လောက၊ လူ့ဘဝကား
အိုရ, နာရ, သေရဦးမည်၊
မုန်ပေသည်တည့်။
သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားရာမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏
သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏
သင်ဦးချ၍၊ အမွေဝေရာ၊ စေတီသာနှင့်
သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း။ ။

ဇော်ဂျီ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၃ )

## မေတ္တာဖြင့်စီးပွားရှာခြင်း

ဗုဒ္ဓဘာသာ မြန်မာအများစု မကြီးပွားခြင်း၏ တတိယအကြောင်းမှာ ဘာသာရေးအပေါ်မှာ ထားသော မေတ္တာစေတနာမျိုး စီးပွားရေးအပေါ်မှာ မထားသောကြောင့် ဟုအကျဉ်းဆိုခဲ့၏။ ယခုအကျယ်ချဲ့အံ့။ ဗုဒ္ဓက-

ချိုသောမျိုးစေ့ကို စိုက်ပျိုးလျှင်
ချိုသောအသီးကို စားရမည်။
ခါးသောမျိုးစေ့ကို စိုက်ပျိုးလျှင်
ခါးသောအသီးကို စားရမည်။
ထို့အတူ....
ကောင်းသောအမှုကိုပြုလျှင်
ကောင်းသောအကျိုးကို ခံစားရမည်။
မကောင်းသောအမှုကို ပြုလျှင်
မကောင်းသောအကျိုးကို ခံစားရမည်။

ဟု ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး မည်သည့်အလုပ်ဖြစ်စေ မေတ္တာ,စေတနာ



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ကောင်းမွန်စွာပြုလုပ်ပါက ကောင်းသောအကျိုးကို ခံစားရမည်ဖြစ်ကြောင်း အတိအလင်း ဟောကြားတော်မူခဲ့၏။ သို့သော် ဗုဒ္ဓဘာသာ စီးပွားရေးသမား အများစုကား မေတ္တာစေတနာက ကောင်းကျိုးပေးသည် ဟူသောစကားကို သိပ်မယုံချင်ကြ။

## မေတ္တာကြောင့်လား ယတြာကြောင့်လား

ဓာတ်, ယတြာ, အဆောင်,ဂါထာမန္တာန်တို့က ကောင်းကျိုးပေးသည်ဟုယူဆနေကြ၏။ ထို့ကြောင့် စီးပွားရေးသမားတို့ အိမ်ခေါင်းရင်း ဆိုင်ခေါင်းရင်းတွင် ယတြာအဆောင် မျိုးစုံကို တွေ့နေရခြင်း ဖြစ်၏။ယနေ့မှ စ၍ ပြတ် သားစွာ မှတ်သားပါလော့–

လက်ယပ်ခေါ်နေသော လာဘ်ခေါ်အရုပ်က မကြီးပွားစေနိုင်။
မေတ္တာ စေတနာကသာ ကြီးပွားစေနိုင်သည်။
ထောင်တန် ငါးရာတန်တို့ဖြင့် စီမံထားသော လာဘ်ခေါ် ဗီးကွက်ရုပ်က မကြီးပွားစေနိုင်။
မေတ္တာစေတနာကသာ ကြီးပွား စေနိုင်သည်။
အစိမ်းရောင် ပုလင်းတွင် စိုက်ထားသော နှင်းဆီပွင့်က မကြီးပွားစေနိုင်။
မေတ္တာစေတနာကသာ ကြီးပွားစေနိုင်သည်။ ဈေးဦးပေါက် ရောင်းရသော ပိုက်ဆံဖြင့် ကုန်ပစ္စည်းတို့ကို တဖျတ်ဖျတ် ရိုက်ခြင်းက မကြီးပွားစေနိုင်။
မေတ္တာစေတနာကသာ ကြီးပွားစေနိုင်သည်။
ရက်ရာဇာက ကောင်းကျိုးမပေးနိုင်။
မေတ္တာစေတနာကသာ ကောင်းကျိုးပေးနိုင်သည်။

အဆောင်ယတြာကို မယုံသူအချို့ကား ကလိန်ကကျစ်လုပ်နိုင်လျှင်ကြီးပွားမည်ဟု ယုံကြည်ပြန်၏။ မမှန်ကန်သော နည်းဖြင့် ကြီးပွားသူကား



www.burmeseclassic.com

www.burmeseclassic.com



"ရေပွက်ပမာ၊ တစ်သက်လျာတည်း" ဟုပြောရမည်ဖြစ်၏။ "ခွေးရူးကောင်းစား တမွန်းတည့်" ဟူသောစကားသည် ထိုသူများအတွက် ဆိုလိုဟန်ရှိ၏။

## မခင်ပြည့်၏ မေတ္တာစေတနာ

မေတ္တာ, စေတနာကြောင့် ကြီးပွားလာသူများအကြောင်းကို ရပ်ကွက်အဆင့်မှ ကမ္ဘာ့အဆင့်ထိ ဖော်ပြအံ့။

စာရေးသူတို့တွင် မွေးချင်းကိုးယောက် ရှိသည့်အနက် ငါးယောက်သာ အဖတ်တင်၏။ ထိုငါးယောက်မှာ စာရေးသူ အထက်မှ အစ်မနှစ်ယောက်၊ အောင်ကမှ ညီတစ်ယောက်၊ ညီမတစ်ယောက်တို့ ဖြစ်၏။

ထိုတွင် အစ်မငယ်မှာ ၂၈ နှစ်အရွယ်တွင် ဆုံးပါးသွားကြောင်း "မဂ်တားဖိုလ်တား အန္တရာယ်များ" စာအုပ်တွင် ရေးသားခဲ့ဖူးပြီ။ ထို့ကြောင့် ယခုအခါတွင် အစ်မအကြီးဆုံးတစ်ယောက်သာ ကျန်၏။ ဖခင်၏ သင်ကြားပေးမှုအရ အစ်မငယ်ကို အစ်မလေးဟု ခေါ်၍၊ အကြီးဆုံးအစ်မကို အစ်မကြီးဟုခေါ်ရသည်။ ယခုထိုအသုံးနှုန်းတိုင်း ဆက်လက်ရေးသားပါမည်။

အစ်မအကြီးဆုံး၏ ခင်ပွန်းကား အပင်ပန်းခံနိုင်သူ မဟုတ်၍ အလုပ်ပုံမှန်မရှိ။ ထို့ကြောင့် အစ်မကြီးမှာ သားလေးယောက်၊ သမီးတစ်ယောက်အတွက် မနည်းကြီး ဝမ်းစာရှာရ၏။ ပထမကိုယ်ပိုင် အိမ်ပင်မရှိ။ မိဘများအိမ်ဘေးတွင် တဲသာသာ အိမ်တစ်လုံးထိုးကာနေရ၏။ အရင်းအနှီး လည်းများများ မရှိသဖြင့် ချွေတာရေးမုန့်လုပ်ရောင်း၏။

ချွေတာရေးမုန့်ဆိုသည်မှာ မုန့်ပြားသလက် အဖြူအပါးမျိုးဖြစ်၏။ မုန့်ရည်ကို နည်းနည်းလေးထည့်ပြီး ဒယ်အိုးတွင် ဖြန့်ပေးလိုက်၏။ ထိုမုန့်ပါးပါးလေးပေါ်တွင် စားတော်ပဲပြုပ်၊ ခရမ်းချဉ်သီးပါးပါး အတုံးကလေးများ ငရုပ်သီးစိမ်း ကတ်ကြေးကိုက်လေးများ ဝက်ဆီဖတ်ကြော် အတုံးသေးလေးများကို ထည့်ထား၍ အရသာစုံပြီး လျှာလည်အောင် ကောင်းသောမုန့်တစ်မျိုးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုမုန့်မျိုးကို အခြားသူများက တစ်ကျပ်ရောင်းချိန်တွင် အစ်မကြီးက သုံးမတ်ခုနှစ်ဆယ့်ငါးပြားနှင့် ရောင်း၏။ အရင်းမှာ ငါးမူးခန့်ရှိသည့်အတွက် တစ်ကျပ်ရောင်းသူမှာ မုန့်တစ်ခုကုန်လျှင် ငါးမူးမြတ်သော်လည်း အစ်မကြီးမှာ တစ်မတ်သာ မြတ်၏။ သို့သော် ငါးမူးအမြတ်ယူသော မုန့်သည်က မုန့်ဆယ်ခု ကုန်ချိန်တွင် အစ်မကြီးက မုန့်အခုတစ်ရာလောက် ကုန်ပြီဖြစ်၍ ဆိုင်သိမ်းကာ အိမ်ပြန်ပြီး ညနေပိုင်းအတွက် မုန့်ကြိတ်နေပြီ ဖြစ်၏။

နံနက်ခြောက်နာရီမှ စရောင်းရာ ရှစ်နာရီထိုး၊ ရောင်းချိန်နှစ်နာရီ အတွင်း မုန့်တစ်ခုငါးမူး အမြတ်ယူသူက ငါးကျပ်သာမြတ်သော်လည်း တစ်မတ်သာ အမြတ်ယူသူ အစ်မကြီးက နှစ်ဆယ့်ငါးကျပ်မြတ်နေလေပြီ။ ဘာသာခြား ဈေးသည်များနှင့် ဗုဒ္ဓဘာသာဈေးသည်များ၏ ကွာခြားချက်မှာ ဤအချက်ပင် ဖြစ်၏။

လောဘကိုထိန်းချုပ်ပြီး ဤအချက်ကို ပြုပြင်နိုင်လျှင် ပင်ကိုယ်စိတ် ဓာတ်ဖြူစင်သော ဗုဒ္ဓဘာသာ ဈေးသည်များသည် ဘာသာခြားဈေးသည်များ ကို ကျော်လွှားနိုင်မည် ဖြစ်၏။ ချွေတာရေး မုန့်ရောင်းရင်းမှ ငွေကြေးစုဆောင်း မိလာသောအခါ အစ်မကြီးသည် မိဘများခြံမြေမှ သုံးပုံတစ်ပုံကို ဝယ်ယူနိုင် ပြီး ကိုယ်ပိုင်အိမ်ကလေးပင် ဆောက်လုပ်နိုင်သည်ထိ ဖြစ်လာ၏။

ကိုယ်ပိုင်အိမ် ရှိလာသည်နှင့် အစ်မကြီးသည် လုပ်ငန်းပြောင်းလိုက် သည်။ တစ်ပိုင်တစ်နိုင် အိမ်ဆိုင်ကလေးတစ်ဆိုင် ဖွင့်လိုက်ခြင်းပင်။ ထိုဆိုင် ကလေးတွင် လက်ဖက်သုပ်မှစ၍ ဆန်, ဆီ, ဆား, ငရုပ်, ကြက်သွန်, ပုဇွန်ခြောက်, ငါးပိ, ငံပြာရည်အထိ အစုံပါဝင်သည်။ ထို့ထက် အရင်းအနှီး များလာသောအခါ ကလေးများအတွက် မုန့်မျိုးစုံနှင့် မီးသွေးပါ တင် ရောင်း သည်။

ဆင်းရဲသားရပ်ကွက်ဖြစ်၍ တစ်ခါချက်သာ ဝယ်နိုင်ကြ၏။ လေးငါး ရက်စာ ပေါင်းပြီး ဝယ်နိုင်သူမရှိ။ ထို့ကြောင့် ငါးခြောက်များ၊ ပုဇွန်ခြောက်များ၊ ငါးပိ၊ ငံပြာရည်များကို တစ်နပ်စာအထုပ်ကလေးများ အသင့်ထုပ်ပြီး ရောင်း



www.burmeseclassic.com

www.burmeseclassic.com



ချရာ အလွန်တွင်ကျယ်စွာ ရောင်းရ၏။

ရပ်ကွက်ထဲတွင် ဆင်ပန်းပုရုံများစွာရှိရာ ပန်းပုအလုပ်သမားများ သည် အစ်မကြီးဆိုင်မှ လက်ဖက်သုပ်ကို အလုအယက် စီတန်းဝယ်ယူနေကြ သည်မှာ အလကားပေးနေသည်ဟုပင် ထင်ရ၏။ အစ်မကြီးသည် အိမ်ဆိုင် လေးမှရသော အမြတ်ငွေဖြင့် တိုက်ခံအိမ်ပါသော ခြံတစ်ခြံကို ဝယ်ယူ နိုင်ခဲ့၏။

"ဆင်လည်း ဆင့်အထွာ"၊ "ဆိတ်လည်း ဆိတ်အထွာ" ဟူသော စကားအတိုင်း အစ်မကြီး၏ ရပ်ကွက်အဆင့် ဈေးရောင်းနည်းစနစ်ကိုလည်း အထင်သေး၍ မရပေ။ ထိုစနစ်ကိုပင် မြို့နယ်အဆင့်၊ တိုင်းအဆင့်မှသည် ကမ္ဘာ့အဆင့်ထိ တိုးချဲ့လုပ်ကိုင်နိုင်သည်သာ ဖြစ်၏။

ကမ္ဘာ့အဆင့်ထိ ကြီးပွားချမ်းသာနေသူများသည်လည်း ဤစနစ်အ တိုင်းပင် ဟုဆိုလျှင် အများစုက အံ့သြကြမည်ဟု ထင်၏။ ကမ္ဘာ့သူဌေးကြီး များ စိတ်ဓာတ်နှင့် စနစ်ကို ဤအခန်းအဆုံးတွင် ဆက်လက် ဖတ်ရှုကြရမည် ဖြစ်၏။ ယခုအစ်မကြီးနှင့် စာရေးသူတို့၏ အမေးအဖြေများကို ဆက်လက် ဖော်ပြအံ့။

## ဈေးရောင်းကောင်းခြင်း၏ အဓိကအကြောင်း

"အစ်မကြီးဆိုင်က တအားရောင်းကောင်းတာပဲ။ မသိရင် အလကား ပေးနေတယ်လို့ ထင်ရလောက်အောင် ဝယ်တဲ့သူတွေများတယ်။ အထူးသဖြင့် လက်ဖက်သုပ် ဝယ်တဲ့သူတွေက အများဆုံးလို့ ထင်တယ်။ ဒီရပ်ကွက်ထဲမှာ အစ်မကြီးလို လက်ဖက်သုပ်ရောင်းတဲ့ အိမ်ဆိုင်တွေ အများကြီး ရှိတယ်။ ဒါနဲ့များ အစ်မကြီးဆိုင်မှာချည်း ဘာဖြစ်လို့ ဒီလောက် လာဝယ်နေကြတာလဲ"

"ဝယ်မှာပေါ့ဘုရား၊ တပည့်တော်ဆိုင်က လက်ဖက်သုပ်က တခြား ဆိုင်နဲ့စာရင် ပိုလည်းများတယ်၊ ပိုလည်းကောင်းတယ်၊ ဈေးလည်း ပိုသက်သာ တယ်လေ"

"သဘာဝသိပ်မကျဘူးထင်တယ်။ လက်ဖက်သုပ်က ကောင်းလည်း ကောင်းတယ်၊ များများလည်း ပေးတယ်ဆိုရင် ဈေးကျတော့ သူတစ်ပါးဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ထက် ပိုရမယ်မဟုတ်လား။ အခုဘယ့်နှယ်ကြောင့် ဈေးပါသက်သာနေရတာလဲ"

"ဒါကတော့ တပည့်တော်ရဲ့ မေတ္တာစေတနာပေါ့ဘုရား၊ ဆရာတော်တို့ပဲ တရားတွေဟောပြီး ဆုံးမထားတယ်မဟုတ်လား၊ မလျှိုနိုင်ရင် ဈေးရောင်းဆိုတာလေ၊ အခု တပည့်တော်မှာလည်း ဆင်းရဲတော့ ချမ်းသာတဲ့သူတွေလို သိန်းသန်းချီပြီး မလျှိုနိုင်ဘူးဘုရား–

ဒီတော့ ဈေးရောင်းတဲ့အခါမှာ ကိုယ့်ဆိုင် လာဝယ်တဲ့သူတွေ တစ်ခြားဆိုင်တွေနဲ့ စာရင် များများလည်းရအောင်၊ ကောင်းလည်းကောင်းအောင် အပင်ပန်းခံရတာပေါ့ဘုရား"

"အဲဒီစိတ်ဓာတ် သိပ်ကောင်းတယ်၊ ဒီအတိုင်းပဲ အစ်မကြီးဆက် ကြိုးစား၊ အောင်မြင်လာလိမ့်မယ်"

**မေတ္တာစေတနာကို အဓိကထားပြီး စီးပွားရှာရင် ကုသိုလ်လည်းရမယ်၊ အမြတ်လည်းရမယ်၊ လုပ်ငန်းလည်း အဆမတန် အောင်မြင်မယ်။ အမြတ်ရဖို့ အဓိကထားပြီး စီးပွားရှာရင် အမြတ်သာရမယ်။ ကုသိုလ်လည်း မရဘူး။ တကယ် အောင်မြင်မှုကိုလည်း မရဘူး။**

" ကဲ အစ်မကြီးရဲ့ လက်ဖက်သုပ်တွေ ကောင်းလည်းကောင်းများများလည်းပေး၊ ဈေးလည်းသက်သာအောင် ဘယ်လိုကြိုးစားထားတယ်ဆိုတာ သေချာလျှောက်ပါဦး"

"တပည့်တော်ဆိုင်မှာ ဘာပဲတင်ရောင်းရောင်း ကောင်း, များ, သက်သာ ဆိုတဲ့မူသုံးချက်နဲ့ ညီအောင် အမြဲအားထုတ်ပါတယ်။ ဒီလိုအား ထုတ်တဲ့အတွက် ငွေအများကြီး ပိုမကုန်ပါဘူး။ တခြားဆိုင်ရှင်တွေထက် ပိုပင်ပန်းတာပဲရှိပါတယ်။ တခြား အိမ်ဆိုင်တွေက ကားခကုန်မှာရယ်၊ လူပင်ပန်းမှာရယ်ကို စိုးရိမ်ပြီး လက်ဖက်နဲ့အကြော်စုံတွေကို အမရပူရမြို့ ဈေးကြီးထဲမှာပဲ လက်လီဝယ်ရောင်းကြတယ်။ ဒါကြောင့် သူတို့ဝယ်ရောင်းတဲ့ဆိုင်က လက်ဖက်ကောင်းမှ သူတို့လည်း အကောင်းကို ရောင်းနိုင်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



မူရင်းဆိုင်ကကို မကောင်းရင် သူတို့လည်း ကောင်းတာ မရောင်းနိုင်ပါဘူး။ လက်လီဝယ်ပြီး ပြန်ရောင်းရတဲ့အတွက် တခြားအိမ်ဆိုင်တွေဟာ များများလည်း မပေးနိုင်သလို ဈေးလည်း လျှော့မရောင်းနိုင်ပါဘူး။ ဒီအချက်တွေကို အိမ်ဆိုင်တွေမှာ ဈေးဝယ်တိုင်း တပည့်တော် သေချာလေ့လာ စုံစမ်းထားပါတယ်။

ဒါကြောင့် တပည့်တော် အိမ်ဆိုင်ဖွင့်တဲ့အခါ မန္တလေးဈေးချိုက လက်ဖက်ပွဲရုံတွေ၊ အကြော်စုံပွဲရုံတွေအထိသွားပြီး စိတ်ကြိုက်လည်း ကောင်းတာရွေးပါတယ်။ လက်ကားလည်း များများဝယ်လိုက်ပါတယ်၊ ဒါကြောင့် တပည့်တော် လက်လီ ပြန်ရောင်းတဲ့အခါ ကောင်း၊ များ၊ သက်သာဆိုတဲ့ မူသုံးချက်နဲ့ ညီအောင်ရောင်း နိုင်တာပါ"

ဤကား အစ်မကြီး၏ မေတ္တာ, စေတနာဖြင့် ဈေးရောင်းနည်းပင်ဖြစ်၏။ ထို့အပြင် အမြတ်နည်းနည်းယူ၊ ပစ္စည်းများများရောင်း စနစ်ဖြင့် ရောင်း ချပုံကိုလည်း မေးမြန်းခဲ့ပါသေးသည်။

"လေတံခွန်(စွန်)တွေလည်း အစ်မကြီးဆိုင်မှာ တအားရောင်းရတယ်၊ တခြားဆိုင်တွေမှာလည်း ရှိရက်နဲ့ ဒီဆိုင်မှာချည်း ဘာ့ကြောင့် လာဝယ်နေရတာလဲ"

"တပည့်တော်ဆိုင်က တခြားဆိုင်တွေထက် ဈေးသက်သာတာကြောင့်ပေါ့"

"ဘယ်ဈေးနဲ့ ဝယ်ပြီး ဘယ်ဈေးနဲ့ ပြန်ရောင်းတာလဲ"

"မန္တလေးကနေဝယ်ရတာ၊ လေတံခွန်တစ်ခုကို ငါးကျပ်နဲ့ဝယ်ရတယ်၊ တခြားဆိုင်တွေက ငါးကျပ်အမြတ်ယူပြီး တစ်ဆယ်နဲ့ ရောင်းတယ်၊ တပည့်တော်ဆိုင်က နှစ်ကျပ်အမြတ်ယူပြီး ခုနစ်ကျပ်နဲ့ ရောင်းတယ်"

"ဒါဆို အစ်မကြီးမှာ တခြားဆိုင်ရှင်တွေနဲ့စာရင် သုံးကျပ်တောင် အမြတ်နည်းသွားတာပေါ့"

" ဒါက ဈေးရောင်းမတတ်တဲ့သူတွေရဲ့ အမြင်ပါဘုရား။ ငါးကျပ်အမြတ်



www.burmeseclassic.com

www.burmeseclassic.com



ယူရောင်းတဲ့သူတွေ လေတံခွန်ဆယ်ခုလောက် ကုန်တဲ့အချိန်မှာ တပည့်တော်က အခုတစ်ရာလောက် ကုန်နေပြီလေ။ ဒါ့ကြောင့် ငါးကျပ် အမြတ်ယူရောင်းတဲ့သူ ငါးဆယ်မြတ်တိုင်း နှစ်ကျပ်အမြတ်ယူတဲ့ တပည့်တော်က နှစ်ရာမြတ်နေတယ်လေ"

## မြိတ်မြို့က 'ဦးစိုးကြီး' ကွမ်းယာ

မြန်မာပြည် မြို့နယ်တိုင်းတွင် ကွမ်းယာဆိုင်ရှိ၏။ သို့သော် ကွမ်းယာဖြင့် သိန်းပေါင်းများစွာ ချမ်းသာသွားသူကား လက်ငါးချောင်းပင် ပြည့်မည်မထင်။ မြိတ်မြို့မှ ဦးစိုးကြီးသည်ကား ထိုလက်ငါးချောင်းထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်ဟုဆိုသင့်၏။ ဝယ်လိုအား များလွန်းသောကြောင့် မြိတ်မြို့၊ ရပ်ကွက်အသီးသီးတွင် ဆိုင်ပေါင်းရှစ်ဆိုင်ခန့် ခွဲပြီး ရောင်းပေးရ၏။

ဆိပ်ငယ် ရပ်ကွက်မှ မူလဆိုင်ကြီးတွင် လခစား ကွမ်းယာ ယာပေးသူ အလုပ်သမားပေါင်း ၁၅–ယောက်ခန့်ရှိ၏။ ကွမ်းယာအမြတ်ငွေနှင့်ပင် သုံးထပ်တိုက်ကြီးဆောက်ပြီး နေထိုင်နိုင်၏။ သူသည် မြိတ်သားမဟုတ် ရန်ကုန် သာကေတမြို့နယ်သားဖြစ်၏။ စာရေးသူ၏ ရဟန်းဒကာ ကျောင်းဒကာတစ်ဦးလည်း ဖြစ်၏။ သာကေတတွင်လည်း ခြံဝယ်ကာ တိုက်တစ်လုံး ဆောက်နေဆဲရှိ၏။

မြိတ်ရှိ စာရေးသူကျောင်းတွင် ကျောင်းဆောင်များ၊ ရေကန်များ၊ တောင်ပေါ်အဆင်းအတက်လှေကားနှင့် စောင်းတန်းများ၊ စုစုပေါင်းတန်ဖိုး သိန်း ၁၅၀ နီးပါးခန့်ထိ လှူဒါန်းထား၏။ စာရေးသူဟောကြားသော "ဗုဒ္ဓအလိုကျဒါနပြုနည်း"၊ "ပါရမီထိုက်သောဒါနနှင့် ပါရမီမထိုက်သောဒါန" တရားများကို နာယူပြီးသော အချိန်မှစ၍ လောကအတွက် ၊ သာသနာအတွက် ကျေးဇူးများသော နေရာများတွင် ရွေးချယ်လှူဒါန်းတတ်လာ၏။

ချို့တဲ့သော စာသင်တိုက်များသို့ လစဉ်ဆွမ်းဆန်တော်များ လှူဒါန်းခြင်း၊ စာသင်သားများ တကယ်လိုအပ်နေသော စာအုပ်များကို စာရင်းတောင်း



www.burmeseclassic.com

www.burmeseclassic.com



ခံပြီး ဝယ်ယူလှူဒါန်းခြင်းတို့ကို ပြု၏။ မြိတ်မြို့ အဝေးပြေးဂိတ် နောက်နားရှိ "သံသရာအေး" ဘုန်းတော်ကြီးသင် မူလတန်းကျောင်းတွင် သိန်းခုနစ်ဆယ်နီးပါးခန့် ကုန်ကျသည့် ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခြင်း၊ ရေးချိုးခန်းနှင့် အိမ်သာတို့ကို ဆောက်လုပ်လှူဒါန်းခြင်း၊ ထို့ပြင် ဆရာဆရာမများအတွက် လစာငွေကို မိတ်ဆွေများနှင့်အတူ ဦးဆောင်လှူဒါန်းခြင်းတို့ကို ပြုခဲ့၏။

ကွမ်းယာသည်ချင်း တူပါလျှက် အကျိုးပေးပုံမတူသည့် အဓိက အကြောင်းရင်းများကို ဦးစိုးကြီးက စာရေးသူအား ဤသို့ ရှင်းလင်း လျှောက်ထားခဲ့၏။

"တပည့်တော်ရဲ့ ဘဝအတွေ့အကြုံအရဆိုရင် ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုတဲ့ စိတ်မျိုးနဲ့စီးပွားရှာနေသရွေ့ ဘယ်တော့မှ အောင်မြင်မှု မရနိုင်ဘူးဆိုတာပါပဲ၊ အတ္တဟိတတစ်ခုအတွက် ရှာတဲ့စီးပွားဆိုရင် မအောင်မြင်နိုင်ပါဘူး။ ပရဟိတကိုပါ ရှေးရှုမှ အောင်မြင်မှုရမယ်လို့ ဆိုလိုတာပဲဘုရား။

မေတ္တာနဲ့ စီးပွားရှာမှ အောင်မြင်မယ်လို့ ပြောရင် အမှန်ဆုံးလို့ထင်ပါတယ်ဘုရား။ တပည့်တော်ဟာ အိမ်ထောင်မကျမီကရော အိမ်ထောင်ကျပြီး နောက်ပိုင်းမှာရော စီးပွားရေးမျိုးစုံလုပ်ပြီး ငွေကိုတရကြမ်း ရှာဖွေခဲ့တယ်။ နိုင်ငံ အတော်များများကိုတောင် ရောက်အောင်သွားပြီး ငွေရှာခဲ့ပါတယ်။

ငွေရဖို့အတွက်ဆိုရင် သမ္မာအာဇီဝတင်မကပဲ မိစ္ဆာအာဇီဝထိ ပါလာပါတယ်၊ ပင်လယ်ထဲ ငါးဖမ်းလှေလိုက်တဲ့အထိ ငွေရှာခဲ့ပါတယ်။ ဒါပေမယ့် အောင်မြင်မှု မရခဲ့ပါဘူးဘုရား၊ အဲဒီတုန်းက ဘာ့ကြောင့် အောင်မြင်မှု မရတာလဲ မစဉ်းစားခဲ့ဘူး။

အခုချိန်ရောက်မှ စဉ်းစားမိတယ်၊ ဘယ်အောင်မြင်မလဲ ဘုရား၊ ကိုယ်ချမ်းသာ ရင်ပြီးရော ဘယ်သူဘာဖြစ်ဖြစ်ဆိုတဲ့ စိတ်ဆိုး၊ စိတ်ပုပ်၊ စိတ်ယုတ်တွေနဲ့ ငွေရှာခဲ့တာကိုး ဘုရား၊ နောက်တပည့်တော်ဟာ



www.burmeseclassic.com

www.burmeseclassic.com



**ကိုယ့်ကိုကိုယ်လည်း မထိန်းသိမ်းနိုင်ခဲ့ဘူး၊ အပျော်အပါး၊ အသောက် အစား လောင်းကစား အကုန်လုပ်တယ်။**

ဒီအချက်တွေဟာလည်း မကြီးပွားခြင်းရဲ့ အကြောင်းတွေပေါ့ဘုရား၊ သားသမီးသုံးယောက် ရလာတဲ့ အချိန်မှာတော့ တပည့်တော်မှာ ဖခင် တစ် ယောက်ရဲ့ မေတ္တာစာတ်လေး ငုပ်နေရာကနေ ပေါ်လာတယ်။ ငါအသုံး မကျရင် ငါ့သားသမီးတွေတော့ အောက်တန်းကျတော့မှာပဲ ဆိုတဲ့စိတ်ပါ–

အဲဒီအချိန်က ငါးဖမ်းလှေလိုက်ရင်း အဆင်မပြေလို့ မြိတ်မှာ သောင် တင်နေချိန်ပေါ့၊ မြိတ်တစ်မြို့လုံးကို လှည့်လာကြည့်လိုက်တဲ့ အခါ ကွမ်းယာ အတော်စားတာကို တွေ့ရတယ်။ ကွမ်းယာဆိုင်ကတော့ ဘာသာခြားဆိုင်က များပါတယ်။ ဘာသာခြားတွေဆီမှာတောင် မြိတ်သားတွေ ကွမ်းယာဝယ်စားကြ သေးတာ ငါကဗုဒ္ဓဘာသာလည်း ဖြစ်တယ်။ ကွမ်းယာကလည်း ကောင်းမယ်၊ စေတနာလည်း ကောင်းမယ်ဆိုရင် ငါ့ဆီမှာ ဝယ်စားကြမှာပဲလို့ တွေးမိသွား တယ်။

ဒါနဲ့ပဲ မုံရွာက မိတ်ဆွေတစ်ယောက်ဆီ ကွမ်းယာပညာ သွားသင်ပြီး မြိတ်မှာ လမ်းဘေးကွမ်းယာဆိုင်လေး စဖွင့်တာပဲ၊ ၁၉၉၅ ခုနှစ်လောက်ကပေါ့ ဘုရား၊ တပည့်တော်ဆရာက သေချာမှာလိုက်တယ်။ မောင်စိုးကြီး ကွမ်းယာ ရောင်းတော့မယ်ဆိုရင် ကွမ်းယာလာဝယ်စားတဲ့သူတွေကို ထမင်းကျွေးတဲ့ ကျေး ဇူးရှင်တွေလို့ တစ်ခါထဲမှတ်ထားလိုက်။

ကိုယ့်ရဲ့ ကျေးဇူးရှင်ကို ကိုယ့်အတွက်ကြောင့် ဘယ်တော့မှ စိတ်ဆင်း ရဲမှု မဖြစ်စေနဲ့။ မေတ္တာထား သည်းခံပြီး သူတို့လိုသမျှ စိတ်ချမ်းသာအောင် ဖြည့်ဆည်းပေးလိုက်။ ယစ်တတ်တဲ့သူ တချို့ကွမ်းယာလာစားရင် ဟိုဟာ တောင်းလိုက် ဒီဟာတောင်းလိုက်နဲ့ စိတ်ကသိကအောင့် ဖြစ်အောင်လုပ်တတ် တယ်။ အဲဒီလိုအခါမျိုးမှာ စိတ်မဆိုးနဲ့ သူတောင်းတာကို စိတ်ရှည်ရှည်နဲ့ ပေးလိုက်။

ဒီလူကို ရောင်းရလို့ အမြတ်မရလည်း နောက်လူတွေကျတော့



www.burmeseclassic.com

www.burmeseclassic.com



အမြတ်ရမှာပဲဆိုပြီး ဖြေလိုက်ရတယ်။ ဆရာ့ရဲ့ အဲဒီအဆုံးအမတိုင်း တပည့်တော် ကွမ်းယာလာစားသူ မှန်သမျှကို ကိုယ့်ကျေးဇူးရှင်လို သဘောထားပြီး ရောင်းခဲ့ပါတယ်။ စရောင်းတဲ့ရက်က သုံးထောင်ရပါတယ်။ စားပြီး သောက်ပြီး အမြတ်နှစ်ထောင်လောက် ကျန်ပါတယ်။

ဒါဆိုရင် ငါ့အတွက် ဆက်ကြိုးစားရင် အလုပ်ဖြစ်မယ်ဆိုတာ တပည့်တော် သဘောပေါက်သွားတယ်၊ ရောင်းအားကောင်းလာတဲ့ အခါမှာ ဆိပ်ငယ်ရပ်မှာ အခန်းလေးတစ်ခန်း ငှားပြီး ဆက်ရောင်းတယ် ဘုရား။

> **အရင်က ငွေများများရအောင်ရှာနိုင်ရင် ချမ်းသာမှာပဲလို့ ထင်ခဲ့တယ်။ အဲဒါ မမှန်ဘူးဘုရား။ ဝင်လာတဲ့ငွေတွေ အလဟဿ မကုန်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှလည်း ချမ်းသာနိုင်တာ ဆိုတာကို တပည့်တော် ကိုယ်တွေ့ သဘောပေါက် လာတယ်။ ကွမ်းယာ စရောင်းတဲ့ အချိန်ကစပြီး တပည့်တော် အပျော်အပါး အသောက်အစား၊ လောင်း ကစား၊ အသုံးအဖြုန်း တစ်ခုမှ မလုပ်တော့ဘူး။ အကျီဆိုရင် စစ်ရောင် စွပ်ကျယ် သုံးထည်ပဲရှိတယ်။ တခြားအပို ဘာမှ မဝယ်ဘူး။ ဒါ့ကြောင့် တကယ်ချမ်းသာ ချင်ရင် ငွေရှာနေရုံနဲ့ မပြီးဘူး။ ရလာတဲ့ငွေကို မကုန်သင့်တာ မကုန်အောင် ထိန်းသိမ်းစောင့်ရှောက်တတ်မှလည်း ဖြစ်တယ်ဆိုတာ တပည့် တော် ကိုယ်တွေ့ပါ။**

ဘယ်စီးပွားရေးပဲ လုပ်လုပ် မေတ္တာစေတနာပါမှ ကြီးပွားနိုင်တယ် ဆိုတာလည်း တပည့်တော်ကိုယ်တွေ့ပါပဲ။ တပည့်တော် ကွမ်းယာရောင်းတဲ့ အချိန်ကစပြီး ဘာသာခြားကွမ်းယာဆိုင်တွေ တော်တော်ပျောက်သွားတယ်။ မေတ္တာ, စေတနာနဲ့ပတ်သက်ပြီး တပည့်တော်ကိုယ်တွေ့ များစွာထဲက နှစ်ခု လောက်ပြောပြမယ်ဘုရား။

စားလို့လည်း ပိုကောင်းအောင် အူတွေ၊ ကလီစာတွေမှာ ထုံးကျောက်



www.burmeseclassic.com

www.burmeseclassic.com



လည်းမတည်အောင် ကွမ်းယာထဲမှာ သံပုရာသီးစိပ်လေးစထည့်တာ တပည့်တော်ပါ။ ကွမ်းယာထဲမှာ ပါတဲ့ထုံးတွေဟာ သိပ်များများစားလာရင် အူတွေ၊ ကလီစာတွေမှာ ကျောက်တည်တဲ့ ရောဂါဖြစ်တတ်ပါတယ်–

သံပုရာသီးစိပ်ထည့်ပေးလိုက်ခြင်းအားဖြင့် သံပုရာသီးမှာပါတဲ့ အချဉ်ဓာတ်ဟာ ကျောက်ဖြစ်မယ့်ဓာတ်ကို ဖျက်ဆီးပစ်ပါတယ်။ ဒါ့ကြောင့် သံပုရာသီးစိပ်ကို ထည့်ပေးရတာပါ။ ဒါပေမယ့် မိုးခါနဲ့ ဆောင်းခါမှာပဲ ထည့်နိုင်တယ်။ နွေခါကျတော့ မထည့်နိုင်တော့ဘူး။ ဈေးကတအားကြီးသွားတာကိုး ဘုရား။

**ဒီအခါမှာ လောဘဓာတ်နဲ့ မေတ္တာဓာတ်ဟာ တပည့်တော်ရင်ထဲမှာ တိုက်ပွဲဖြစ်ကြတယ်။ လောဘဓာတ်က သံပုရာသီးကို နွေခါမှာ မထည့်နဲ့၊ အမြတ်ငွေနည်းလိမ့်မယ်ဆိုပြီး တားမြစ်ပါတယ်။ မေတ္တာဓာတ်က ထည့်သာထည့်ပါ နွေအခါအမြတ်နည်းလည်း ဘာဖြစ်လဲ။ မိုးခါနဲ့ဆောင်းခါကျတော့ ပြန်မြတ်မှာပဲလို့ တွန်းအား ပေးထည့်ခိုင်းတယ်။ ဒီအရှုပ်တွတိုက်ပွဲမှာ လောဘဓာတ်က နိုင်သွားပြီး သံပုရာသီးစိပ်ကို မထည့်ပဲနေခဲ့ရင် တပည့်တော်ဟာ တခြား ကွမ်းယာသည်တွေလို ထမင်းစားရရုံအဆင့်ပဲရှိမှာ။ ခုလိုချမ်းသာတဲ့ ဘဝကိုရောက်မှာ မဟုတ်ဘူး။ တပည့်တော်ရဲ့ ရင်ထဲက အရှုပ်တွတိုက်ပွဲမှာ မေတ္တာဓာတ်ကပဲ နိုင်သွားတယ်။ သံပုရာသီးစိပ်ကို နွေရာသီမှာလည်း ထည့်ဖြစ်အောင် ထည့်လိုက်ပါတယ်။ အဲဒီ မေတ္တာဓာတ်ကြောင့် လမ်းဘေးကွမ်းယာသည်ဖြစ်တဲ့ တပည့်တော်ဟာ အခုလို လူ့နိုင်တန်းနိုင်တဲ့ဘဝကို ရောက်ခဲ့တာပါ။**

ကွမ်းယာစားကောင်းဖို့ရာမှာ ထုံးအရေးကြီးသလို၊ ကွမ်းသီးလည်း အရေးကြီးပါတယ်။ ကွမ်းသီးမကောင်းရင် ထုံးကောင်းလည်း စားလို့မကောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဒါ့ကြောင့် တပည့်တော် ကွမ်းသီးစိတ်ပြီးသားဆိုရင် မဝယ်ဘူး။ စိတ်ပြီးသားဆိုရင် မကောင်းတဲ့ကွမ်းသီးတွေ ရောပါလာတတ်လို့ပါ။ အကောင်းဆုံး ပထမ တန်းကွမ်းသီးကို အိတ်လိုက်ဝယ်ပါတယ်။

ကိုယ့်ပါးစပ်ထဲ စားကောင်းမှ သူများပါးစပ်ထဲ စားကောင်းမှာ ဆိုတဲ့ မေတ္တာစာတ်ကြောင့် ကွမ်းသီးတွေကို မိသားစုကိုယ်တိုင် စိပ် ပါတယ်။ ကွမ်းသီး အကောင်းစားအိတ်တစ်လုံးကို ဖောက်လိုက်တယ်ဆိုရင် တစ်ပိဿာလောက်ကတော့ မကောင်းတာပါလာတာပဲ။ ကိုးပိဿာလောက်ပဲ အကောင်းရတာ။

BURMESE CLASSIC

## မေတ္တာနှင့် လောဘ၏ အဓ္ဈတ္တတိုက်ပွဲ

ဒီအခါမှာလည်း တပည့်တော်ရဲ့ အဓ္ဈတ္တမှာ လောဘစာတ်နဲ့ မေတ္တာစာတ်ဟာ တိုက်ပွဲဝင်ပြန်တယ်၊ လောဘစာတ်က အမြတ်နည်းသွားလိမ့်မယ်။ မကောင်းတဲ့ ကွမ်းသီးတစ်ပိဿာကို ကောင်းတဲ့ ကွမ်းသီးကိုးပိဿာထဲ ရောထည့်ပြီး စိပ်လိုက် ဘယ်သူသိတာမှတ်လို့ ဆိုပြီး တိုက်တွန်းပါတယ်။ မေတ္တာစာတ်ကတော့ ကိုယ့်မေတ္တာကိုယ်သိတယ်။ မကောင်းတဲ့ကွမ်းသီး တစ်ပိဿာကို ကောင်းတဲ့ကွမ်းသီးကိုးပိဿာထဲ ရောထည့်ပြီး မစိတ်နဲ့ အမှိုက်ပုံထဲစွန့်ပစ်လိုက်ဆိုပြီး ခိုင်းပါတယ်။ ဒီအဓ္ဈတ္တတိုက်ပွဲမှာ တပည့်တော်ဟာ လောဘစာတ်ကအနိုင် ရပြီး မကောင်းတဲ့ကွမ်းသီးတစ်ပိဿာ ကို ကောင်းတဲ့ကွမ်းသီး ကိုးပိဿာထဲ ရောစိပ်ထည့်ခဲ့မယ် ဆိုရင် တခြားကွမ်းယာသည်တွေလို ထမင်းစားရရုံ အဆင့်ပဲရှိမှာပါ။ အခုတော့ မေတ္တာစာတ်ကနိုင်သွားပြီး မကောင်းတဲ့ ကွမ်းသီး တစ်ပိဿာကို အမှိုက်ပုံထဲ ထည့်ပစ်နိုင်တဲ့အတွက် တပည့်တော်ဟာ အခုလို လျှုနိုင်တန်းနိုင် ဘဝကို ရောက်ခဲ့ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



## ရှောင်ရှားရမည့် အကြံဉာဏ်များ

သူ့ခေတ်သူ့အခါက ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးတစ်ဦးဖြစ်သော အင်ဒရူးကာနက်ဂျီက စာရေးဆရာ နပိုလီယံဟီးလ် အားယခုလိုပြောပြခဲ့ဖူး၏။

“သူတစ်ပါးထံက တောင်းခံလို့ရတဲ့ အကြံဉာဏ်ဆိုတာဟာ သဲကန္တာရထဲမှာရှိတဲ့ သဲလုံးများနဲ့ တူပါတယ်။ သူတို့ပေးတဲ့ အကြံဉာဏ်တွေ အားလုံးဟာ ချော်သွားငေါ့သွားတာ များပါတယ်။ လူတိုင်းလူတိုင်းမှာလည်း အလုပ်အားလုံးအတွက် အကြံဉာဏ်ပေးဖို့ အသင့်ရှိနေတယ်။

ဒါပေမယ့် သူတို့ပေးတဲ့ အကြံဉာဏ်အများစုဟာ ယုံကြည်အားတက်လောက်အောင် တန်ဖိုးမရှိပါဘူး။ မိမိကိုယ်တိုင် စတင်ဦးဆောင်တီထွင်တဲ့ လုပ်ငန်းအောင်မြင်ဖို့ဆိုရင် အခမဲ့ပေးလာတဲ့ တန်ဖိုးမရှိတဲ့ အကြံဉာဏ်တွေကို လျစ်လျူရှုရမယ်။ ဘာ့ကြောင့်လဲဆိုတော့ ပေးလာတဲ့ အကြံဉာဏ်အမျိုးမျိုးကို ချင့်ချိန်နေရတာနဲ့ပဲ မိမိလုပ်ငန်းဟာ ရပ်ဆိုင်းသွားတဲ့ အတွက်ကြောင့်ပဲ။

သို့သော် ဒီကိစ္စမှာ ချွင်းချက်တော့ရှိပါတယ်။ အောင်မြင်မှုရရှိရန် အတွက် အခြားသူများရဲ့ အကြံဉာဏ်ကို တကယ်လိုအပ်တဲ့ကိစ္စမျိုးလည်း ရှိ ပါတယ်။ သို့သော်လည်း တုံ့နှေးပြီး စိတ်ပျက်အားလျော့စေမယ့် အကြံဉာဏ် များကိုတော့ ရောဂါများရှောင်ရှားသလို ရှောင်ရှားသင့်ပါတယ်။

လူတိုင်းလူတိုင်းမှာ မမေးမြန်း၊ မတောင်းခံရဘဲနဲ့ ပေးစရာအကြံတွေ ဉာဏ်တွေဟာ တစ်ပုံတစ်ခေါင်းကြီး ဖြစ်နေတတ်တယ်။ အကယ်၍ သင်ဟာ အားထားလောက်တဲ့ အကြံဉာဏ်များကို ရယူလိုပါလျှင် သင်လုပ်ကိုင်လိုတဲ့ အလုပ် ကိစ္စများနှင့် ပတ်သက်ပြီး တကယ်တတ်သိ ကျွမ်းကျင်ပြီး ဖြစ်တယ်လို့ အသိ အမှတ်ပြုထားခြင်း ခံရတဲ့ ပုဂ္ဂိုလ်များနဲ့သာ ဆွေးနွေးတိုင်ပင်ပါ။

သူပေးတဲ့ အကြံဉာဏ်အတွက်လည်း ဉာဏ်ပူဇော်ခပေးပါ၊ အခမဲ့ပေးတဲ့ အကြံဉာဏ်များကိုတော့ ရှောင်ကွင်းပါ၊ သူတို့ထံက အလကားရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြံဉာဏ်များဟာ အတိအကျပဲ အလကားပြန်ဖြစ်သွားတတ်ပါတယ်။

ကျွန်ုပ်သေသေချာချာ မှတ်မိနေပါသေးတယ်၊ သံမဏိဈေးနှုန်းကို တစ်တန်လျှင် ဒေါ်လာနှစ်ဆယ်အထိ ဈေးချပေးနိုင်ဖို့ ကျွန်ုပ်စီစဉ် ပြုလုပ်နေတဲ့အခါမှာ ကျွန်ုပ်နှင့် သိသူများက အခုလို အော်ဟစ်ကြတယ်။ "ဒီလူတော့ ပျက်စီးတော့မှာပဲ" တဲ့။ သူတို့တတွေဟာ ကျွန်ုပ်ဘာမျှ မမေးပါဘဲနဲ့ အခမဲ့ အကြံဉာဏ်များကို ပေးကြတယ်။ သူတို့ပေးတဲ့ အကြံဉာဏ်များကို ဖယ်ရှားပြီး ကျွန်ုပ်ရဲ့ အစီအစဉ်တိုင်းပဲ ဆက်လက်ပြီး လုပ်ကိုင်ခဲ့တယ်"

**မှတ်ချက်။ ။** ထိုစဉ်ကာလက သံမဏိတစ်တန်လျှင် ဒေါ်လာတစ်ရာ့သုံးဆယ် ပတ်ဝန်းကျင် ပေါက်ဈေးရှိနေသော်လည်း အင်ဒရူးကာနက်ဂျီက တစ်တန်လျှင် ဒေါ်လာနှစ်ဆယ်သို့ ဈေးချ၍ ရောင်းခဲ့သည်။ ဒေါ်လာတစ်ရာ့သုံးဆယ်နှင့် ရောင်းနေသောနည်းမှာ စီးပွားရေးအတတ်ပညာ မတတ်သူတို့၏ နည်းဖြစ်သည်။

BURMESE CLASSIC

ပစ္စည်းနည်းနည်းထုတ်ပြီး လူအနည်းငယ်ထံမှ အမြတ်အများကြီး ယူသောနည်း ဖြစ်၍ ထုတ်လုပ်ရောင်းချသူများ သာမန်လောက်သာ ချမ်းသာကြသည်။ အင်ဒရူးကာနက်ဂျီကား ပစ္စည်းများများ ထုတ်ရောင်းပြီး လူအများကြီး ထံမှ အမြတ်ငွေကို မျှယူသောနည်းဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နံပါတ်တစ် သူဌေးဘဝထိ ရောက်ခဲ့ခြင်း ဖြစ်သည်။

ကုန်ပစ္စည်းတို့သဘောသဘာဝမှာ များများထုတ်နိုင်လျှင် ကုန်ကျစရိတ်နည်းသွားသည်။ ဥပမာအားဖြင့် စာအုပ်တစ်ထောင်ရိုက်ပါက တစ်အုပ် နှစ်ရာကျလျှင် တစ်သောင်းရိုက်ပါက တစ်ရာသာကျတော့သည်။ ဤစနစ် ကြောင့် အင်ဒရူးကာနက်ဂျီသည် သံမဏိတစ်တန်ကို ဒေါ်လာနှစ်ဆယ်ဖြင့် ရောင်းနိုင်ခဲ့ခြင်း ဖြစ်၏။ သူ့စကားကို ပြန်ဆက်အံ့။

"ကောင်းမွန်စွာ အသုံးချစီးနိုင်တဲ့ မော်တော်ကားတစ်စီးလျှင် ဒေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင်အောက် တန်ဖိုးထားပြီး ရောင်းမယ်လို့ ဟင်နရီဖို့ဒ်က ကြေညာလိုက်တဲ့ အခါမှာ သူတို့တွေက အခုလိုပဲ ဒီလူတော့ ပျက်စီးတော့မှာပဲလို့အော်တာပဲ။ ဒါပေမယ့် မစ္စတာဖို့ဒ်ဟာ နောက်မဆုတ်ပါဘူး။ ဆက်လုပ်ခဲ့တာပဲ။ သူဟာ အမေရိကန်ရဲ့ အကြီးဆုံး စက်မှုလုပ်ငန်းကြီးကို ဖြစ်ထွန်းစေခဲ့တယ်။ သူဟာမပျက်စီးခဲ့ပါဘူး။

ကိုလံဘတ်ဟာ သူရဲ့ လှေကလေးဖြင့် မတိုင်းတာ မလှေလာ ရသေးတဲ့ သမုဒ္ဒရာကြီးကို ဖြတ်သန်းပြီး ကမ္ဘာသစ်ကို ရှာမယ်လို့ ကြွေးကြော်လိုက်တဲ့အခါမှာ သံသယရှိနေတဲ့သူများက "ဒီလူတော့ရူးပြီ။ သူ့ခရီးဟာ ပြန် လမ်းမရှိဘူး" လို့ဆိုကြတာပဲ။ သို့သော်လည်း သူဟာအောင်မြင်ပြီးမှ ပြန်လာ ခဲ့ပါတယ်။

ကော့ပ်ပါးနီကပ်စ်က လူသားတွေရဲ့ မျက်စေ့နဲ့ တစ်ခါမျှ မမြင်တွေ့ဖူးတဲ့ ဝေးလံလှသော အာကာသထဲမှာ ရှိနေတဲ့ကမ္ဘာများကို ကြည့်မြင်နိုင်တဲ့ ကိရိယာတစ်ခုကို တီထွင်လုပ်ကိုင်ပြီးပြီလို့ ကြေညာလိုက်တဲ့အခါတုန်းကလည်း အခမဲ့ အကြံပေးသူများက အော်ဟစ်ခဲ့ကြဖူးပါတယ်။

"ဘယ်တုန်းကမှ မဖြစ်ဖူးတာ ပြောတဲ့လူပဲ။ ဒီလူကိုမီးရှို့ သတ်ပစ်ရမယ်" တဲ့။ မိမိကိုယ်တိုင် စတင်ဦးဆောင် တီထွင် လုပ်ကိုင်ရဲသူ ကိုပါးနီကပ်စ်ကို သူတို့တွေဟာ တကယ့်ကို မီးရှို့ပြီး သတ်ပစ်ချင်ကြတယ်။

အလက်ဇက်ဒါးဂရေဟမ်ဘဲလ်က ကြေညာလိုက်တယ်။ ဝေးလံတဲ့ တစ်နေရာဆီမှာ ရှိတဲ့ လူအချင်းချင်း တွေ့ဆုံစကားပြောနိုင်တဲ့ ဝါယာကြိုး အသုံးပြုထားတဲ့ တယ်လီဖုန်းကို ငါတီထွင်လိုက်ပြီ။ အဲသလို ကြေညာလိုက်တုန်းကလည်း မယုံကြည်နိုင်သူတွေက အော်ဟစ်ကြတာပဲ။

"သနားစရာ အလက်စ် တစ်ယောက်တော့ ရူးသွားပြီ" တဲ့။ သို့သော်လည်း ဘဲလ်ဟာ သူ့အကြံအစည်အတိုင်း အချိန်မကျသေးဘူးလို့ ဆိုရမှာဖြစ်မယ့် တယ်လီဖုန်းကို အကောင်းမွန်ဆုံးဖြစ်အောင် နောက်ဆုံး လုပ်ဆောင်နိုင်ခဲ့တယ်...."



www.burmeseclassic.com

www.burmeseclassic.com



ဤစကားရပ်များကို ထုတ်ပြရခြင်း၏ ရည်ရွယ်ချက်မှာ အင်ဒရူးကာနက်ဂျီ လုပ်ငန်းများ အောင်မြင်ပြီး ကမ္ဘာ့အချမ်းသာဆုံး သူဌေးဘဝသို့ ရောက် ရှိလာသည်မှာ မေတ္တာစိတ်ကြောင့်သာ ဖြစ်ကြောင်း သိစေလို၍ ဖြစ်၏။

**အင်ဒရူးကာနက်ဂျီရဲ့ မေတ္တာ**

> အပေါ်ယံကြည့်လျှင် အင်ဒရူးကာနက်ဂျီ ချမ်းသာသွားသည်မှာ သံမဏိများ ရောင်းချသောကြောင့် ဖြစ်၏။ အမှန်ကား သံမဏိရောင်းချခြင်းသည် ကြီးပွားချမ်းသာခြင်း၏ အဓိက ကျသော အကြောင်းတရားမဟုတ်။ ကြီးပွားချမ်းသာဖို့ အဓိကကျသောအကြောင်းကား ဝယ်ယူသူများအပေါ်ထားသော မေတ္တာစေတနာကြောင့်ပင် ဖြစ်၏။ သံမဏိများ အရည်အသွေးကောင်းအောင် ၊ ဈေးသက်သာအောင်ကြိုးစားခြင်းသည် ဝယ်ယူသူများအပေါ်ထားသော မေတ္တာစေတနာပင်ဖြစ်၏။ မေတ္တာစေတနာကြောင့် ကြီးပွားခြင်း မဟုတ်ဘဲ သံမဏိရောင်းသောကြောင့် ကြီးပွားသည်ဟုဆိုလျှင် သူ့အရင် နှစ်များစွာက ရောင်းချနေကြသော သံမဏိကုမ္ပဏီပိုင်ရှင်မှန်သမျှ ချမ်းသာနေရမည် ဖြစ်၏။ ယခုကား မချမ်းသာကြ။ ဖြူစင်သော မေတ္တာစေတနာသာ ပါလျှင် မည်သည့်လုပ်ငန်း လုပ်သည်ဖြစ်စေ အောင်မြင်ရမည်သာ ဖြစ်ကြောင်း တစ်ထစ်ချမှတ်သားအပ်၏။

စာရေးသူ သတိထားမိသလောက်အားဖြင့် ကမ္ဘာ့အချမ်းသာဆုံး သူဌေးများသည် အလှူဒါန အများဆုံး ပြုလုပ်နေသူများ ဖြစ်နေခြင်းပင်။ သို့ရာတွင် သူတို့ပြုသောဒါနများသည် ပကာသနကင်း၏။ တကယ်လိုအပ်သော နေရာကို မည်သည့်မျှော်လင့်ချက်မှ မထားဘဲ စွန့်ကြဲတတ်ကြ၏။ ပါဠိလို "မုတ္တစာဂ" ဟုခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



အင်ဒရူးကာနက်ဂျီသည် သူနှုတ်မှ ဖွင့်မပြောသော်လည်း ငါကြီးပွား ချမ်းသာလျှင် ချို့တဲ့နွမ်းပါးသောသူများကို ထောက်ပံ့ကူညီမည် ဟူသောရည် ရွယ်ချက်ဖြင့် စီးပွားရှာခဲ့သူဖြစ်ကြောင်း သူ၏အပြုအမူများက ထင်ရှားပြခဲ့၏။ သူ ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးဘဝသို့ ရောက်လာသောအခါ မည်သည့် သူဌေးမှ မလုပ်ခဲ့ဖူးသော အလုပ်တစ်ခုကို ပြုလုပ်ခဲ့၏။

ထိုအလုပ်ကား သူ၏ ဒေါ်လာများကို မည်သည့်နေရာသို့ လှူဒါန်း လျှင် လောကအတွက် အကျိုးများမည်ဟူသော အကြံဉာဏ်ကို လူများစွာထံမှ ဒေါ်လာပေးပြီး တောင်းခံခဲ့ခြင်းဖြစ်၏။ သူသေသောအခါတွင်လည်း သူချမ်း သာသမျှ၏ ငါးပုံးသုံးပုံကို လူသားများအတွက် ကျေးဇူးအများဆုံးနေရာများသို့ လှူဒါန်းသွားခဲ့၏။

ယခုနှစ်ဆယ့်တစ်ရာစုတွင် ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီးဘီဂိတ်လ် သည်လည်း ဒါနကုသိုလ်ကို သူမတူအောင် ပြု၏။ ကမ္ဘာ့အရပ်ရပ်မှ ချို့တဲ့ သူများကို ထောက်ပံ့ရန် ဒေါ်လာသုံးဆယ်ဘီလီယံကို မ,တည်ကာ ဘီဂိတ် ဖောင်းဒေးရှင်းကို ဖွဲ့စည်းထား၏။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းကပင် ကမ္ဘာတစ်ဝန်းလုံးရှိ တီဘီရောဂါ ဝေဒနာရှင်များအတွက် တီဘီဆေးဖိုးဒေါ်လာ သန်းကိုးရာ လှူဒါန်းခဲ့သေးသည် ။ (၂၀၀၆-အတွင်း) ။

ကမ္ဘာတစ်ဝန်းတွင် တီဘီရောဂါကြောင့် ၁၅ စက္ကန့်လျှင် လူတစ် ယောက်နှုန်း သေဆုံးနေကြသည်။ ထိုသို့ သေဆုံးရသည်မှာ ဈေးကြီးသော တီဘီဆေးကို ဝယ်မစားနိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် တကယ်လိုအပ် ၍လှူဒါန်းရခြင်း ဖြစ်ကြောင်း ဘီဂိတ်လ်က ရှင်းပြသွားသည်။ ထိုလအတွင်း မှာပင် အမေရိကန် ပြည်ထောင်စုမှ "မစ္စတာဝါရင်းဘတ်ဖတ်" အမည်ရှိ သူဌေးကြီးတစ်ဦးက ဘီဂိတ်ဖောင်ဒေးရှင်းတွင် ဒေါ်လာသုံးဆယ့်တစ်ဘီလီယံ ထည့်ဝင် လှူဒါန်းသွား၏။

စီးပွားရှာစဉ်ကတည်းက ငါချမ်းသာလျှင် ချို့တဲ့သောသူများကို ထောက်ပံ့ကူညီမည် ဟူသော စိတ်ဓာတ်ဖြင့် ကြိုးစားရှာဖွေခဲ့ခြင်း ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာဝါရင်းဘတ်ဖတ်က ပြောကြားသွားခဲ့၏။ ဤသူဌေးကြီးနှစ်ဦးမှာလည်း ထိုမေတ္တာစေတနာစိတ်ဖြင့်ပင် စီးပွားရှာခဲ့ခြင်း ဖြစ်ကြောင်း သူတို့ပြုသော အံ့မခန်းဒါနကုသိုလ်များက သက်သေပြလျက်ရှိ၏။

စီးပွားရှာစဉ်ကတည်းက ချို့တဲ့သူများကို ထောက်ပံ့ရန်ဟူသော မေတ္တာစိတ်ဓာတ်က ခေါင်းဆောင်ပြီးဖြစ်ရာ ထိုသူဌေးကြီးများ စီးပွားရေးလုပ်စဉ်ကာလများတွင်လည်း မေတ္တာဓာတ်များ ပါနေမည်မှာ ပြောစရာပင် မလိုတော့ပေ။ ထို့ကြောင့် ကမ္ဘာ့အဆင့်ထိ ချမ်းသာနေကြသော သူဌေးများမှာ မေတ္တာဓာတ်ကြောင့် သာ ဖြစ်ကြောင်း ယုံမှားမရှိ မှတ်သားလိုက်နာအပ်ပါ၏။

> လူသားဟာ သိပ္ပံပညာအစွမ်းနဲ့ သဘာဝကြီးကို အောင်နိုင်ပြီလို့ ထင်နေကြတယ်။ " အသင်လူသား မာနမကြီးနဲ့ဦး။ အသင်ဟာ သဘာဝကို အောင်နိုင်ပေမယ့် သင့်ရဲ့ အဇ္ဈတ္တသန္တာန်က အတ္တကို သင်မအောင်နိုင်သေဘူး။ သင့်အတ္တက သင်နဲ့ သင့်လောကကို ဖျက်ဆီးပစ်မယ့် ဘေးကြီးရှိနေသေးတယ်"

(ကမ္ဘာကျော်သမိုင်းပညာရှင် အားနိုးတွိုင်းဘီး၏
စိဗ္ဗိလိုင်းဇေးရှင်း အွန်ထရိုင်ရယ် 'တရားခွင်မှ လူ့လောက' စာအုပ်မှ)



www.burmeseclassic.com

www.burmeseclassic.com



## ခိုးလို့ရတဲ့ အစားအစာဆိုတာ

အလုပ်မလုပ်ဘဲ ရတဲ့အစာဟာ ခိုးလို့ရတဲ့အစာ၊ အခုငါအစာစား
ပြီ၊ ဒါကြောင့် ငါအလုပ်လုပ်ရတော့မယ်။

'အစာငတ်ခံရာမှ အစာစားသောနေ့တွင် ဗိုင်းငင်ရင်း ပြောသော
(မဟာတ္တမဂန္ဒီ၏စကား)

## ဂန္ဒီတင်ပြသည့်
## နိုင်ငံရေးခေါင်းဆောင်တိုင်း လိုက်နာရမည့်စည်းမျဉ်းများ

၁။ ဝန်ကြီးတိုင်းသည် ပြည်တွင်းဖြစ် ဖျင်ကြမ်းများ ဝတ်ဆင်ရမည်။
၂။ အစေခံမထားဘဲ သာမန်အိမ်များတွင်နေထိုင်ရမည်။
၃။ ကိုယ်ပိုင်ကား မစီးရ။
၄။ ဓာတ်နိမ့်၊ ဓာတ်မြင့်(အုပ်ချုပ်သူ/အုပ်ချုပ်ခံ) မခွဲရ။
၅။ တစ်နေ့လျှင် အနည်းဆုံးတစ်နာရီ ဗိုင်းငင်ခြင်း၊ စိုက်ပျိုးခြင်း စသော
အလုပ်တစ်မျိုးမျိုး လုပ်ရမည်။
၆။ မိမိတို့အိမ်တွင် နိုင်ငံခြားဖြစ် ပရိဘောဂမသုံးရ။
၇။ သွားလာရာတွင် ကိုယ်ရံတော်များ မပါရ။
၈။ ခေါင်းဆောင်တိုင်း ကိုယ့်အိမ်သာ ကိုယ်ဆေးပါ။

(ထိုအတိုင်းလိုက်နာမှ နိုင်ငံတိုးတက်မည်ဟု ဂန္ဒီကယူဆသည်)



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

## အတ္တသမာပဏိဓိမင်္ဂလာ ချို့တဲ့ခြင်း၊ မိမိကိုယ်ကို ကောင်းစွာမဆောက်တည်နိုင်ခြင်း၊ မိမိကိုယ်ကိုထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်း မရှိခြင်း

အကုသိုလ်သည် စုန်လမ်း၊ အသွားရလွယ်ကူ၏။ သွားသူလည်း များ၏။ သို့သော် ထိုလမ်း၏ နောက်ဆုံးပန်းတိုင်ကား အပါယ် လေးပါး။ ကုသိုလ်သည် ဆန်လမ်း၊ သွားလာရ ခက်ခဲ၏။ သွားသူလည်း နည်း၏။ သို့သော် ထိုလမ်း၏ နောက်ဆုံး ပန်းတိုင်ကား နိဗ္ဗာန်။

လောကီ,လောကုတ္တရာနှစ်ဖြာလုံး ဆုတ်ယုတ် ပျက်စီးနေသောသူ မှန်သမျှသည် စိတ်၏ကျွန်။

လောကီ,လောကုတ္တရာ နှစ်ဖြာလုံး ကြီးပွားတိုးတက် အောင်မြင်နေသော ပုဂ္ဂိုလ် မှန်သမျှသည် စိတ်၏သခင်။

ဗုဒ္ဓဘာသာမြန်မာ အများစု မကြီးပွားကြခြင်း၏ စတုတ္ထအကြောင်း မှာ အတ္တသမာပဏိဓိ မင်္ဂလာချို့တဲ့ခြင်းကြောင့် ဖြစ်ကြောင်း အကျဉ်းဖော်ပြ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ယခုအကျယ်ချဲ့အံ့။ ထိုအတ္တသမာပဏိဓိမင်္ဂလာကို ခေတ်လူငယ်များ နားလည်လွယ်အောင် ရေးရလျှင် မိမိကိုယ်ကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်း ရှိခြင်းပင် ဖြစ်၏။

## စိတ်သခင်နှင့် စိတ်ကျွန်

ကမ္ဘာတွင် လူဦးရေသန်းပေါင်း ခြောက်ထောင်ကျော် ရှိသော်လည်း အမျိုးအစားခွဲလိုက်လျှင် စိတ်ကို ကျွန်ခံသူ၊ စိတ်ကို သခင်လုပ်သူဟု နှစ်မျိုးသာရှိ၏။ "ပါပသ္မိံ ရမတိ မနော" ဟူသော ဓမ္မပဒဒေသနာတော်အရ စိတ်သည် မကောင်းမှုအကုသိုလ် အလုပ်၌သာ ပျော်ပိုက်သောကြောင့် စိတ်ကို ကျွန်ခံရသော လူသားသည် မကောင်းမှုမှန်သမျှ အားလုံး ပြုလုပ် တော့မည်သာ ဖြစ်၏။

ထိုအခါ စိတ်ကို ကျွန်ခံရသောလူသားသည် ပစ္စက္ခမှာလည်း မွဲ၏။ ငတ်၏။ အောက်တန်းကျ၏။ ထောင်တန်းကျကာ ဘဝပျက်ရ၏။ သံသရာတွင်လည်း အပါယ်ငရဲတွင် နစ်မွန်းရ၏။ စိတ်ကို သခင်လုပ်သော လူသားကား လောကီရေးရာမှာလည်း ကြီးပွားတိုးတက် အောင်မြင်၏။ လောကုတ္တရာ ရေးမှာလည်း မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပြီး နိဗ္ဗာန်သို့ရောက်၏။

ရေလမ်းခရီး၌ စုန်လမ်းဆန်လမ်းဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတွင် စုန်လမ်းသည် သွားရလာရလွယ်ကူ၏။ အားစိုက်စရာမလို။ အသာမျှောလိုက် သွားရုံသာဖြစ်၏။ ဆန်လမ်းကား ပင်ပန်း၏။ ပေအနည်းငယ်ရောက်အောင် ပင် မနည်းအားစိုက်လှော်ခတ်ရ၏။ သို့သော် စုန်လမ်း၏ နောက်ဆုံးပန်းတိုင်ကား သမုဒ္ဒရာထဲရောက်ပြီး လှိုင်းရိုက်၊ ဝဲစုပ်၊ ငါးစားခံရကာ ပျက်စီးရခြင်းပင်။

ဆန်းလမ်း၏ နောက်ဆုံးပန်းတိုင်ကား ရေများစတင်စီးဆင်းရာ ရေတံခွန် တောင်ထိပ်ရောက်ပြီး လှပသော ရှုမျှော်ခင်းများကို တွေ့မြင်ခံစားခွင့် ရရှိခြင်းပင်။ ထို့အတူ အကုသိုလ်အလုပ် မှန်သမျှသည် စုန်လမ်းဖြစ်၏။ အား စိုက်စရာမလို။ စိတ်ကကို အလိုလို လုပ်ချင်နေတတ်၏။ အပျော်



www.burmeseclassic.com

www.burmeseclassic.com



အပါးလိုက် စားဖို့၊ သေရည်သေရက်သောက်ဖို့၊ လောင်းကစားဖို့ သင်တန်းတက်စရာမလို အလိုလို တတ်နေ၏။

တရားကို တစ်နာရီမျှ မထိုင်နိုင်သောသူသည် ဖဲရိုက်ရာ၌ကား တစ်ညလုံးထိုင်နိုင်၏။ တရားကို တစ်နာရီမျှ မနာနိုင်သောသူသည် အပျော်အပါး အသောက်အစား အလုပ်ကိုကား ညလုံးပေါက် စိတ်ပါလက်ပါ လုပ်နိုင်၏။ အပျော်ပါး အသောက်အစား လောင်းကစားလုပ်ဖို့အတွက်ဆိုလျှင် တစ်ခါခေါ်ရုံနှင့် ချက်ချင်းထလိုက်၏။

ဒါနပြုဖို့၊ သီလဆောက်တည်ဖို့ ဘာဝနာပွားဖို့၊ ပရဟိတအလုပ်လုပ်ဖို့ ခေါ်လျှင် ဆယ်ခါခေါ်မှ တစ်ခါလောက်သာလိုက်၏။ ထိုသို့လိုက်ခြင်းမှာလည်း စိတ်ပါလွန်းလှ၍မဟုတ်။ မကောင်းတတ်၍ လိုက်ခြင်းသာဖြစ်၏။ ကု သိုလ်လုပ်လျှင် အောက်ထစ်ဆုံးအားဖြင့် လူချမ်းသာ၊ နတ်ချမ်းသာကို ခံစား ရ၏။ အမြင့်ဆုံးအားဖြင့် နိဗ္ဗာန်ချမ်းသာအထိ ခံစားရ၏။

အကုသိုလ်လုပ်လျှင် အပါယ်လေးပါသို့ကျ၏။ သို့ဖြစ်ပါလျက် ပုထုဇဉ်လူသားသည် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကိုပေးမည့် ကုသိုလ်အလုပ်၌ မပျော်ပိုက်ပဲ အပါယ်ဆွဲချမည့် အကုသိုလ် အလုပ်၌ အဘယ့်ကြောင့် ပျော်ပိုက်နေရသနည်း....အဖြေကား...

ပုထုဇဉ်လူသားကျင်လည်ပြီးခဲ့သော မရေမတွက်နိုင်သည့် ဘဝပေါင်းများစွာတို့တွင် အကုသိုလ်လုပ်ပြီး အပါယ်ကျခဲ့သော ဘဝတွေက များခဲ့သောကြောင့် ဟုဖြေဆိုရပေမည်။ အပါယ်ဘုံ၌ နေခဲ့ရသော ဘဝ တွေကများခဲ့သောကြောင့် အပါယ်ကျမည့် အကုသိုလ်အလုပ်များ၌ ပျော်ပိုက် နေကြခြင်းဖြစ်၏။

အပါယ်ကျသောဘဝက မည်မျှလောက်ထိ များပြားခဲ့သနည်း။လူသား၏ မရေမတွက်နိုင်သော ဘဝများကို တစ်ကုဋေစီကန့်၍ ပုံကြည့် လိုက်ပါက ဘဝပေါင်း(၉၉၉၉၉၉၉) ဘဝသည် အကုသိုလ်ကြောင့် အပါယ် ကျနေရပြီး တစ်ဘဝလောက်သည်သာ ကုသိုလ်ကြောင့် လူပြည်၊ နတ်ပြည်သို့ ရောက်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤဖော်ပြချက်ကို ထောက်၍ဆင်းရဲဒုက္ခ ရောက်နေသော အပါယ်ဘုံသားအားလုံးသည် ဒါန၊ သီလ၊ ဘာဝနာဟူသော ကုသိုလ်မှန်သမျှကို ရှောင် ပြီး အပျော်အပါး၊ လောင်းကစား၊ အသောက်အစား အကုသိုလ်မှန်သမျှကို ဆောင်ခဲ့သော စိတ်ခိုင်းသမျှ အကုန်လိုက်လုပ်ရသည့် စိတ်ဓာတ်၏ ကျေးကျွန်များသာ ဖြစ်၏။

နိဗ္ဗာန်ချမ်းသာကို ခံစားနေရသော သမ္မာသမ္ဗုဒ္ဓဘုရားရှင်၊ ပစ္စေကဗုဒ္ဓါခေါ်ဘုရားငယ်၊ ရဟန္တာအရှင်မြတ်များနှင့်တကွ အရိယာပုဂ္ဂိုလ်တို့သည် စိတ်လုပ်ချင်သော ဒုစရိုက်၊ ဒုရာဇီဝအကုသိုလ်အလုပ် မှန်သမျှကို တစ်ခုမှ မလုပ်ဘဲ စိတ်မလုပ်ချင်သည့် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားအားလုံးကို ပေလုပ်ခဲ့ကြသော စိတ်ဓာတ်၏ သခင်များသာဖြစ်၏။

## စိတ်ကျွန် မိုးကုတ်သူဌေး

လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်ကျော်ခန့်က မြန်မာပြည်တွင် အချမ်းသာဆုံးဟု ဆိုရမည့် သူဌေးတစ်ဦးပေါ်ပေါက်ခဲ့၏။ သူ့အမည်ကား ထွန်းမောင်။ သူ့ဇာတိနှင့်တွဲ၍ မိုးကုတ်သူဌေး.........ဟု ခေါ်ကြ၏။ သူ ပြုခဲ့သော ဒါနကုသိုလ်ကြောင့် သူသန္ဓေတည်သော အခါမှစ၍ မိဘများမှာ စီးပွား တအားတက်ခဲ့၏။ သူ၏အကျိုးပေးမှာ အတော်ထူးခြား၏။ သူငယ်ရွယ်စဉ်အခါက အိမ်ကပေးလိုက်သော ငွေတစ်သိန်းကို အပြင်မှာ ကုန်အောင်သုံးလိုက်လျှင် အိမ်တွင် နှစ်သိန်းပြန်ဝင်၏။ အပြင်မှာ နှစ်သိန်းကုန်အောင်သုံးလျှင် အိမ်တွင် လေးသိန်းပြန်ဝင်၏။ ဤသို့ဖြစ်နေသည်မှာ တရံတစ်ခါမဟုတ်။ နေ့စဉ်အမြဲတန်းပင်။

ကြာသော် မိဘများမှာ ငွေများအဆမတန် တိုးလာမည်ကိုသာမြင်ပြီး နေ့စဉ် သိန်းပေါင်းများစွာသုံးစွဲရအောင် ပေး၏။ သာသမီးပျက်စီးမှာကိုကား သတိမပြုမိရှာကြပေ။. . . . .စီးပွားရေးလုပ်သော အခါတွင်လည်း သူ တစ်ပါးထက် ဆယ်ဆမက ဖြစ်ထွန်း၏။ . . . . .၏ အသုံးအစွဲကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ပုံမှာ မြန်မာပြည်၌ ပြောစမှတ်တွင်ခဲ့၏။

မောင်. . . . . ဟိုတယ်တစ်ခုသို့ ဝင်သွားပြီဆိုလျှင် ထိုဟိုတယ်ပေါ်သို့ နောက်ထပ် မည်သူမျှ လာတည်းမရတော့။ အဘယ့်ကြောင့်နည်း။ ဟိုတယ်အတွင်းရှိ အခန်းအားလုံး စားစရာသောက်စရာ အားလုံးကို ငွေနှင့် အကုန်ချုပ်ထားလိုက်သောကြောင့်ပင် ဖြစ်၏။ သူတည်းခိုစားသောက်နေသော ရက်များတွင် သူ့အသိမိတ်ဆွေမှတစ်ပါး မည်သူမျှ တည်းခိုစားသောက်၍ မရ တော့ပေ။

ထိုအချိန်က ရန်ကုန်တွင် . . . . .အမည်ရှိ ကုလားသူဌေးတစ်ယောက် ရှိ၏။ . . . .သည် နိုင်ငံခြားမှ ကားအကောင်းစားများကို တင်သွင်းပြီး အရောင်းအဝယ်လုပ်နေသူဖြစ်၏။ ထိုအချိန်က ဈေးအကြီးဆုံးကားမှာ မာစီဒီးကားပင် ဖြစ်၏။ ထိုခေတ်က မာစီဒီးကားတစ်စီးတစ်သိန်းဟုဆိုလျှင် ယခုခေတ်အနေ ဖြင့် သိန်းငါးထောင်ခန့် တန်ဖိုးရှိပေလိမ့်မည်။

မိုးကုတ်သူဌေး. . . .က ရန်ကုန်သူဌေးရှော်ဖီထံတွင် မာစီဒီးကားအသစ် တစ်စီး သွားဝယ်၏။ ထိုအခါ ကားရောင်းသော . . . . .က သူ့ကား အသစ်ဖြစ်ကြောင်းကို ယခုလိုအာမခံ၏။

“ကို..........၊ ဒီကားတွေဟာ အသစ်စက်စက်တွေပါ။ သုံးလေးနှစ်အတွင်း လုံးဝမပျက်စေရဘူး။ ဒီသုံးလေးနှစ်အတွင်း တစ်ခုခုဖြစ်ရင် နောက်ထပ်တစ်စီး အသစ်လဲပေးပါမယ်”

“ဒီမှာ ..........၊ ............လိုကောင်က ကားပျက်ရင်လဲပြီး ပြင်စီးမယ့်သူဌေးမျိုး မဟုတ်ဘူး၊ မင်းဆီက ဝယ်လာတဲ့ကားကို သော့တစ်ချက်လှည့်ကြည့်လို့ စက်မနိုးဘူးဆိုရင် ဒီအတိုင်းမီးပုံရှို့ပစ်လိုက်ပြီး နောက်တစ်စီးအသစ်ဝယ်မယ်”

ထို့ကြောင့်လည်း စာရေးဆရာသော်တာဆွေက အရင်ကငွေပေါပေါ သုံးစွဲနိုင်လျှင် ငွေကို ရေလိုသုံးတယ်တယ်ဟု ပြောကြ၏။ ထွန်းမောင်အတွက် ကား ထိုစကားနှင့် မလုံးလောက် ငွေကို လေလိုသုံးတယ်ဟု ပြောမှ လုံလောက်



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု "ကျွန်တော့်ဘဝဇာတ်ကြောင်း" စာအုပ်တွင် ရေးသားခဲ့၏။

အမေရိကန်သူဌေးကြီး အင်ဒရူးကာနက်ဂျီက သူချမ်းသာသမျှကို လူသားများအတွက် အကျိုးရှိသော နေရာများတွင် လှူဒါန်းခြင်းဖြင့် သူ့ဒေါ်လာများကို အသုံးချ၏။ ယခု မြန်မာသူဌေး.............က သူချမ်းသာသမျှကို သူ့ကာမဂုဏ်အတွက် မကုန် ကုန်အောင်သုံးစွဲပြီး အသုံးချ၏။ မည်မျှ စိတ်ဓာတ်ချင်း ကွာခြားလိုက်ပါသနည်း။

ထိုသို့ စိတ်ဓာတ်အဆင့်တန်းချင်း ကွာခြားသောကြောင့် မြန်မာသူဌေးအများစုသည် ကမ္ဘာ့အဆင့်ထိရောက်အောင် မချမ်းသာကြခြင်း ဖြစ်၏။ မိုးကုတ်သူဌေး...............သည် သူ့ဘဝခန္ဓာကို ကာမဂုဏ်ခံစားဖို့အတွက် အသုံးချရင်း မူးယစ်ဆေးဝါး၏ သားကောင်ဖြစ်သွားခဲ့ရ၏။ နောက်ဆုံး အင်စိန်ထောင်အတွင်းမှာပင် သေဆုံးခဲ့သည်။

အကုသိုလ် ဗရဗွနှင့် သေရသောကြောင့်နောက်ဘဝတွင်လည်း အပါယ်ကျဖို့ရန် သေချာသလောက်ရှိ၏။ စိတ်ကို ကျွန်ခံခဲ့ရသော . . . . သည် ပစ္စုပ္ပန်မှာလည်း ထောင်တန်းကျပြီး အသေဆိုးနှင့် သေရသလို သံသရာတွင်လည်း အပါယ်ဆင်းရဲကို ခံရဦးမည်ဖြစ်ရာ နှစ်ဘဝလုံး နစ်နာလှ၏။

## စိတ်သခင် လက်ပံတန်းသူဌေး

ဦးထိန်ဝင်းကို စာရေးသူအနေနှင့် လူကိုယ်တိုင်မတွေ့ဖူးပေ။ လူကိုယ်တိုင်မတွေ့ဖူးဘဲ သူ့အကြောင်းကို အဘယ့်ကြောင့် ရေးနိုင်သနည်း။ သူ့ဇာတိရွာသို့ တရားဟောကြွရင်း သူပြုခဲ့သည့် ဒါနကုသိုလ်များကို မြင်ရသောကြောင့် ယခုလို ရေးနိုင်ခြင်းဖြစ်၏။ ဦးထိန်ဝင်းသည် ပဲခူးတိုင်း၊ လက်ပံတန်းမြို့နယ်၊ ခမုံဆိပ်ရွာဇာတိဖြစ်၏။

ရန်ကုန်တွင် ကုမ္ပဏီများထောင်နိုင်သည်အထိ ကြီးပွားချမ်းသာနေ ၏။ သူကြီးပွားချမ်းသာခြင်းသည်လည်း မေတ္တာစေတနာကြောင့် ဟုဆိုနိုင်၏။ ခမုံဆိပ်ရွာတွင် ဒါနပြုသူတိုင်း အတုယူသင့်သည့် ကုသိုလ်သုံးမျိုးကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်မျိုးကား သိန်းပေါင်းလေးထောင်ကျော်ခန့် တန်ဖိုးရှိသော အစိုးရ အထက်တန်းကျောင်းကြီးပင် ဖြစ်၏။ ဒုတိယတစ်မျိုးကား သိန်းတစ်ထောင်ကျော်တန်ဖိုးရှိသော တိုက်နယ်ဆေးရုံ အဆောက်အဦဖြစ်၏။ တတိယတစ်မျိုးကား ခမုံဆိပ်ဘူတာရုံပင် ဖြစ်၏။

စုစုပေါင်း သိန်းခြောက်ထောင်ကျော်ခန့် တန်ဖိုးရှိမည်ဟု ခန့်မှန်းရ၏။ ဗုဒ္ဓဘာသာအများစုသည် အဆောက်အဦလှူဖို့ ဆိုလျှင် ကျောင်းကန်ဘုရား စေတီများသာ လှူ၍ရသည်ဟု ထင်ကြ၏။ အမှန်ကား ဆေးရုံဆေးပေးခန်း၊ တန်းကျောင်းအားလုံး လိုအပ်သည့်နေရာများတွင် လှူကောင်းသည်သာ ဖြစ်၏။ ဂျပန်ပြည်တိုးတက်ချမ်းသာသည်မှာ ထိုကဲ့သို့ လိုအပ်သောလူမှုရေး များတွင် လှူဒါန်းတတ်သောကြောင့်ဟု ယူဆရ၏။ မြန်မာပြည်၌သူတို့လှူ သောနေရာများကို ကြည့်လိုက်လျှင် တကယ်လိုအပ်သော နေရာများချည်း ဖြစ်နေသည်ကို တွေ့ရ၏။

## ဂျပန်တို့၏ ပရဟိတဒါန

မတ္တရာမြို့၊ ရေနံ့သာ အနာကြီးရောဂါ ဆေးရုံဝင်းထဲတွင် ဆေးသင်တန်းပို့ချရာ အဆောက်အဦကြီးတစ်ခု လှူဒါန်းထား၏။

နံ့သာမြိုင် ရောဂါသည်စခန်းတွင်လည်း ဆိုလာပြားသုံး ရေတင်စက်၊ ရေစင်ကြီးတစ်လုံးနှင့် မူလတန်းကျောင်းဆောင်ကြီးတစ်ဆောင်ကို လှူဒါန်းထား၏။ ရန်ကုန်တိုင်း၊ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် တည်ရှိသည့် "ဝိသာခါ" သီလရှင်ပရဟိတကျောင်းတွင်လည်း နှစ်ထပ်တိုက် အဆောင်ကြီးတစ်ဆောင် လှူဒါန်းထားသည်ကို တွေ့ခဲ့ရ၏။

လအတန်ကြာက မြို့နယ်တစ်ခုရှိ ကျေးရွာကျောင်းတစ်ကျောင်းတွင် ကျောင်းလုမှု ဖြစ်ပွား၏။ တစ်ပါးသည် အမှုရှုံးသဖြင့် ကျောင်းပေါ်မှ ဆင်းပေးရ၏။ ထိုကိုယ်တော်ဘက်မှပါသော ပစ္စည်းရှိဒကာတစ်ယောက်က အရင်ကျောင်းနှင့်မလှမ်းမကမ်းနေရာတွင် နှစ်ထပ်ကျောင်းကြီးတစ်ကျောင်း ဆောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့ကိုယ်တော် တစ်ပါးတည်း ပင့်ထားလိုက်၏။

ဇရာမကျောင်းကြီးထဲတွင် ကိုယ်တော်တစ်ပါးတည်းနေသည်ကို တွေ့သွားဂျပန်များက –

"နှမြောစရာကောင်းလိုက်တာ။ ကိုယ်တော်တစ်ပါးတည်း နေတဲ့ဟာ တစ်ပါးနေသာရုံ ဆောက်ရင် တော်ရောပေါ့။ မူလတန်းကျောင်းတွေမှာ ဆိုရင် ကျောင်းသားတွေက များ၊ အဆောက်အဦကသေးနဲ့ တကယ်လိုအပ်နေတာ။ အဲဒီလို လိုအပ်နေတဲ့ နေရာတွေမှာ လှူသင့်တယ်ဟု ဝေဖန်သွားကြောင်း စကားပြန် တစ်ယောက်က ပြန်ပြောပြသဖြင့် သိရ၏။ သာသနာကိုတကယ် ချစ် မြတ်နိုးရိုး မှန်လျှင် အမှုရှုံးသွားသောကိုယ်တော်သည် ကျောင်းထိုင်ဘုန်းကြီး လစ်လပ်နေသော ရွာကျောင်း တစ်ကျောင်းကျောင်းတွင် သွားရောက်နေထိုင်သင့်၏။ ကျောင်းဒကာသည်လည်း မူလတန်းကျောင်းတွင် ဖြစ်စေ၊ တခြားရွာ ဦးကျောင်း မဆောက်နိုင်သော ရွာတစ်ရွာရွာတွင် ဖြစ်စေ သွားဆောက်သင့်၏။

ယခုလို တစ်ရွာတည်းတွင် နှစ်ကျောင်းပြိုင်ဆောက်ခြင်းဖြင့် ကုသိုလ်ထက် ရွာနှစ်ခြမ်းကွဲပြီး အကုသိုလ် ပိုများဖို့သာ ရှိ၏။ ထို့ကြောင့်လည်း ကချင် ပြည်နယ်၊ နမ္မားဆရာတော် အရှင်ဉာဏဆရာတော်ကြီးက–

"ကမ္ဘာမှာ ဒါနအပြုဆုံးကလည်း မြန်မာပဲ။ ဒါပေမယ့် အမွဲဆုံးကလည်း မြန်မာပဲ ဖြစ်နေတယ်။ အဲဒါဘာ့ကြောင့်လဲဆိုရင် သဒ္ဓါအချိုးမကျလို့ကွယ့်။ မလှူသင့်တဲ့ နေရာကျတော့ နင်းကန်လှူတယ်။ တကယ်လှူသင့်တဲ့ နေရာကျတော့ ထိုက်တန်အောင် မလှူကြဘူး"

ဟု ဆုံးမဩဝါဒ ပေးတော်မူခဲ့ခြင်း ဖြစ်၏။ ယခုတင်ပြနေသော ဦးထိန်ဝင်းကား ယင်းဩဝါဒနှင့် အညီလှူဒါန်းခြင်း ဟုဆိုသင့်၏။

ကာလဒါနအနေဖြင့် တကယ်လိုအပ်သောနေရာတွင် လှူဒါန်းသောဒါနရှင်များသည် ရမ်းလှူသော ဒါနရှင်များထက် အကျိုး



www.burmeseclassic.com

www.burmeseclassic.com



ထူးနှစ်မျိုးပိုရ၏။ ထိုနှစ်မျိုးကား ဖြစ်ရာဘဝတွင် ပထမအရွယ် ငယ်ငယ်ကတည်းက ချမ်းသာခြင်း၊ မိမိလိုအင်ဆန္ဒများ ချက်ချင်းပြည့်စုံလာရခြင်းတို့ပင် ဖြစ်၏။

ဦးထိန်ဝင်းသည် အရွယ်ငယ်စဉ်ကလည်း အပျော်အပါး၊ အသောက်အစား၊ လောင်းကစားတို့ကို ရှောင်ရှားပြီး သမ္မာအာဇီဝကျစွာဖြင့် စီးပွားရေးကို တစိုက်မတ်မတ်ရှာခဲ့ခြင်းသည် စိတ်ကို မိမိလိုရာစေခိုင်းနိုင်သော စိတ်သခင်အမျိုးအစားထဲတွင် ပါဝင်သောကြောင့် ဖြစ်၏။ တဖန် ယခုကဲ့သို့ ချမ်းသာလာသော အချိန်တွင်လည်း မိမိအာရုံခံစားဖို့ချည်း အသုံးမပြုဘဲ လူမှုဒွာနများတွင်လှူဒါန်းနိုင်သည်မှာလည်း စိတ်သခင်တစ်ယောက် ဖြစ်နေခြင်းကြောင့်ပင်။

ဒါနကုသိုလ်ပင် ပြုနေသော ဦးထိန်ဝင်းသည် သီလကုသိုလ်၊ သမထဘာဝနာကုသိုလ်၊ ဝိပဿနာဘာဝနာ ကုသိုလ်တို့ကိုလည်း ပြုမှာသေချာ၏။ ဝိပဿနာကုသိုလ်ကိုလည်း ဆည်းပူးပါက မဂ်ကုသိုလ်၊ ဖိုလ်ကုသိုလ်များ ရ မည်မှာ သေချာ၏။ ထို့ကြောင့် ဦးထိန်ဝင်းကဲ့သို့သော သူဌေးမျိုးကား စိတ်ကို မိမိလိုရာသို့ စေခိုင်းနိုင်သော စိတ်သခင်မျိုးပင် ဖြစ်၏။

## သစ်ခွဲသော ကုလားနှင့် မြန်မာ

ပဲခူးရိုးမကြီးထဲတွင် သစ်ခွဲ၊ သစ်ဆွဲသောကုလားနှင့် မြန်မာတစ် ယောက် ရှိခဲ့ဖူး၏။ မြန်မာကား ဗုဒ္ဓဘာသာဖြစ်သော်လည်း ဗုဒ္ဓ၏စကားကို တစ်ခွန်းမှ နာထောင်ခြင်းမရှိ။ တောကြီးမျက်မည်းတွင် သစ်ခွဲသစ်ဆွဲအလုပ် သည် ပင်ပန်းသလောက်ငွေတအားရ၏။ မြန်မာအလုပ်သမားသည် ရသမျှ ငွေကို အပျော်အပါး၊ အသောက်အစား၊ လောင်းကစားတို့ဖြင့် အကုန်သုံးဖြုန်း ပစ်၏။

မြစ်ထဲတွင် ရေအတက်အကျအတိုင်း မျောချင်ရာ မျောနေသော ဗေဒါများကဲ့သို့ မည်သည့် ရည်ရွယ်ချက်မျှ မရှိ။ စိတ်နှင့် ရုပ်တွင် စိတ်ကဦးဆောင်၏။ စိတ်ဖြစ်ချင်သော ပုံစံအတိုင်း ရုပ်ကလိုက်ဖြစ်ရ၏။ စိတ်ကဘာမျှ မဖြစ်ချင်လျှင် ရုပ်ကလည်း ဘာမျှလိုက်မဖြစ်တော့ပေ။ ကုလားကား ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ခြားဖြစ်သော်လည်း 'အတ္တသမာပဏီဓိမင်္ဂလာ' ကိုအပြည့်အဝလိုက်နာ၏။

ငါသည် တောကြီးမျက်မည်းထဲတွင် ဒီအတိုင်းမနေ၊ အရင်းအနှီးစု မိသည်နှင့် ရန်ကုန်တွင် ကုန်မာဆိုင်ကြီးဖွင့်ပြီး စီးပွားရှာမည်ဟု ရည်ရွယ်ချက်ထားပြီး ရသမျှ စုဆောင်း၏။ အပျော်အပါး၊ အသောက်အစား၊ အလောင်းအစားတစ်ခုမျှ မလုပ်။ ဗေဒါများကဲ့သို့ပင် ကျွန်းဖောင်ကြီးများလည်း မြစ်ထဲတွင် ရေစီးနှင့်အတူ မျောပါနေရ၏။

သို့သော် ကျွန်းဖောင်များကား ရောက်ရမည့် ရည်ရွယ်ချက်ဌာန ရှိ၏။ ပွဲကိုင်ပေးမည့်သူ ရှိ၏။ ထို့ကြောင့် ခရီးဆုံးသောအခါ တန်ဖိုးရှိသော ဘဝသို့ ရောက်သွားကြ၏။ ထို့အတူ မည်သည့်လူမျိုးဖြစ်စေ မည်သည့်ဘာသာ ဝင်ဖြစ်စေ ရည်ရွယ်ချက်တစ်ခုခုဖြင့် နေ့စဉ် ကြိုးစားအားထုတ်နေသူများသည် ကျွန်းဖောင်ကြီးများနှင့် တူကြ၏။

ကျွန်းဖောင်ကြီးများသည် အဆုံးနေ့ကျလျှင် တန်းဖိုးရှိသောနေရာရောက်သကဲ့သို့ ရည်ရွယ်ချက်ရှိသောသူများသည်လည်း အဆုံးတစ်နေ့ကျလျှင် ကြီးပွားတိုးတက်သော နေရာသို့ ရောက်ကြရ၏။ ယခု ပဲခူးရိုးမတွင် သစ်ခွဲနေသော မြန်မာနှင့် ကုလားတွင် မြန်မာက ဗေဒါသိုက်နှင့် တူ၏။ ကုလားကား ကျွန်းတုံးဖောင်နှင့်တူ၏။

ခြောက်နှစ်ခန့် ကြာသောအခါ ကျွန်းတုံးဖောင်နှင့်တူသော ကုလားသည် အရင်းအနှီးရပြီဖြစ်သဖြင့် အလုပ်မှထွက်ပြီး ရန်ကုန်တက်သွား၏။ မြန်မာကား သစ်ခွဲရင်းနှင့်ပင် ကျန်ခဲ့၏။ နောက်ထပ်သုံးနှစ်ခန့် ကြာသောအခါ မြန်မာသစ်ခွဲသမားသည် လှသွားအသစ်ဝယ်ရန်အတွက် ခွင့်တင်ပြီး ရန်ကုန်သို့သွား၏။

နှစ်ထပ်တိုက် ကုန်မာဆိုင်ကြီးတစ်ခုတွင် သူလိုချင်တာများဝယ်ပြီး ငွေချေရန်အတွက် မော်ကြည့်လိုက်သောအခါ ဆိုင်ပိုင်ရှင်သူဌေးမှာ သူနှင့်အတူသစ်ခွဲခဲ့သော ကုလားဖြစ်နေ၏။ မြန်မာမှာ သူ့မျက်စေ့ကို သူပင်မယုံကြည်နိုင်အောင် ဖြစ်နေ၏။ ကိုးနှစ်ဟူသော အချိန်ကာလသည် ရည်ရွယ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသူနှင့် မရှိသူတို့အား မိုးနှင့်မြေပမာကွာခြားအောင် ပြုလုပ်ပေးလိုက်သည် မဟုတ်ပါလား။

မြန်မာသစ်ခွဲသမားက သေချာအောင် နှုတ်ဖြင့်တိုက်ရိုက်မေးလိုက်သေး၏။

"ခင်ဗျား ကျွန်တော်နဲ့အတူ ပဲခူးရိုးမထဲမှာ သစ်ခွဲခဲ့တဲ့သူ ဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ ခင်ဗျားထင်တာ မမှားပါဘူး"

"အံ့သြစရာကောင်းလိုက်တာဗျာ။ ခင်ဗျားနဲ့ကျွန်တော်ဟာ အလုပ်လည်းအတူတူ၊ လစာလည်း အတူတူ၊ ဒါနဲ့တောင်မှ ကျွန်တော်က ခုထိဆင်းရဲတုန်းရှိသေးတယ်၊ ခင်ဗျားကတော့ ချမ်းသာနေပြီ၊ ဘာကွာခြားသွားတယ် မသိဘူး"

ထိုအခါ ကုလားက သရော်ပြုံးတစ်ချက်ပြုံးလိုက်ပြီး ယခုလိုပြောလိုက်၏။

"ခင်ဗျားတို့ မြန်မာအများစု မကြီးပွားတာက ဝက်သားစားတာ စောလွန်းလို့ပါ"

ကုလားပြောချင်သည့် အဓိကအချက်မှာ –

**မြန်မာအများစုသည် သူဌေးမဖြစ်သေးခင် သူဌေးလို အသုံးအဖြုန်း ကြမ်းသောကြောင့် မကြီးပွားတာ ဟုဆိုလိုရင်းဖြစ်၏။**

## ချဲထီကိုမက် ဘဝပျက်

ဆယ့်ငါးရက်တစ်ခါ၊ ပေါ်လို့လာ၊ ချဲထီဒုက္ခပါ။
ဆင်းရဲချမ်းသာလူမရွေး၊ ချဲထီဒုက္ခပေး။
ဒုက္ခပေးမှန်းလူမသိ၊ အိမ်မှာဆန်မရှိ။
ဆန်မရှိလို့ ငွေရှာထွက်၊ နေ့ပြန်တိုးကတက်။
စားဖို့အတွက်ဖြစ်သလို၊ မိန်းမပျက်ရည်ယို။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမမျက်ရည်မြင်ပါမှ၊ ချဲကိုနောင်တရ။
မကျေနပ်လို့ ရှိတာရောင်း၊ နှစ်လုံးထီကိုလောင်း။
ကံမကောင်းလို့ လွဲပြန်တော့၊ စိတ်ညစ်ရပြီပေါ့။
စိတ်ညစ်ညစ်နဲ့ လမ်းကိုလျှောက်၊ ဘိုးတော်ဆီကိုရောက်။
ဘိုးတော်ဆီက ဂဏန်းပေး၊ ထိုးဖို့ဝန်မလေး။
ဘိုးတော်ပေးတဲ့ဂဏန်းပါ၊ တွဲလို့ထိုးပြန်တာ။
ယခုအခါ ချဲမပေါက်၊ မိန်းမဟိုကိုရောက်။
ထိုးမပေါက်လို့ ချဲဒိုင်ကိုင်၊ ရဲဖမ်းမိလို့ငေးကာမှိုင်။
ရပြီအပိုင် လွတ်ဖို့အရေး၊ မိန်းမငွေရှာပေး။
မိန်းမလိုက်တဲ့အမှုတောင်၊ တစ်ခေါက်လေးငါးထောင်။
လိုက်စရာငွေမရှိ၊ မိန်းမဘက်ကိုကြည့်။
လင်ကိုချစ်တဲ့အချစ်ဇော၊ ပိုက်ဆံရရင် သူပြီးရော။
သူသဘောနဲ့ ငွေကိုရှာ၊ ရဲကားမိလို့ ဖမ်းပြန်တာ။
သူ့ခမျာဘဝပျက်၊ ချဲထီထိုစနက်။
နောက်ပိတ်ဆုံးတော့အဖြေယူ၊ အချုပ်ခန်းမှာ အတူတူ။
သူရောငါပါသတိပေး၊ လျှော့ကြပါစို့လေး။ ။

စစ်ကိုင်းမြို့၊ ရွာသစ်ကြီးရွာတွင် တရားဟောကြွစဉ်က ဘုန်းကြီးကျောင်းနံရံတွင် ကပ်ထားသောကဗျာတစ်ပုဒ်ပင် ဖြစ်၏။ ရေးသူနာမည်လည်း မပါပေ။ သို့သော် တကယ့်ဖြစ်ရပ်တစ်ခုကို ခံစားချက်နှင့် ရေးစပ်ထားခြင်း ဖြစ်ကြောင်း ထင်ရှား၏။ လောင်းကစားမှန်သမျှသည် ကြိုးစားအားထုတ်လိုသော လူသား၏ ဝီရိယဓာတ်ကို ဖျက်ဆီးပစ်သော သဘောရှိ၏။

ဝီရိယဓာတ်ပျက်သည်နှင့် လူလည်း ပျက်ဆီးတော့၏။ လူများပျက်စီးကုန်က ထိုလူများနေထိုင်သော မြို့၊ ရွာ၊ နိုင်ငံလည်း ပျက်ဆီးရလေတော့၏။ မကြာသေးမီက ငွေပို့ ငွေဝေလုပ် ငန်းလုပ်သော အသက်လေးဆယ်အရွယ် အမျိုးသမီးတစ်ဦး ဓားဒဏ်ရာများ စွာဖြင့် ရန်ကုန်မြို့လယ်တွင် သေဆုံးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပုံကား ထိုအမျိုးသမီး၏ လူယုံလက်ထောက်နှစ်ယောက်သည် နှစ်လုံးသုံးလုံး ကစားပြီး ရှိသမျှကုန်ကာ အကြွေးသိန်းသုံးလေးဆယ် တင်လျက်ရှိ၏။ ထို့ကြောင့် နှစ်များစွာတွဲလုပ်လာသော အလုပ်ရှင် အမျိုးသမီးကို ဓားမြှောင်ဖြင့် မသေမချင်း ထိုးသတ်ပြီး ငွေသိန်းခုနှစ်ဆယ်ကို ယူဆောင်ကာ နယ်စပ်အထိ ထွက်ပြေး၏။

ထိုမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးရန် ကြံရွယ်ပုံရသည်။ သို့သော် နယ်စပ်မှာပင် အဖမ်းအဆီးခံရပြီး ထောင်အနှစ်နှစ်ဆယ် ကျသွား၏။ အပေါ်ယံကြည့်လျှင် လူသတ်မှုကျူးလွန်သူမှာ အမျိုးသားနှစ်ယောက်ဖြစ်၏။ နက်နက်နဲနဲ တွေးကြည့်လျှင်ကား အမျိုးသားနှစ်ယောက်က လူသတ်မှု ကျူးလွန်သည်မဟုတ်။ နှစ်လုံးထီ သုံးလုံးထီက လူသတ်မှု ကျူးလွန်ခြင်း ဖြစ်၏။

နှစ်လုံးထီ သုံးလုံးထီသာ မထိုးလျှင် သူတို့သည် လူသတ်မှုကျူးလွန်စရာအကြောင်း မရှိပေ။ နောက်တစ်ဦးကား ဆရာဝန်တစ်ယောက် ဖြစ်၏။ သူသည် အရာရှိကြီးတစ်ဦး၏ သမီးနှင့်လည်း လက်ဆက်ထား၏။ ကြိုးစားအားထုတ်မည်ဆိုလျှင် သူ့ဘဝအတွက် တက်လမ်းတွေ အများကြီးရှိ၏။

သို့သော် သူကား လောင်းကစား၏ ကျေးကျွန်ဖြစ်သွား၏။ နှစ်လုံးထီ၊ သုံးလုံးထီ၊ တစ်လုံးထီ(ဘောလုံး)ပါ လောင်း၏။ ကြာသောအခါ စီးနေသောကားအပါဝင် ရှိသမျှပစ္စည်း အကုန်ဂုန်၏။ ထိုအခါ စိတ်ကျရောဂါ စွဲသွား၏။ တစ်ညတွင် အိမ်သားများမသိအောင် ညသန်းခေါင်တွင် ထလာပြီး သန့်စင်ခန်းထဲဝင်သွား၏။

အထဲရောက်သောအခါ လည်ပင်းကို ထုံဆေးသုပ်ကာ မိုက်ခွဲသောဓားဖြင့် လည်ပင်းကို လှီးဖြတ်ပြီး ကိုယ့်ကိုကိုယ် သတ်သေသွား၏။ ဟက်တက်ကြီးဖြစ်သွားသည့် သူလည်ပင်းမှ ပန်းထွက်လာသော သွေးများဖြင့် အိမ်သာ ခတွင်း ခန်း တစ်ခုလုံး ဆေးနီများသုပ်ထားသကဲ့သို့ နီရဲသွား၏။

ပုံးလင်းသောအခါ အိမ်သာထဲမှ စီးလာသော သွေးများသည် အိမ်ထဲတွင် ချောင်းစီးလျက်ရှိ၏။ ဤဖြစ်ရပ်တွင်လည်း အပေါ်ယံကြည့်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကိုယ် ပြန်သတ်သူမှာ ဒေါက်တာဖြစ်၏။ အမှန်ကား ဒေါက်တာက ကိုယ့်ကိုကိုယ် ပြန်သတ်သည် မဟုတ်။ လောင်းကစားက ကိုယ့်ကိုကိုယ် ပြန်သတ်ခြင်း ဖြစ်၏။

နှစ်လုံး၊ သုံးလုံး၊ တစ်လုံး လောင်းကစားမလုပ်လျှင် ဒေါက်တာသည် ကိုယ့်ကိုကိုယ် ပြန်သတ်စရာအကြောင်း မရှိ။ အိမ်တစ်အိမ်တွင်ကား ပစ္စည်း လည်းကုန်၊ သမီးလည်း အဖျက်ဆီးခံခဲ့ရသော ပြစ်မှုတစ်ခု ဖြစ်ပွားခဲ့၏။ထိုသမား အများစုသည် ဂဏန်းပေးသည်ဆိုသော ဘိုးတော်၊ ရသေ့၊ ဘုန်းကြီးများကို အလွန်ယုံကြည်ကြ၏။

ထိုအိမ်က လင်မယားနှစ်ယောက်သည် ဂဏန်းပေးနိုးပေးနိုးဖြင့် ဘိုးတော်တစ်ယောက်ကို ကြွေးမွေးပြုစုထား၏။ တစ်ရက်တွင် ဘိုးတော်က ထိုလင်မယားနှစ်ယောက်ကို တစ်တောင်ခန့် ရှည်သော ဝါးဆိုဖယောင်းတိုင်ကြီး ကုန်အောင် မျက်စေ့မှိတ်ပြီး၊ အာရုံပြုနေပါ။ ဖယောင်းတိုင်ကုန်တာနဲ့ ဂဏန်းတွေပေါ်လာမယ်ဟုပြောကာ ဘုရားခန်းရှေ့တွင် ထိုင်ခိုင်းထား၏။

လင်မယားနှစ်ယောက်ကား ဂဏန်းမမြင်ရမှာ စိုးသဖြင့် လှုပ်လည်း မလှုပ်ရဲ၊ မျက်စေ့လည်း မဖွင့်ရဲဘဲ ပေထိုင်နေကြရှာ၏။ ထိုအချိန်မှာပင် လူယုတ်မာဘိုးတော်သည် ထိုလင်မယား၏ တစ်ဦးတည်းသော သမီးပျိုလေးကို မတရားကျင့်ကာ အဖိုးတန်းပစ္စည်းများယူပြီး လစ်ထွက်သွားလေ၏။

## ဦးအောင်ဇေယျလိုတွေးစေချင်

ကုန်းဘောင်မင်းဆက်ကို ထူထောင်ခဲ့သည့် အလောင်းဘုရား ငယ်ရွယ်စဉ်အချိန်ကပင် ဖြစ်၏။ ရွှေဘိုနယ်သို့ ဘိုးတော်လိုလို၊ ဝိဇ္ဇာလိုလို ရှမ်းဆရာကြီးတစ်ယောက် ရောက်လာပြီး လူငယ်များကို အခကြေးငွေဖြင့် ပီယသိဒ္ဓိဆေး များ စုပ်တံဖြင့် ပေါက်ပေးလျှက်ရှိ၏။

ထိုးဆေးပေါက်ပြီးလျှင် သူဌေးသမီးကို တစ်ခါလှမ်းကြည့်ရုံနှင့် နောက်မှ တစ်ခါတည်း လိုက်လာမည်ဟု မက်လုံးပေးထားသောကြောင့် အတွေး



www.burmeseclassic.com

www.burmeseclassic.com



အခေါ် မရှိသော တောသားလူငယ်များမှာ အသားလည်းနာ၊ ငွေလည်း အကုန်ခံပြီး ဆေးပေါက်နေဖြစ်၏။ အတွေးခေါ်ရှိသော မောင်အောင်ဖေယျကား နားမလည်သူတို့ထံမှ ငွေချူစားနေသော ဘိုးတော်ကို လက်ပိုက်ပြီး ခပ်တည်တည်ကြည့်နေ၏။ ဆေးလည်းမပေါက် သူကိုယ်လည်း မကြည်သလို စိုက်ကြည့်နေသော မောင်အောင်ဖေယျကြောင့် ဘိုးတော်မှာ မလုံမလဲ ဖြစ်လာကာ မောင်အောင်ဖေယျကို စကားစပြီး လာရော၏။

"မောင်ရင်ကော ဆေးမပေါက်ဘူးလား"

"မပေါက်ပါဘူး"

"ဘာဖြစ်လို့ မပေါက်တာလဲ"

"မယုံလို့ပေါ့"

"ဘာဖြစ်လို့ မယုံတာလဲ"

"ခင်ဗျား စဉ်းစားကြည့်လေ။ ခင်ဗျားလည်း အနာဂါမ်၊ ရဟန္တာ မဟုတ်တော့ သူဌေးသမီးကလေးရမယ်ဆိုရင် ယူချင်မှာပဲ။ တကယ်သာ ဒီဆေးပေါက်ထားလို့ သူဌေးသမီးရပြီး ချမ်းသာမယ်ဆိုရင် အခုလို တစ်မူး တစ်ပြားနဲ့ နယ်တကာလှည့် အပင်ပန်းခံပြီး သူတစ်ပါးကို ဘယ်လိုက် ပေါက်ပေးနေမလဲ။ ကိုယ့် ကိုကိုယ်ပြန်ပေါက်ပြီး သူဌေးသမီးယူ ငြိမ့်နေမှာပေါ့"

နောက်နေ့မှာပင် ဘိုးတော်သည် ရွာဘိုမှ မြန်မြန်လစ်ထွက်သွားလေတော့၏။ ယခုလည်း နှစ်လုံးဂဏန်း၊ သုံးလုံးဂဏန်းပေးကြသော အရဟန်းအချို့နှင့် ဘိုးတော်အချို့သည် တကယ်သာ ထွက်မည့်ဂဏန်းကို အတိအကျ သိခဲ့လျှင် သူတို့ဘာသာ ထိုးပြီး ငြိမ့်နေကြမည်သာဖြစ်၏။ ထိုသို့ သေချာမသိသောကြောင့် တစ်ပါးသူများကို ဂဏန်းပေးပြီး ပေါက်သောသူထံမှ ဘေးကင်းရန်ကင်းအောင် အချောင်ငွေယူနေကြခြင်း ဖြစ်၏။

အသုဘအိမ်တွင် ဖဲရိုက်ကြသောအခါ ငွေသည် ကစားသူအချင်းချင်း တစ်ယောက်ဆီမှ တစ်ယောက်ဆီသို့ တစ်လှည့်စီကူးနေ၏။ တစ်ပွဲပြီးတိုင်း အသုဘကြေးအကောက်ကိုလည်း မှန်မှန်ပေးရ၏။ မိုးလင်းသောအခါ ဖဲသမား



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ ငွေသည် အကောက်ပုံးထဲ အကုန်ရောက်သွားလေတော့၏။

နှစ်လုံး၊ သုံးလုံးထိုးသူများနှင့် ဒိုင်သည် ဖဲသမားများနှင့် တူ၏။

ဤဖြစ်ရပ်၌ တောသူဌေးသည် တရားခံအရှာမှားခြင်းဖြစ်၏။ သူ့ ဘဝကို ပျက်အောင်လုပ်သူမှာ ချဲဒိုင်မဟုတ်။ အလုပ်မလုပ်ပဲ ဖြတ်လမ်းက ချမ်းသာချင်သော ဝိသမလောဘစာတ်သာဖြစ်၏။ ထို ဝိသမလောဘစာတ်ကိုသာ မိမိစိတ်သန္တာန်တွင် ဖြစ်ပေါ်ခွင့်မပေးသော အားဖြင့် ပယ်သတ်ရမည်ဖြစ်၏။

ထိုးသားကလည်း ဒိုင်ထံမှငွေကို ဝိသမလောဘဖြင့် လိုချင်၏။ ဒိုင်ကလည်း ထိုးသားထံမှငွေကို ဝိသမလောဘဖြင့် လိုချင်၏။ ဂဏာန်းပေးသူ၊ လိုက်လံဖမ်းသူတို့ကလည်း ထိုးသားနှင့် ဒိုင်ထံမှ ငွေကို ဝိသမလောဖြင့်လိုချင်၏။ ဝိသမလောဘစာတ်ကို လက်ခံနေသမျှ သုံးဦးလုံး တကယ့်ချမ်းသာအစစ်ကို ရကြလိမ့်မည် မဟုတ်ပေ။

မောင်စွမ်းရည် ရေးစပ်ခဲ့သည့် ကဗျာတစ်ပုဒ်သည် ထိုဝိသမလောဘစာတ် အားကြီးသူများ ဖတ်ဖို့အတွက်လေလော ဟုထင်စရာပင် ဖြစ်ပါတော့၏။

ခြံရိပ်မှောင်တွင်၊ခေါင်းထောင်စွယ်ပြူး၊
တရှူးရှူးနှင့်၊ ဟူးဟူးမာန်ထွက်၊
ပါးပြင်းခွက်ကာ၊
ငှတ်ခတ်သမား၊ မှဆိုးသားကို ၊
တအားပေါက်ရန်၊ အသင့်ကြံသည်၊
လူ့ရန်မြွေဆိုးတစ်ကောင်နှင့်။
လေတွင်ပျံဝဲ၊ တရှဲရှဲလျှင်
ကိုယ်မဲနှုတ်နီ၊ လက်သည်းရှည်နှင့်
စွီစွီစူးစူး၊ ရဲတင်းကျူးကာ
ဟူးဟူးမာန်ထွက်၊ မြွေဆိုးဇက်ကို
ထိုးလျှက်သုတ်ရန်၊ အသင့်ကြံသည်



www.burmeseclassic.com

www.burmeseclassic.com



မြွေ့ရန်စွန်ရဲတစ်ကောင်နှင့်။
လက်ဖျံကြောထောင်၊ လည်ကြောထောင်လျှက်
မျက်မှောင်ကိုကြုတ်၊ အားအန်ထုတ်ကာ
မိုးကုတ်ပျံ၍၊ ငှက်စွန်ရဲကို
မှူးစွဲနိုင်ရန်၊ အသင့်ကြံသည်
စွန့်ရန် မုဆိုးတစ်ယောက်နှင့်။
ဤမြင်ကွင်းကို
ငါလျှင်ခဏ၊ မြင်လိုက်ရစဉ်
ပတ်ဝန်းကျင်ဝယ်၊ နာကျင်သံတို့လွှမ်းနေ၏။ ။

(မောင်စွမ်းရည်)

ကမ္ဘာမြေကြီးသည် လူသားတို့၏ လိုအပ်ချက်ဆန္ဒအတွက်
ပြည့်စုံလုံလောက်သည်။
သို့သော် လူသားတို့၏လောဘအတွက်
မလုံလောက်ပေ။

(မဟတ္တမဂန္ဒီ)



www.burmeseclassic.com

www.burmeseclassic.com



## ဘီလ်ဂိတ်၏ လုပ်ငန်းအောင်မြင်နည်း

လူတစ်ယောက်အောင်မြင်ဖို့ဆိုလျှင်
မနေမနားအလုပ်လုပ်ရမယ်။
အောင်မြင်တဲ့အထိ အပြင်းအထန် ကြိုးစားရမယ်။
ကိုယ်ကညာဏ် ရှိမယ်။ ကိုယ့်ညာဏ်ကိုလည်း ဘယ်လိုအသုံးချရမလဲဆိုတာ
သိတဲ့လူတစ်ယောက်အဖို့
ကိုယ်လိုချင်တာကို ရဖို့မလွဲပါဘူး။
အပြင်းအထန် မကြိုးစားတဲ့လူတစ်ယောက်ဟာ
ဘယ်တော့မှ မအောင်မြင်နိုင်ပါဘူး။
ကံပေးလို့ရတာတို့၊ ဘယ်နတ်ဘုရားက စောင့်မပေးလို့
ရတာတို့ဆိုတာမျိုးတွေကို
ကျွန်တော်လုံးဝမယုံပါဘူး။ ။

(မိုက်ခရိုဆော့ဖ် ကုမ္ပဏီကြီးတည်ထောင်သူ
ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီး ဘီးလ်ဂိတ်(အမေရိကန်)



www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၅ )

## ပျင်းရိခြင်းကို ရှောင်ရဲခြင်းဟာ အထင်မှားမှု

ဗုဒ္ဓဘာသာ မြန်မာအများစု မကြီးပွားခြင်း၏ ငါးခုမြောက်အကြောင်းမှာ ပျင်းရိမှုအကုသိုလ်အလုပ်ကို ရှောင်ရဲမှု ကုသိုလ်အလုပ်ဟု ထင်မှားမှုပင် ဖြစ်၏။ ဗုဒ္ဓက သမ္ပဒါတရားလေးပါးတွင် ဥဋ္ဌာနသမ္ပဒါအရ စီးပွားဥစ္စာကို ထထကြွကြွ လုံ့လဝီရိယရှိစွာဖြင့် ရှာဖွေရမည် ဟုညွှန်ပြထား၏။

ဗုဒ္ဓဘာသာ အများစုကား စီးပွားရေးမရှာရသေးခင်မှာပင် မိသားစု ထမင်းလေး နပ်မှန်အောင် စားရရင်တော်ပါပြီ ဟူ၍ အားလျှော့ပစ်တတ်ကြ၏။ ထိုကဲ့သို့ လုံ့လဝီရိယကို လျှော့ချပစ်ခြင်းကား ကောသဇ္ဇခေါ် အကုသိုလ်သာ ဖြစ်၏။ သန္တုဋ္ဌိခေါ် ရောင့်ရဲခြင်းတရား မဟုတ်ပေ။

သန္တုဋ္ဌိခေါ် ရောင့်ရဲခြင်းတရားဟူသည် ရရှိလာသော စီးပွားဥစ္စာများကို ကာမဂုဏ်အာရုံအတွက် သုံးချင်သလို သုံးမပစ်ဘဲ အသင့်အတင့်လောက်သာ သုံးပြီး လောကအတွက် ပြန်လည်စွန့်လွှတ် လှူဒါန်းမှုပင်ဖြစ်၏။ စီးပွားဥစ္စာကို သမ္မာအာဇီဝကျကျ များနိုင်သမျှများအောင် ရှာဖွေပြီး မိမိအတွက် သုံးခါနီးကျမှ အားလုံးသုံးမပစ်ဘဲ လောကအတွက် စွန့်လွှတ်မှုကိုသာ သန္တုဋ္ဌိဟု ခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုးရီးယားမှ သူဌေးတစ်ယောက်သည် ရွှေပြည်သာတွင် အထည်ချုပ်စက်ရုံကြီးတစ်ခု လာဖွင့်၏။ အဆင်ပြေသဖြင့် နောက်ထပ်တစ်ရုံ ဆက်ဖွင့်၏။ ထိုသူဌေးသည် အခြားနိုင်ငံသုံးလေးခုတွင်လည်း အထည်ချုပ်စက်ရုံများ ဖွင့်ထားသူ ဖြစ်၏။ ထိုကိုးရီးယား သူဌေးကို မြန်မာသူဌေးတစ်ယောက်က ယခုကဲ့သို့ လာပြော၏။

"ခင်ဗျား အတော်လောဘကြီးတာပဲ။ တခြားနိုင်ငံတွေမှာရှိတဲ့ စက်ရုံတွေနဲ့တင် ခင်ဗျားဆွေမျိုးသားခြင်းအားလုံး စားလို့မကုန်ပါဘူး။ ဒါနဲ့တောင် အပင်ပန်းခံပြီး စက်ရုံတစ်ခုထပ် တိုးချဲ့နေရသေးတယ်။

ထိုအခါ ကိုးရီးယားသူဌေး ပြန်ပြောလိုက်သော စကားက–

"ပထမ မိသားစုအတွက်ရှာတယ်၊ ဒီထက်တတ်နိုင်ရင်တော့ ဆွေမျိုးသားချင်းအားလုံးအတွက် ရှာတယ်။ ဒီထက်တတ်နိုင်လာတော့ ကိုယ့်နိုင်ငံတစ်ခုလုံးအတွက် ရှာတယ်" ဟူ၏။

မှန်၏။ ထိုနိုင်ငံတွင် နေသောလူများ ချမ်းသာမှ နိုင်ငံလည်း ချမ်းသာမည်ဖြစ်၏။ ထို့ကြောင့် နိုင်ငံချမ်းသာချင်စေချင်လျှင် အရင်းအဖျား မရွေးပဲ နိုင်ငံသားမှန်သမျှကို လွတ်လပ်စွာ စီးပွားရေးလုပ်ခွင့် ပေးသင့်သည်။ ဇာတ်တော်များတွင်လည်း ကြီးပွားတိုးတက်လိုသော အစိုးရမင်းများသည် ပြည့်ဝမ်းကို မဖောက်ရဟု ညွှန်ပြထား၏။

"ပြည့်ဝမ်းကို မဖောက်ရ"ဟူသည် စီးပွားရေးလုပ်ငန်းရှင်များကို လွတ်လပ်စွာလုပ်ကိုင်ခွင့် ပေးရမည်။ အခွန်အတုပ်အများ ပိုမိုကောက်ခံခြင်း၊ ပေါ်ပင်ဥပဒေများဖြင့် တားမြစ်ချုပ်ချယ်ခြင်း မပြုရဟုဆိုလိုပေသည်။

ထို အချက် နှင့် ပတ်သက်၍ –

နပိုလီယံဟီးလ်နှင့် အင်ဒရူးကာနက်ဂျီတို့၏ အမေးအဖြေကို လေ့လာကြည့်ပါ။

**ဟီးလ်**။ ။ အမေရိကန်ရဲ့ စီးပွားရေး တည်ဆောက်ခဲ့တဲ့ ပုံစံဟာ အစိုး ရနှင့် စက်မှုလုပ်ငန်းရပ် နှစ်ခုပါကနာအစုအစပ်အဖြစ် လက်တွေ့လုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်နေကြခြင်းပဲ မဟုတ်လား။

**ကာနက်ဂျီ**။ ။ ဟုတ်ပါတယ်။ အခုလို အစုအစပ်သဘော အနေထားနှင့် လုပ်ကိုင်ကြရာမှာ အစဉ်တိုင်းပဲ အောင်မြင်မှုရရှိစေနိုင်ရန်အတွက် လိုအပ် တဲ့ ဥပဒေစည်းမျဉ်းများကို ရေဆွဲလိုက်နာ ဆောင်ရွက်ကြရပေတယ်။ နှစ်ဦး နှစ်ဖွဲ့လုံးဟာ ရရှိရန်အတွက် ပေးဆပ်မှု ပြုကြရတယ်။ နှစ်ဘက်စလုံးဟာ စိတ်ကောင်းစေတနာ ကောင်းပါတဲ့ မိတ်ဆွေစိတ်ထားနှင့် တစ်ဘက်နှင့် တစ်ဘက် ဆက်ဆံလုပ်ဆောင်မှု ပြုကြရပေတယ်။

နှစ်ဘက်စလုံးဟာ တိုင်းသူပြည်သား လူအများရဲ့ ရပိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့် အခွင့်အရေးများကို အသိအမှတ်ပြုကြရတယ်။ ထို့ပြင် နှစ်ဘက် စလုံးဟာ တိုင်းသူပြည်သားများအား အမှုထမ်းရွက်မှု ပြုကြရာမှာ လိုလေသေး မရှိ အဘက်ဘက်မှ ပြည့်ဝကောင်းမွန် ကျွမ်းကျင်မှုများလည်း ရှိကြရပေတယ်။

ဤကိစ္စဟာ အခြားအခြားသော လူမှုဆက်ဆံရေး ကိစ္စအဝဝတို့မှာ လိုပဲ ထိုနှစ်ဖွဲ့သည် မိမိတို့ဘက်မှ တာဝန်ဝတ္တရားများ မကျေပွန်ခဲ့သော် မိမိ တို့တည်ဆောက်ထားတဲ့ နည်းစနစ်ဟာ ကွဲပျက်ကျဆုံးပြီး ဗုန်းဗုန်းလဲ ဖြစ်ရမှာပဲ။

အစိုးရအနေနဲ့ စက်မှုစီးပွားရေး လုပ်ငန်းမှာ လက်ဝါးကြီးအုပ်မှုမျိုး ကို မပြုနိုင်ရန် ပြုလုပ်ပေးရမှာ ဖြစ်တယ်။ သို့သော်လည်း ဤသို့ပြုလုပ်ရာမှာ အစိုးရဟာ စက်မှုစီးပွားရေးလုပ်ငန်းရပ်ထဲ ဝင်ပြီး ယှဉ်ပြိုင်ဘက် တစ်ဦးအဖြစ် သို့ မကျရောက်စေရဘူး။

ထို့ပြင် မတရားသဖြင့် ကြီးလေးသော အခွန်အကောက်များ တောင်း ခံခြင်း တရားမျှတမှု မရှိတဲ့ ဥပဒေစည်းမျဉ်းများ ချမှတ်ခြင်းကိုလည်း စက်မှု စီးပွားရေးလုပ်ငန်းများတွင် ဝန်ပိအောင် တီထွင်ဦးဆောင်မှု စိတ်ထားများ လျှော့ ပါးသွားအောင် ငွေအလုံးအရင်းကို အသုံးမပြုဝန့်အောင် မလုပ်ဆောင် ရဘူး။

အစိုးရဘက်မှ လုပ်ဆောင်ရမယ့် ကောင်းမွန်သောအချက်များက တော့ စက်မှုစီးပွားရေး လုပ်ငန်းရပ်များ လုပ်ဆောင်နေတဲ့ တသီးပုဂ္ဂလများရဲ့



www.burmeseclassic.com

www.burmeseclassic.com



စတင်ဦးဆောင် တီထွင်မှု ပြုခြင်းနှင့် တိုင်းသူပြည်သား လူအများတို့ရဲ့ ကြား မှာနေပြီး အကျိုးတူပူးပေါင်း ဆောင်ရွက်မှုများကို ဖြစ်အောင် စီးမံပေးရမှာ ဖြစ်တယ်။

## ပင်လယ်ရေနှင့် မြစ်ရေ

ပင်လယ်ရေသည် များ၏။ သို့သော် ၎င်းသည့်အတွက်ကြောင့် မည်သူမျှ သောက်သုံး၍မရ။ မြစ်ရေသည် နည်း၏။ သို့သော် ချိုသည့်အတွက် ကြောင့် သတ္တဝါတိုင်းသောက် သုံး၍ရ၏။ ထို့အတူ မသူတော်လက်ထဲ ရောက်သွားသော ဥစ္စာငွေကြေး များသည် ပင်လယ်ရေကဲ့သို့ မည်သူ့ အတွက်မှ အကျိုးမရှိ။ သူတော်ကောင်း လက်ထဲရောက်သွားသော ဥစ္စာကြေးငွေများ သည် မြစ်ရေနှင့်တူ၏။ အားလုံးအတွက် အကျိုးရှိ၏။ ထို့ကြောင့် သူတော်ကောင်းဖြစ်သော ဗုဒ္ဓဘာသာဝင်များသည် သူတစ် ပါးထက်ပို၍ စီးပွားဥစ္စာကို ရှာဖွေသင့်၏။

**ဗုဒ္ဓဘာသာဝင်များ ချမ်းသာလျှင် တခြားဘာသာဝင်များလည်း ချမ်းသာ မည်ဖြစ်၏။ အကြောင်းကား ဗုဒ္ဓဘာသာဝင်များသည် ဘာသာ မရွေး လူမျိုးမရွေး၊ ထောက်ပံ့ပေးကမ်းတတ်သောကြောင့်ပင်တည်း။ မင်းတုန်းမင်းကြီးသည် ဆော်ဒီအာ ရေဗျနိုင်ငံ၊ မက္ကာမြို့တွင် အစ္စလာမ် ဘုရားဖူးများ တည်းခိုနိုင်ရန် ဇရပ်ကြီးတစ်ဆောင် ဆောက်လုပ် လှူဒါန်းဖူး၏။**

အနာကြီးဝေဒနာရှင်များအား အခြားဘာသာဝင်များ လာရောက် ထောက်ပံ့လှူဒါန်းကြပါ၏။ သို့သော် သူတို့ဘာသာဝင် မိသားစုများကိုသာ ထောက်ပံ့၏။ ဗုဒ္ဓဘာသာဝင်များကို မထောက်ပံ့ပေ။ သူတို့ဘာသာ ကျမ်းဂန် များက ဘာသာခြားများကို မထောက်ပံ့ရဟု ညွှန်ကြားထားကြောင်း သစ္စာရေ စင် စာအုပ်တွင် ဖတ်ရှုရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ ဘား လိုအပ်သော နေရာတွင် ဘာသာမရွေး၊ လူမျိုးမရွေး လှူဒါန်းရမည်ဟု ညွှန်ပြခဲ့၏။ ဗုဒ္ဓလက်ထက်တော်က ဥပါလိသူကြွယ်သည် နိဂဏ္ဌာ နာဋ္ဌပုတ္တကို ကိုးကွယ်သူဖြစ်၏။ ယခုခေတ်တွင် ဂျိမ်းဂိုဏ်း(ဂျိန်းဘုန်းကြီး) ဟုခေါ်၏။ သူသောတာပန်တည်ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်သွားသောအခါ နိဂဏ္ဌာဂိုဏ်းသားများကို အရင်ကကဲ့သို့ လှူမြဲလှူနိုင်ကြောင်း ဗုဒ္ဓကခွင့်ပြုခဲ့၏။

ဤကား တခြားဘာသာရေး ခေါင်းဆောင်များထက်သာသော ဗုဒ္ဓ၏ သဘောထားကြီးမားမှုပင် ဖြစ်၏။ စာရေးသူ အနာကြီးရောဂါသည် ရွာနှစ်ရွာသို့ သွားရောက်လှူဒါန်းသော အခါတွင်လည်း လုံးဝဘာသာခွဲခြားခြင်း မပြုပါ။ ဗုဒ္ဓဘာသာဝင်များကိုရော တခြားဘာသာဝင်များကိုပါ အညီအမျှ ခွဲဝေလှူဒါန်းခဲ့၏။ ဤအချက်များကြောင့် ဗုဒ္ဓဘာသာဝင်များ ချမ်းသာလျှင် လူသားအား လုံးချမ်းသာမည်ဟု ဆိုခဲ့ခြင်းဖြစ်၏။

မြစ်ရေနှင့်တူသော သူဌေးကြီးတစ်ယောက်အကြောင်းကို ယခုခေတ် လူငယ်များအတွက် ဓမ္မာစရိယ ဦးဌေးလှိုင်ရေးသားသော 'ဓမ္မဒူတ' ကျမ်း ဒုတိယတွဲမှ ကောက်နှုတ်ဖော်ပြလိုက်ပေသည်။

## မောင်းထောင်သူဌေး ဦးမြရာ

–၁–

"ရှင်ဖွားရှင်ရေ၊ ဟိုမှာ ကွမ်းတောင်ဘုရားဆီက လှည်းတွေလာနေ တယ်။ ရေနွေးအိုးကလေး ဆူအောင်မီးဖိုနားကပ်ထားလိုက်ပါဦး"

ကိုမြရာသည် ဖူးသီးကြော် ကြော်နေသော ဇနီးအား လှမ်း၍ပြောရင်း ခရီးသည်များ မီးလှုံ့ရန် ထင်းမီးဖိုကို ကပျာကယာ ပြင်ဆင်လိုက်၏။ မဖွားရှင်သည် အကြော်ကြော်ရင်း မြောက်ဘက်သို့ လှမ်းမျှော်ကြည့်ရာ နှင်းမှုံဖွဲဖွဲတွင် ရွာဆီသို့ လာနေသော လှည်းအုပ်ကြီးကို မသဲမကွဲမြင်နေရ၏။

"တော်ကလည်း အဲဒါထားပါဦး၊ ဒီမှာဖူးသီးကူလှီးပါဦး။ လှည်းတွေ ကအများကြီးနေမှာတော့"



www.burmeseclassic.com

www.burmeseclassic.com



ကိုမြရာသည် 'အေးပါကွ' ဟုပြောပြောဆိုဆို ခနော်ခနဲ့ ယိုင်နဲ့နေသော စားပွဲတစ်ခု၌ ထိုင်ကာ ဗူးသီးလိုးရန် ဟန်ပြင်လိုက်၏။ မြေထည်ရေနွေးခရားအိုးကိုလည်း အကြော်ကြော်နေသော မီးဖိုအနီးမှ ဆွဲယူလိုက်၏။ မီးလှူရန်ဖိုထားသော မီးဖိုသို့ ပြောင်းရွှေ့တည်ရန် ထိပ်၌သွပ်နန်းဖြင့် နဖားဖောက်တုပ်ချီထားသော သုံးချောင်းထောက်ကလေးကို မီးဖိုပေါ်၌ ခွ၍ချဲ၍ အဆင်သင့်ပြင်လိုက်၏။

ယောကျ်ားတွေဆိုတာ ရေနွေးကျကျနှင့် ပူပူကလေး တစ်ခွက် လောက်သောက်လိုက်ရရင် အင်မတန်သဘောကျတာ ရှင်မရဲ့။ ရေနွေး ပွက်ပွက်ဆူဖို့အရေးကြီးတယ်။ တချို့ရောင်းတဲ့သူတွေက ရေနွေးဆို ပြီးရော၊ ဆူဆူမဆူဆူ ထည့်ပေးတတ်ကြတယ်။ စေတနာ မပါကြဘူး။ မလျှာတတ်ဈေး ရောင်းဆိုတာလို လက်ဖက်ရည်လေးတစ်ခွက်လောက် စေတနာပါပါနဲ့ ခရီးသွားတွေကို တိုက်ရတဲ့ကုသိုလ်လည်း မနည်းပါဘူးကွာ"

ကိုမြရာတို့ ဇနီးမောင်နှံသည် အိမ်ခြေတစ်ထောင်ခန့်ရှိ မောင်းထောင်ရွာကြီး၏ မြောက်ဘက်၌ ဗူးသီးကြော် ရောင်းချခြင်းဖြင့် အသက်မွေးကြ၏။ အရင်းအနှီးမရှိ၍ ဆိုင်ကြီး၊ ကနားကြီးလည်း မရောင်းနိုင် လယ်ယာ၊ မိုးမြေမရှိ။ အများနည်းတူ တောင်သူလယ်သမားလည်း မလုပ်နိုင်။ သို့ရာတွင် ရေ နွေးကြမ်းကလေး တစ်ခွက်ကစ၍ သူ့စိတ်ထားကို မြင်နိုင်၏။

ယုတ်စွာ့အဆုံး စဉ့်လက်ဖက်ရည် ပန်းကန်လုံးကလေးများကိုပင် မကြာခဏ တိုက်ချွတ်ဆေးကြောပေး၏။ ရွာအဝင် လှည်းဝိုင်းများ စတည်းချရာ မန်ကျည်းပင်ဝိုင်းကြီးအောက်ရှိ ဇရပ်ကိုလည်း နေ့စဉ် တံမျက်စည်းလှဲလေ့ရှိ၏။ သစ်ပင်အောက်ရှိ ခရီးသည်များ၊ နွားများစွန့်ပစ်ထားခဲ့သော အမှိုက်သရိုက်အညစ်အကြေးများကိုလည်း နေ့စဉ်တံမျက်သိမ်းသည်။ ထိုမျှမက–

"ရှင်မရေ၊ သူများနည်းတူ အလှူကြီးမပေးနိုင်ပေမယ့် မပူပါနဲ့ကွာ ဒီမန်ကျည်းပင်ကြီးအောက် ရေချမ်းစင်မှာ ဆောင်း၊ နွေ၊ မိုး ရေခတ်ထည့်ရတဲ့ အလှူလည်း မနည်းပါဘူး။ ရေအကျိုးဆယ်ပါးတဲ့" ဟုမကြာခဏပြောလေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



ကာ နေ့စဉ်သုံးဖာလုံလောက်ဝေးသော ရေကန်မှ မောင်းထောင်ဖြစ် သစ်စေး ပလုံး ရေခပ်ပုံးနှစ်ပုံးဖြင့် ကိုယ်တိုင်ထမ်းပြီး ထည့်ပေးလေ့လည်းရှိသည်။

ကိုမြရာတို့ ဇနီးမောင်နှံ၌ ဆင်းရဲသော်လည်း အတုယူစရာ များစွာ ရှိ၏။ ပထမဆုံးချသော အိုးကင်းမှ အကြော်အနည်းငယ်ကို ဖယ်ထားပြီးမှ ရောင်းချသည်။ ထိုအကြော်ဦးကိုမူ ဆွမ်းဗျပ်ဆိုင်းထမ်းလာသော မောင်ကျောင်းသား ရွာထဲသို့ အလာတွင် ဦးစွာလောင်းလှူကြသည်။

မည်သူကမှ ဟောပြ၍၊ စေခိုင်း၍ပြုရခြင်း မဟုတ်။ ပင်ကိုယ်အသိဉာဏ်၊ ကိုယ်ပိုင် စေတနာအရ ဆောင်ရွက်ကြခြင်းဖြစ်၍ တံမျက်လှဲရေခပ်တာကအစ ပင်ပန်းသည်မရှိ၊ ကျေနပ်၍ပင် နေကြ၏။ ထိုကျေနပ်မှုသည် သောမနဿ သဟဂုတ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိက မဟာကုသိုလ်စိတ်ကြီး ပင် ဖြစ်၏။

| | |
|---|---|
| သောမနဿသဟဂုတ် | = ဝမ်းမြောက်နှစ်သက်မှုနှင့် တကွဖြစ်သော၊ |
| ဉာဏသမ္ပယုတ် | = အသိဉာဏ်နှင့်ယှဉ်သော၊ |
| အသင်္ခါရိက | = မည်သူကမျှ မတိုက်တွန်းရသော၊ |
| မဟာကုသိုလ်စိတ် | = ကြီးကျယ်မြင့်မြတ် ကောင်းကျိုးပေးတတ်သော ဖြူစင်သော အသိ။ |

ကိုမြရာ၏ ဇနီး မဖွားရှင်သည် ဘုတလင်မြို့သူဖြစ်၏။ ကိုမြရာကဲ့သို့ပင် သမ္မာအာဇီဝ ကျရာမရွေး လက်လုပ်လက်စား လုပ်ကိုင်စားသောက်ရဲသော အိမ်ရှင်မတစ်ဦး ဖြစ်သည့်အပြင် ကျေးလက်သုံးမြန်မာ့ရိုးရာ မုန့်မျိုးစုံကိုလည်း လုပ်တတ်၏။ ရုံခါ အခါရာသီအလိုက် ဟင်းသီးဟင်းရွက်မှအစ၊ အထည်လိပ်များအထိ ပခုံးထမ်း ရွာစဉ်လျှောက်၍လည်း ရောင်းချတတ်သည်။ ဗူးသီးကြော်နှင့် မုန့်ပျားသလက်မှစခဲ့ သော ထိုဇနီးမောင်နှံမှာ ဖွဲ့ညီသဖြင့် မကြာမီပင် လယ်ဧကအနည်းငယ် ဝယ်ယူနိုင်၍ လယ်ယာ သမားဇနီးမောင်နှံ ဖြစ်လာကြ၏။ လယ်လုပ်ငန်းအားလပ်ချိန်တွင် မုန့်လုပ်ရောင်းချခြင်းကိုလည်း လက်မလွှတ် အကြော်သည်၊ မုန့်သည်ဘဝတွင် သူတကာနှင့်မတူသော ပြောစမှတ်ကလေးများ ရှိသကဲ့သို့ တစ်ဆင့်တက် လာသော



www.burmeseclassic.com

www.burmeseclassic.com



ကိုမြရာတို့ ဇနီးမောင်နှံ၏ လယ်သမားဘဝမှာလည်း ပြောစရာ၊ အတုယူစရာ၊ အစဉ်အလာ လယ်သမားတို့နှင့် မတူ။ တမူထူးရှားသော လုပ်ကွက်ကလေးများကို တွေ့မြင်ကြရသည်။

## မျိုးစပါးထောင်း၍ ဆွမ်းလှူသူ

-၂-

"ဟေ့ မောင်မြရာ၊ မောင်းထောင်းနေသလား၊ မိုးတွေရွာလို့ ထွန်ရေးအရေးကြီးနေကြချိန်မှာ မုန့်လုပ်နေကြပြန်ပြီလား၊ သူများတွေ ပျိုးတောင်ထောင်ကုန်ကြပြီ"

မဖွားရှင်က မောင်းဆုံကြီး၌ ထိုင်ကာ ကိုမြရာကိုယ်တိုင်နောက်ပိုင်းက မောင်းထောင်းပေးနေသည်ကို မြင်၍ အိမ်နီးချင်း ဦးလေးကြီးတစ်ဦးက ခနဲ့တဲ့တဲ့ နှုတ်ဆက်လိုက်ခြင်း ဖြစ်၏။

"မုန့်မှုန့် ထောင်းတာမဟုတ်ဘူး၊ ဦးလေးရေ ဒီမှာဦးလေးတူက မျိုးစပါးကလေး တစ်ဆုံလောက် ထောင်းကြရအောင် ဆိုလို့"

"ဟဲ့၊ ဆန်မရှိလည်း ပြောရောပေါ့၊ မျိုးကိုတောင် ပြုတ်စားနေကြရပြီလား"

ထိုအခါ အစဉ်အလာမရှိသော အလုပ်တစ်ခုဖြစ်နေ၍ ကိုမြရာကိုယ်တိုင်ပင် ဝင်၍ အဖြေပေးရတော့၏။ ပျိုးမထောင်မီ မျိုးစပါးထဲမှ တစ်ဆုံစာ ဆန်ဖွတ်ပြီး ဆွမ်းတော်လည်းကပ် သံဃာတော်များအားလည်း ဆွမ်းလောင်းရန် စိတ်ကူးပေါက်၍ ပြုလုပ်ကြောင်း ရှိုးရိုးစင်းစင်းပင် ဝန်ခံဖြေကြားလိုက်ရာ အိမ်နီးချင်း ဦးလေးကြီးမှာ -

"ဟေ၊ မင်းလက်ထက်မှပဲ မျိုးကိုချက်ပြီး လှူရတယ်လို့ ကြားဖူးရတယ်ကွာ၊ ကောင်းပါတယ်လေ အလှူပဲဟာ"

ဟုသာ ဖြေနိုင်တော့၏။ ကိုမြရာလက်ထက်ကျမှ ကြားရဖူးသော အလှူထူးများကား ထိုမျှမကသေးပေ။ ကိုမြရာ၏ အကြံသည် သူတကာ

www.burmeseclassic.com

www.burmeseclassic.com



အကြော်နှင့် မတူသကဲ့သို့ ကိုမြရာ၏ လယ်သမားဘဝသည်လည်း သူတကာ လယ်သမား ဘဝနှင့် မတူလေပြီ။

စပြီး ထွန်ရေးငင်သည်မှ ကျီထဲသီးနှံသွင်းရသည့်အထိ ရသမျှ ပရိတ်များ၊ ဂုဏ်တော်များ ရွတ်ဖတ်ကာ ငါတို့လင်မယား စားဖို့ဟူသည့် သေး သိမ်သော ရည်ရွယ်ချက်မထား တိုင်းပြည်အတွက်ဟူသော ရည်ရွယ်ချက် ကြီး ကြီးမားမားလည်း မထားတတ်။

ငါတို့ကိုယ်တိုင် နွားနှင့်ရုံးပြီး လုပ်ရတဲ့စပါး၊ အကျိုးရှိအောင် ဦးဦး ဖျားဖျား ရတနာသုံးပါး လှူပြီးမှစားမယ်။ "ဆင်းရဲလေလေ သံဝေရရ" ကိုမြရာ ၏အတွေးအခေါ်မှာ ဤမျှသာရှိ၏။ အိမ်ရှေ့တွင် နေ့စဉ်ကြွနေသော သံဃာ တန်းကြီးအား ကိုယ်တိုင်လုပ်တဲ့စပါးက ဆွမ်းကို လောင်းရတော့မယ် ဟုပျော် နေ၏။

သူ့စပါးခင်းမှာ အထူးကောင်းမွန်လာသဖြင့် မှည့်ရွှမ်းစ စပါးနှံများကို ရိတ်ဖြတ်ကာ ကောက်ဦးဆွမ်း လှူရသည်ကို သူအကျေနပ်ကြီး ကျေနပ်နေ တော့သည်။ ကောက်ဦးဆွမ်းအလှူအကြောင်း တရားစာထဲမှာ တွေ့ဖူးသော် လည်း လက်တွေ့လုပ်မိသူက ရှားလှပေသည်။

စပါးရိတ်သိမ်းသောအခါတွင် ကိုမြရာ၏ အိမ်နီးချင်းများအဖို့ ကိုမြရာလက် ထက်ကျမှ မကြားဖူးတာ ကြားရရုံမျှမက မမြင်ဖူးတာကိုလည်း မြင်ကြရ၏။ ကိုမြရာသည် စပါးကောက်လှိုင်းစီးများကို နယ်ရန် အိမ်ရှေ့ကွင်းပြင်၌ ခေါင်းချင်း ဆိုင် လှည့်ဝိုင်းချထား၏။ ညနေ့ထမင်းစားပြီး ကောက်ပြန့်ပေါ်တွင် မိမိနွားနှစ် ကောင်နှင့် လူပါတက်၍ ဝိုင်းကြီးပတ်ပတ်နင်းချေလျှက် စပါးနယ်ရန် နွားနှစ် ကောင်အား သေးတည်၊ ချေးတည်ထားခိုက် ကောက်ပြန့်ပေါ်မတက်မီ ကိုမြရာ တစ်ယောက် ကောက်ပြန့်လှိုင်းများကို ဦးသုံးကြိမ်ချနေသည်ကို အမှောင် ပျိုးစ၊ ... ရီဝိုးတဝါးတွင် အိမ်နီးချင်းများ မြင်နေကြရသည်။

အိမ်နီးချင်းများအဖို့ အထူးအဆန်းဖြစ်ကာ ကိုမြရာတစ်အောင့်နား နေခိုက် ညမဆိုင်းဘဲ လာရောက်ဝိုင်းအုံ မေးကြလေသည်။ အစ်ကြောင်ကြောင် လုပ်တာပါ...



www.burmeseclassic.com

www.burmeseclassic.com



ထင်သူကထင်ကြ၏။ မည်သို့ဖြစ်စေ ကိုမြရာကမူ ရက်စရာဟု သဘောမထားဘဲ စိတ်ထဲရှိသည့်အတိုင်း ပြောပြလိုက်သည်။

"ဒီဘဝဆင်းရဲလွန်းလို့ဗျို့၊ ကြံနိုင်ပြီး ကုသိုလ်ရအောင် နှလုံးသွင်းရတာ၊ ရှူးတယ်ထင်လည်း မတတ်နိုင်ဘူး။ ဟုတ်တယ်လေဗျာ။ ယခု ကျုပ်ခြေထောက်နဲ့ နင်းချေနယ်ဖတ်နေတဲ့ ကောက်လှိုင်းကရတဲ့ စပါးတွေဆန်တွေဟာ ဘုရားဆွမ်းတော် ဖြစ်ချင်လည်း ဖြစ်မယ်။ ရဟန်းသံဃာတွေရဲ့ ဆွမ်းဖြစ်ချင်လည်း ဖြစ်မယ်။ ဘုရား, တရား, သံဃာရတနာသုံးပါးလှူတဲ့ မုန့်ပဲသွားရေစာ ဖြစ်ချင် လည်း ဖြစ်မယ်။ မပြောနိုင်ဘူးလေဗျာ"

## နွားတွေအပေါ်မှာထားတဲ့ မေတ္တာ

ကိုမြရာသည် အညာဒေသထုံးစံအတိုင်း စပါးများကို ကျီထဲသွင်းပြီးသောအခါ ပုန်းမကြည်(ဗုဗ္ဗ-ပုဗ္ဗကြယ်) ခေါ် လယ်ယာကိုင်းကျွန်း သီးနှံဖြစ်ထွန်းစေတတ်သော လယ်သမားနတ်အား အသားလွှတ်ထမင်းဟင်း မျိုးစုံ မုန့်ဖြူ၊ မုန့်နီ မျိုးစုံတို့ဖြင့် အများနည်းတူ ပ,သခြင်းကိုလည်း ပြုတတ်သည်။ ပုန်းမကြည်နတ်ဟူသည် ဓမ္မပဒအဋ္ဌကထာလာ ကာဠယက္ခိနီခေါ်၊ သောတာပန်နတ်မယ်တစ်ဦးဖြစ်၏။ သမင်မွေးရင်း ကျားစားရင်း ဟုနားလည်နေကြသော ရန်ကိုရန်ချင်း မတုံ့လှည်းရေး ဝတ္ထုပြင်တည်း။ မီးဖိုချောင်၊ မောင်းဆုံတဲ၊ နွားတဲ ပါမကျန် တစ်အိမ်လုံး ဆီမီးများထွန်းငြိကြရာ ကိုမြရာမှာ ဖယောင်းတိုင်မီးထွန်းပြီး မိမိနွားများ အနီးသို့သွားကာ ကျောသပ်ခေါင်းသပ် ပွတ်သပ်ပြီး-

" ကဲ-ကျုပ်နဲ့ လုပ်ဖော်ကိုင်ဖက် ကျေးဇူးရှင်များ ခင်ဗျား၊ မင်းတို့ကိုလည်း ဘုရားကိုလှူဖို့ ဒီမီးတွေကို ပေးပါတယ်။ မင်းတို့နဲ့ငါ အတူတူရုံးပြီးရတဲ့ ပိုက်ဆံနဲ့ ဝယ်လို့ရတဲ့ ဖယောင်းတိုင်ပါ။ ကဲ ဘုရားလှူကြ၊ လှူကြ။ အလုပ်ခွင်မှာ မောင်တို့ကို ငေါက်ငမ်းရိုက်နက်မိတာများ ရှိရင်လည်း ခွင့်လွှတ်ကြပါ"

ဟု နွားများအနီးတွင် မီးထွန်းပေးပြီး တောင်းပန်နေတတ်၏။ အခြား



www.burmeseclassic.com

www.burmeseclassic.com



သူများက ရူးသည်ဟု ဆိုချင်ဆိုကြပါစေ၊ ထိုသို့ ပြုလုပ်လိုက်ရ သည့်အတွက် ကိုမြရာစိတ်ထဲတွင် ရှင်းသွား၏။ သံသရာခရီးဖော်တစ်ဦး ခဓိပတ် (ခါးဆည်း ပတ်မြို) တင်မည်ကို မလိုလား။

လူကိုမဆိုထားဘိ ကိုယ်နှင့်စပ်သော တိရစ္ဆာန်များအပေါ်ကိုပင် ကြွေး မတင်စေလို။ မကျေမချမ်း ရန်တုန့်ရန်လှည့် မငြိမ်းခဲ့သော ကာဠယက္ခိနီ(ပုန်းမကြည်)ကိုဟောသောတရားနှင့် ကိုမြရာ၏ ပုန်းမကြည် ပ,သပွဲမှာ တစ်သဘောထဲ ကိုက်ညီနေတော့၏။ သူနှင့် ရောင်းဝယ် ဆက်ဆံရသော လူသားများအပေါ် ကိုမြရာ မည်သို့ သဘောထားမည် ကို မြင်သာလှပါ၏။

ထိုသောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ မဟာကုသိုလ်စိတ် ထားသည် မှန့်သည် ဆင်းရဲသားကိုမြရာအား မောင်းထောင် သူဌေးကြီး ဦးမြရာ အဖြစ်သို့ နှစ်ကာလ အနည်းငယ်အတွင်းမှာပင် ပို့ပေးလိုက်လေ တော့၏။

-၃-

မောင်းထောင်ရွာ၊ အဘဦးအောင်ဘော်၊ အမိဒေါ်အိုမယ်တို့မှ ၁၂၃၁ ခုနှစ်တွင် မွေးဖွားခဲ့သော ဦးမြရာနှင့် ဒေါ်ဖွားရှင်တို့၌ သားသမီးသုံးယောက် ထွန်းကားရာ သားမောင်ရောင်နီမှာ ငါးနှစ်သားကပင် ကွယ်လွန်ခဲ့၏။ သမီးကြီး မမေချစ်၊ သားငယ်မောင်ဘချစ်၊ (ယခုအသက် ၇၇ နှစ်) တို့နှင့် နေထိုင်ခဲ့ရာ လယ်ယာများ တစ်နေ့တခြား တိုးပွားလာခဲ့၏။

အထည်အလိပ်နှင့် ငါးပိ၊ ငါးခြောက် ကုန်မျိုးစုံလည်း မိမိအိမ်မှာပင် တည်ခင်းရောင်းချလေရာ ဦးမြရာ၏ သမ္မာအာဇီဝကျ၊ ရိုးဖြောင့်မှန်ကန်သော စိတ်ထားကြောင့် အရောင်းအဝယ် လုပ်ငန်းတွင်လည်း ဒီရေအလား တစ်နေ့ တခြား ဟိုးပွားလျှက် ရှိခဲ့၏။

ဟစ်နေ့တာ ရောင်းဝယ်၍ရသော ငွေများကို သစ်သားဇလားကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားရ၏။ ငွေများ အဆမတန် များပြားလာသောအခါ နှစ်တင်းခန့်ဆန့်သော ကြေးအိုးကြီးများတွင် ထည့်ပိတ်၍ မြေ၌မြှပ်နှံ သိမ်ဆည်းလေ့ရှိ၏။ မည်မျှပင် ချမ်းသာကြွယ်ဝသော်လည်း တောင်သူလယ်ယာ လုပ်ငန်းကို လုပ်မြဲလုပ်၏။

အနေအထိုင်လည်း မပြောင်းလဲ၊ ပုဆိုးခါးပုံချနှင့် အတွင်းခံအင်္ကျီမပါ၊ ပင်နီတိုက်ပုံအင်္ကျီရင်ကွဲနှင့်သာ တွေ့ရတတ်၏။ စည်ကားသော လမ်းမကြီးဘေးရှိ သူ၏အိမ်တွင် သစ်ပင်အောက်ရှိ ခုံတန်းလျားရှည်ပေါ်၌သာ အခါရာသီမရွေး နားနေအိပ်စက်သည်ကို တွေ့ရတတ်၏။

ခိုး၊ဆိုးလုယက်မည့်ဘေးကြောင့် ပုန်းလျှိုး၊ ကွယ်လျှိုးနေရသည်မရှိပေ။ မိမိစေတနာကိုလည်း ယုံကြည်ထားပုံရ၏။ ဦးမြရာသည် ကိုယ်တိုင်လုပ်၍ရသော လယ်ကေ ငါးရာမှထွက်သော စပါးများနှင့် ဝယ်ယူထားသော စပါး များအတွက် သိုလှောင်ရန် စပါးကျီကြီး ဆယ့်တစ်လုံး ဆောက်ထားရ၏။ မောင်းထောင်၌ ကိုးလုံး၊ သုံးခန်းကျီလေးလုံး၊ ငါးခန်းကျီသုံးလုံး၊ လွှဲတဲရွာနှင့် ဘုတလင်မြို့၌လည်း နှစ်လုံးဆောက်ထားရသေး၏။

## ဦးမြရာ၏ ပရဟိတဒါနများ

၁။ သုံးခန်းကျီတစ်လုံး၏ စပါးဖြင့် မောင်းထောင်ရွာဦး၌ ခြောက်ကေခန့်ရှိ ဘလ္လာတိယ ကန်တော်ကြီးကို နှစ်စဉ်တူးဖော် ပြင်ဆင်၏။ ကန်တော်ကြီး ဆွမ်းလောင်းပွဲတွင် ပင့်သံဃာ နှစ်ရာခန့်ကို နှစ်စဉ် ပင်တိုင်ဆွမ်းကျွေး၍ ဇာတ်၊ ရုပ်သေးစသည် ရပ်ရွာက ငှားရမ်းလိုလျှင် ဦးမြရာက တစ်ဝက်ကျခံ၏။

၂။ မောင်းထောင်မြောက်ရပ် မိမိအိမ်အနီးရှိ မာန်အောင်မြင်ဘုရားနှစ်စဉ်ပွဲတော်ကျင်းပရာ ရပ်ရွာက တာဝန်ပေးသမျှ အကုန်တာဝန်ယူရ၏။ မည်သည့်အခါမျှ မငြင်းဆန်။

၃။ မရှိဆင်းရဲသား ပုဂ္ဂိုလ်များ၏ သားမြေးများကို ရှင်ပြုပေးလေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



၏။ ရှင်ပြုသောအခါ အရပ်လေးမျက်နှာမှ လာလာသမျှ စိမ်းကျက်မရွေး စတုဒိသာ ကျွေးမွေး၏။

၄။ မောင်းထောင်ရွာ၏ မြောက်ဘက်ရှိ မိမိပိုင် ယာခင်းထဲ၌ ရပ်ရွာနယ်သူ အများသုံးစွဲရန် အဝီစိလက်ရေတွင်း တူးဖော်၍ ကမ္ပည်း ကျောက်စာထိုးလျက် အုတ်ကန်နှင့်တကွ ပြုလုပ်လှူဒါန်း၏။

ရပ်ကျိုးရွာကျိုး သာသနာကျိုးကို သည်ပိုးထမ်းဆောင်သူ ထိုသို့သောသူဌေးအား ဘေးရန်အနှောင့်အယှက် မရှိသည်မှာ အံ့သြဖွယ်မရှိချေ။ ဦးမြရာနှင့် ဒေါ်ဖွားရှင်တို့၏ ကုသိုလ်ဒါနများကား ထိုမှ ... ကမ များပြားလှ၏။

၅။ မာန်အောင်မြင်ဘုရား လျှပ်စစ်အင်ဂျင်မီးစက် လိုသမျှ ငွေစိုက်ထုတ်လှူဒါန်း၍ မာန်အောင်မြင် ဘုရားနှင့် လေတင်ကျောင်းဘုရားနှစ်ဆူအကြား ၁၂၉၁ ခုနှစ်က အာရုံခံ အုတ်တိုက်ကြီး တစ်လုံး၊ ကျောက်ဆင်းတုရုပ်ပွား တော်ကြီးတစ်ဆူ၊ မာန်အောင်မြင် ဘုရား အရှေ့မြောက်တံခွန်တိုင် ၁၂၈၉။

၆။ မောင်းထောင်ရွာ အနောက်မြောက်ဘက်ရှိ မိမိလှူထားသော ကုန်းသာကျောင်းတိုက်အတွင်း၌ အသားကျောင်းတစ်ဆောင်၊ သိမ်အသစ်တစ်လုံး၊ ၁၃၀၅ ခုနှစ်၊သိမ်၊အုတ်တိုက်။

၇။ ၁၂၉၂ ခုနှစ်တွင် ကုန်းသာကျောင်းတိုက်ရှိ မိမိလှူထားသော ကျောင်းရှေ့တွင် ဋ္ဌင်းတတစ်ကောင် အစာချီ၍ သက်ဆင်းရာ နိမိတ်မကောင်းဟု ယူဆကာ သံချိုဦးကျော်လှ၏ မြေးကိုရင်ကြီး ဦးစံညွန့်သည် ထိုကျောင်းမှ ရွှေစားကန်ကျောင်းသို့ ပြောင်းရွှေ့သွား၏။ မကြာမီပင် ဦးမြရာသည် အသားကျောင်းကို ဖျက်၍ အုတ်တိုက်ကြီးအသစ်တည်ဆောက်၍ လှူသည်။

ယင်းအုတ်တိုက်ကြီးမှာ ကျောင်းဦးပြဿဒ်အဆောင်ပါ ရှစ်ခန်း၊ လေးခန်းနှစ်ထပ်တိုက်ကြီးဖြစ်ရာ ကာလတန်ကြေး အနည်းဆုံး သုံးလေးသိန်း ဟု ခန့်မှန်းကြလေသည်။

ဦးမြရာသည် ဘုရားကျောင်းကန်များကို ထိုမျှကြီးမားခန့်ငြားစွာ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်လှူထားသော်လည်း မိမိအတွက် နေရန်အိမ်မှာ သာမန်သစ်သားအိမ် အလတ်စားမျှသာ ဖြစ်သည်။ ထိုအိမ်ရှင်က ထိုတိုက်ကျောင်းကြီးကို ဆောက်လှူပါသည်ဟုဆိုလျှင် ယုံဖွယ်မရှိချေ။ သို့ရာတွင် မိမိအိမ်၌ ကိုးကွယ်ရန်ရုပ်ပွား ဆင်းတုကိုမူ သစ်သားဆင်းတု၊ ငွေဆင်း၊ ရွှေဆင်းတုများကို ထုလုပ်ပူဇော်ထားလေသည်။

အိမ်ရှေ့သို့ နံနက်တိုင်း ကြွလာသော သံဃာတန်းကြီးကိုမူ ကိုယ်တိုင်ပင် ဆွမ်းလောင်းလှူရမှ ကျေနပ်သည်။

ဦးမြရာသည် ဒါနပြုရာ၌ ကိုယ်တိုင်ကိုယ်ကျ (သဟတ္ထိက) လှူခြင်း၊ ရိုရိုသေသေ သန့်သန့်ရှင်းရှင်း ပြုလုပ်လှူခြင်း(သက္ကစ္စ) လှူရာ၌ စိတ်ပြတ်သားခြင်း စသည်တို့အတွက် သူ့ဒါနသူစေတနာကို အလွန်ယုံကြည်သူ ဖြစ်၏။ တောလက်ကျေးရွာ၌ ဤမျှချမ်းသာကြွယ်ဝသော်လည်း မည်သည့်ရန်သူမျိုး ငါးပါးကို စိုးရိမ်စိတ်မရှိချေ၊ ရံခါ ပစ္စည်းများအတွက် စိုးရိမ်ပူပန်တတ်သော သာမယားများနှင့်ပင် သဘောထားကွဲလွဲရလေ၏။

–၄–

"ကိုမြရာ၊ ညကတော်ဘယ်မှာအိပ်သလဲ"

"ဘာဖြစ်လို့လဲ ရှင်ဖွားရှင်ရဲ့ ၊ငါခါတိုင်းလိုပဲ အိမ်ရှေ့က ခန်းရှည်မှာ အိပ်တာပဲပေါ့"

"ကုန်ပြီ ကိုမြရာရေ ကုန်ပြီ"

"ဟဲ့ပြောပါဦး၊ ညည်းစကားက နိမိတ်မရှိ နမာမရှိ"

"ကိုမြရာရေ၊ ရှင့်အိမ်ညက သူခိုးဖောက်သွားပြီ၊ ဒီနေ့ည ဘုရားဓာတ်ပွဲကနေတယ်။ သတိဝီရိယနဲ့ အိပ်ပါလို့ ဆိုနေတဲ့ ကြားထဲက"

ဒေါ်ဖွားရှင်သည် သမီးကြီး မမေချစ်၊ သားမက်ကိုဘဂျမ်းတို့နှင့်အတူ ပစ္စည်းသောကဖြင့် အူယားဖားယား လာပြောနေသဖြင့် ဦးမြရာ၏ မျက်နှာမှာ ရုတ်တရက် သုန်မှုန်သွား၏။ အတန်ကြာမှ မျက်နှာပိုးသတ်ကာ–



www.burmeseclassic.com

www.burmeseclassic.com



"ပစ္စည်းသခ်ါရပဲကွာ။ ဒီလောက်လည်း စိတ်သောက ရောက်မနေပါနဲ့၊ ဘာတွေဘာတွေ ပါသွားလို့လဲ"

ထိုအခါ သမီးဖြစ်သူမှာ သူ၏လက်ဝတ်လက်စား အချို့ပါသွားသဖြင့် ငိုယိုပြောဆိုလေပြန်ရာ-

"နေပါဦး ဖွားရှင်ရဲ့ ဘယ်လောက်ဖိုးပါသွားလို့လဲ၊ သမီးကလည်း ငိုမနေပါနဲ့ နောက်အဖေလုပ်ပေးမှာပေါ့"

"တစ်ထောင်ဖိုး အနည်းဆုံးရှိမှာပဲ ၊အခု သိသလောက်ပြောရတာ၊ နောက်ဘာတွေဘာတွေ ပါသွားသေးလဲ မသိဘူး၊ ကြည့်တုန်းရှိသေးတယ်၊ ဒါ ဒီအတိုင်း ကြည့်နေလို့မဖြစ်ဘူး။ ဒီက သမီးနဲ့ သားမက်ကလည်း ဂါတ်တိုင်ဖို့ လုပ်နေကြတယ်၊ နေကြပါဦးအေ ညည်းတို့အဖေနဲ့ တိုင်ပင်ပြီး ဓာတ်ရိုက်၊ ဓာတ်ဆင် ဗေဒင်ယတြာလေးဘာလေး လုပ်သင့်ရင်လုပ်ရမယ်လို့ ပြောထား ရတယ်"

"ဂါတ်လည်း မတိုင်ကြပါနဲ့ သမီးတို့ရယ် အဖေတောင်းပန်းပါတယ်၊ ဥစ္စာပျောက် ငရဲရောက်တဲ့ တော်ကြာထင်ကြေးနဲ့ မဆိုင်တဲ့သူတွေကို ဖမ်းလား ဆီးလား ရိုက်လား နှက်လား လုပ်လို့ ကိုယ့်ပယောဂ ပါနေပါဦးမယ် ရှင်ဖွား ရှင်ရယ် ညည်းဗေဒင် ယတြာတွေ လုပ်မနေချင်ပါနဲ့။ ဗေဒင်ဖိုး အဆစ်ပါနေ ပါဦးမယ်"

ထိုအခါ ဒေါ်ဖွားရှင်မှာ အားမလို အားမရဖြစ်ကာ ခပ်ဆတ်ဆတ် လေသံဖြင့် –

"နို့ ဒီအတိုင်းကြည့်နေရမှာလား၊ ကြာရင် ကျီတိုင်ပါ နှုတ်သွားလိမ့်မယ် ကြည့်နေ" ဟုပြောလိုက်ရာ–

"တိုးတိုးပြောပါ ဖွားရှင်ရယ် လူကြားကုန်ပါဦးမယ်။ မင်းတို့ ငါတို့မှာ ကုသိုလ်ကောင်းမှုတွေလည်း လုပ်ခဲ့ရပြီပဲ။ ဒီအသက်အရွယ်ထိ အောင်လည်း တစ်ခါမှ အပျောက်အရှ၊ အခိုးအဝှက် မခံခဲ့ရဖူးဘူး၊ ကိုယ့်ပစ္စည်းမမှန်ရင်လည်း ခံရမှာပေါ့၊ ကိုယ့်ပစ္စည်းမှန်ရင် ဘယ်ပါလိမ့် မတုန်း။ သေသေချာချာလည်း



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးကြည့်ပါဦး နောက်ရက်များမှ လုပ်သင့်တာလုပ်ကြတာပေါ့၊ ဘုရားပွဲမှာ ဆွမ်းကပ်ဖို့ ဆွမ်းကြီးလောင်းဖို့ ကုသိုလ်ရေးတွေ တန်းလန်းနဲ့"

ဦးမြရာမှ နှစ်သိမ့်စကား ပြောလိုက်ရာ အခိုက်အတန့်အားဖြင့် သားအမိတတွေ စိတ်ပြေသွားကြ၏။

ဦးမြရာအိမ်ရှေ့တွင် ဘုရားပွဲ၊ ဘုရားဈေးလာ ပရိသတ်များဖြင့် တစ်နေကုန် စည်ကားနေ၏။ ညနေပိုင်းတွင် ပို၍ လူစည်ကားလာသဖြင့် အိမ်ဝင်း တံခါးများကို အထူးဂရုစိုက်ကာ သတိမလစ်အောင် နေကြရသည်။ ဈေးပွဲကိုလည်း မလျှောက်နိုင်ကြ။ ဘုရားရင်ပြင်ပေါ်သို့ပင် မတက်နိုင်ကြတော့ပေ။

## နွားလှည်းနှင့်လာသော သူခိုး

နေဝင်ရီတရောအိမ်ရှေ့ဝင်း တံခါးအပိတ်တွင် လှည်းတစ်စီး အိမ်ရှေ့သို့ ဆိုက်ရောက်လာသဖြင့် အထူးသတိပြု ကြည့်နေမိကြ၏။ လှည်းသမားက ဦးမြရာအား ခွင့်တောင်းသံကြားသဖြင့် သားအမိများပင် အနီးသို့ ရောက်လာကြသည်။ လှည်းသမားသည် လှည်းဖြုတ်ပြီး နီးဗျပ်ကန်တော့ပွဲ ကြီးတစ်ခု ချီမကာ ဦးမြရာရှေ့တွင် ချလိုက်၏။ ပြီးလျှင် ဦးသုံးကြိမ်ချကာ–

"ကျွန်တော်၊ ကတိုးရွာက မောင်ပေါ်ဒင်ပါ၊ မနေ့ညက ပွဲတွင်းမှာ မူးယစ်သောက်စားမိရာက ဦးအိမ်ကို ဖောက်ထွင်းခိုးယူမိပါတယ်"

အနီးရှိ မိသားစုမှာ"ဟယ်" ဟုသံပြိုင်ထွက်ကာ မျက်လုံးများ ပြူးကျယ်သွားကာ နားထောင်နေမိ၏။

"ဒီအတွက် ကျွန်တော်ကန်တော့ချင်လို့ပါ၊ အခုလိုလုပ်မိတာ ပေးချင်တဲ့အပြစ်ပေးပါ။ ခိုးခဲ့တဲ့ပစ္စည်းတွေကိုလည်း တစ်ပြားတစ်ချပ်မှမကျန် ပြန်ယူလာခဲ့ပါတယ်။ လှည်းပေါ်မှာ ပါခဲ့ပါတယ်"

ကိုပေါ်ဒင်က ဝမ်းပန်းတနည်း တောင်းပန်ပြောဆိုလေရာ ဦးမြရာမှာလည်း သက်ပြင်းချကာ ရုတ်တရက် အံ့အားသင့်နေ၏။ ကိုပေါ်ဒင်မှာ ပြောပြောဆိုဆို လှည်းပေါ်၌ ပါလာသော ပစ္စည်းများကို တစ်ခုပြီးတစ်ခု ဦးမြရှေ့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့၌ ပုံချ၍ အပ်နှံလိုက်လေသည်။ ဦးမြရာသည် ဒေါ်ဖွားရှင်အား ငွေဒင်္ဂါး ငါးဆယ်ယူခိုင်းကာ –

“ကဲ၊ ငါ့တူ ဦးလည်း ဝမ်းသာလို့မဆုံးပါဘူး၊ ခွင့်လည်း လွှတ်ပါတယ်။ ငါ့တူကို အပြစ်ပေးအရေးမယူရုံမက ဘယ်သူ့ကိုမှလည်း ဦးမ ပြောပါဘူး။ ငါတူရိုးသားတဲ့ဂုဏ်အတွက် ဦးက ဒီငွေငါးဆယ် ဆုချပါတယ်။ ဦး... တစ်ခုပြောချင်တာကတော့ နောင်အခါ ဒီကနေစပြီး သူတစ်ပါးပစ္စည်း ဆိုလို့ ဦးဟာသာ မဟုတ်ဘူး။ ဘယ်သူ့ပစ္စည်းကိုမှ စိတ်ထဲကတောင် မပြစ်မှားဖို့ ဦးမှာ ကြားချင်တယ်”

ကိုပေါ်ဒင်မှာ မျက်ရည်များပင် ဝဲလာကာ ဦးမြရာဆုချသော ငွေငါးဆယ်ကိုပင် ကျေနပ်လက်ခံပြီး ပြန်လည် ကန်တော့ထားခဲ့လေတော့သည်။

**မှတ်ချက်။** ။ သူတစ်ပါးဥစ္စာကို ခိုးယူခဲ့လျှင် ဒါနပြုရာ၌ သူတစ်ပါးကို ထိခိုက်ခဲ့လျှင် မိမိဥစ္စာများကို ရန်သူမျိုးငါးပါးအနက် တစ်ပါးပါးကဖျက် ဆီးပစ်တတ်သည်။ ဒါနပြုရာ၌ သူတစ်ပါးကို ထိခိုက်ခြင်း ဟူသည် သည်အလှူမျိုးကို ငါသာလျှင်လှူနိုင်တယ်၊ တခြားလူတွေ မလှူနိုင်ဟု မာနထောင်ခြင်း၊ သားငါးများကို ရက်ကြိုမှာမိခြင်းတို့ ဖြစ်၏။ ဆိုင်ပေါ် အသင့်တွေ့သော အသားငါးကိုလှူလျှင် အပြစ်လွတ်သည်။ ရန်သူမျိုး ငါးပါး မီး, ရေ, မင်း,ခိုးသူ, အမွေခံဆိုး။

–၅–

၁၃၀၀ ပြည့်ပတ်ဝန်းကျင်ကပင် ဖြစ်၏။ အရောင်းအဝယ် အပေါင်အနှံ၊အချေးအရံ အလုပ်သမားများဖြင့် စည်ကားနေသော ဦးမြရာအိမ်ကြီးသည် ဇနီးနှင့် သမီးများ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကြလေရာ တဖြေးဖြေး ခြောက်သွေ့လာ၏။ ဦးမြရာလည်း အသက်အရွယ် ခြောက်ဆယ်ခန့်သို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိလာသဖြင့် အရောင်းအဝယ်နှင့် လယ်ယာအလုပ်အကိုင်များကို ရပ်သင့်တာ ရပ်၊ လျှော့သင့်တာ လျှော့ကာ ကုသိုလ်အာရုံနှင့်သာ နေလာလေတော့၏။

အသက်နှစ်ဆယ်ကျော် အရွယ်သား အငယ်မောင်ဘချစ်မှာလည်း ရေဘုယျ သူဌေးသားတို့၏ စိတ်နေသဘောထားအတိုင်း မည်သည့်လုပ်ငန်းတွင်မှ စိတ်ပါဝင်စားမှုမရှိ။ ကျွမ်းကျင်မှုမရှိ။ စင်စစ် မိဘပစ္စည်းများကလည်း တစ်ဦးတည်းသောသား မောင်ဘချစ်အတွက် အလုပ်လုပ်ကိုင်ရန် မလို။ နှစ်သက်သုံးသက် စားလို့ပင် မကုန်နိုင်ချေ။ ထို့ကြောင့် မောင်ဘချစ်သည် သုံးဖြုန်း လျက်သာ နေခဲ့၏။ မိဘများကလည်း အလိုလိုက် အကြိုက်ပေးထားကြလေသည်။

## ဦးမြရာ၏ လယ်စကေါးရာကျော်အလှူ

ထိုနေ့က ဦးမြရာအိမ်၌ ထူးထူးရှားရှား လူစည်ကားလျက် ရှိနေ၏။ ရွာနီး ချုပ်စပ်မှ ဦးမြရာနှင့် ဆက်ဆံခဲ့ဖူးသော မိတ်ဆွေများ အယောက်ငါးဆယ်ခန့် ဖိတ်ခေါ်ထားသဖြင့် စုဝေးရောက်ရှိလာကြခြင်း ဖြစ်၏။ လာသမျှမိတ်ဆွေ များအား တစ်သုတ်ပြီးတစ်သုတ် အထူးတလည် ကောင်းမွန်စွာ ချက်ပြုတ်ကျွေး မွေးဧည့်ခံ၏။ မိမိတစ်ဦးတည်းကိုသာ ခေါ်သည်ဟုထင်ကာ အသီးသီးလာ ရောက်ကြရာ ဧည့်သည်များ စုံစုံညီညီ တွေ့ရှိရခါမှ အချင်းချင်းအံ့အားသင့် နေကြသည်။

စားသောက်ပြောဆို နေကြသော်လည်း အကြောင်းကိစ္စမည်သို့ ဟု မည်သူမျှ မသိကြ။ အလှူပွဲများသို့ လာရောက်နေကျဖြစ်၍ အလှူဟုသာ ထင်နေကြ၏။ ဧည့်သည်များ ထမင်းကျွေးခိုက် ဦးမြရာသည် အိမ်ပေါ်တက်သွားပြီး သားဖြစ်သူ မောင်ဘချစ်အား မိမိအနီးသို့ ခေါ်၍ –

"လူလေး၊ လာဦး အိမ်ပေါ် အဖေ့ခေါင်းရင်းက စာရင်းစာအုပ်တွေ အဖေ့ဆီ ယူခဲ့စမ်း" ဟု ခေါ်ခိုင်းလိုက်၏။

သားလက်မှ စာရင်းစာအုပ်များကို လှမ်းယူရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ကဲ လူလေး ခဏထိုင်ဦး။ ဒီကနေ့ အဖေတို့ သားအဖ သူတကာ မလှူဖူးတဲ့ အလှူတစ်ခုပေးကြရအောင်။ မိတ်ဆွေအားလုံး ထမင်းစားပြီးရင် အိမ်ပေါ်ကို လူလေးကခေါ်ခဲ့၊ ခဏနေဦး။ တစ်နေ့က လူလေးကို အဖေပြော တဲ့အတိုင်း အဖေ့ပစ္စည်းတွေဟာ လူလေးတစ်သက်မပြောနဲ့။ သုံးလေးသက် စားလို့ မကုန်ပါဘူးကွာ။ အဖေလုပ်တာ လှူတာကို လူလေး မတွန့်တိုနဲ့။ လူလေး သိပါတယ်။ အဖေတို့ဟာ မုန့်ပျားသလက် အကြော်ရောင်းရာက လယ် ကလေး တစ်ဧကလောက် စပြီး လယ်ယာလုပ်ခဲ့ရတယ်–

လူလေးတို့လို မိဘ လက်ငုတ်ဆိုလို့ ဘာမှ ပါမလာဘူး။ အခုဆို လယ်ဧက ငါးရာကျော် လယ်ရာမြေလည်း အများကြီး လူလေးဒီလယ်တွေ ယာတွေကို အကုန်လုပ်နိုင်မလား၊ လူလေး ဒီအလုပ်တွေ လုပ်ဖို့ မလိုတော့ဘူး၊ ဒီလယ်ယာတွေဟာ မိဘလက်ငုတ်အမွေရတာမဟုတ်ဘူး။ ခမျာများမရှိဆင်း ရဲလို့ ပေါင်နှံရောင်းချထားကြလို့ ရထားတဲ့ လယ်ယာတွေ။ ဒီလယ်ယာတွေ ပေါင်နှံဝယ်ယူတဲ့ငွေ ကျေရုံမကဘူး။ အဖေတို့ နှစ်ပေါင်းများစွာ လုပ်ကိုင်စား သောက်ကြရတာ။ အမြတ်တွေ အများကြီးရခဲ့ပြီ။

ကဲဒီတော့ လူလေး၊ လယ်ယာချောင်းမြောင်းမရှိလို့ မယ်မယ်ရရ အလုပ်အကိုင်မရှိလို့ စားရမဲ့ သောက်ရမဲ့ မရှိဆင်းရဲသားများကို ဒီကနေ့ သူတို့ မြေသူတို့ ပြန်ပေးကြရရင် မကောင်းဘူးလား လူလေး"

သားမောင်ဘချစ်ဟာ မိဘစကား နားထောင်တတ်သူ၊ ရတနာသုံး ပါးကို ကိုင်းရှိုင်း၍ လူချစ်လူခင်ပေါသူ၊ တစ်ဖက်သားအပေါ် ကူညီတတ်သူ ဖြစ်သည့်အတိုင်း မဆုတ်မဆိုင်းဘဲ–

"အဖေ့သဘောအတိုင်း လုပ်ပါ၊ ကျွန်တော် ဝမ်းသာပါတယ်၊ဘာမှ နှမြောတွန့်တိုစရာ မရှိပါဘူး၊ အဖေလှူသာလှူပါ" ဆို၍ မိတ်ဆွေ ဧည့်သည် များအားလုံး အိမ်ပေါ်သို့ကြွရန် သွား၍ ဖိတ်ခေါ်ခိုင်း လိုက်၏။

ပရိသတ်များ စုံညီသောအခါ ဦးမြရာသည် မိတ်ဆွေများအား အကျိုး အကြောင်း ရှင်းပြရာ အားလုံးအံ့အားသင့်ကုန်ကြ၏။ ရှိရှိသေသေ ခင်းထား



www.burmeseclassic.com

www.burmeseclassic.com



သော စားပွဲခင်းပေါ်မှ အပေါင်အနှံအရောင်းအဝယ် စာချုပ်စာတမ်း များကို တစ်ခုပြီးတစ်ခု ကောက်ယူပြီး ပေါင်နှံသူ၊ ရောင်းသူ၏ အမည်၊မြေဧက၊ ပေါင်နှံရောင်းဝယ် တန်ဖိုးငွေများကို မောင်ဘချစ်အား ဖတ်ပြစေ၏။

စာချုပ်အရ ရပ်ရွာနာမည်များအလိုက် တစ်ဦးချင်းခေါ်ယူကာ ပြန်လည် ပေးလှူလိုက်လေသည်။ တစ်မိသားစု ချောင်ချောင်လည်လည် လုပ်ကိုင်စားသောက်နိုင်အောင် ဧကတန်ဖိုးများပြားသော စာရင်းများ အများအပြားပါရှိလေရာ ပြန်လည် လက်ခံရရှိသူများမှာ တစ်သက်နှင့်တစ်ကိုယ် ထီပေါက်ခြင်းပင် ဖြစ်၏။ အတိုင်းမသိ ဝမ်းမြောက်ကြည်နူးသွားကြလေတော့၏။

ထိုအချိန်မှ နောက်ဆယ်နှစ်ခန့်ကြာသောအခါ တစ်ခေတ်ပြောင်းလာလေ၏။ ဒုတိယကမ္ဘာစစ်ကြီး ကာလပင်တည်း။ ထိုစစ်အတွင်း ကာလတွင် ကျေးလက်တောရွာများ၌ မြို့များကဲ့သို့ ဗုံးဒဏ်မခံရသော်လည်း တောသူဌေးများ၌ ဗုံးဒဏ်ထိသည်ထက် နာသော အဖြစ်ဆိုးများနှင့် ရင်ဆိုင်ကြရရှာ၏။ အကြောင်းမှာ အင်္ဂလိပ်ခေတ်က ငွေနှစ်ဆယ်အစိတ်၊ တစ်ရာနှစ်ရာနှင့် ပေါင်နှံလက်ခံရရှိထားသော လယ်ယာများကို ဂျပန်စက္ကူများဖြင့် ပိုင်ရှင်များက ပြန်လည်ရွေးယူကြရာ သူဌေးများ မချိမဆန့် လက်လွှတ်ခံကြရလေသည်။

ဦးမြရာသည် ထိုခေတ်ပြောင်းမည်ကို ကြိုတင်မသိသော်လည်း ဖြူစင်သောသူ့စေတနာအရ လူသာမန်တို့ လုပ်နိုင်ခဲသော နှစ်ဦးနှစ်ဝ ချမ်းသာကြည်နူးရသော ကုသိုလ်ထူးကို ဆည်းပူးရယူနိုင်ခဲ့လေသည်။ ဦးမြရာသည် လုံခြုံမှုမရှိသော ဂျပန်ခေတ်နှင့် လွတ်လပ်ရေး ခေတ်ဦးကာလ တွင် သူပုန်သူကန်နှင့် ခိုးသား ဓားပြများ အနယ်နယ်အရပ်ရပ် ထကြွ သောင်းကြမ်းနေသော်လည်း လမ်းမကြီးဘေး သစ်ပင်အောက်ရှိ သူ၏ခုံရှည် ကလေးမှာပင် ထာဝစဉ်နှစ်မြိုက်စွာ အိပ်ကောင်းခြင်း အိပ်စက်နေထိုင်ခဲ့ရ၏။

သူ၏စေတနာနှင့် မေတ္တာသည် ထိုခေတ်ပျက်ကာလကြီးတွင်မှ ပို၍သိသာပေါ်လွင်ပေတော့သည်။ သူ၏ပစ္စည်းများ ရန်သူမျိုးငါးပါးကြောင့် မည်သည့်အခါကမျှ ဆုံးပါးလေလွင့်ခြင်းမရှိ။ ဒါနအရာတွင် အလွန် စင်ကြယ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စုပ္ပန်ယခုဘဝမှာလည်း စင်ကြယ်နေ၏။ ပြတ်သားသူဖြစ်၏။ ပတ်ဝန်းကျင် အပေါ်၌ထားသော သူ၏မေတ္တာစေတနာမှာလည်း ကြီးမား လှပေ၏။

## ဦးမြရာနှင့်အတူ အိမ်မှထွက်သွားသော ရတနာများ

လွတ်လပ်ရေးမရမီ၊ လွတ်လပ်ရေးခေတ်ဦး ၁၃၀၉ ခုနှစ်၊ အသက် (၆၆) နှစ်အရတွင် ဦးမြရာသည် လူကြီးရောဂါဖြင့် သူ၏နေအိမ်၌ ကွယ်လွန်ခဲ့၏။ သားဖြစ်သူ မောင်ဘချစ်သည် ဖခင်ကြီးအလောင်းအား ခန်းနားသိုက်မြိုက်စွာ သင်္ဂြိုလ်၏ မောင်းထောင်ရွာ၏ထုံးစံအရ သက်ပျောက်ရက်လည် ဆွမ်းစဉ်များအပြင် အလောင်းမြေကျသည့် နောက်ရက်နံနက်တွင်လည်း ဆွမ်းအလှူ ပြုလုပ်ကြမြဲဖြစ်ရာ ဖခင်အလောင်း သုသာန်၌ သင်္ဂြိုလ်ပြီးနောက် ထိုနေ့ညတစ်ညလုံး နံနက်ဆွမ်းစဉ် အတွက် အိုးကြီးအိုးငယ်ဖြင့် ချက်ပြုတ်စီမံကြလေသည် ။ ထိုနေ့ည နောက်တစ်ရက် နံနက်ခင်း သုံးနာရီခန့်တွင် လက်နက်ကိုင် လူဆိုးဓားပြ နှစ်ရာခန့်သည် ချက်ပြုတ်ကြော်လှော်နေသော ဦးမြရာအိမ် ဝင်းသို့ ကင်းအထပ်ထပ်ချ၍ ဝိုင်းထားကြ၏။ အိမ်ဝင်းကြီး အတွင်းသို့ တူရွင်း၊ ပေါက်ပြားများဖြင့် ဝင်သူဝင်၍ စိမ်ပြေနပြေ မြေလှန်စနစ်ဖြင့် ဓားပြတိုက်ကြရာ ဦးမြရာ မြှုပ်နှံထားခဲ့သော အန္တောပိတ် ကြေးအိုးကြီးများကို လှည်းများဖြင့် တင်ယူသွားကြ၏။

ဦးမြရာအလောင်း အိမ်မှထွက်သော ည၏ မိုးသောက်ယံမှာပင် ဦးမြရာ၏ ရတနာငွေများလည်း တစ်နေရာသို့ ထွက်ခွာပြောင်းရွှေ့ သွားကြလေတော့၏။ ပစ္စည်းဥစ္စာတို့မည်သည် မိဘဘိုးဘွားတို့ ရည်ညွှန်းရာသို့ သွားလိုမှ သွားတတ်ကြလေသည်။

မိဘအရိပ်အောက်တွင် ပေါ့လျော့အေးဆေးစွာ ကြီးပြင်းလာခဲ့ရ သော တစ်ဦးတည်းသောသား ကိုဘချစ်မှာ မှီခိုရာ အေးမြသောသစ်ရိပ်ကြီး ပျောက်သွား၍ နေပြောက်ထိုးရုံမျှမက နေပူကျဲကျဲသို့ပင် ကျရောက်ကာ တစ်စ တစ်စ၊ ဆင်းရဲနွမ်းပါးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်လည်း ကျခဲ့ပြီးဖြစ်၍ မိဘများ၏ အိမ်ထောင်သည်ဘဝ အစကနဦး အခြေနေမျိုးသို့ ရောက်ကာ ဆင်းရဲစွာ ရုံးကန်ရရှာလေ၏။ တောင် သူလယ်ယာလည်း လုပ်၏။ ယုတ်စွာ့အဆုံး အခါရာသီအလိုက် ဗူးသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီးများ စိုက်ပျိုးသော ရွာများသို့ပင် သွားကာ မောင်တစ်ထမ်း မယ်တစ်ရွက် ရွာစဉ်လှေ့ာက်၍ပင် အသက်မွေး ရရှာလေသည်။

ရတနာရှိမှ ရတနာလာသည်၊ ရတနာတည်သည်ကို သံဝေဂယူဖွယ် ကောင်းပေ၏။ ယခု ဦးဘချစ်အသက် (၇၇)နှစ်ရှိပြီ ဖြစ်ရာ အသက်ကြီးပိုင်း တွင်ကား အထိုက်အလျောက် သက်သာလာ၏။ ဦးဘချစ်ငယ်စဉ်က စ၍ တမူထူးခြားသည်မှာ မည်မျှ ဆင်းရဲပင်ပန်းကြီးစွာ လုပ်ကိုင်ရသည်ဖြစ်စေ၊ ဆရာသမား မိဘတို့၏ အဆုံးအမရ၍ သုံးပါးဝတ်ကိုမူ နေ့စဉ်မပျက်မကွက် နေပူမိုးရွာမရှောင် ဆောင်ရွက်မြဲ ဆောင်ရွက်၏။

သာသနာပိုင် နှစ်ပါးနှင့်တကွ ရဟန်းပညာရှိ လူပညာရှိ စာဆိုတော် မျိုးမတ်များ ထွက်ပေါ်ရာ မောင်းထောင်ရွာ၌ ရတနာသုံးပါးဝတ်နှင့် မှတ်သား လောက်အောင် စွဲမြဲသူများတွင် ဦးဘချစ်သည် တစ်ဦးအပါအဝင် ဖြစ်သည်။

မောင်းထောင်ရွာတွင် သိမ်တော်ဘုရားဝတ်အသင်း၊ ရွှေဘုံသာ၊ ငါးဆူမာရ်အောင်မြင်၊ လေတင်ဘုရားဝတ်သင်းများမှာ အစဉ်အဆက်မပျက် မထွက်သော ဝတ်သင်းများ ဖြစ်လာ၏။ ဦးဘချစ်သည်ကား မည်မျှ အလုပ်ပင် ပန်းသော်လည်း ညနေစာ စားသောက် ရေမိုးချိုးပြီးလျှင် နေဝင်သည်နှင့် ဝတ် ဖြူစင်ကြယ်များ လဲလှယ်ကာ ကြေးစည်တစ်နှောင်နှောင်နှင့် အိမ်အနီးရှိ မာရ် အောင်မြင်လေတင်ဘုရား ရင်ပြင်၌ နေ့စဉ် အစောဆုံး ရောက်နေတတ်လေ သည်။ ဦးဘချစ်အတွက် မိဘတို့ထံမှ ရရှိသော လောကီရတနာ အမွေထက် လောကုတ္တရာ ရတနာအမွေမှာ တန်ဖိုးမဖြတ်နိုင်ချေ။

အဖေရှိတုန်းကများ ဇီးဖြူသီးစားဖို့ မီးဖိုချောင် ဆားအိုးထဲက ဆားတွေ လက်ခုပ်နှင့် အပြည့်ယူပြီး တို့စား၊ မကုန်လို့ မီးလှုံရင်း ဆားတွေ တစ်လက် ခုပ်ကြီးကို မီးဖိုထဲကျဲချလို့ တစ်ရှုံရှုံ တဖျစ်ဖျစ် မီးလောင်သံ ကြားရမြင်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပျော်လိုက်တာ။ နမြောရကောင်းမှန်း မသိဘူး။ ခုများဖြင့် လက်ဝါးပေါ်မှာ တစ်မှုံနှစ်မှုံ ကျန်နေတာတောင် မီးဖိုချောင်သွားပြီး တမင် ပွတ်ချနေရတယ်ဟု ပြောလေ့ရှိသော ဦးဘချစ်စကားကို ကြားယောင် မိလေ၏။

## ထိုက်သူစံ

–၆–

ဒုတိယကမ္ဘာစစ်ပြီးစ လွတ်လပ်ရေးကာလတွင် မုံရွာမြို့သည် ဈေးဟောင်း၊ ဈေးသစ်တို့ဖြင့် အသက်ဝင်စ ပြုလာ၏။ စစ်ကြောင့် ပျက်စီးသွားသော တိုက်များမှာမူ အပျက်အစီးနည်း၍ နေ့ချင်းညချင်း ရှေးယခင်ကအတိုင်း ခန်းနားထည်ဝါသော တိုက်တာများအဖြစ် တစ်ခေတ်ပြန်လည် ဝင့်ကြွားလာ၏။

ဈေးဟောင်းကြီးနှင့် ကပ်နေ၍ အရောင်းအဝယ်လည်း စည်ကားလှသည်။ နံနက်ဆယ်နာရီလောက် နယ်မှကားများ ဆိုက်ရောက်လာချိန် အဝတ်အစား ညစ်ထေးထေးနှင့် အသက်လေးဆယ်ကျော်ပတ်ဝန်းကျင်ရှိ လင်မယား နှစ်ယောက်သည် ဘုရားကြီးလမ်းရှိ နာမည်ကျော် သက်န်းသပိတ် ပရိက္ခရာ ရောင်းချသော နှစ်ထပ်တိုက်ကြီးအောက်သို့ မဝန့်မရဲ ဝင်သွားသည်ကို အမှတ်မထင် တွေ့မြင်ရ၏။

ယောကျာ်းက အထုပ်တစ်ခုကို တရိုသသေ ပွေ့ပိုက်လျှက် မိန်းမက ဈေးတောင်းတစ်ခု ခေါင်းပေါ်မှာ ရွက်လျှက်။ အဆိုပါ ဇနီးမောင်နှံသည် တိုက်ရှင် အဒေါ်ကြီးရှေ့စားပွဲမှာ အိုးတိုးအမ်းတမ်း ထိုင်ချလျှက်က အဝတ်ဖြင့် ပွေ့ပိုက်လာသော ပစ္စည်းတစ်ခုကို ဖြေ၍ပြ၏။

"ဒါ ကျွန်တော်တို့ ဘိုးဘွားစဉ်ဆက် ကိုးကွယ်လာတဲ့ ရုပ်ပွားဆင်းတုပါ။ ခုရင်းနှီးစရာကလေး မရှိလို့ ကြံရာမရလုပ်တာပါ။ ပေးချင်သလောက် ပေးပါအဒေါ်ရယ်။ နောက်ငွေချောင်လည်တော့ ကျွန်တော် ပြန်ယူမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း မိဘအမွေအနှစ်ဆိုတော့ နှမြောမြောနဲ့ ရောင်းရတာပါ”

တိုက်ရှင် အဒေါ်ကြီးမှာ ထိုသစ်သား ရုပ်ပွားဆင်းတုတော်ကို ဝယ်ယူပူဇော်ရန် မည်သို့မျှ စိတ်မဝင်စားချေ။ ငွေကြေးတန်ဖိုးအားဖြင့်လည်း မက်မောလောက်သော ရုပ်ပွားမျိုး မဟုတ်၍ ခေါင်းတွင်တွင် ခါလျှက်နေ၏။ ဆက်ပြီး လက်ခံစကား ပြောလိုဟန်မရှိ။

ထိုလူရွယ်က မျက်နှာငယ်ဖြင့် သက်ပြင်းချလျှက် ရုပ်ရှာဇာတိ၊ အမည်နာမ၊ မျိုးရိုးပါ ပြောပြအသနားခံနေသဖြင့် ဆင်းတုပူဇော်ခဟု သဘောမထား၊ ဈေးဝယ်ခြမ်းရန် ပေးကမ်းသည့် အနေဖြင့် မြန်မြန်ထွက်သွားရန် ငွေအနည်းငယ်ပေးပြီး ပြန်လွှတ်လိုက်လေ၏။

ဇနီးမောင်နှံမှာ မှန်းခြေကိုက်ဟန် မရှိပဲ လေးလံသောခြေလှမ်းများဖြင့် တိုက်ထဲမှ ဆင်းသက်၍ ဈေးဘက်သို့ ထွက်သွားကြ၏။

အိမ်ရှင်အဒေါ်ကြီးသည် ရုပ်ပွားဆင်းတုထက် စမ္ပခဏ်ပလ္လင်က ကြီးနေသော ဘုရားကိုယ်တော်မြတ်ကို လှည့်ပတ်ပွတ်သပ်ကြည့်ရှုရင်း ကျန်နေခဲ့၏။ ပလ္လင်၏အောက်ဘက်၌ အက်ကြောင်းရာကို တွေ့သဖြင့် လက်သည်းကလေးဖြင့် ခြစ်ဖဲ့ကြည့်ရာ သစ်စေးသရိုးဖြင့် အန္တာပိတ်ထားသော သစ်သားပြားမှာ ပွင့်သွား၏။ စားပွဲပေါ်တင်၍ သစ်သားပြားကလေးကို ထုတ်လိုက်ရာ ကိုယ်မျက်စိကို မယုံနိုင်လောက်အောင် ဖြစ်ရလေ၏။

ခဏကြာလျှင် တစ်စုံတရာကို သတိရကာ ရုပ်ပွားကိုယ်တော်မြတ်ကို အဝတ်ဖြင့် ဖုံးဖိပြီး ချက်ချင်းတိုက်ရှေ့သို့ ထွက်လာ၏။ ဟိုဟိုသည်သည် တောင်မြောက်လေးပါး လှမ်းမျှော်ကြည့်နေ၏။ လမ်းမပေါ်သို့ပင် အတန်ငယ် ဝေးကွာအောင်ဆင်း၍ လျှောက်ကြည့်ပြန်ရာ သူမြင်တွေ့လိုသော အရာကို သဲသဲကွဲကွဲ မြင်တွေ့ပုံမပေါ်။ ရှမ်းတောလမ်းတစ်လျှောက် သွားလာနေသော လူအုပ်ကြီးကိုပင် လမ်းထိပ်ထိ သွားရောက်ကြည့်လိုက်မိသေး၏။ ဆင်းရဲသား



www.burmeseclassic.com

www.burmeseclassic.com



ဇနီးမောင်နှံမှာ ဖုန်ထူထူလူအုပ်ထဲတွင် ပျောက်ကွယ်နစ်မြုပ် သွားကြရှာလေတော့၏။

**မှတ်ချက်။ ။** ဥစ္စာစည်းစိမ်သည် ဒါနပြုခဲ့သူထံမှာသာ နေသည်ဟူသော ပြယုဂ်ကို ဖော်ပြသည့် ဖြစ်ရပ်ဆန်းကလေးပင် ဖြစ်၏။ ထိုဇနီးမောင်နှံသည် ဦးမြရာ၏ မြေးမြစ်များပင်တည်း။

(ဦးမြရာနှင့် ပတ်သက်၍ အဖြစ်အပျက်များ ကြိုးစားစုဆောင်းပေးကြသော မောင်းထောင်ရွာမှ ဦးမောင်ကြီး၊ ဦးအောင်ဝင်း (ဝင်းစာတ်ပုံ)၊ ဦးအုံးဖေနှင့် ဦးမြရာ၏မြေး ဦးဉာဏ်ဝင်း စသူတို့အား ကျေးဇူးတင်မှတ်တမ်းပြုပါ၏။ )

## ဦးမြရာ၏ ရေတွင်းကျောက်စာသမိုင်း

ကောဇာသက္ကရာဇ် (၁၂၉၁) ခုနှစ်တွင် ဦးမြရာ+မဖွားရှင်နှင့် သားသမီးတစ်စုတို့က အများပြည်သူ ခပ်ယူသုံးစွဲရန် ကောင်းမွန်ချိုမြိန်လှစွာသော ရေများကို ရရှိသည့်အတွက် နှစ်သက်ကြည်နူးစွာ သံပိုင်းစာကို စိုက်ကာ တည်ထားလိုပါသဖြင့် မောင်းထောင်ရွာ ပညာရှိအမော် အမိန့်တော်ရမင်း ဦးဘိုးတင် စီစဉ်ရေးသားသော ဧကပိုဒ်လင်္ကာ သံပိုင်းစာ...

(ဓေယျတု)
တည်စိမ့်ရှည်ကြာ၊ သံပိုင်းဖြာပိမ့်
ခေတ်ဇာတိပေါင်း၊ တိုက်တစ်သောင်းတွင်၊ ရိုက်ညှောင်းဆော်တီး
ပဲ့တင်ဟီးမျှ၊ ကောင်းချီးလူလူ၊ တံခွန်ထူလျှက်
ဇမ္ဗူတောင်ကျွန်း၊ မဇ္ဈိမဝှမ်းဝယ်၊ ပွင့်ထွန်းခဲ့သော
တို့မြတ်ဖျားလျှင်၊ တရားရသာ၊ မြိုက်ဩဇာဖြင့်
သတ္တဝါလူ၊ ခပ်သိမ်းသူကို၊ ဆယ်ယူကယ်နိုင်
ရွှေပြည်ခိုင်သို့၊ တိုင်တိုင်ဘေးလွတ်၊ ပို့ပေတတ်သည်
လူနတ်ဆရာ၊ ရတနာဟု၊ မဟာဝိရ၊ ဝါယမဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လုံ့လအခေါင်၊ ဗောဓိသြောင်၌၊ ခြောက်ရောင်လျှံ၀ါ၊
ဉာဏ်စကြာဖြင့်၊ သစ္စာရဲရဲ၊ ပွင့်ဆဲဆဲလျှင်
အံ့အဲမနိုင်၊ ငါးမာရ်ပိုင်ကို၊ ဖက်ပြိုင်နှိုင်းပေါ်
တုမမျှော်သား၊ ဘုန်းတော်ထွန်းလစ်၊ မြတ်ရှင်ချစ်လည်း
စင်စစ်နိဗ္ဗာန်၊ ပျော်အောင်စံနောက်၊
ကြွင်းကျန်ရစ်သူ၊ နတ်နှင့်လူကို၊ ကယ်ယူစိမ့်ငှာ
ကရုဏာဖြင့်၊ လှစ်ကာမိန့်မြွက်၊ ဓမ္မစက်လျှင်
ထွန်းလင်းနေရောင်၊ မကဆောင်၍၊ လေးထောင်ရှစ်သောင်း
သချ်ာဆောင်းသည့်၊ သောင်းဓမ္မက္ခန်၊ အတန်တန်ကို
ဖန်ဖန်ကပ်ဆည်း၊ နာယူပြီးလျှင်၊ မငြီးအံ့ဖွယ်
အင်ရှစ်သွယ်ဖြင့်၊ နက်ကျယ်အဝှမ်း၊ ထောက်မည်စမ်းလည်း
မစွမ်းနိုင်ရာ၊ သာသနာကို၊ ရှည်လျားတည်သား၊ အာရုံထား၍
ရေးသွာတန္တိ၊ ပမာညိုသော်၊ သိရိဓမ္မာ၊ အသောကာဟု
သညာတော်လင်း၊ ကျွန်းလုံးမင်းသည်၊ ရေတွင်းရေကန်၊
ကြွင်းမကျန်ပဲ၊ တန်တန်စေတီ၊ ပြုနည်းမှီလျှက်
မညီမခြား၊ ကဲ့အလားသို့၊ ထင်ရှားဂုဏ်ရောင်
ရွှာမောင်းထောင်တွင်း၊ လင်းပြောင်တောက်ထိန်၊ နာထပိဏ်သို့
စည်းစိမ်မသွေ၊ လယ်ယာမြေနှင့်၊ ရွှေငွေကျောက်သံ၊ ဖိတ်ယိုလျှံမျှ
ရေးကံမြောက်ပင့်၊ ပြိုင်မဝန့်အောင်၊ ထွန်းတင့်သမ္ဘာ
ဦမြရာနှင့်၊ ဝိသာခါသွင်၊ ပမာတင်သား၊
ကျွမ်းကျင်လိမ္မာ၊ အရာရာဝယ်၊ သဒ္ဓါဖြူစွာ
တူတကွလျှင်၊ ဘဝရေစက်၊ ပန်ပန္ဒက်၍
စုံဖက်ရင်းနှီး၊ ပေါင်းစုံမှီးသည့်၊ ဇနီးသက်နှင်
မဖွားရှင်တို့၊ ကောင်းခြင်းအင်္ဂါ၊ လက္ခဏာဖြင့်
ရတနာမည်၊ ဘုံလောကီတွင်၊ ချစ်ရည်လင်းသစ်



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘချစ်နှင့်၊ ပစ္စယဖြာ၊ ကြောင်းဟုပ်ပါ၍
ပမာနေလ၊ ရွှေနှင့်မြသို့၊ ရူပရောင်ရှိန်
မအေးစိန်ဟု၊ ဝင်းထိန်ကြည်အေး၊ မြင်သူငေးမျှ
ယဉ်ကျေးမှုယာ၊ အင်ငါးဖြာနှင့်၊ စုံစွာပြည့်ကျူး
ချွေးမထူးတည့်၊ လျော်ဦးသိင်္ဂီ၊ ပုံအညီသို့
ရတီစိန်မှီး၊ ရှုမငြီးသည့်၊ သမီးရင်နှစ်၊
မမေချစ်နှင့်၊ နှောင်ရစ်ပန္နက်၊ ရေးအထက်က
ရေစက်လှူကာ၊ ဖြူသဒ္ဒါဖြင့်၊ ပတ္တနာသ
ပြုခဲ့ကြ၍၊ တူမျှစုလျား၊ ဆက်ဆံညားသည့်
သားရင်းသြဇာ၊ ကဲ့ပမာသို့၊ ပညာတင့်ဆန်း
ကိုဘဂျမ်းတို့၊ ပွင့်လန်းစေတနာ၊ ကြည်ဖြူစွာဖြင့်
အောက်ပါလှူဖွယ်၊ အသွယ်သွယ်ဖြင့်၊ တင့်တယ်ဝေဆာ
စီမံဖြာလျှက်၊ ရှာပါနယ်လုံး၊ ပြည်ရွာကျုံး၊ သောက်သုံးစိမ့်ငှာ
ငွေသပြာကို၊ သဒ္ဒါမလေး၊ ငါးထောင်ကြေးကို၊
ပေး၍လျှင်စွာ၊ မြေကျောက်ဖြာကို၊ ဖောက်ခါထွင်းယူ
ရေးကမ္မူလည်း၊ ဘယ်သူတစ်ဦး၊ မရဘူးရှင့်
ထွေထွေခုခါ၊ဒါယာကာ၏၊ သဒ္ဒါဇောဟုန်
ပြောမကုန်အောင်၊ လောက်လုံဖွေးဖြူ၊ ရသာကြူသည်
အတူဆက်ဝေး၊ နတ်ရေအေးကို၊ အောက်ကျေးမြေမှ
ပေါ်ထွက်ရ၏၊ ဧ, ဒွ, နှောဇော်၊ သက္ကရာဇ်၌
ခြေမြစ်ခိုင်မာ၊ အုတ်ရန်ကာလျှက်၊ သွန်းဖြာရေစက်
မြေကွဲအက်မျှ၊ တိုးတက်ကြည်စွာ၊ လှူဆက်ပါသည်
ကမ္ဘာပတ်လုံးတည်စေသော်။ ။



www.burmeseclassic.com

www.burmeseclassic.com



## အလှူကုသိုလ်များ တန်ဖိုးငွေစာရင်း

| | |
|---|---|
| ၁။ ကျောင်းနှင့်ကျောင်းဦး ပြသဒ်တန်ဆောင်း တန်ဖိုး | ၂၅၀ဝိ။ |
| ၂။ ရေတွင်းနှင့် အုတ်တံတိုင်း တန်ဖိုးငွေ | ၂၀၀ဝိ။ |
| ၃။ သံဃိကဇရပ်ကြီးလေးဆောင် | ၁၀၀ဝိ။ |
| ၄။ ရေကန်နှင့် ရေတံခါး တန်ဖိုးငွေ | ၁၅၀ဝိ။ |
| ၅။ အုတ်တံတိုင်းကြီးနှင့် စေတီတော် | ၁၅၀ဝိ။ |
| ၆။ ဘုရားပြင်ဆင်ခြင်းငွေ | ၅၀ဝိ။ |
| ၇။ အရပ်ရပ်ဒါနပေးကမ်းလှူဒါန်းငွေ | ၂၅၀ဝိ။ |
| ၈။ သံဃိကလမ်းအတွက် ကိုယ်ပိုင်မြေလှူဒါန်းခြင်း – | တန်ဖိုးမတွက်။ |
| အရပ်ရပ်လှူဒါန်းပေးကမ်းငွေပေါင်း | ၁၂၀၀ဝိ။ |

'သက္ကရာဇ် ၁၂၉၁ ခုနှစ်၊ နတ်တော်လဆန်း (၃)ရက်'

**မှတ်ချက်။** ။ လွန်ခဲ့သော ၇၈–နှစ်ခန့်ကလှူဒါန်းငွေ ပမာဏဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ငွေနှင့် အရိပ်**

လူသည် အရိပ်နောက်သို့ လိုက်လျှင် ဘယ်သောအခါမှမမီ။
အရိပ်ကား လိုက်လေပြေးလေဖြစ်၏။
အရိပ်နောက်မလိုက်တော့ဘဲ ကိုယ်လမ်းကိုယ်သွားလျှင်
အရိပ်က နောက်မှ ပြန်လိုက်၏။
ထို့အတူ
မေတ္တာစေတနာမထားဘဲ ငွေနောက်သို့ ဒရကြမ်းလိုက်ကာ
စီးပွားရှာလျှင် ဘယ်သောအခါမျှ မအောင်မြင်။
ငွေနောက်မလိုက်ဘဲ မေတ္တာစေတနာနောက်လိုက်ကာ
အလုပ်ကို အာရုံစိုက်ကြိုးစားလျှင်
ငွေက နောက်မှ တကောက်ကောက်ပြန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

## အချိန်တန်ဖိုးကို မသိခြင်း

ဗုဒ္ဓဘာသာ မြန်မာအများစု မကြီးပွားခြင်း၏ ခြောက်ခုမြောက် အကြောင်းသည် အချိန်တန်ဖိုးကို မသိမှုပင် ဖြစ်၏။ လောကတွင် တန်ဖိုးဖြတ်၍ မရသောအရာကား အချိန်ပင် ဖြစ်၏။ ထိုအချိန်ကို အသုံးချပြီး နိုင်ငံတော် သမ္မတကြီးလည်း ဖြစ်နိုင်၏။ ကမ္ဘာကျော် စာရေးဆရာကြီးလည်း ဖြစ်နိုင်၏။ ကမ္ဘာကျော် ဂီတပညာရှင်ကြီးလည်း ဖြစ်နိုင်၏။

ဤအချက်ကြောင့်လည်း အချိန်ကို တန်ဖိုးဖြတ်၍မရဟု ဆိုခဲ့ခြင်း ဖြစ်၏။ ထို့ပြင် ကုန်သွားသော ပစ္စည်းဉစ္စာတစ်ခုခုကို အချိန်ဖြင့် ပြန်ရှာ၍ ရသော်လည်း ကုသိုလ်၊ ပညာ၊ ဉစ္စာတစ်ခုမှ မရလိုက်ဘဲ အလကားကုန်သွား သောအချိန်ကိုကား ဘာနှင့်မျှ ပြန်ရှာ၍မရသောကြောင့်လည်း အချိန်ကို တန်ဖိုးဖြတ်၍မရဟု ဆိုခဲ့ခြင်းဖြစ်၏။

## အချိန်ဟူသည် အသက်

**စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့၊ ရက်၊ လ၊ နှစ်စသော အချိန်တို့လေး များ ပေါင်းစည်းထားခြင်းကိုပင် အသက်ဟု ခေါ်ရခြင်းဖြစ်၏။ မိမိအသက်ကို တန်ဖိုးထားသောသူသည် အချိန်ကိုလည်း**



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားရမည်။ အချိန်ကို တန်ဖိုးထားသူသည် အချိန်မှန်သမျှထဲမှ ကုသိုလ်၊ ပညာ၊ ဥစ္စာတစ်မျိုးမျိုးကို အမြဲရအောင် ယူနေရမည်ဖြစ်၏။ မယူသူသည် အချိန်ကို အလဟဿ ဖြုန်းတီးသူပင် ဖြစ်၏။ အချိန်ကို အလဟဿ ဖြုန်းခြင်းဟူသည် လူ့ဘဝ၌ မိမိနေရမည့် အသက်ကို ဖြုန်း တီးခြင်းပင် ဖြစ်၏။

အနုမြူဗုံးဒဏ်ကြောင့် မြို့ကြီးနှစ်မြို့ ပြာပုံဖြစ်ခဲ့ရသော ဂျပန်များသည် ယခုအခါတွင် အချမ်းသာဆုံးနိုင်ငံတစ်ခုအဖြစ်သို့ ရောက်ခဲ့ရခြင်းသည် အချိန်တန်ဖိုးကိုသိပြီး အလုပ်လုပ်ခဲ့ကြသောကြောင့် ဖြစ်၏။ မြန်မာပြည်က စက်ရုံ၊ အလုပ်ရုံများ ညနေလေးနာရီထိုးသည်နှင့် ပိတ်၏။

ဂျပန်မှ စက်ရုံ၊ အလုပ်ရုံများကား ထိုအချိန်တွင် ညဆိုင်းအလုပ်သမားများ အလုပ်စဝင်သော အချိန်ပင် ဖြစ်၏။ နိုင်ငံတစ်ခု စီးပွားရေးတိုးတက်ဖို့အတွက် လျှပ်စစ်မီး(၂၄)နာရီ ရဖို့လည်း အရေးတကြီးလိုအပ်လှ၏။ ထို့ကြောင့် စက်ဘာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယူက –

**နိုင်ငံတိုးတက်ကြီးပွားချင်ရင် ဒီမိုကရေစီ ရဖို့ထက်**
**လျှပ်စစ်မီးမပျက်ဖို့က ပိုအရေးကြီးတယ်။**

ဟု ပြောခဲ့ခြင်း ဖြစ်၏။ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းမှုကြောင့် များမကြာမီ အချိန်တွင် လျှပ်စစ်မီး လုံလောက်အောင် ပေးနိုင်တော့မည်ဟု ယူဆရ၏။ ဂျပန်နိုင်ငံရှိ ထမင်းဆိုင် အများစုတွင် ထိုင်ခုံမရှိ။ ဂျပန်အလုပ်သမား အများစုသည် အချိန်ပိုကုန်မည် စိုးရိမ်၍ ထမင်းကိုပင် ထိုင်မစားကြ။ မတ်တပ်စားပြီး ချက်ချင်း အလုပ်ပြန်ဝင်တတ်ကြသည်။

ဘုရားဟောနှင့်အညီ ဥဋ္ဌာနသမ္ပဒါနှင့် ပြည့်စုံသော ထိုလူမျိုးမှ မကြီးပွားလျှင် အဘယ်လူမျိုးက လာ၍ကြီးပွားမည်နည်း။ ဂျပန်တို့ ကြီးပွားခြင်း အကြောင်းတို့တွင် စည်းကမ်းရှိခြင်း ဟူသော အချက်လည်းပါ၏။ ဂျပန်မိသားစုများသည်လည်း အရင်က စည်းကမ်းမရှိပေ။ ထမင်းစားပြီးတိုင်း ပန်းကန်ထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ထမင်းများ အများကြီး ပိုနေတတ်၏။

လူတစ်ယောက်ထမင်းတစ်စေ့ပိုလျှင် လူသန်းငါးဆယ်ဆိုလျှင် ထမင်းအစေ့ပေါင်း သန်းငါးဆယ်အလကား ဖြစ်နေမည်ဟု သိသွားသောကြောင့် ထမင်းကို ကုန်သလောက်စားရ၏။ စားပြီးလျှင် ပန်းကန်တွင် တစ်စေ့မှ မကျန်ရပေ။ ထိုစည်းကမ်းချက်အတိုင်း လိုက်နာလျှင် မြန်မာများလည်း ကြီးပွားနိုင်၏။

မြန်မာများကား လူတစ်ယောက်တည်းနှင့် ထမင်းစေ့ပေါင်း သန်းငါးဆယ်ပိုအောင် စည်းမဲ့ကမ်းမဲ့ ရှိလွန်း၏။ အချိန်တန်ဖိုးနှင့် ပတ်သက်၍ ဂျပန် သူဌေးလေးတစ်ယောက် ပြောသောစကားကို မြန်မာလူငယ်တိုင်း သိစေချင်၏။ တစ်ခါတွင် ဂျပန်သူဌေးလေးတစ်ယောက်သည် မြန်မာသစ်သွားများ ဝယ်ယူရန် အတွက် မြန်မာပြည်သို့ ရောက်လာ၏။

## ဂျပန်သူဌေးရဲ့ မြန်မာတွေအပေါ် စီးပွားရေးအမြင်

ထိုဂျပန်လေးသည် ဂျပန်ပြည်ရှိ အချမ်းသာဆုံးဆယ်ဦးတွင် တစ်ဦးဖြစ်သည်။ ထိုဂျပန်သူဌေးလေးကို ဆရာချစ်စံဝင်းက ယခုလိုမေးမြန်း၏။

"ကျွန်တော်တို့ မြန်မာနိုင်ငံဟာ သယံဇာတပစ္စည်းတွေလည်း အင်မတန်မှ ပေါများကြွယ်ဝပါတယ်။ ယခုအခါ နိုင်ငံတော် အစိုးရက ဈေးကွက်စီးပွားရေးကိုလည်း ဖွင့်လှစ်ထားပါတယ်။ ဂျပန်သူဌေးလေးရဲ့ စီးပွားရေးအတွေ့အကြုံအရ ကျွန်တော်တို့ မြန်မာပြည်ဟာ နှစ်ပေါင်းဘယ်လောက်မှ ကြီးပွားတိုးတက်မယ်လို့ ထင်ပါသလဲ"

"ကျွန်တော်အမြင်အရ ပြောရရင် မြန်မာလူငယ်လေးများ လက်ဖက်ရည်ဆိုင်တွေမှာ အခုလို အချိန်ဖြုန်းနေသရွေ့ ဘယ်တော့မှ ကြီးပွားတိုးတက်မှာ မဟုတ်ပါဘူး"

ဂျပန်သူဌေးလေး၏စကားသည် ရှင်းပါသည်။ သယံဇာတပစ္စည်းတွေမည်မျှလောက်များများ၊ ဈေးကွက်စီးပွားရေးတွေ မည်မျှလောက် ဖွင့်ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေ အလဟဿဖြုန်းပြီး အလုပ်မလုပ်သရွေ့ ဘယ်သောအခါမှ ကြီးပွား တိုးတက်သော နိုင်ငံ ဖြစ်လာမည်မဟုတ်ပေ။

မြန်မာများအတွက် အချိန်များသည် ပေါများလွန်းလှ၏။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်ထိုင်ပြီးတော့လည်း ဖြုန်း၏။ စစ်တုရင်ထိုးပြီးတော့လည်း ဖြုန်း၏။ ဘိလိယက်ထိုးပြီးတော့လည်း ဖြုန်း၏။ စကားများ အရက်ဆိုင်ထိုင် ပြီးတော့လည်း ဖြုန်း၏။ တချို့မြန်မာများသည် မိမိနိုင်ငံတွင် အချိန်ဖြုန်း၍ အားမရသောကြောင့် သူတစ်ပါးနိုင်ငံထိ သွား၍အချိန်ဖြုန်းလိုက်သေး၏။

တစ်ခါက မြန်မာတစ်ယောက်သည် ဩစတေးလျနိုင်ငံ၊ ဆစ်ဒနီမြို့ သို့ ရောက်သွား၏။ တစ်ရက်တွင် ထိုမြန်မာသည် လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်၏။ မြန်မာပြည်ကဲ့သို့ပင် အချိန်အကြာကြီး ဆွဲသောက် နေ၏။

ထိုမြန်မာပြန်ထသောအခါ ဆိုင်ရှင်က လက်ဖက်ရည်ဖိုးအပြင် ဆိုင် မှာ အကြာကြီးထိုင်ခပါ တောင်းသဖြင့် အောင့်သက်သက်ဖြင့် ပေးခဲ့ရ၏။ မိမိတို့ဆီမှာကဲ့သို့ အလဟဿ အချိန်ဖြုန်းသူများ မရှိကြ။ ဆိုင်၌အချိန်ပို ထိုင်သည့်အတွက် ဝန်ဆောင်စရိတ် ပိုယူခြင်းဖြစ်၏။

တစ်ခါကလည်း အမေရိကန်နိုင်ငံ ဖိနပ်ဆိုင်တစ်ဆိုင်တွင် မြန်မာ တစ်ယောက် ဖိနပ်ဝင်ဝယ်၏။ အချိန်တန်ဖိုးကို နားလည်သောနိုင်ငံများ ဖြစ်ခြင်းကြောင့် စကားပြောခြင်းဖြင့် အချိန်မကုန်စေရန် ဖိနပ်အရံတိုင်းတွင် တန်ဖိုးဒေါ်လာ တစ်ခါတည်း ကပ်ထား၏။ ဝယ်သူရော ရောင်းသူပါ အချိန် တန်ဖိုးသိသူများ ဖြစ်သည့်အတွက် ထိုအစီစဉ်သည် အလွန်အဆင်ပြေ၏။

အဆင်မပြေသည်ကား အချိန်တန်ဖိုးကို မသိသော မြန်မာအချို့အ တွက်ပင်ဖြစ်၏။ ထိုမြန်မာသည် ဆယ်ဒေါ်လာဟု ရေးသားထားသော ဖိနပ် တစ်ရံကို ငါးဒေါ်လာနှင့် မရမက ဆစ်နေ၏။ ဆိုင်ရှင်က မရနိုင်ကြောင်း ရှင်းပြ၏။ မြန်မာကလည်း လက်မခံ။ အကြောင်းအမျိုးမျိုးပြပြီး ဈေးဆစ်နေ ၏။ ထိုသို့ဈေးဆစ်နေသည်မှာ ဆယ့်ငါးမိနစ်ခန့်ပင် ကြာသွား၏။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေမြန်မာက ဆိုင်ရှင်ကို ယခုလို ဘုတောဧ၏။

"ခင်ဗျားဗျာ၊ ဈေးသည်လုပ်နေပြီး ဆက်ဆံရေးကျဲလိုက်တာ။ ကျွန်တော်ဒီလောက်ကြာအောင် ဆစ်နေတာ အားနာပြီး နည်းနည်းပါးပါး ဈေးလျှော့သင့်ပါတယ်"

"မလျှော့တဲ့အပြင် ငါးဒေါ်လာထပ်တက်လိုက်ပြီ။ အရင်က ဒီဖိနပ်တစ်ရံကို ဆယ်ဒေါ်လာ၊ အခုခင်ဗျာဝယ်ရင် ဆယ့်ငါးဒေါ်လာ ဖြစ်သွားပြီ"

"ဘယ်လိုဖြစ်ရတာလဲဗျာ၊ ခင်ဗျားဟာ ဈေးဆစ်မှ ဈေးပိုတက်သွားရသလား"

"ပိုတက်ရမှာပေါ့၊ ခင်ဗျားက ကျွန်တော့်ရဲ့ တန်ဖိုးရှိတဲ့ အချိန်ဆယ့်ငါးမိနစ်ကို အလကားဖြုန်းပစ်တာကိုး၊ အဲဒီ ကုန်သွားတဲ့ အချိန်ဆယ့်ငါးမိနစ်အတွက် ငါးဒေါ်လာထက်တက်လိုက်တာပါ"

**မှတ်ချက်။ ။** ဤဖြစ်ရပ်ကို ဖတ်ရသည်မှာ ကြာလှပြီဖြစ်သည်။ မြန်မာ(သို့မဟုတ်) တစ်ခြားနိုင်ငံသားတစ်ဦးဦးလည်း ဖြစ်နိုင်သည်။

ဤအချက်ကို ကြည့်၍ အနောက်နိုင်ငံများ တိုးတက်နေသည်မှာ အချိန်ကို တစ်မိနစ်မျှ အလကားအကုန်မခံဘဲ အသုံးချနေ၍ ဖြစ်ကြောင်း ထင်ရှား၏။ ရဟန်းဖြစ်စေ လူဖြစ်စေ အချိန်ကို တန်ဖိုးရှိရှိ အသုံးချသူများသည် ကြီးပွားတိုးတက်ခြင်းသို့ ရောက်ကြသည်သာဖြစ်၏။

အချိန်ကို တန်ဖိုးရှိရှိ အသုံးချသော ဆရာတော်များတွင် ဓမ္မဒူတ အရှင်ပညာဇောတ ဆရာတော်ကြီးသည် တစ်ပါးအပါအဝင်ပင် ဖြစ်၏။

## ဓမ္မဒူတဆရာတော်ကြီး၏ အနားယူနည်း

ဆရာတော်ကြီးသည် စာရေး၊ စာချ၊ တရားဟော၊ တရားပြအလုပ်လေးမျိုးလုံးကို မရပ်မနား ပြုလုပ်တော်မူသော ဆရာတော်တစ်ပါးဖြစ်၏။ သက်တော်ခြောက်ဆယ်အရွယ် ပျံလွန်တော်မူမှုပင် သာသနာပြုအလုပ်နှ



www.burmeseclassic.com

www.burmeseclassic.com



အနားယူတော်မူသည်။ သက်တော်ထင်ရှား ရှိစဉ်အတွင်း ဆရာတော်ကြီး၏ အနားယူပုံမှာ မှတ်လောက်သားလောက်၏။ ဆရာတော်ကြီး၏ အနားယူနည်းကို ဆရာတော်ကြီးကိုယ်တိုင် ယခုလိုအမိန့်ရှိတော်မူ၏။

"စာရေးရတာ ပင်ပန်းလို့ အနားယူချင်ရင် စာချလိုက်တာပဲ။ စာချရတာ ပင်ပန်းလို့ အနားယူချင်ရင် တရားဟောလိုက်တာပဲ။ ဘုန်းကြီး အနေနဲ့ကတော့ အလုပ်တစ်ခုကနေ အခြားအလုပ် တစ်ခု ပြောင်းလုပ်တာကို အနားယူတယ်လို့ သဘောထားတယ်"

တချို့ပုဂ္ဂိုလ်သည် မိမိအချိန်ဖြုန်းရတာနှင့် အားမရသောကြောင့် သူတစ်ပါးအချိန်ကိုပင် လိုက်၍ ဖြုန်းကြ၏။ မခေါ်ဘဲ လျှောက်လည်ပြီး စကားပေါတတ်သူများသည် သူတစ်ပါး၏ အလုပ်လုပ်ချိန်များကို လိုက်၍ဖြုန်း တီးနေခြင်းပင် ဖြစ်၏။

ထို့ကြောင့် အလုပ်တကယ်လုပ်ချင်သော ဆရာတော်များမှာ ဧည့်တွေ့ချိန်ကို သီးသန့်သတ်မှတ်ပေးကြခြင်း ဖြစ်၏။ ထိုဧည့်တွေ့ချိန် သတ်မှတ်သော ပုဂ္ဂိုလ်များကို မာနကြီးသည်ဟု ယူဆပြီး အကြည်ညိုမပျက်သင့်။ လူ့ဘဝ နေရသမျှအချိန်များကို သာသနာအတွက်၊ လောက အတွက်၊ အပြည့်အဝ အသုံးချနေသူများဖြစ်သည် ဟုနားလည်ပြီး ပိုမိုကြည်ညိုလေးစားသင့်၏။

ထိုကဲ့သို့ သူတစ်ပါးအချိန်ကိုပါ လိုက်လံဖြုန်းတီးနေသူများကို ဓမ္မဒူတ ဆရာတော်ကြီးက –

"ကိုယ်ပိုင် အချိန်တွေကို ဖြုန်းရတာ အားမရလို့ သူတစ်ပါး အချိန် တွေကိုပါ လိုက်ဖြုန်းနေတဲ့ အချိန်သူခိုးတွေကို သတိထားကြ။ အနားကပ်မခံကြနဲ့ " ဟုသတိပေးတော်မူခဲ့၏။

နှစ်ဆယ့်လေးနာရီ အချိန်ကို ရကြတာခြင်း တူသော်လည်း အသိဉာဏ်မတူသဖြင့် အသုံးချပုံချင်းလည်း မတူကြချေ။ ပညာရှိလူလိမ္မာနှင့် ပညာမဲ့လူမိုက်တို့၏ အချိန်အသုံးချမှု မတူပုံကို ပြသောဂါထာတစ်ဂါထာ ရှိဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုဂါထာကား–

ဓနာ ပုညာဓိလာဘေန၊
ကာလံ ခိယတိ ပဏ္ဍိတော။
ကီဠနေန စ ဒုမ္မေဓော၊
နိဒ္ဒါယ ကလဟေန ဝါ–ဟူ၏။

အဓိပ္ပါယ်ကား "ပညာရှိသည် ကုသိုလ်၊ ပညာ၊ ဥစ္စာတစ်မျိုးမျိုးကို ရခြင်းဖြင့်၊ အချိန်ကာလကို ကုန်လွန်စေသည်။ ပညာမဲ့သည် မြူးတူးပျော်ပါး ကစားခြင်း၊ အိပ်ခြင်း၊ ငြင်းခုန်ခိုက်ရန် စကား များခြင်းဖြင့် အချိန်ကာလကို ကုန်လွန်စေသည်"

ဟူ၍ ဖြစ်၏။ ဤကား အချိန်နှင့်ပတ်သက်သော ပါဠိဂါထာဖြစ်၏။ ယခု အချိန်နှင့်ပတ်သက်သော မြန်မာကဗျာသုံးပုဒ်ကို ဖော်ပြ၍ ဤအခန်းကို နိဂုံးချုပ်လိုက်ပါ၏။

## လူတိုင်းအတွက် နှစ်ဆယ့်လေး

စက္ကန့်ခြောက်ဆယ် တစ်မိနစ်၊ မိနစ်ခြောက်ဆယ်တစ်နာရီ
နှစ်ဆယ့်လေးနာရီ တစ်ရက်၊ မူလတန်းစာမျက်နှာပေါ်မှာ
ဆရာမရဲ့ သင်ကြားမှု၊ ခုထိ မှတ်မိနေတယ်။
ဟုတ်ကဲ့–
ဗိုလ်ဆန်ဆန် ပြောကြည့်ရရင်ပေါ့ဗျာ
တွမ်တီဖိုးအာဝါတဲ့
ဒါလူတိုင်း အခမဲ့ရရှိတဲ့အချိန်
အဲဒီအချိန်ပေါ် လေးစား
တန်ဖိုးထား အသုံးပြုသူတွေဟာ
လူများစွာပေါ် ခေါင်းတစ်လုံးမြင့်
ပွဲလယ်တင့်တာ မငြင်းနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်သမ္မတ လင်ကွန်းဟာ
နှစ်ဆယ့်လေးနာရီကို အသုံးချ
သမ္မတဖြစ်ခဲ့တယ်။
သောမတ်အက်ဒီဆင်ဟာ
နှစ်ဆယ့်လေးနာရီကို အသုံးပြု
အောင်မြင်မှုရခဲ့တယ်။
ရိုတ်စပီးယားဟာ
နှစ်ဆယ့်လေးနာရီကို အလေးထား
အောင်မြင်ကျော်ကြားခဲ့တယ်။
နှစ်ဆယ့်လေးနာရီကို ပိုင်နိုင်စွာ ရယူသူချင်းအတူတူ
ကြိုးစားသူက ထိပ်ဆုံး
မကြိုးစားသူက အောက်ဆုံး
နှစ်ဆယ့်လေးနာရီ အဆုံးအဖြတ်ဟာ
မျက်နှာမလိုက်ပါဘူး။
ကိုယ့်ကိုကိုယ် အောင်မြင်လိုသူတစ်ယောက်
သေချာပေါက် ဖြစ်ဖို့ရာ
နှစ်ဆယ့်လေးနာရီကို ရွှေရောင်တင်
ဖြစ်ချင်တာကို ကြိုးစား
ပစ်မှတ်ကို ထိသွားမှာမလွဲဘူး
ကဲ အချိန်တွေမဖြုန်းနဲ့
နှစ်ဆယ့်လေးနာရီကို အသုံးပြု
အောင်မြင်မှု သရဖူဆောင်း
ကမ္ဘာကို ခါးစောင်းတင်ရအောင်။ ။

မောင်နှင်းပန်း(ရေနံချောင်း)



www.burmeseclassic.com

www.burmeseclassic.com



## အချိန်ရဲ့တန်ဖိုး

တစ်နှစ်ရဲ့တန်ဖိုးကို သိချင်ရင်
စာမေးပွဲကျတဲ့ကျောင်းသားကို မေးကြည့်ပါ။
တစ်လရဲ့တန်ဖိုးကို သိချင်ရင်
လမစေ့ဘဲ ကလေးမွေးတဲ့ မိခင်ကိုမေးကြည့်ပါ။
တစ်ပတ်ရဲ့ တန်ဖိုးကို သိချင်ရင်
အပတ်စဉ်ထုတ် ဂျာနယ်အယ်ဒီတာကို မေးကြည့်ပါ။
တစ်နေ့ရဲ့ တန်ဖိုးကို သိချင်ရင်
ကလေးခြောက်ယောက်ကို ကျွေးမွေးရတဲ့
နေ့စားအလုပ်သမားတစ်ယောက်ကို မေးကြည့်ပါ။
တစ်နာရီရဲ့ တန်ဖိုးကို သိချင်ရင် ဆုံစည်းခွင့်ကို စောင့်နေကြတဲ့
ချစ်သူများကို မေးကြည့်ပါ။
တစ်မိနစ်ရဲ့ တန်ဖိုးကို သိချင်ရင်
ရထားမမီလိုက်တဲ့ ခရီးသည်ကို မေးကြည့်ပါ။
တစ်စက္ကန့်ရဲ့ တန်ဖိုးကို သိချင်ရင်
ယာဉ်တိုက်မှုနှင့် သီသီလေးလွဲသွားတဲ့ ဒရိုင်ဘာကို မေးကြည့်ပါ။
တစ်မီလီစက္ကန့်ရဲ့ တန်ဖိုးကို သိချင်ရင်
အိုလံပစ် ငွေတံဆိပ်ရှင်ကို မေးကြည့်ပါ။

"ကျော်ဝင်း"



www.burmeseclassic.com

www.burmeseclassic.com



## ကြီးမြတ်သူတို့ နေရာ

ကြီးမြတ်သူဟူမျှတို့
ယူကြသည့် မြတ်နေရာ။
ရှောင်တခင်ခုချက်ချင်း
လျှင်းမရပါ။
များသူတို့အိပ်နေရာ
ညခါပင် သူမနား
အမြင့်ကို သူမြင်လို့
သူအစဉ်နှစ်ဆတိုးလို့ရယ်
ကြိုးကုတ်လေသား။

(ပြည်တွင်း၊ ပြည်ပသာသနာပြု ဘာသန္တရစ္စယ်စုံ ပညာရှင်
အရှင်ဉာဏိက–မြောင်းမြ)



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၇ )

## ကျွန်းနိုင်ငံလေး၏ နေမဝင်အင်ပါယာ ထူထောင်နိုင်ခြင်းအကြောင်း

### ကိုယ့်ထက်သာလျှင် မနာလိုခြင်း

ဤ အခန်းခုနစ်တွင် အချက်သုံးချက်ကို စုပေါင်းရေးသားမည် ဖြစ်၏။ ဗုဒ္ဓဘာသာ မြန်မာအများစုသည် နိုင်ငံတကာ ဗဟုသုတ အလွန် နည်းကြ၏။ နိုင်ငံတကာထား၍ မိမိနိုင်ငံအတွင်းပင် နှံ့စပ်အောင်သွားဖူးသူ အင်မတန် နည်း၏။ ထို့ကြောင့် ပထမအဆင့် အနေဖြင့် မိမိနိုင်ငံအတွင်း နှံ့စပ်အောင် လှည့်လည် သွားလာသင့်၏။

နိုင်ငံခြားသား အများစု ကမ္ဘာလှည့်နေကြခြင်း၏ ရည်ရွယ်ချက်များ တွင် စီးပွားရေးအကွက်အကွင်းများကို ရှာဖွေခြင်း တစ်မျိုးလည်းပါဝင်၏။ နိုင်ငံတကာကို စွန့်စားသွားလာသော အလေ့အထကြောင့် ကျွန်းနိုင်ငံလေး ဖြစ်သော အင်္ဂလန်သည် နေမဝင်အင်ပါယာကြီးကို ထူထောင်နိုင်ခဲ့ခြင်းဖြစ်၏။

အင်္ဂလိပ်၊ ပြင်သစ်၊ ပေါ်တူဂီ၊ ဟော်လန် နိုင်ငံသားတို့သည် နိုင်ငံတကာ သို့ အရောင်းအဝယ်လုပ်ငန်း စီးပွားရေးဖြင့် စတင်ဝင်ရောက် နေရာယူကြ၏။ စီးပွားရေး နေရာရပြီးလျှင် ဘာသာရေးဝင်၏။ ထို့နောက် စစ်ရေးပါ ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထိုနိုင်ငံကို အပြီးအပိုင် သိမ်းပိုက်လိုက်၏။

မြန်မာများ ရိုင်းစိုင်းသောကြောင့် ယဉ်ကျေးလာအောင် မြန်မာပြည်ကို သိမ်းပိုက်ရခြင်း ဖြစ်ကြောင်း၊ အင်္ဂလိပ်တို့က အကြောင်းပြဖူး၏။ သို့သော် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က တဖုဿနှင့် ဘလ္လိကတို့ ညီနောင်သည် ဗုဒ္ဓ၏ဆံတော်များကို ပင့်လာပြီး ရွှေတိဂုံစေတီ တည်သည့်အထိ ယဉ်ကျေး သိမ်မွေ့နေချိန်တွင် သကောင့်သား အင်္ဂလိပ်များကား နိုင်ငံဟူ၍ပင် မရှိဘဲ၊ ကိုယ်လုံးတီးဖြင့် နေရတုန်းရှိသေးသည်ကို သတိပြုသင့်သည်။

စာဖတ်သူသည် စာမဖတ်သူထက် ခေါင်းတစ်လုံးပိုမြင့်နေတတ်၏။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး မည်သည့် အလုပ်ကို လုပ်သည် ဖြစ်စေ အနောက်နိုင်ငံသားများက အရှေ့တိုင်း နိုင်ငံသားများထက် အမြဲ ခေါင်းတစ်လုံး မြင့်နေတတ်သည်မှာ စာဖတ်အားကြောင့်ပင် ဖြစ်၏။

ဆစ်ဒနီတွင် တရားဟောကြွစဉ်က အနောက်နိုင်ငံသားများ၏ စာဖတ်အားကို ကိုယ်တွေ့ကြုံခဲ့ရ၏။ သူတို့သည် အပြင်သွားတိုင်း ဖတ်စရာ စာအုပ်ပါကြ၏။ မြို့ပတ်ရထားပေါ်မှာပင် စာဖတ်နေသည်ကို တွေ့ရ၏။ ရန်ကုန်လေဆိပ်နှင့် ပုဂံညောင်ဦးလေဆိပ်များသို့ ရောက်လျှင် ခရီးသည် များကို သတိထားကြည့်ပါ။

စာဖတ်နေလျှင် နိုင်ငံခြားသား၊ စာမဖတ်လျှင် မြန်မာနိုင်ငံသားဟု အလွယ်တကူ ခွဲထုတ်နိုင်ပေသည်။ စာပေနှင့် ပတ်သက်၍ ဇာတ်တော်များစွာ အနက်မှ စီးပွားရေးလုပ်နည်းကို တိကျစွာညွှန်ပြသော စူဠသေဋ္ဌိ ဇာတ်ကို အကျဉ်းချုပ်ဖော်ပြအံ့။

## ချမ်းသာခြင်းအစ ကြွက်သေက

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း အုပ်ချုပ်နေစဉ် အချိန်ကပင် ဖြစ်၏။ ဘုရားအလောင်းတော်သည် ထိုအချိန်က စူဠသေဋ္ဌိ မည်သော သူဌေး တစ်ဦးဖြစ်၏။ တစ်နေ့သောအခါ စူဠသေဋ္ဌိသူဌေးသည် မင်းကိုခစားရန် သွားစဉ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းခရီးအကြား၌ ကြွက်သေတစ်ကောင်ကို မြင်၏။ ကောင်းကင် နက္ခတ်ကိုကြည့်ရှုဆင်ခြင်သော် ထိုကြွက်သေကို အကြောင်းပြုပြီး စီးပွားရာလျှင် ဖြစ်ထွန်းနိုင်သည်ကို တွေ့မြင်သောကြောင့် ယခုကဲ့သို့ နိမိတ်ဖတ် စကားကို ပြောကြား၏။

"အမျှော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသောသူသည် ဤကြွက်သေကို အရင်းအနှီးပြု၍ စီးပွားရာသော် သားမယားများကို လုပ်ကျွေးပြုစုနိုင်အံ့" ထိုစကားကို ကြားသွားသော ဆင်းရဲသားတစ်ယောက်သည် သူဌေးကြီးကား သေချာသိမြင်သောကြောင့်သာ ပြောကြားခြင်း ဖြစ်ရမည်ဟုဆင်ခြင်ပြီး ကြွက်သေကို ကောက်ယူကာ ဈေးသို့သွား၍ ကြောင်စာအဖြစ် ရောင်း၏။

တစ်ချင်ရွေးမျှသော ဥစ္စာကိုရ၏။ ယခုခေတ်ငွေဖြင့်ဆိုလျှင် ငါးဆယ်တစ်ရာခန့်မျှ ဖြစ်ဖွယ်ရှိ၏။ ထိုငွေဖြင့် ရသမျှ ထန်းလျက်ခဲများကို ဝယ်၍ သောက်ရေအိုးတစ်လုံးထမ်းကာ တောအရပ်မှ ပန်းခူး၍ ပြန်လာသော ပန်းသည်တို့အား ထန်းလျက်အနည်းငယ်စီဖြင့် သောက်ရေကို အမောပြေ တိုက်ကျွေး၏။ ပန်းသည်တို့သည် ကျေးဇူးတင်၍ ဆင်းရဲသားအား ပန်းတစ်ဆုပ်စီပေးသွား၏။

ထိုဆင်းရဲသားသည် ပန်းများကို ရောင်းချပြီး ထန်းလျက်တို့ကို ထပ်မံဝယ်ယူကာ သောက်ရေသန့်တို့ကို ထမ်းဆောင်၍ ပန်းဥယျာဉ်ကြီး ရှိရာအရပ်ထိ အပင်ပန်းခံကာသွား၏။ ရောက်လာသမျှသော ပန်းသည် မှန်သမျှကို ထန်းလျက်နှင့် သောက်ရေသန့်ကို စေတနာရှိစွာ တိုက်ကျွေး၏။ ထို့ကြောင့် ပန်းသည်အားလုံးတို့က မိမိတို့ခူးပြီးသောပန်းများမှ ထက်ဝက်စီကို ပေးသွားကြ၏။

ထိုပန်းများကို ရောင်းချရာ ရှစ်ကျပ်သော အသပြာငွေကို စုမိလေ၏။ တစ်နေ့တွင် လေကြီးမိုးကြီး ကျသဖြင့် မင်းဥယျာဉ်၌ ကိုင်းခြောက်အခက်အလက်တို့သည် ဥယျာဉ်တစ်ခုလုံး၌ ပြန့်ကျဲကျိုးကျ၍ နေလေ၏။ ဥယျာဉ်စောင့်ကား သစ်ကိုင်း သစ်ခက်တို့ကို သန့်ရှင်းရေးလုပ်ဖို့ နည်းလမ်းမတွေ့ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသားသည် ဥယျာဉ်စောင့်ထံသွား၍ ဤထင်း၊ သစ်ခက်တို့ကို ကျွန်ုပ်အားပေးပါက ဥယျာဉ်အတွင်းမှ ထုတ်ဆောင်ပေးမည်ဟု ပြောဆိုတောင်းယူရာ ဥယျာဉ်စောင့်က သဘောတူလေ၏။ ထိုအခါ ဆင်းရဲသားသည် စုရုံးကစားနေကြသော ကလေးများထံသွားကာ ထန်းလျက်ကြွေးပြီး ဥယျာဉ်အတွင်း ထင်းသစ်ခက်များကို ဥယျာဉ်တံခါးဝ၌ စုပုံစေရာ တစ်ခဏဖြင့် ပြီးလေ ၏။

မင်းအသုံးအဆောင် အိုးတော်လုပ်သည်။ ထင်းလိုက်ရှာနေစဉ် ဥယျာဉ်အဝ၌ အဆင်သင့် တွေ့ရသောထင်းများကို အသပြာဆယ့်ခြောက်ကျပ်နှင့် အိုးငါးလုံးပေးကာ ဝယ်ယူသွားလေ၏။ ယခုခေတ်တွင် အရင်းအနှီးမရှိလို့ စီးပွားရေး မလုပ်နိုင်တာပါဟု ငြီးငြူနေကြသော လူညံ့တို့အား စူဠသေဋ္ဌိဇာတ်တော်မှ ဆင်းရဲသား၏ အရင်းအနှီး ငွေရှာနည်း နမူနာကို ပေးနေခြင်းဖြစ်၏။

ပန်းဖိုးရှစ်ကျပ်နှင့် ဆယ့်ခြောက်ကျပ်သော ငွေကို ပေါင်းလိုက်သော အခါ ငွေနှစ်ဆယ့်လေးကျပ်ကို စုဆောင်းမိလေ၏။ ထို့နောက် မြို့တံခါးဝအနီး၌ ရေအိုးစင်တည်၍ မြက်ရိတ်သမားများအား အမောပြေ သောက်ရေကို တိုက် ၏။ မြက်ရိတ်သမားများက ကျေးဇူးတင်သဖြင့် လိုအပ်သော အရာကို ပြောပါဟု ဖိတ်မံသောအခါ ဆင်းရဲသားက အကူညီလိုသောအခါမှ ပြောပါမည်ဟု စကားသွင်း မိတ်ဖွဲ့ထားလိုက်၏။

ဆင်းရဲသားသည် နယ်တကာ အရပ်တကာလှည့်ကာ ခရီးသွားရင်း ကုန်းလမ်းပို့ဆောင်ရေးဌာနမှ အကြီးအကဲတစ်ဦးနှင့် ရေကြောင်းပို့ဆောင်ရေးဌာနမှ အကြီးအကဲတစ်ဦးကို တွေ့ရှိမိတ်ဖွဲ့ခဲ့လေ၏။ တစ်နေ့သောအခါ ကုန်းလမ်းပို့ဆောင်ရေးဌာနမှ အကြီးအကဲတစ်ဦးက ဆင်းရဲသားအား 'မနက်ဖြန် ဤဗာရာဏသီပြည်သို့ မြင်းကုန်သည်တစ်ဦးသည် မြင်းငါးရာနှင့် အတူ လာရောက်မည်' ဖြစ်ကြောင်း သတင်းစကား ပြောကြားလေ၏။

ထိုသတင်းကို ကြားရသောအခါ မြက်ရိတ်သမားများထံသွား၍ 'ကျွန်ုပ်အား မြက်တစ်စည်းစီပေးပါ၊ ထိုအပြင် ကျွန်ုပ်မြက်များ မရောင်းမီ



www.burmeseclassic.com

www.burmeseclassic.com



သင်တို့ မြက်များကို မရောင်းပါနှင့်’ ဟုပြောဆိုလေ၏။ မြက်ရိတ်သမားများက ‘ကောင်းပါပြီ’ ဟုဝန်ခံပြီး ထိုအမျိုးသားအား မြက်စည်းငါးရာကို အိမ်ရှေ့၌ ချပေးကြလေ၏။

မြင်းကုန်သည်သည် တစ်မြို့လုံး၌ မြင်းစာမရ၍ ဆင်းရဲသားအား ငွေအသပြာတစ်ထောင် ပေး၍ မြက်များကို ဝယ်ယူသွား၏။ ထို့နောက် နှစ်ရက်၊ သုံးရက်လွန်သောအခါ၌ ရေကြောင်း ပို့ဆောင်ရေးဌာနမှ အကြီးအကဲက ဆိပ်ကမ်းသို့ ကုန်တင်သင်္ဘောကြီးတစ်စီး ဆိုက်ရောက်လာမည်ဖြစ် ကြောင်း သတင်းပေးလေ၏။

ဆင်းရဲသား အမျိုးကောင်းသားသည် ငါ့အတွက် ကြီးပွားတိုးတက် ကြောင်း နည်းလမ်းကောင်းတစ်ခု ဖြစ်ပေါ်လာပြန်ပြီဟု ကြံစည်စိတ်ကူးကာ အဆောင်အယောင်နှင့် ပြည့်စုံသော မြင်းရထားတစ်စီးကို ငွေအသပြာရှစ်ကျပ် ဖြင့် ခဏငှား၍ ဆိပ်ကမ်းသို့ သွားရောက်ပြီး ကုန်သည်မှူးကြီးအား စရံအဖြစ် လက်စွပ်တစ်ကွင်း ပေးလိုက်လေ၏။

ဆိပ်ကမ်းနှင့် မနီးမဝေးအရပ်၌ ကန့်လန့်ကာများ လုပသေသပ်စွာ ကာရံပြီး နေထိုင်၏။ ဆင်းရဲသော အမျိုးသားသည် အခြားကုန်သည်များ ရောက်လာခဲ့သော် သတင်းစကားကို သုံးဆင့်ပြောကြားခြင်းဖြင့် ငါ့ကို ပြောကြားကုန်ဟု မိမိငှားထားသော သူများအား အုပ်စုနှစ်စုခွဲ၍ တာဝန် ပေးလိုက်၏။

ကုန်တင်သင်္ဘောကြီး ဆိုက်ရောက်လာပြီဟူသော သတင်းကို ကြား သောအခါ ဗာရာဏသီပြည်မှ တစ်ရာမျှလောက်သော ကုန်သည်တို့သည် ကုန် ပစ္စည်းတို့ကို ဝယ်ယူကုန်အံ့ဟု ကြံ၍ ဆိပ်ကမ်းသို့ ရောက်လာကြ၏။ ထိုအခါ ဆင်းရဲသားလွှတ်ထားသည် ပထမတပည့်အုပ်စုက ကုန်ပစ္စည်းတို့ကို သင်တို့ ရကြတော့မည် မဟုတ်၊ ဤမည်သော အရပ်၌ နေထိုင်သော ကုန်သည်ကြီးက ပစ္စည်းအားလုံးအတွက် စရံပေးထားပြီဟု ဆီးကြို၍ ပြောကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကုန်သည်တို့သည် စရံပေးထားသော ကုန်သည်ကြီးနှင့် တွေ့ ဆုံခွင့်ရရန် ဒုတိယတပည့်အုပ်စုထံ ဝင်ကြရပြန်၏။ ထိုဒုတိယ တပည့်အုပ်စုနှင့် တွေ့ပြီးမှ ဆင်းရဲသားကုန်သည်နှင့် တွေ့ကြရ၏။ ဗာရာဏသီကုန်သည်များ၏ လေးစားမှုကိုရရန်"ဆိုက်ကို"ပညာကို သုံးထားခြင်းဟု ဆိုနိုင်၏။

ကုန်သည်တစ်ရာတို့သည် ဆင်းရဲသားအား တစ်ထောင်စီ ပေး၍ အစုရှယ်ယာဝင်ကြ၏။ ထိုမှ တစ်သိန်းရ၏။ ထို့နောက် တစ်ထောင်စီထပ်၍ ဆင်းရဲသားကုန်သည်အား အစုရှယ်ယာဝင်အဖြစ်မှ ထွက်စေပြီး သင်္ဘောပေါ်ပါ ကုန်ပစ္စည်းအားလုံးကို မိမိတို့ပိုင်သော ကုန်ပစ္စည်း ပြုလုပ်ကြ၏။ ထိုမှလည်း နောက်ထပ်တစ်သိန်း ထပ်ရ၏။

ဆင်းရဲသား၏ ကံ, ဉာဏ်, ဝီရိယသုံးပါးကြောင့် တစ်ထိုင်တည်းနှင့် ငွေအသပြာနှစ်သိန်း ရရှိ၏။ ထို့နောက် ဗာရာဏသီပြည်တွင်းသို့ ပြန်လာပြီး 'ငါသည် ကျေးဇူးရှင်ကို ကျေးဇူးဆပ်မှ တော်မည်'ဟု ဆင်ခြင်းစဉ်းစား၍ စူဠသေဋ္ဌိ သူဌေးကြီးအား အသပြာတစ်သိန်း သွားရောက်ကန်တော့၏။

မေးမြန်း၍ အကြောင်းစုံ သိသွားသော သူဌေးကြီးက ဤသို့သော လူငယ်တစ်ယောက်ကို သူတစ်ပါးလက်ထဲ ပါမသွားစေသင့် ။ ငါ၏ အတွင်းလူဖြစ်အောင် ပြုခြင်းငှာ သင့်တော်၏ဟု စဉ်းစား၍ အရွယ်ရောက်သော သမီးပျိုတစ်ယောက်နှင့် ထိမ်းမြားပေးလေ၏။ ထိုအမျိုးသားသည် စူဠသေဋ္ဌိသူဌေး ကွယ်လွန်သောအခါ ဗာရာဏသီပြည်၌ သူဌေးကြီးရာထူးကို ရလေ၏။

## ကုန်သွယ်ရေးအတတ်ပညာ လေးရပ်

ကုန်သွယ်ရေးတွင် အောင်မြင်လိုလျှင် ဖော်ပြပါ ပညာလေးရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်ကျွမ်းရမည်။

၁။ ဆက်ဆံရေးပညာ။

၂။ ကုန်သွယ်ရေးကို ကျွမ်းကျင်သောပညာ။

၃။ ဖောက်သည်ရအောင် ယူနိုင်သောပညာ။



www.burmeseclassic.com

www.burmeseclassic.com



၄။ ဈေးကွက်ကို ထိန်းချုပ်နိုင်သော ပညာ။

တို့ပင် ဖြစ်၏။ စူဠသေဋ္ဌိဇာတ်တွင် ဤပညာလေးရပ်လုံး ပါဝင်နေသည်ကို တွေ့ရ၏။ ဤပညာလေးရပ်ကို ထုတ်ယူအသုံးချနိုင်ဖို့အတွက် စူဠသေဋ္ဌိဇာတ်ကို မှတ်တမ်းတင်ခဲ့ခြင်းပင် ဖြစ်၏။ ဆင်းရဲသားသည် ပန်းသည်များနှင့် မြက်ရိတ်သမားများကို ထန်းလျက်ကြွေးပြီး ရေတိုက်ခြင်းသည် ဆက်ဆံရေးပညာပင် ဖြစ်၏။

ကုန်းကြောင်းပို့ဆောင်ရေးမှူးနှင့်၊ ရေကြောင်း ပို့ဆောင်ရေးဌာနမှူးကို မိတ်ဆွေဖြစ်အောင် ပေါင်းသင်းထားခြင်းသည်လည်း ဆက်ဆံရေး ပညာပင်ဖြစ်၏။ မြက်ရိတ်သမားများ ထံမှ မြက်ထုံးငါးရာကို အလကားရယူပြီး 'ကျွန်ုပ်မြက်တွေ မရောင်းရမချင်း သင်တို့မြက်တွေ မရောင်းပါနှင့် ဟုတားမြစ်ထားခြင်းသည် ဈေးကွက်ကို ထိန်းချုပ်နိုင်သော ပညာပင်ဖြစ်၏။

ကုန်တင်သင်္ဘောကြီးလာသောအခါ လက်စွပ်တစ်ကွင်း အရင်းစိုက်ရုံနှင့် ကုန်သည်တစ်ရာထံမှ ငွေနှစ်သိန်းတစ်ထိုင်တည်း ထွက်လာအောင် လုပ် နိုင်ခြင်းသည် ကုန်သွယ်ရေး (ပွဲစား) ပညာနှင့် ဖောက်သည်ရအောင် ယူနိုင် သောပညာတို့ကို တစ်ပြိုင်နက် အသုံးချပြခြင်းပင် ဖြစ်၏။

> **စာပေကို ဖတ်ရှုခြင်းသည် ထိုကဲ့သို့ လက်တွေ့အသုံးချရန်အတွက် ဖြစ်၏။ စာပေကို ဖတ်ရုံသာဖတ်ပြီး လက်တွေ့အသုံးမချလျှင် ပိုက်ဆံကုန် အချိန်ကုန်၊ မျက်စိမှုံခြင်းသာ အဖတ်တင်၏။ စာမတတ်သောသူသည် ပြူတင်းပေါက် မပါသောအိမ်နှင့် တူ၏။ စာတတ်ပါလျှက် စာမဖတ်သူသည် ပြူတင်းပေါက်ပါလျက် ပိတ်ထားသော အိမ်နှင့် တူ၏။ စာဖတ်ပါလျှက် သိသည့်အတိုင်း မကျင့်သူသည် ပြူတင်းပေါက် ဖွင့်ထားပါလျက် အပြင်ဘက်ကို မကြည့်သောသူနှင့်တူ၏။**

ဟူသော ဒဿနကို စာဖတ်သူတိုင်း အထူးသတိပြုသင့်၏။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တူ၊ စေတနာတူဖြစ်နေလျှင် ကုန်သွယ်ရေးအတတ်ပညာသာ သူက ထောင်တက်သွားတတ်၏။ အမေရိကန် ကားလုပ်ငန်းရှင် သူဌေးကြီး ဟင်နရီဖို့ဒ် ပြောခဲ့သော စကားတစ်ခွန်း ရှိ၏။ ထိုစကားကား 'ဘယ်အရောင် လိုချင်လိုချင် အနက်ရောင် ကားရှိရင် ပြီးတာပဲ။ အဲဒီအနက်ရောင် ကားကိုသာ ပေးလိုက်'ဟူ၏။

သူ့စကားအတိုင်းပင် သူ့ကုမ္ပဏီမှ ထုတ်လုပ်သော ကားတိုင်းသည် အနက်ရောင် တစ်မျိုးတည်း၊ တစ်ရွယ်တစ်စားတည်းချည်းသာ ဖြစ်၏။ ၁၉၂၆ ခုနှစ်အထိ ကမ္ဘာတွင် ရောင်းရသောကားများအနက် ထက်ဝက်မှာ ဖို့ဒ်၏ကား များသာ ဖြစ်၏။ ဖို့ဒ်၏ ကားများသည် ကောင်း၏။ စိတ်ချရ၏။ ဈေးသက်သာ၏။ ထို့ကြောင့် အများဆုံးရောင်းရခြင်း ဖြစ်၏။

## အတုယူရမည့် ဂျင်နရယ်မော်တာ (GM) ကားကုမ္ပဏီ

နောက်တွင် ဂျင်နရယ်မော်တာ(GM) ကားကုမ္ပဏီတစ်ခု ထွက်ပေါ်လာ၏။ ထိုကုမ္ပဏီမှ တာဝန်ရှိသူများသည် ဖောက်သည်များ၊ ဝယ်ယူသုံးစွဲသူများနှင့် ကိုယ်တိုင် လိုက်တွေ့ပြီး လိုအင်ဆန္ဒအမှန်ကို သိအောင် မေးမြန်းစုံစမ်းကြ၏။ ထိုအခါ ပစ္စည်းတစ်ခုသည် ကောင်းရုံ၊ စိတ်ချရရုံ၊ ဈေး သက်သာရုံနှင့် မပြီး၊ တစ်သီးပုဂ္ဂလအဖြစ်ဖြင့် ထင်ရှားလိုသော၊ ထူးခြားလိုသော၊ အဆင့်တန်း ရှိလိုသော စိတ်ထားများကို သိရှိသွားကြ၏။

ထို့ကြောင့် သူတို့ကုမ္ပဏီမှ ကားများကို အရွယ်စုံ အရောင်စုံ ဈေးအနည်းမှ အများထိ အဆင့်အတန်း အနိမ့်အမြင့် မျိုးစုံ ထုတ်လုပ်ရောင်းချသောအခါ ဟင်နရီဖို့ဒ်၏ ဈေးကွက်အတော်များများသည် ထိုကုမ္ပဏီဘက်သို့ ဘဲ ပါသွားခဲ့ရ၏။ ဤကား စူဠသေဋ္ဌိဇာတ်တော်ထဲက လာသော ဆက်ဆံရေး ပညာ၊ ကုန်သွယ်ရေးကို ကျွမ်းကျင်သော ပညာ၊ ဖောက်သည်ရအောင် ယူနိုင် သောပညာတို့ကို ဂျင်နရယ်မော်တာ (GM)ကားကုမ္ပဏီက လက်တွေ့ အသုံး ချလိုက်ခြင်းဟု ဆိုနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ဤကား စာပေမှလာသော စီးပွားရေး အတတ်ပညာများပင် ဖြစ်၏။ ယခုအချိန်တွင်ကား ဂျပန်တို့က ကားလောကကို အုပ်စီးသွားနိုင်ခြင်းသည် လည်း ယင်းကုန်သွယ်ရေး အတတ်ပညာ လေးခု သာလွန်သောကြောင့်ပင် ဖြစ်၏။

ငွေကြေးသာမက စာပေဗဟုသုတ ပါချမ်းသာသော သံမဏိသူဌေး ကြီး အင်ဒရူးကာနက်ဂျီ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ဒဿနများကို မှတ်မိသမျှ ဖော်ပြပါမည်။

> ကောင်းမွန်သော အရည်အချင်း မှန်ကန်သောစိတ်နေစိတ်ထား
> နှစ်ရပ် ပေါင်းစပ်ခြင်းဟာ ကြီးမားသောတန်ဖိုးကို ဖြစ်စေတယ်။
> လူတွေကို အကောင်းဆုံးအလုပ် လုပ်ချင်စိတ် ရှိလာအောင်
> လုပ်ဆောင်တဲ့နေရာမှာ ကျွန်ုပ်သုံးစွဲတဲ့နည်းကတော့ ပြောခဲ့ပြီး
> ဖြစ်တဲ့ စေ့ဆော်စိတ်ကိုး မျိုးကို သုံးစွဲခြင်းပါ။ အထူးအားဖြင့်
> ထိုကိုးမျိုးအနက်မှ ငွေကြေးကြွယ်ဝလိုတဲ့ စေ့ဆော်စိတ်ကို
> ဖြည့်စွမ်းပေးခြင်းပါပဲ။

## အလုပ်လုပ်ချင်အောင် စေ့ဆော်စိတ်ကိုးမျိုး

၁။ မေတ္တာစိတ်၏ လှုပ်ရှားမှု (နှမ်းပါးသူများကို ပေးကမ်းထောက်ပံ့ လိုသောစိတ်)။

၂။ လိင်စိတ်၏ လှုပ်ရှားမှု (မိမိချစ်သော ဇနီးမယားကို ပေးကမ်းလို သောစိတ်)။

၃။ ငွေကြေးကြွယ်ဝလိုသော ဆန္ဒ။

၄။ မိမိကိုယ်ကို ဘေးအန္တရာယ်ကင်းရှင်းလိုသော ဆန္ဒ။

၅။ ခန္ဓာနှင့် စိတ်၏လွတ်လပ်ခြင်းကို လိုလားသောဆန္ဒ။

၆။ ကျော်စေခြင်းနှင့် အသိအမှတ်ပြုခြင်းကို ခံယူရရှိလိုသောဆန္ဒ။

၇။ သေဆုံးပြီးနောက် အဆက်မပြတ် ဘဝတစ်ခု ဆက်လက်ရယူလို



www.burmeseclassic.com

www.burmeseclassic.com



သောဆန္ဒ။

၈။ ကိုယ့်ထက်သာသူများအပေါ် ကျော်တက်လိုသောဆန္ဒ။

၉။ ဆင်းရဲမှာ ကြောက်ရွံ့ခြင်း။

တို့ပင်တည်း။

## ဇနီးသည်၏ စွမ်းရည်

ဇနီးမယားတစ်ယောက်သည် လင်သားတစ်ယောက်ကို တိုးတက် ဖြစ်ထွန်းအောင်၊ သို့မဟုတ် ဆုတ်ယုတ်ပျက်ဆီးအောင် လုပ်ဆောင် နိုင်စွမ်းရှိ၏။ သမိုင်းတစ်လျှောက်တွင် ဇနီး၏ ကောင်းမြတ်သော စိတ်ထားစေတနာ အရှိန်အဝါ ကြောင့် အောင်မြင်ထင်ရှားသွားသော ယောက်ျားပေါင်း များစွာရှိ၏။ ထို့ကြောင့် မိမိလက်ထပ်ယူမည့် အမျိုးသမီးသည် မိမိလုပ်ငန်း အပေါ် စိတ်ဝင်စားမှု ရှိ/မရှိ အား ပေးမှု ရှိ/မရှိ လေ့လာပြီးမှ လက်ထပ်သင့်၏။

## တန်ဖိုး

တန်ခိုးဆိုသည်မှာ သူတစ်ပါး၏ ပိုင်ဆိုင်မှု အခွင့် အလမ်း များကို ချိုးဖောက်မှု မပြုဘဲ မိမိဘဝတစ်သက်တာတွင် လိုချင်တာ ဘာမဆို ရအောင်ကြံဆောင်နိုင်သည့် အောင်မြင် မှုကို ဆိုလိုခြင်းဖြစ်၏။ အခြားသူများ၏ အသိဉာဏ်ပညာနှင့် အတွေ့အကြုံ ဗဟုသုတများ ကို မိမိ၏ ရည်ရွယ်ချက် ပြည့်ဝရေးအတွက် အသုံးချနိုင်လျှင် တန်ခိုးဟူသည် ဖြစ်ပေါ် လာမြဲဖြစ်၏။

**ဟီးလ်**။ ။မစ္စတာကာနက်ဂျီခင်ဗျား၊ အခုခေတ်မှာ ယောက်ျားလုပ် သူဟာ သူလက် ထပ်တဲ့ဇနီးမှတစ်ပါး တခြားမိန်းမများအပေါ်မှာ စိတ်ဝင်စားမှု ရှိနေကြ တာဟာ ဘာ့ကြောင့်လို့ ထင်မြင်ယူဆပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



**ကာနက်ဂျီ**။ ။ အခုလိုဖြစ်ရတာဟာ များသောအားဖြင့် သူတို့ရဲ့ ဇနီးမယားများက သူတို့လင်သားများ ရွေးချယ်လုပ်ကိုင်တဲ့ အလုပ်အပေါ်မှာ စိတ်ဝင်စားမှုမရှိခြင်းကို တွေ့မြင်ချိန်က စတယ်လို့ဆိုရင် ဒါဟာ ချဲ့ကားရာမရောက် ဘူးလို့ ကျွန်တော်ထင်တယ်။

ယောက်ျားဆိုတဲ့ သတ္တဝါဟာ သူ့အလုပ်အကိုင်ပေါ်မှာ စိတ်ဝင်စားမှု ထက်သန်တဲ့သူနဲ့ ရင်းရင်းနှီးနှီး ပူးပေါင်းဆောင်ရွက်မှု ပြုလိုတဲ့သဘောတရား တစ်ခု အမြဲရှိနေတတ်တယ်။ ယောက်ျားရဲ့ သူ့ကိုယ်သူ အထင်ကြီးလိုတဲ့အတ္တ စိတ်အတွက် အာဟာရဓာတ်တစ်ခုဟာ မရှိမဖြစ် လိုအပ်တယ်။ အဲဒါ ဘာလဲဆိုတော့ သူ့ကိုတိုင်ကိုယ်ကျ အားပေးချီးမြှောက်မှု ပြုပေးမယ့် လူတစ်ယောက် ရှိဖို့ပဲ။ အဲဒီအာဟာရဓာတ်ကို သူချစ်ခင်တပ်မက်တဲ့ ဇနီးမှ တစ်ပါး ဘယ်သူကမှ ပြည့်စုံအောင် မပေးနိုင်ဘူး။

> အောင်မြင်သောသူများသည် မိမိရွေးချယ်ထားသော အလုပ်နှင့်ဆိုင်ရာ စာအုပ်များကို ဖတ်ရှုရန်သည် သူ့အလုပ်သူ့ တာဝန်ပင်ဖြစ်၏။ လူတစ်ဦး၏ စာဖတ်ခြင်း အချိန်ဇယားကို နေ့စဉ်စားသောက်ရသည့် အစားအစာများ ရွေးချယ်သကဲ့သို့ သတိထားရွေးချယ်သင့်၏။ အကြောင်းကား စာဖတ်ခြင်းသည် စိတ်၏အစာဖြစ်ခြင်းကြောင့် စာမဖတ်ရလျှင် စိတ်သည် ကြီးထွားမြင့်မားမှု မဖြစ်ပွားနိုင်တော့သော ကြောင့်ဖြစ်၏။

## ယဉ်ကျေးသိမ်မွေ့ခြင်းဟူသည်

မည်သည့် အခြေနေမှာမဆို အခြားသူများရဲ့ ခံစားချက်များအား လေးစားခြင်းအကျင့်ကို ယဉ်ကျေးသိမ်မွေ့တယ်လို့ ခေါ်ဆိုပေ တယ်။ နောက်ပြီးတော့ ကံမကောင်း၊ အကြောင်းမလှမှုများနဲ့ တွေ့ရှိနေရတဲ့ သူများအား ဘယ်အခါမဆို မိမိတတ်နိုင်တဲ့ အခါတိုင်း ကူညီမှုပြုခြင်းဟာလည်း ယဉ်ကျေးသိမ်မွေ့ခြင်းပါပဲ။ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေမယ့် ဘယ်လိုမှ အရည်အသွေးမလျော့တဲ့ အချက်တစ်ခုကတော့ တစ်ကိုယ်ကောင်း စိတ်ထားဟူဟူသမျှကို နေရာတိုင်းမှာ မဖြစ်ပွားရလေအောင် မိမိကိုယ် မိမိ ထိန်းသိမ်း နိုင်ခြင်းဟာလည်း ယဉ်ကျေးသိမ်မွေ့ခြင်း ဖြစ်ပေတယ်။

## အကောင်းဆုံး သက်ရှည်အားတိုးဆေး

ပျော်ရွှင်စိတ် ကြီးမားထက်သန်ခြင်း ရှိသူဟာ အခြေအနေတွေ အပြောင်း အလဲတွေရှိနေပေမယ့် သူ့ခန္ဓာကိုယ်နဲ့စိတ် ဖြေလျှော့ အနားယူမှုကို ရရှိနေတဲ့ လူသားပီသသော ဘဝကို ရရှိစေတယ်။ သူဟာ အများ တကာပတ်ဝန်းကျင်နဲ့ ဆက်ဆံရာမှာ စိတ်မပါသလို အေးစက်စက် အမူရာနဲ့ ခွဲခြားခွဲခြားနေခြင်းမျိုးကို မပြုလုပ်မကျင့်သုံးဘူး။

နောက်ပြီးတော့ ပျော်ရွှင်စိတ် ကြီးမားထက်သန် တဲ့သူဆိုတာ သူ့ကိုယ်သူနဲ့ သူ့ဘဝကိုသာ အရေးတကြီးသဘောထားခြင်း အမှုကိုလည်း မပြုဘူး။ မိမိ ကိုယ်ရေးကိုယ်တာသည်သာ အရေးအကြီးဆုံး ဖြစ်ပြီး မိမိဘဝသည်သာ နက်နဲမှုရှိတယ်လို့ မိမိအတွက် သိပ်ပြီး အရေးတကြီး သဘောထားခြင်းဆိုတာမျိုးဟာ လူအများစုလိုက်စားလိုတဲ့ အကျင့်တစ်ခုပဲ။

မိမိခန္ဓာနဲ့ စိတ်ဓာတ်ကို ဖြေလျှော့အနားယူမှု ကိုလည်း မပြုနိုင်၊ ရယ်ရယ်မောမော ရွှင်ရွှင်ပျပျနဲ့ နေသင့်တဲ့ အချိန်ကာလမှာလည်း မရယ်မရွှင်နိုင်တဲ့ လူသားကို တွေ့မြင်ရရင် ကျွန်ုပ်သူ့အတွက် ဝမ်းနည်းမိတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ရယ်မောခြင်းဟာ စိတ်ဓာတ်အတွက် အထက်မြက်ဆုံးအားတိုးဆေး ဖြစ်လို့ပါပဲ။ ဒီနေရာမှာ ခန္ဓာကိုယ်အတွက် ကောင်းမွန်တဲ့အားတိုး ဆေးဟာ ဘာဖြစ်တယ်ဆိုတာကိုတော့ ကျွန်ုပ်သေချာစွာ မသိရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်စိတ် ကြီးမားထက်သန်မှုကို ဘယ်လိုနည်းနဲ့ပဲ ရရှိသည် ဖြစ်စေကာမူ ထိုစိတ်ထားက မိမိခန္ဓာနဲ့ စိတ်ကိုတော့ ဖြေလျှော့ အနား ယူမှုကို ဖြစ်စေတာပါပဲ။ မိမိကိုယ်ကိုယ် ရယ်ရယ်မောမောနဲ့ ဖြေလျှော့ အနားယူမှု ရရှိစေနိုင်ရေးအတွက် အမေရိကန်လူမျိုး တွေဟာ ဆပ်ကပ်၊ ရုပ်ရှင်နဲ့ ပြဇာတ်များကို နှစ်စဉ်ဒေါ်လာငွေတွေ သန်းပေါင်းများစွာ အကုန်ကျခံပြီး ကြည့်ရှုနေကြရတယ်။

စိတ်ထားပျော်ရွှင်မှုဟာ လူ့ရဲ့ ခန္ဓာကိုယ်အနေထား ပုံးပန်းကိုပင် ကြည်လင်ကောင်းမွန်စေတယ်။ နောက်ပြီးတော့ ထိုစိတ်ထား ရှိနေရင် မျက်နှာမှထင်ပေါ်နေတဲ့ အရေးအကြောင်း တွေကိုပင် သိမ်မွေ့ပြေပြစ်မှု ရှိသွားစေတယ်။ ထိုစိတ်ထားကို ထားခြင်းအားဖြင့် ရယ်ရွှင်တတ်တဲ့ အကျင့်ကိုလည်း ဖြစ်ပွားစေ သေးတယ်။

ရယ်ရွှင်တတ်တဲ့ အကျင့်ဆိုတာဟာလည်း ဆွဲ ဆောင် နိုင်စွမ်းရှိတဲ့ ဥပမိရုပ်ကောင်းရန်အတွက် ထူခြားတဲ့ အချက် တစ်ခုပါပဲ။ ဒါ့ကြောင့် ရယ်မောပျော်ရွှင်ခြင်းနဲ့ စိတ်နေ စိတ်ထား နှစ်ခုတို့ဟာ တစ်ခုနဲ့တစ်ခု အသေအချာပဲ ဆက်သွယ်မှု ရှိနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပျော်ရွှင်စိတ် ကြီးမား ထက်သန်ခြင်းဟာ အပြုစိတ်ကို ပွားစေခြင်းကြောင့်ပါပဲ။

**အကောင်းဆုံး ချီးကျူးနည်း**

**မည်သည့်ဘာသာရပ် တစ်ခုအပေါ်မှာမဆို မိမိရဲ့ စိတ်ပါဝင် စားမှုကို အချိန်လိုအပ်သလောက် စူးစိုက်မထား နိုင်လျှင် ထိုသူဟာ ဆွဲဆောင် နိုင်စွမ်းရှိသော ဥပမိရုပ်ကို မရနိုင်ပေ ဘူး။ လူတစ်ဦးတစ်ယောက်က သူ့ပြောစကားကို သတိထား ပြီး သင့်အား နားထောင်စေချင်တဲ့အခါမှာ သင်က စိတ် အာရုံစိုက်ပြီး နားထောင်ခဲ့လို့ရှိရင် ဤအချက်ထက်ပိုပြီး**



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သားအား ချီးကျူးမှုပြုခြင်းမျိုးဟာ မရှိနိုင်တော့ပါဘူး။ ဒါ့ကြောင့် ပညာရှိများက အခုလို ပြောကြားကြတယ်။ စကားကောင်း စွာပြောဆို နိုင်ခြင်းထက် သူတစ်ပါးရဲ့ ပြောစကားကို ကောင်းစွာ နားထောင် နိုင်စွမ်းရှိခြင်းက ကြီးမားသော အောင်မြင်ပြီးစီးမှုကို ပိုပြီး ဖြစ်စေနိုင်တယ်”တဲ့။

## ရည်းစားကို ဂရုစိုက်သလို

ကျွန်ုပ်နှင့် အတူတကွ အလုပ်လုပ်ကိုင်နေကြတဲ့ လူငယ်များအား ကျွန်ုပ် ခဏခဏ တိုက်တွန်းအကြံပေးစကား ပြောကြားမိတာကတော့ ‘မင်းတို့ရဲ့ လုပ်ဖော်ကိုင်ဖက်များ အပေါ်မှာရော၊ သူတို့လုပ်ငန်းရပ်များ အပေါ်မှာပါ မင်းတို့ရဲ့ ရည်းစာများနဲ့ စကားပြောတဲ့အခါမှာ စိတ်ပါဝင်စားမှုရှိသလို စိတ်ပါဝင်စားမှု ရှိကြစမ်းပါ။ အခုပြောသလို သာလုပ်ခဲ့ရင် မင်းတို့ရဲ့ အရည်အချင်းတွေဟာ တိုးမြင့်လာပြီး မင်းတို့ လခထုတ်တဲ့အခါမှာ မင်းတို့လစာပါတဲ့ စာအိတ်ဟာ ကောင်းရာကောင်းကြောင်း အနေနဲ့ ဖောင်းကြွပြောင်းလဲလာတဲ့ အကျိုးကျေးဇူး ကို မင်းတို့တွေ့ရှိရပါလိမ့်မယ်’ လို့–

သူတစ်ပါးပေါ်မှာ သက်ဝင်ရှင်ပျစွာ စိတ်ပါဝင်စားမှု ရှိခြင်းဟာ ထိုသူများအား ကြိုက်နှစ်သက်စေရုံမျှသာ မကသေးပါဘူး၊ ထိုသူများရဲ့ စရိုက်ဓလေ့ ဟန်မူရာစသည်များကို ကောင်းမွန်စွာလေ့လာခွင့်ကိုလည်း ရရှိနိုင်ပြီး သူတို့သူတို့ရဲ့ စရိုက်ဓလေ့ ဟန်မူရာများထဲက ကောင်းမွန်မှုနဲ့ ချို့ယွင်းမှုများကို သိရှိနားလည်နိုင်ပြီး မိမိရဲ့ စရိုက်အမူရာများကို ပြန်လည်ဆန်းစစ် ကြည့်နိုင်တဲ့အတွက် ကောင်းတာယူ၊ မကောင်းတာပယ် ပြုလုပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပေတယ်။

## မှတ်ဉာဏ်နှင့်လခ

မှတ်ဉာဏ်ကောင်းခြင်းဟာ လူတစ်ယောက်ရဲ့ တန်ဖိုးကြီးမားသော ကိုယ်ပိုင် ပစ္စည်းတစ်ခုဖြစ်တယ်။ နယူးယောက်ခ်မြို့မှာရှိတဲ့ ဟော်တယ်တစ်ခုမှာ ဧည့်သည် လက်ခံမှတ်ပုံတင်စာအုပ်ကို ကိုင်တွယ် စာရင်းသွင်းရသူတစ်ဦး ရှိတယ်။ သူဟာ သူ့ဟော်တယ်မှာ ဒုတိယအကြိမ် လာရောက်တည်းခိုရန် စာရင်းသွင်း သူဆိုလျှင် သေသေချာချာ မှတ်မိရန် နည်းလမ်းတစ်ခုကို ပြုလုပ် ထားတယ်။

အထူးအားဖြင့် ပရိသတ်မှာ အတော်အသင့် နာမည်ရှိသူဆိုလျှင် သူဟာဘယ်တော့မှ မမှတ်မိဘူးရယ်လို့ မရှိဘူး။ သူဟာ လူတွေကို သူ့နာမည်အတိုင်း ခေါ်ခြင်းဖြင့် ထိုပုဂ္ဂိုလ်အား သူမှတ်မိ နေပါတယ်ဆိုတဲ့ အကြောင်းကို ပြသ လေ့ရှိတယ်။ ထိုဟော်တယ်ရဲ့ မန်နေဂျာက ကျွန်ုပ်ကို ပြောပြဖူး တာကတော့ ထိုသူဟာ ဟော်တယ်ရဲ့ ပိုင်ဆိုင်မှုပစ္စည်း များစာ ရင်းမှာ အမြင့်ဆုံးဖြစ်တယ်လို့ ဆိုတယ်။ ဒါ့ထက် ပိုပြီးစိတ်ဝင်စား စရာကောင်းတာကတော့ ထိုသူလုပ်ရတဲ့ အလုပ်မှာ ရနေကျ ရလေ့ရှိတဲ့ လစာထက်၊ သုံးဆရှိတဲ့ လစာကို ထိုသူ ရရှိနေခြင်း ပါပဲ။

## ဆွဲဆောင်နိုင်သော လက္ခဏာ

ဆွဲဆောင်နိုင်စွမ်း ရှိသော ဉပမိရုပ်ဖြစ်ပေါ်ရေးတွင် ကောင်းသော ရုပ်ပြ ဖြစ်လာစေရန်အတွက် ပေါင်းစပ်ပေးရမယ့် အခြားသောလက္ခ ဏာ ရပ်များကတော့ မျက်နှာနေမျက်နှာထား သံနေသံထား သင့်တင့်လျောက်ပတ်တဲ့ မှန်ကန်သော ဝတ်စားဆင်ယင်မှု ယဉ်ကျေးသိမ်မွေ့ခြင်း၊ ထိရောက်သော စကားပြောဆိုမှု၊ အရာရာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဝင်ဆံ့သော အသိဉာဏ်ပညာ အမျိုးမျိုးရှိခြင်း၊ စိတ်နေစိတ်ထား ကောင်းခြင်း၊ ရွှင်ရွှင်ပျပျ နေထိုင်ပြောဆိုလျှက် ရှိခြင်း၊ အလေးအနက်ရှိမှုနဲ့ အကင်းပါးခြင်းများ ဖြစ်ပေတယ်။ ဤလက္ခဏာများနှင့် ပြည့်စုံခြင်းဟာ ကောင်းသော ရုပ်ပြလက္ခဏာကို ဖြစ်စေပြီး ထိုအချက်ဟာ အခြားသူ များရဲ့ လိုလားနှစ်သက်မှုကို ဆွဲယူနိုင်စွမ်း ရှိပေတယ်။

**စိတ်ကလက်မခံသရွေ့အမြဲတန်း ရှုံးနိမ့်ခြင်းဟူသည် မရှိ**

လုပ်ငန်းရပ်မျိုးစုံမှာ တကယ်တမ်း ကြီးမြင့်တဲ့ ခေါင်းဆောင်ကြီးများရဲ့ သမိုင်းအကြောင်းကို မင်းပြန်ပြောင်းပြီး ကြည့်လိုက်စမ်းပါ။ သူတို့ ရဲ့အောင်မြင်မှု ပမာဏဟာ သူတို့ရဲ့ မအောင်မြင်မှု အဝဝကို အောင်မြင်စွာ တွန်းလှန်ခဲ့ရတာနဲ့ အတိအကျ ပမာဏ ချင်းတူညီမှု ရှိနေတာကို မင်း တွေ့မြင်ရပါလိမ့်မယ်။ အနိုင်ခံရခြင်းနဲ့ ရှုံးနိမ့်ခြင်း ဆိုသည်မှာ ယာယီအားဖြင့်သာ ဖြစ်ပွားလျှက်ရှိ၏။ ထိုသို့ ဖြစ်ခြင်းအားဖြင့် ပုဂ္ဂိုလ် အသီးသီးတို့ရဲ့ ဘဝမှာ အင်အား တိုးတက်ဖြစ်ထွန်းခြင်းနဲ့ အသိဉာဏ် ပညာတိုးပွားမှုကို ဖြစ်စေဖို့ နည်းလမ်းတွေဟာ ပါရှိနေပေတယ်။ မိမိစိတ်က လက်မခံသရွေ့ အမြဲတန်း ရှုံးနိမ့်သွားတယ်ဆိုတာ မရှိပါဘူး။

စိတ်ရဲ့ အင်အားဆိုတာ အင်မတန်ကြီးမားတယ်၊ ဘယ်လောက်ထိ ကြီးမားသလဲဆိုရင် အကန့်သတ်မရှိအောင်ကို ကြီးမားတယ်။ ပုဂ္ဂိုလ်တစ်ဦးစီ တစ်ဦးစီရဲ့ စိတ်ဓာတ်က သူ့မှာ အကန့်အသတ်နဲ့သာ ကြီးမားမှုရှိတယ်လို့ သူတို့ကိုယ်တိုင် သတ်မှတ်မှုပြုမှသာ စိတ်ဓာတ်ရဲ့ အင်အားဟာ အကန်အသတ်နဲ့ ရှိပြီး ကြီးထွားတိုးတက်မှုကို နောက်ထပ်မရရှိနိုင် ဖြစ်ရပေတယ်။

**အောင်စိတ် ပမာဏ**



www.burmeseclassic.com

www.burmeseclassic.com



မြင့်မားတဲ့ အောင်မြင်မှုကို ရရှိနေကြတဲ့ ပုဂ္ဂိုလ်များမှာ သူတို့ရဲ့ တိကျသော အဓိကရည်ရွယ်ချက် ပြည့်ဝရေးဆန္ဒဟာ သူတို့ရဲ့ စိတ်ထဲ မှာ အသည်းခိုက်အောင် လေးနက်စွာ စွဲထင်နေတဲ့အကျင့် ရှိနေမြဲပါ။ အခုလို သူတို့လိုချင်တာရဖို့ စိတ်ထဲမှာ နက်နက်နဲနဲပဲ ဖျက်မရအောင် စွဲထင်နေတာကို Obession "အော့ဗ်ဆက်ရှင်း" လို့ ခေါ်တယ်။

## မအောင်မြင်ခြင်း၏ အဓိကရန်သူ

ကမ္ဘာ့လူသား အများစုတို့ဟာ အံ့ဖွယ်တန်ခိုးအလုံးစုံသည် သူတို့နှင့် အတူ ရှိနေပါလျှက်နှင့် အခက်အခဲတွေကိုသာ တွေးမြင်ပြီး ကြောက်အားပိုဖို့ သူတို့ကိုယ်သူတို့ ခွင့်ပြုထားကြတာဟာ လွန်စွာမှ ဝမ်းနည်း စရာဖြစ်ရပ်တွေပဲ။ သူတို့ တွေးပြီးကြောက်ရွံ့နေကြတဲ့ အခက်အခဲများ ဆိုတာဟာလည်း သူတို့ရဲ့ စိတ်ကူး တွေးမြင်မှုမှတစ်ပါး တကယ်ရှိတာလည်း မဟုတ်ပါဘူး။ အဲဒါကိုပဲ သူတို့တွေဟာ ကြောက်ရွံ့နေ ကြတယ်။ ဒါ့ကြောင့် လူသားများရဲ့ အဓိကရန်သူကြီးဟာ ကြောက်ရွံ့ ခြင်းပဲလို့ အဆိုရှိတယ်။

## လူ့သားအကျိုးပြု စိတ်သခင်များ

မိမိစိတ်မိမိ ပိုင်နိုင်တဲ့သူကို စိတ်သခင်လို့ ခေါ်တယ်။ အဲဒီလို ပုဂ္ဂိုလ် များမှသာ လူ့လောကကောင်းကျိုးကို ဆောင်ရွက်နိုင်တယ်။ စိတ်သခင်ဆိုတာ ကမ္ဘာမှာ အတော်ကြီးကြာမှ တစ်ယောက် လောက်ပဲပေါ်တာ။ အက်ဒီဆင်တစ်ဦး၊ အဲရစ်(စ်)တော့တဲလ် တစ်ဦး၊ ပလေတိုတစ်ဦးစတဲ့ အကျိုးရှိလုပ်ငန်းရပ်များနဲ့ ပတ်သက် တဲ့ ကြံစည်စိတ်ကူးမှုမှာ ဖြစ်စေ၊ လုပ်ဆောင်ကြိုးပမ်းမှုမှာဖြစ်စေ၊ ခေါင်းဆောင်တစ်ဦးအဖြစ် ပေါ်ပေါက်ခဲ့ပေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလံဘတ်ဟာ သူ့စိတ်ကို သူပိုင်နိုင်တဲ့ အတွက် ကမ္ဘာသစ်ကို ကျွန်ုပ်တို့အား ပေးအပ်ခဲ့တယ်။ အော်ဗေးရိုက်နှင့် ဝီလ်ဗာရိုက် တို့နှစ်ဦးဟာ သူတို့စိတ်ကို သူတို့ပိုင်နိုင်တဲ့အတွက် လူသားအား အတောင်ပံတပ်ပေးပြီး လေကြောင်းကို အောင်နိုင်စေတယ်။ ဂျွန်နက်စ်ဂူးတင်းဘတ်ဟာ သူ့စိတ်သူပိုင်နိုင်တဲ့ အတွက် ရွှေ့ပြောင်းလို့ရတဲ့ ခဲစာလုံးများကို လူသားများအား ပေးအပ်ခဲ့တယ်။ ထိုခဲစာလုံးများဖြင့် အခုကျွန်ုပ်တို့အတွက် စာအုပ်များစွာကို ဖြစ်ပေါ်စေခဲ့တယ်။ ထို့ပြင် လူသားများ စုဆောင်း တတ်သိထားတဲ့ ပညာရပ်အမျိုးမျိုးကိုလည်း ကျွန်ုပ်တို့အား ရရှိစေနိုင်ပြီး မမွေးဖွားသေးတဲ့ လူသားမျိုးဆက်များ အတွက်လည်း အကျိုးဖြစ်ထွန်းစေအောင် လုပ်ဆောင်ပေးခဲ့ပေတယ်။

## အသေနဲ့ အရှင်

## "အလုပ်မပါသော ယုံကြည်မှုသည် အသက်မပါသော အသေသာတည်း"

## လုပ်အားဒါန၏ တန်ပြန်သက်ရောက်မှု

မစ္စတာရှဝပ်ဂ ဲ ဝီလျံလူငယ်အား ခေါင်းခေါက် ရွေးချယ်ပြီး သူ့ကိုယ်ပိုင်လက်ရေးတို စာရေးအဖြစ် ခေါ်ယူသွားလောက်အောင် သံမဏိအလုပ်ရုံမှာ ရှိနေကြသော အခြားလက်ရေးတို စာရေးများထက် ဝီလျံမှာ ဘာအရည်အချင်းများ ပိုမိုရှိနေလို့ပါလဲဆိုတာ ကျွန်ုပ်တို့ ရှာကြည့်ကြရပေမည်။

မစ္စတာရှဝပ်၏ ကိုယ်တိုင်ပြောစကားအရ ကျွန်ုပ်တို့ သိရှိရ သည်မှာ ဝီလျံတွင် အခြားလက်ရေးတို စာရေးများထက် သာလွန်သော အရည်ချင်းမှာ ဘာမျှမရှိ။ သူသည် သာမန်လက်ရေးတို စာရေးများအဆင့်ထက် အရည်အချင်း မြင့်မားသည်လည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ သို့သော် လက်ရေးတိုပညာရပ်နှင့် မပတ်သက်သော အခြားအရည် အချင်းတစ်ခု သူ့မှာရှိ၏။

ထိုအရည်အချင်းကို သူသည် သူကိုယ်တိုင် စတင်ပြီး ကြီးထွားအောင် လုပ်ဆောင်ရာ ချိုးဖောက်မှု မပြုနိုင် သည့် အကျင့် သီလအဖြစ်သို့ ရောက်အောင် သူကြံဆောင်ထား ပေသည်။ ထိုအကျင့် မှာ လူအနည်းငယ်တို့သာ ပိုင်ဆိုင်လျှက်ရှိ သည့် အလေ့အကျင့် ဖြစ်၏။ ထိုအရည်အချင်းမှာ သူရသော လစာထက် ပိုလွန်သည့်လုပ်အားနှင့် ကောင်းမွန်သော အခြားလုပ် ဆောင်ချက်များကို သူပေးလေ့ရှိသည့် အကျင့်ပင် ဖြစ်၏။

ထိုအကျင့်သည်ပင်လျှင် သူ့ကိုယ်သူ ရာထူးအဆင့် တိုးမြင့်ခန့်ထားခြင်းကို ပြုလုပ်နိုင်စွမ်း ရှိခြင်းဖြစ်သည်။ ထိုအကျင့် သည်ပင်လျှင် မစ္စတာရှဝပ်၏ ဂရုတစိုက် အရေးယူမှုကို ဖြစ်စေ လေ၏။ ထိုအကျင့်သည်ပင်လျှင် သူ့အား ကော်ပိုရေးရှင်းကြီး တစ်ခု၏ ဦးစီးခေါင်းဆောင်အဖြစ်သို့ ရောက်စေခဲ့၏။

## လူတိုင်းမချမ်းသာခြင်း၏ အဓိကအကြောင်း

အလုပ်သမား အများစုကို မင်းအသေအချာ လေ့လာကြည့်ပါ။ တစ်ရာမှာ ကိုးဆယ့်ရှစ်ယောက်ဟာ မိမိရရှိနေကျ လစာရရှိ ရန်မှတစ်ပါး အခြား အထက်တန်းကျတဲ့ ကြွယ်ဝ ချမ်းသာဖို့ ရည်ရွယ်ချက် တစ်စက်မှ မရှိကြဘူးဆိုတာ မင်းတွေ့ရလိမ့်မယ်။ သို့ဖြစ်ခြင်းကြောင့် သူတို့ဟာ အလုပ်ကို ဘယ်လောက်ပဲ ပိုမိုကောင်းမွန်အောင်လုပ်လုပ် ဘဝရဲ့ ကံကြမ္မာစက်ဝိုင်းဟာ ထိုသူ များအတွက် လှည့်ပတ်တဲ့အခါမှာ ရရစားစား လခစား ဝမ်းခါး လှုံမှတ်ဆိုတဲ့ အဆင့်ထက် ပိုလွန်တဲ့ အခွင့်အရေးများ ပေးရန်ကို မပေးတော့ဘဲ ကျော်လွှားပြီး လည်ပတ်သွားတော့တယ်။ အဘယ့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဆိုသော် ထိုသူများဟာ အခုထက် ပိုလွန်တဲ့ ကြွယ်ဝချမ်းသာမှုကို မျှော်လင့်ခြင်းလည်း မရှိ။ တောင်းဆိုမှုလည်း မပြုတဲ့အတွက်ကြောင့်ပါပဲ။

တစ်ဝမ်းတခါး မျှတရုံ လစာလေးရရှိနေကြတဲ့ အလုပ်သမားများနဲ့ ကျွန်ုပ်ရဲ့ ဘဝအခြေအနေချင်း ကွာခြားရ ခြင်းရဲ့ အဓိကအကြောင်းကတော့ ကျွန်ုပ်သည် ကြွယ်ဝရန် အတိအကျ တောင်းဆိုတယ်။ ကြွယ်ဝ စေရန်အတွက် တိကျတဲ့ အစီအစဉ်ရှိတယ်။ ထိုအစီအစဉ်အတိုင်း နေ့စဉ်ကြိုးစား အားထုတ်နေတယ်။ ကျွန်ုပ်သည် မိမိ တောင်းဆို ထားသည့် ကြွယ်ဝမှုနဲ့ ညီမျှတဲ့အသုံးဝင် အကျိုးပြုလုပ်အားများကို ပေးတယ်။ ကျွန်ုပ်ပြောခဲ့ပြီး ကိုးဆယ့်ရှစ်ယောက်သော အလုပ်သမား များကတော့ ကျွန်ုပ်ကဲ့သို့ တောင်းဆိုခြင်း၊ အစီအစဉ်ချခြင်း၊ ကြိုးစား လုပ်ဆောင်ခြင်း မရှိကြဘူး။

**အထက်တန်းသို့ မရောက်ခြင်းအကြောင်း**

**များစွာသောသူတို့ဟာ တွက်ကပ်တဲ့ စိတ်ထားကို မွေးမြူလျက်ရှိကြပြီး သူတို့ရတဲ့အခကြေးငွေ (သို့မဟုတ်) လစာ ထက်ပိုပြီး စေတနာထားကာ လုပ်အားမပေးနိုင်ပါဘူး။ တန်ရာတန်ရာ လုပ်အားပဲ နည်းနိုင်သမျှ နည်းပါး စွာသာ ပေးမယ်ဆိုတဲ့ စိတ်ထားနဲ့ အလုပ် လုပ်ရာမှာ ခိုကပ်မှုပြုကြတယ်။ သည်တော့ သူငို့မှာ စားရသောက်ရရုံမျှ ဘဝမှ မတိုးတက်နိုင်ကြတော့ဘူး။**

**ခဏခဏပဲ သူတို့ ပြောကြဆိုကြသံတွေ ကျွန်ုပ်ကြားရတာက တော့ ဒီဟာလုပ်ဖို့ ငါ့မှာ အခကြေးငွေရတာ မဟုတ်ဘူး။ ဒါလုပ်ဖို့ ငါ့မှာ တာဝန်မရှိဘူး။ ငါ့မှာအခကြေးငွေ မရဘဲနဲ့ ဒါကိုလုပ်ရင် ငါ့မှာ အရှုံး ပေါ်မှာပေါ့ စသည်ဖြင့်**



www.burmeseclassic.com

www.burmeseclassic.com



**တွက်ကပ် တဲ့ စကားတွေပါပဲ။ အဲဒီလို စကားပြောတဲ့လူ ဆိုရင် ဒီလူဟာ အသက်မသေရုံသာ စားသောက်ရတဲ့ဘဝမှ အထက်သို့ ရောက် တော့မယ် မဟုတ်ဘူးလို့သာ မင်းမှတ်လိုက်ပေတော့။**

## ကိုယ်နှင့်တန်သည့်လစာကို ကိုယ်တိုင်သတ်မှတ်ခြင်း

ကျွန်ုပ် မင်းကို ပွင့်ပွင့်လင်းလင်း ပြောရမှာကတော့ စိတ်ကောင်း စေတနာကောင်း ထားရှိတဲ့ အလုပ်သမားတစ်ဦးကို နောက်သို့ ဆွဲမထားသင့်ပေဘူး။ ထိုအလုပ်သမားဟာ သူ့ရဲ့ တန်ဖိုး ရေးသားပါရှိတဲ့ ကဒ်ပြားကို သူကိုယ်တိုင်ပဲ ဆွဲချိတ်မှာ ဖြစ်ပေတယ်။ ထိုကဒ်ပြားမှာ ရေးသားပါရှိတဲ့ သူ့တန်ဖိုးငွေကို သူဟာ လိုလိုချင်ချင် ပေးအပ်ခြင်းခံရမှာပဲ ဖြစ်ပေတယ်။

အကယ်၍ အမြင်တိုတဲ့ အလုပ်ရှင်တစ်ဦးဟာ ထိုကဲ့သို့သော အလုပ်သမားကောင်းတစ်ယောက်ကို ထိုက်ထိုက်တန်တန် အဖိုးအခ မပေးဘဲ သူ့ကို နောက်ပြန်ဆွဲထားခဲ့ရင် အမြင်ကျယ်တဲ့ အခြားအလုပ်ရှင်တစ်ဦးက ထိုအလုပ်သမားကောင်းရဲ့ အရည်အချင်းကို မြင်သွားပြီး ထိုအလုပ်သမားကို သူ့ထံရောက်အောင် ထိုက်တန်တဲ့ အဖိုးအခနဲ့ အလုပ်ကောင်းကို ပေးပြီး ဆောင်ကြဉ်းသွားပေလိမ့်မယ်။ ဤနေရာမှာ 'သည်လော့ အော့ဖ်ဆပ်ပလိုင်းအင်ဒီမန်း' Thelaw of supply and damand ခေါ် ရောင်းအားနှင့် ဝယ်အားဥပဒေဟာ ရောက်လာတော့တယ်။ ရှားပါး ကုန်ဆိုလျှင် တန်ဖိုးပိုပြီး ပေးရတဲ့ သဘောမျိုးပဲ။

## စီးပွားရေး ဉာဏ်ပညာရှိသူနှင့် မရှိသူ

**ကုန်အလေးချိန် ပိုစီးလေအောင် သကြားကို ရေဆွတ်ပြီး ရောင်းတဲ့ ဆိုင်ရှင်ထက် သကြားတစ်ပေါင်ကို ချိန်တွယ်တဲ့ အခါမှာ ဝယ်သူဘက် ချိန်ခွင်လျှာ ပိုထွက်အောင် ချိန်ပေးတဲ့**



www.burmeseclassic.com

www.burmeseclassic.com



ကုန်စုံဆိုင် ပိုင်ရှင်က အသိဉာဏ်ပညာ သာလွန်တယ်လို့ ဆိုရမှာ ဖြစ်တယ်။ ကုန်သည်တစ်ဦးဟာ ကုန်ပစ္စည်းရောင်း ချတဲ့အခါ အနုတ်အမ်းရာမှာ အနုတ်မလွယ်လို့ ငါးပြား ဆယ်ပြားစတဲ့ အစွန်းထွက်ကလေးကို လျှော့ယူလိုက်ခြင်းဟာ အခုလို လုပ်ဖို့ငြင်းဆိုတဲ့ ကုန်သည်ထက် အသိဉာဏ်ပညာ သာတယ်လို့ မှတ်ယူရမယ်။ ငါးပြားဆယ်ပြားစတဲ့ အသေး အမွှားလေးကို ကြည့်မြင်လေ့ရှိတဲ့ စိစစ်လွန်းတဲ့ ကုန်သည် ဟာ တစ်နှစ်တစ်နှစ်မှာ ငွေရာပေါင်းများစွာ ပေးနေတဲ့ ကုန်သည်တွေကို လက်လွှတ် ဆုံးရှုံးခံရလေ့ ရှိတယ်။

တစ်ခါတုန်းက ပစ်တစ်(စ်)ဘတ်မြို့အနီးရှိ တောင်ကြားလမ်း တစ်ခု ထဲမှာ သူ့ကျောပေါ်မှာ ကုန်ပစ္စည်းတွေသည်ပိုးပြီး ရောင်းချနေတဲ့ ကုန်သည် လေး တစ်ယောက်အကြောင်းကို ကျွန်ုပ် ကြားဖူးတယ်။ သူ့ကျောပေါ်မှာ သယ်ပိုးထားတဲ့ ကုန်အလေးချိန်ဟာ သူ့ခန္ဓာကိုယ် အလေးချိန်ထက်တောင် ပိုသေးတယ်ဆိုပဲ။

သူဟာ ကုန်ပစ္စည်းများ ရောင်းချတဲ့အခါမှာ တိုလီမိုလီ ပစ္စည်း လေးများကို ဝယ်သူအား လက်ဆောင်အဖြစ် အပိုပေးလေ့ရှိသတဲ့။ သူပေးတဲ့ ပစ္စည်းဟာ ဘာမှ များတာတော့မဟုတ်ဘူး။ သို့သော်လည်း ဝယ်ယူသူများရဲ့ စိတ်ထဲမှာတော့ ကျေနပ်မှုရပြီး သူ့ဆီမှာချည်း ကုန်ပစ္စည်းဝယ်ပြီး သူ့ သတင်းကောင်းကိုလည်း လွှင့်ပေးကြသတဲ့။

သူ့မှာ ငွေပေးပြီး ကြော်ငြာရသည်ထက် တန်ဖိုးရှိတဲ့ ကြော်ငြာ ကောင်းကို အခမဲ့ရရှိနေတော့ သူ့မှာ အရောင်းရတွင်ကျယ်ပြီး စီးပွားဖြစ်လာ သတဲ့။ မကြာမီ အချိန်အတွင်းမှာပဲ ထိုကုန်သည်လေးဟာ တောင်ကြားလမ်း ဒေသမှ ပျောက်ကွယ်သွားရောတဲ့။ အဲသည်တော့ သူ့အပေါ် ခင်တွယ်နေကြတဲ့ သူ့ဖောက်သည်တွေက ကျောပိုးကြီးနဲ့ ထိုကုန်သည် ဘယ်ပျောက်သွားသလဲ၊ သူဘာဖြစ်လို့လဲ။ စသည်ဖြင့် မေးမြန်းစုံစမ်းကြသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



လအနည်းငယ် ကြာတော့မှ ထိုကုန်သည်လေးဟာ ထိုတောင်ကြားလမ်းဒေသမှာ ပြန်ပြီး ပေါ်ပေါက်လာသတဲ့။ သည်အခါမှာတော့ သူ့ကျောပေါ်မှာ ကုန် ထုပ်ကြီးပါမလာတော့ဘူး။ သူဟာ ပစ်တစ် (စ်) ဘတ်မြို့ပေါ်မှာ အဆင့်အတန်း မြင့်တဲ့ စတိုးကုန်တိုက်တစ်ခု ဖွင့်လှစ်ရောင်းချနေတဲ့အကြောင်း သူ့ဖောက်သည်များအား သတင်းပြောကြားရန် လာခြင်းဖြစ်ပါသတဲ့။

## ကံကောင်းခြင်းအကြောင်း

အောင်မြင်ထမြောက်မှုသို့ ရောက်ရှိသွားကြတဲ့လူများကို ကြည့်ပြီး ကျွန်ုပ်တို့ ပြောကြတာကတော့ 'ကံကောင်းတဲ့ လူပဲ၊ ဘယ်လောက်ကံကောင်းသတုန်း' စတဲ့အပေါ်ယံစကားတွေပါပဲ။ ဒါပေမယ့် ကျွန်ုပ်တို့ဟာ ထိုသူရဲ့ ကံကောင်းရခြင်း အကြောင်းရင်းကို စုံစမ်းမှုပြုလုပ်ရန်မှာတော့ ခဏခဏပဲ မေ့လျော့နေတတ်ကြတယ်။

အကယ်၍သာ ထိုသူဘာ့ကြောင့် ကံကောင်းရသလဲလို့ စူးစမ်းမှုပြုခဲ့ရင်တော့ ထိုသူဟာ သူရရှိထားတာထက် ပိုတဲ့ အကျိုးပြုလုပ်ငန်းနဲ့ ပိုမိုကောင်းမွန်တဲ့ လုပ်အားများ ပေးခဲ့လို့သာ အခုလိုကံကောင်းသူ ဖြစ်ရတဲ့အကြောင်းကို တွေ့ရမှာပဲ။ ဥပမာအားဖြင့် အထက်မှာဖော်ပြခဲ့တဲ့ ကုန်ထုပ်ကြီးနဲ့ ကုန်သည်ကလေးလိုပေါ့။

## ပညာရှိအစစ်

ပညာရှိသော လူတစ်ယောက်ဆိုသည်မှာ သူ့စိတ်ကိုသူ ပိုင်နိုင်သူဖြစ်ပေတယ်။ အခုလို သူ့စိတ်ကိုသူ ပိုင်နိုင်ရန်အတွက် သူဟာ စည်း ကမ်းတကျ ကြံစည်စိတ်ကူးခြင်း အမှုကို ပြုတယ်။ ဤသို့ ပြုလုပ်ခြင်းအားဖြင့် သူ့ရဲ့ စိတ်ဓာတ်ဟာ ကြီးထွားတိုးတက်လာစေတယ်။ အခုလို ကြီးထွားတိုး တက်မှုရှိလာသော စိတ်ဓာတ်ဟာ နေ့စဉ်ဖြေရှင်းနေရတဲ့ ဘဝပြဿနာများ ပြေလည်စေရေးမှာ အရည်အချင်း ပြည့်ဝစွာနဲ့ ဆောင်ရွက်နိုင်တယ်။ ထိုကဲ့သို့သော



www.burmeseclassic.com

www.burmeseclassic.com



သူကို ပညာရှိလို့ ခေါ်ဆိုခြင်းသည်သာ အမှန်အတိုင်းဖြစ်ပေ တယ်။

အချို့လူကတော့ ပညာရှိဆိုသည်မှာ အသိဉာဏ်ကို ရယူစုဆောင်းမှု ပါဝင်တယ်လို့ ယုံကြည်နေကြတယ်။ အမှန်စင်စစ်အားဖြင့်တော့ အသိဉာဏ်ကို ဘယ်လိုသုံးစွဲရမယ်လို့ သင်ကြားတတ်မြောက်ထားသူကိုသာ ပညာရှိလို့ ခေါ်ဆိုခြင်းက ပိုပြီး မှန်ကန်မှုရှိတယ်။

ဗဟုသုတပွကာသနိကျမ်းစာအုပ်ကြီးများ အတွင်းမှာ လမ်းလျှောက် နေကြတဲ့ အသိဉာဏ်ကြွယ်ဝတဲ့ လူများစွာကို ကျွန်ုပ် သိပါတယ်။ သို့သော်လည်း သူတို့ဟာ သူတို့သိထားတဲ့ အသိဉာဏ်ပညာကို အသုံးချ ရာမှာကျတော့ အများကြီး ညံ့ဖျင်းနေကြတော့ သူတို့ဟာ သူတို့ဘဝမှာ အသက်မွေးဝမ်းကြောင်းကို ကောင်းစွာ မပြုနိုင်ကြဘူး။

နောက်ထပ် အမှားတစ်ခုကို လူများစွာ ပြုနေကြတာကတော့ ကျောင်းစာတတ်ခြင်းနဲ့ ပညာရှိဆိုသည်မှာ အတူတူပါပဲ လို့ယုံမှတ်နေကြခြင်းပဲ။ ကျောင်းစာများဟာ အသိဉာဏ်ပညာကို များစွာရရှိစေပြီး အကြောင်း အချက်များကိုလည်း နေသားတကျ အစီစဉ် ပြုလုပ်နိုင်စွမ်းရှိစေတယ်။

သို့သော်လည်း ကျောင်းစာ တတ်သိရုံမျှနဲ့တော့ လူတစ်ဦးဟာ ပညာရှိ မဖြစ်စေနိုင်ပါဘူး။ ပညာဆိုတာ မိမိဘာသာရှာမှီးရပါတယ်။ ဘယ်လိုရှာမှီးရသ လဲဆိုတော့ မိမိစိတ်ဓာတ်ကို အသုံးချပြီး မိမိစိတ်ဓာတ်ကို တိုးတက်ဖွံ့ဖြိုးအောင် ကြံဆောင်ရပေတယ်။ ဤနည်းလမ်းမှတစ်ပါး ပညာရှိဖြစ်စေရန်အတွက် အခြားနည်း လမ်းဟာ မရှိပါဘူး။ ဥပမာပြရန်အတွက် သောမတ်အက်ဒီဆင်ကို ကြည့်ပါ။ သူဟာ သူ့တစ်သက်လုံးမှာ သုံးလကျော်ရုံမျှသာ စာသင်ကျောင်းမှာ စာသင်ဖူးတယ်။ သူရရှိတဲ့ ပညာဟာ စာသင်ကျောင်းရိုးရိုးမှ မဟုတ်ပါဘူး။ သူ့ရဲ့ စစ်မှန်တဲ့ ကျောင်းကတော့ ဘဝအတွေ့ကြုံ ကျောင်းတော်ကြီးသာ ဖြစ်ပါတယ်။

အဲဒီကျောင်းတော်ကြီးမှာ သူဟာ မိမိစိတ်ဓာတ်ကို မိမိ ဘယ်လိုပိုင်နိုင် အောင်ပြုလုပ်ရမလဲ ဆိုတဲ့ အချက်နဲ့ ပိုင်နိုင်ပြီးဖြစ်တဲ့ မိမိစိတ်ဓာတ်ကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အသုံးချရမလဲ ဆိုတာကို သင်ကြားတတ်မြောက်ခဲ့တယ်။ သူ့စိတ်ကိုသူ အသုံးပြုခြင်းအားဖြင့် သူသည် ကျွန်ုပ်တို့ခေတ်မှာ အကောင်းဆုံးပညာရှိ အဖြစ်သို့ ရောက်သွားတယ်။

မစ္စတာ အက်ဒီဆင်ဟာ လျှပ်စစ်ပစ္စည်းများကို တီထွင်သူဖြစ်တယ်။ သူ့လုပ်ငန်းနှင့်ဆိုင်ရာ အထူးတလည် ပညာရပ်များကို သူဟာ အခြားသော ပုဂ္ဂိုလ် များထံမှ ရယူရတယ်။ ထိုပညာရပ်များကို သူဟာ ကြီးမြင့်စိတ် မဟာမိတ်အဖွဲ့ ဖွဲ့စည်းခြင်းအားဖြင့် ရယူပေတယ်။

သူတီထွင်တဲ့ လုပ်ငန်းရပ်အတွက် လိုအပ်နေတဲ့ ပညာရပ်များကတော့ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာနဲ့ အခြားများပြားလှတဲ့ သိပ္ပံဘာသာရပ်ဆိုင်ရာ ပညာတွေပါပဲ။ ထိုပညာရပ်တွေကို အစတုန်းကဆိုရင် သူဟာ တစ်ခုမှ တတ်သိခဲ့ခြင်း မရှိပါဘူး။ သို့ရာတွင် သူဟာ ပညာရှိဖြစ်တယ်။

ပညာရှိဆိုတော့ ထိုပညာများကို ဘယ်လိုနည်းအားဖြင့် ဘယ်ဆီဘယ်ဝယ် နေရာများမှ ရယူရမယ်ဆိုတာကို သိတဲ့အတိုင်း သိပ္ပံပညာရပ်များကို သူ့လုပ်ငန်းအတွက် ရယူစုစည်းပြီး အသုံးချနိုင်ခဲ့ပေတယ်။

သို့ဖြစ်ရာ တတ်သိတဲ့ အသိဉာဏ်ကို ပညာလို့ သင့်ရဲ့အထင်မှားနေမှုကို စွန့်လွှတ်လိုက်ပါလော့။ အသိဉာဏ်ရှိပြီး ထိုအသိဉာဏ်ကို ဘယ်လိုအသုံးချရ မယ်ဆိုတာကို မသိသူထက် အသိဉာဏ်ကို သူအလိုရှိတဲ့ အခါမှာ ဘယ်နေရာမှာ ဘယ်လို ရယူအသုံးချရမယ်ဆိုတာကို သိနားလည်တဲ့ သူက ပိုပြီးပညာရှိတယ် လို့ ခေါ်ဆိုရမှာဖြစ်တယ်။

## အလုပ်ရှင် ဖြစ်တဲ့နည်း

မိမိကိုယ်တိုင် ဦးဆောင်တီထွင်၊ စေတနာ ထားလုပ်ခြင်းအားဖြင့် အောက်ခြေသိမ်း အလုပ်သမားဟာ သူလုပ်ကိုင်ရာ အလုပ်ဌာနမှာ သူမရှိလျှင် မဖြစ်ဆိုသော အခြေနေထိ တိုးတက်ရောက်ရှိ သွားနိုင်တယ်။ ထိုအခွင့်အရေးကို အသုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုခြင်းအားဖြင့်နေ့စားအလုပ်သမားတစ်ဦးဟာ ထိုအလုပ်ဌာနကိုပင် ပိုင်ဆိုင်ခွင့် ရရှိနိုင်တယ်။ သို့မဟုတ် သူပိုင် အခြားသော အလုပ်ဌာနကို ဖြစ်ပေါ်စေနိုင်တယ်။

## ရှေ့တန်းသို့ ရောက်စေသောနည်း

မိမိတို့ ကိုယ်တိုင် ဦးဆောင်စီစဉ် ကွပ်ကဲအားထုတ်ပြုလုပ်မှု မပါရှိဘဲနှင့် ထင်ရှားကြီးမားစွာ အောင်မြင်ထမြောက်မှုကို ရရှိသွားသူ ဆိုတာကို ကျွန်ုပ် ဘယ်သောအခါကမှ မသိရှိခဲ့ရဖူးပါဘူး။ မိမိတို့ စွမ်းအားကို မိမိတို့ကိုယ်တိုင် စီစဉ်ကွပ်ကဲ ဦးဆောင်ပြီး လုပ်ကိုင်သူ များသည်သာ အစီအစဉ်မဲ့ ဖင့်နွှေးပြီး မျောချင်သလို အမျောခံနေသူ များထက် လျင်မြန်စွာ ရှေ့တန်းကို ရောက်ရှိသွားကြမြဲ ဖြစ်ပေတယ်။

## အရေးအကြီးဆုံး ခေါင်းဆောင် အရည်အချင်းနှစ်ခု

မိမိဦးခေါင်းနှင့် မိမိနှလုံးသားရဲ့ အလိုဆန္ဒများကို ထိန်းသိမ်းကွပ်ကဲနိုင်ကာ မိမိကိုယ်မိမိ စည်းစနစ်ကျစွာ ထိန်းသိမ်းနေထိုင်လုပ်ကိုင်နိုင်စွမ်း ရှိခြင်း ဖြစ်သည်၊ မိမိကိုယ်မိမိ ထိန်းသိမ်းကွပ်ကဲမှု မပြုနိုင် သူသည် မည်သည့်အခါမျှ အခြားသူများအား ထိန်းသိမ်းကွပ်ကဲမှု မပြုနိုင်။ ဤ ဥပဒေသတွင် ခြွင်းချက် မရှိချေ။ ဤအချက်သည် အလွန်အရေးကြီးသော အချက်ဖြစ် ပေရာ ခေါင်းဆောင်များအတွက် လိုအပ်ချက် စည်းမျဉ်းအားလုံးတို့၏ ထိပ်ဆုံးမှာ ထိုအချက်သည် တည်ရှိနေပေလိမ့် မည်။

နှစ်အချက်မှာ ဝေဖန်ပြစ်တင်ခြင်းကို စိတ်နာကျင်မှု မရှိဘဲ ခံနိုင်ရည်ရှိခြင်းဖြစ်သည်၊ သူ့အလုပ်ကို ဝေဖန်ပြစ်တင် ခံရသောအခါတွင် နာကျင်စိတ်နဲ့ 'ဟုန်း' ကနဲ ဒေါသထွက်တဲ့သူဟာ ဘယ်အခါမှာမှ ခေါင်းဆောင် ကောင်းတစ်ယောက် ဖြစ်မလာနိုင်ပေဘူး။ စစ်မှန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင် များဟာ ဝေဖန်ပြစ်တင်မှု လက်ခံနိုင်တယ်။ အခုလို လက်ခံခြင်းဟာ သူတို့ အလုပ်ပဲဖြစ်တယ်။ ကြီးမြင့်ခြင်းသဘောရှိသူဟာ သိမ်ငယ်သော ပြစ်တင်ရှုတ်ချမှု ဟူဟူ သမျှကို အရေးမစိုက်ဘဲ မိမိတာဝန်နှင့် ဝတ္တရားကိုသာ ဆက်လက် ဆောင်ရွက်တယ်။

## ဘွဲ့ ရသူတိုင်း ပညာမတတ်

လူများစွာတို့ဟာ ကျောင်းစာကို သင်ကြားကြတယ်။ ထိုသူ များအနက်မှ လူအနည်းငယ်မျှသာ အတတ်ပညာကို ရရှိကြပေ တယ်။ အတတ်ပညာ ရှိသောသူ ဆိုသည်မှာ အခြားသူများရဲ့ အခွင့်အရေးများကို ထိပါးချိုးဖောက်မှု မပြုဘဲနှင့် မိမိလိုရာ ဟူဟူသမျှ ရရှိအောင် မိမိစိတ်ဓာတ်ကိုမည်သို့ မည်ပုံ အသုံးချ ရမယ်ဆိုတဲ့ ပညာရပ်များ သင်ကြားတတ်မြောက်ထားသူသာ ဖြစ်ပေတယ်။

## အလုပ်ထဲမှာ ပျော်ရွှင်လျှင်

လူတစ်ယောက်ဟာ သူကြိုက်နှစ်သက်တဲ့ အလုပ်ဆိုရင် အကောင်း ဆုံးဖြစ်အောင် လုပ်ဆောင်ပေလိမ့်မယ်။ ဒါ့ကြောင့် တစ်စုံတစ် ယောက်ရဲ့ ဘဝလမ်းစဉ်အတွက် အဓိကရည်ရွယ်ချက် ထားရှိတဲ့ အခါမှာ မိမိလုပ်ဆောင်ရမယ့် အလုပ်ကို မိမိကိုယ်တိုင် ဝါသနာပါတာကို ရွေးချယ်သင့်တာပေါ့။ လူများဟာ မိမိဘဝ ရပ်တည်နိုင်ရေးအတွက် ဝင်ငွေရှိမှုပဲဆိုတဲ့ အနေနဲ့ တစ်စုံ တစ်ခု သော အလုပ်ကို မိမိကိုယ်တိုင် ကြိုက်နှစ်သက်ခြင်း မရှိဘဲ လုပ်ကိုင်လျှက် လူ့ဘဝ ရေစီးကြောင်းမှာ အထိန်းအကွပ်မဲ့ မျောပါနေရလို့ ရှိရင် ထိုသူမှာ သူ့အလုပ်ကရတဲ့ ငွေကြေးဟာ ရရစားစား ဝမ်းခါးမျှတရုံမျှထက် ပိုမိုရရှိတယ်ဆိုတာ ဟာ



www.burmeseclassic.com

www.burmeseclassic.com



အင်မတန်မှ နည်းပါးပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူ့ဟာသူ အလုပ်ထဲမှာ နက်နက်နဲနဲ ဖျက်မရအောင် စွဲမြဲတဲ့စိတ်ထား မရှိလို့ပါပဲ။ အဲသည် အချက်တစ်ခုဟာ ကျွန်တို့ လူသားများရဲ့ ယဉ်ကျေးမှုမှာ ကြေကွဲ ဝမ်းနည်းစရာ တစ်ခုအဖြစ် တည်ရှိနေတယ်။ ဘာဖြစ်လို့ လဲဆိုတော့ သူ့အကြိုက်အနှစ်သက်ဆုံးဖြစ်တဲ့ အလုပ်အကိုင်မျိုးကိုသာ သူလုပ်နိုင်အောင် နည်းလမ်းတစ်စုံတရာ ရှာမတွေ့ရသေးသောကြောင့်ပါပဲ။ သူဝါသနာပါတဲ့ အလုပ်ကို သာ သူ့စိတ်ကြိုက် လုပ်ဆောင်ရမယ်ဆိုရင် သူ့မှာ အလုပ်အတွက် ပင်ပန်းတယ်၊ စိတ်ဒုက္ခရောက်တယ်ဆိုတာဟာ မရှိနိုင်ပါဘူး။

## လုပ်ငန်းအောင်မြင်သူနှင့် မအောင်မြင်သူ

အောင်မြင်မှု ရရှိတဲ့လူနှင့် မအောင်မမြင် ဖြစ်နေတဲ့ လူနှစ်ဦးရဲ့အကြောင်းအရာများကို မင်းခွဲခြမ်းစိတ်ဖြာပြီး ကြည့်စမ်းပါ။ အောင်မြင်နေတဲ့ လူတွေဆိုတာ သူတို့ဝါသနာပါတဲ့ အလုပ်ကို လုပ်ကိုင်နေတာကို တွေ့ရလိမ့်မယ်။ သူတို့မှာ အလုပ် ချိန် နာရီဆိုတာ မရှိပါဘူး။ အလုပ်ချိန်ဟာ ဘယ်လောက်ကြာကြာ ဒါကို သူတို့ ပမာန မထားဘူး။ အလုပ် လုပ်နေရတာကိုက သူတို့အတွက် အရေးကြီးတဲ့ ပျော်ရွှင်စရာပဲလို့ ယူဆကြတယ်။ အလုပ်လုပ်ရတဲ့အတွက် ပြန်လည်ရရှိမယ့် ဆုလာဘ်ဆိုသည်မှာ အလုပ်လုပ်ရခြင်းကြောင့် ထွက်ပေါ်ရရှိတဲ့ ပျော်ရွှင်မှုပဲ။ ထိုအချက်ဟာ သူတို့အတွက် အရေးအကြီးဆုံးပဲလို့ သူတို့ ယူဆတယ်။

## ချမ်းသာခြင်းအစစ် ရှိတဲ့နေရာ

**တကယ်ကြွယ်ဝချမ်းသာခြင်းဆိုတာ ဝတ္ထုပစ္စည်းများထဲမှာ မရှိပါဘူး။ ထိုဝတ္ထုပစ္စည်းများအား အသုံးချပြီး ပေးဝေခြင်း**



www.burmeseclassic.com

www.burmeseclassic.com



မှာသာ ရှိပါတယ်။ ဒါ့ကြောင့် ကျွန်ုပ်ဟာ ကျွန်ုပ်ပိုင်ဆိုင်တဲ့ ပစ္စည်းများကို စွန့်လွှတ် ပေးဝေလှူဒါန်း နေခြင်းဖြစ်ပါတယ်။ ပေးဝေလှူဒါန်းရာမှာ လူတစ်ဦးစီတစ်ဦးစီအားပေးကမ်း မှာတော့ မဟုတ်ပါဘူး။ လူတစ်ဦး စီတစ်ဦးစီတို့အား မိမိကိုယ် မိမိ အကူညီပေးရေးမှာ စိတ်အားတက်ကြွလာအောင် လုပ်ဆောင်ပေးမယ့် နေရာဌာနများမှတစ်ဆင့်သာ ကျွန်ုပ် ပိုင်ဆိုင်တဲ့ ဝတ္ထုပစ္စည်း ငွေကြေးများကို ပေးလှူမှာဖြစ်တယ်။

## အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်

ရွှေစည်းမျဉ်းဆိုတဲ့ စကားလုံးကို လူများစွာတို့ အဓိပ္ပါယ် ပြန်ဆိုကြတာကတော့ အခြားသူများရဲ့ နေရာမှာ မိမိတို့ကိုယ်တိုင် ဝင်စားကြည့်ပြီး မိမိတို့ မကြိုက်နှစ်သက်တဲ့ အပြုအမူမျိုးကို အခြားသူများအား မပြုကျင့်ဘဲ မိမိတို့အား ပြုကျင့်စေချင်တာမျိုး ကိုတော့ အခြားသူများက မိမိတို့အား မပြုကျင့်မီခင်မှာပဲ မိမိတို့က ရှေးဦးစွာ ပြုကျင့်ပါလို့ ဖြစ်ပေတယ်။

## အလုပ်နဲ့ အပန်းဖြေချင်ရင်

အမှန်ကတော့ ကျွန်ုပ်ရဲ့ စီးပွားရေး အလုပ်ဟာ ကျွန်ုပ်အတွက် အလှပဆုံး ဖြစ်တဲ့ ကစားပျော်ရွှင်စရာလို့ ကျွန်ုပ် ကြည့်မြင်မိတယ်။ အဲသလို အောင်မြင်မှုကို တကယ်မှန်ကန်စွာ ရရှိနေသူတိုင်းဟာလည်း သူတို့အလုပ်ကို သူတို့ ကျွန်ုပ်ကြည့်မြင်သလို ကြည့်မြင်ကြတာပါပဲ။ အကယ်၍ လူတစ်ဦးဟာ ပြင်းပြင်းပျပျ စိတ်အားထက်သန်မှု ရှိခဲ့ရင် သူ့အလုပ်ဟာ သူ့အတွက် 'ရိုကယီးရှင်း' အပန်းဖြေ နားနေမှုကို ဖြစ်စေတယ်။ အလုပ် လုပ်နေရတာကိုပဲ သူဟာ ကြိုက်နှစ်သက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



## တစ်ကိုယ်ကောင်းသမားဆိုတာ

တစ်ကိုယ်ကောင်းသမား မဟုတ်သူဆိုတာ အချိန်ကို ရိုသေလေးစားမှု ရှိပြီး၊ ထိုအချိန်ကို အပြုလုပ်ငန်းများနှင့် တည်ဆောက်မှုလုပ်ငန်းရပ်များမှာသာ အသုံးပြုသူ ဖြစ်တယ်။ တစ်ကိုယ်ကောင်းသမား ဆိုတာကတော့ အချိန်ကို အလေးမပြု၊ ဂရုမထားသူပါဘဲ။ ထိုသူဟာ သူပိုင် အချိန်ကိုရော တခြားသူများရဲ့ အချိန်ကိုပါ မလေးစားတဲ့သူပဲ ဖြစ်တယ်။ ဘယ်သူမှ ဒီလောက ကြီးထဲမှာ မိမိတစ်ဦးတည်းသာ နေထိုင်မှု ပြုပိုင်ခွင့်ဆိုတာ မရှိပါဘူး။ လူသားများရဲ့ ယဉ်ကျေးမှုအရ တစ်နည်းတစ်လမ်း အားဖြင့် လူတိုင်းလူတိုင်းပဲ အခြားသူများရဲ့ အပေါ်မှာ တစ်စုံတစ် ခုသော တာဝန်ဝတ္တရားဟာ ရှိပါတယ်။ သို့သော် များလှစွာသော လူသားတွေဟာ လူ့ယဉ်ကျေးမှုမှ ရရှိတဲ့အခွင့် အရေးများကို မိမိတို့ ကိုယ်ကျိုးအတွက်သာ ရယူလိုကြပြီး မိမိတို့က ပြန်လည်၍ အကျိုးပြုမှုကိုတော့ မပေးအပ်လိုကြဘူး။ အဲသည်ပုံစံအတိုင်း နေသူဟာ အလွန်ကြောက်စရာကောင်းတဲ့ တစ်ကိုယ်ကောင်း သမားပဲ။

ဤကား သံမဏိသူဌေးကြီး အင်ဒရူးကာနက်ဂျီ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးများနှင့် ပတ်သက်သော ဒဿနများပင် ဖြစ်၏။ ယခု ဆက်လက်၍ ဗုဒ္ဓဘာသာ မြန်မာအများစု မကြီးပွားခြင်း၏ ရှစ်ခုမြောက် အကြောင်းကို ရေးဦးအံ့။ ထိုအကြောင်းကား ကိုယ်ထက်သာ မနာလိုဟူသော စိတ်ထားပင် ဖြစ်၏။

ကိုယ့်ထက်သာသူအပေါ် ဝမ်းသာလိုက်လျှင် မုဒိတာဟူသော ကုသိုလ်ဖြစ်၏။ မနာလိုလိုက်လျှင် ဣဿာဟူသော အကုသိုလ် ဖြစ်၏။ အရည်မရ၊ အဖတ်မရတာခြင်း အတူတူ ကုသိုလ်ကိုသာ ယူသင့်၏။



www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ကို မယူသင့်။ ကိုယ့်အောက် နိမ့်သူအပေါ် ကရုဏာ ထားလျှင် ကုသိုလ် ရသလို ကိုယ့်ထက်သာသူအပေါ် ဝမ်းမြောက် လျှင်လည်း ကုသိုလ်ရသည်သာ ဖြစ်၏။

ထူးခြားချက်ကား ကရုဏာထားဖို့အတွက်ဆိုလျှင် ကိုယ့်အိတ်ထဲမှ ငွေကြေး အနည်းနှင့်အများ ထုတ်ရပြီး၊ မုဒိတာထားဖို့အတွက်ကား ဘာမျှ ကုန်စရာ မလိုခြင်းပင် ဖြစ်၏။ သို့သော် မြန်မာအများစုသည် ကုသိုလ်ရတာ ချင်းတူပါလျက် ငွေကုန်၊ ပစ္စည်းကုန်ရသော ကရုဏာကိုထား နိုင်ပြီး ဘာမျှမကုန်သည့် မုဒိတာတရားကို မပွားနိုင်ခြင်းကား အံ့သြစရာပင် ဖြစ်၏။

## ဣဿာကြောင့်သေသော နတ်များ

မနာလိုခြင်းကို ဣဿာ၊ ကိုယ်ရသလို သူတစ်ပါးမရစေလိုခြင်းကို မစ္ဆရိယဟု ခေါ်၏။ ထိုတရားနှစ်ပါးကို လက်ခံသူများသည် ငရဲသို့လည်း ကျရ၏။ ငရဲကလွတ်၍ လူဖြစ်လာလျှင်လည်း ဝေါ်ပြတ်ဆင်းရဲပြီး အထီးကျန် တစ်ယောက်တည်း နေရတတ်၏။ ကိုယ့်ထက်သာလို့ မနာလိုသော ဣဿာတရားသည် ဒေါသနှင့် ယှဉ်သောကြောင့် အလွန်ပူပြင်း၏။ မည်မျှအထိ ပူပြင်းသနည်း ဆိုလျှင် သေသည်အထိ ပူပြင်း၏။ မဃဒေဝ၌ လာ၏။

သူ့၌ပြည့်စုံ၊ စည်းစိမ်ပုံကို၊ မြင်တုံဘိလည်း
မျက်စိစူးဝင်၊ မရှုချင်အောင်၊ ဝမ်းတွင်လှိုက်ဆူ
မငြူစူနှင့်၊ ငြူစူတတ်က၊ နတ်မဟာရာဇ်
ဒေဝါဖြစ်လျက်၊ စင်စစ်လျှင်စော၊ လတ်တလောဖြင့်
မနောပဒေါသိ၊ မည်ရှိစိတ်ဆိုး၊ နတ်အမျိုးတို့
နွမ်းညှိုးခန္ဓာ၊ သေလွယ်စွာ၏။

ဟုဆိုထား၏။ နတ်တစ်ပါးသည် အခြားနတ်တပါး၏ စည်းစိမ်ဥစ္စာ များပြားမှုကို မနာလိုလိုက်သည်နှင့် ချက်ချင်းသေပြီး ငရဲသို့ကျသည် ဟုဆိုလိုခြင်း ဖြစ်၏။ နတ်တို့၏ရုပ်သည် နူးညံ့သိမ်မွေ့သောကြောင့် ဣဿာမီးလောင်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းသေရခြင်း ဖြစ်၏။ လူသားတို့၏ ရုပ်ကား ကြမ်းတမ်းသောကြောင့် ချက်ချင်းကား မသေ။

သို့သော် ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကျောက်ကပ်ရောဂါ စသည်တို့ ဖြစ်ကျန်ခဲ့သည်မှာ ဣဿာကပေးခဲ့သော ဆိုးမွေတွေဖြစ်၏။ မစ္ဆရိယသည် ငါးမျိုး ရှိ၏။ ယင်းတို့မှာ–

၁။ **အာဝါသမစ္ဆရိယ** = အဆောက်အဦးကောင်းကောင်းဖြင့် ကိုယ်သာ နေလိုပြီး အခြားသူများကို မနေစေလိုခြင်း။

၂။ **လာဘမစ္ဆရိယ** = ကိုယ်သာ လာဘ်လာဘ စီးပွားဥစ္စာ ပေါများလိုပြီး အခြားသူများကို မပေါများစေလိုခြင်း။

၃။ **ကုလမစ္ဆရိယ** = ပေးကမ်းထောက်ပံ့နိုင်သော အမျိုးများ၊ ဒကာများ အား အခြားသူများထံ အသွားအလာ မရှိစေလိုခြင်း။

၄။ **ဝဏ္ဏမစ္ဆရိယ** = ကိုယ်ထက်သာသူ၏ ဂုဏ်ကျေးဇူးကို မချီးမွမ်း နိုင်ခြင်း။

၅။ **ဓမ္မမစ္ဆရိယ** = တရားသဘောကို မိမိသိသလို သူတစ်ပါးကို မသိစေ လိုခြင်း။ တို့ပင်ဖြစ်၏။

ထိုငါးမျိုးတို့တွင် အာဝါသမစ္ဆရိယနှင့် သေလျှင် ထိုစွဲလန်းရာ အဆောက် အဦထဲ၌ ဘီလူးသော်လည်းကောင်း၊ ပြိတ္တာသော် လည်းကောင်း ဖြစ်တတ်သည်။ သို့မဟုတ် လောဟကုမ္ဘိငရဲသို့ ကျတတ်သည်။ လာဘမစ္ဆရိယ နှင့်သေလျှင် ဘီလူးသော်လည်းကောင်း၊ ပြိတ္တာသည်လည်းကောင်း ဖြစ်တတ်သည်။ သို့မ ဟုတ် ဘင်ပုပ်ငရဲသို့ ကျတတ်သည်။

ကုလမစ္ဆရိယကြောင့် ယခုဘဝမှာပင် သွေးအန်ပြီး သေရတတ်သည်။ ဖြစ်ရာဘဝတွင် လာဘ်လာဘ ရှားပါးတတ်သည်။ ဗုဒ္ဓလက်ထက်က ဘုရား အမည်ခံ သိဋ္ဌည်းဆရာကြီးနှင့် နိဂဏ္ဌနာဋ္ဌပုတ္တ တိတ္ထိဆရာကြီးနှစ်ဦးသည် သူတို့၏ လက်ရင်း တပည့်များ ဗုဒ္ဓ၏သာဝကဖြစ်သွားသောအခါ ကုလ



www.burmeseclassic.com

www.burmeseclassic.com



မဇ္ဈိမရိယ နှိပ်စက်မှုကြောင့် သွေးအန်ပြီး သေကြရ၏။

ဝဏ္ဏမဇ္ဈိမရိယကြောင့် ဖြစ်ရာဘဝတွင် အဆင်းမလှခြင်း ဖြစ်တတ်ပြီး၊ ဓမ္မမဇ္ဈိမရိယကြောင့် ဖြစ်ရာဘဝတွင် ဆွံ့အခြင်း ဖြစ်တတ်သည်။ ဓမ္မဒသနလေး တစ်ခုရှိ၏။ ရဟန္တာတိုင်းလည်း ဘုန်းမကြီး၊ ဘုန်းကြီးတိုင်းလည်း ရဟန္တာ မဟုတ်ဟူသော ဒဿနလေးပင် ဖြစ်၏။ အရင်က ရဟန်းတစ်ပါး ဘုန်းသိပ်ကြီးလျှင် ရဟန္တာဟုပင် ထင်တတ်၏။

အမှန်ကား ပုထုဇဉ်ဖြစ်သော်လည်း ဒါနရှိခဲ့လျှင်၊ ဣဿာ, မစ္ဆရိယကင်းခဲ့လျှင် ဘုန်းကြီးသည်သာ ဖြစ်၏။ ရဟန္တာဖြစ်သော်လည်း ဣဿာ, မစ္ဆရိယ အားကြီးခဲ့သူများကား ဘုန်းကြီးဖို့ နေနေသာသာ ဆွမ်းပင် နပ်မှန်အောင် မဘုဉ်း ပေးရဘဲ ပရိနိဗ္ဗာန်စံသွားသော ရဟန္တာများစွာ ရှိခဲ့၏။ သာဓကကား– ဓမ္မပဒအဋ္ဌ ကထာ၌ လာရှိသော 'လောသကတိဿမထေရ်' ပင်ဖြစ်၏။ '

ထိုမထေရ်သည် ဘဝတစ်ခုက ကျောင်းထိုင်ဘုန်းကြီးတစ်ပါး ဖြစ်ခဲ့၏။ ကျောင်းတွင် ခေတ္တလာတည်းခိုသော ရဟန္တာတစ်ပါး အပေါ်တွင် ဣဿာ, မစ္ဆရိယ ဖြစ်ကာ ကျောင်းဒကာက ရဟန္တာအတွက် ထည့်ပေး လိုက်သော ဆွမ်းနှင့် ဟင်းများကို လမ်းမှာ သွန်ပစ်ခဲ့၏။ ထိုအကုသိုလ်ကြောင့် သေသော အခါ ငရဲ၌ နှစ်ပေါင်းများစွာ ခံရ၏။

ငရဲမှ လွတ်သောအခါ ခွေးဘဝငါးရာ ဖြစ်၏။ လေးရာကိုးဆယ့်ကိုး ဘဝမှာ ငတ်သေရ၏။ တစ်ဘဝတွင်သာ တစ်ကြိမ်သာ ဝမ်းဝအောင် စားရ၏။ ထိုအစာကား အရက်သမားတို့၏ အန်ဖတ်များပင်တည်း။ ထိုဘဝမှ သေသောအခါ ဘီးလူးဘဝ ငါးရာ ဖြစ်ရ၏။ လေးရာကိုးဆယ့်ကိုး ဘဝမှာ ငတ်သေရ၏။ တစ်ဘဝတွင် တစ်ကြိမ်သာ ဝမ်းဝအောင် စားရ၏။ ထိုအစာကား အမျိုးသမီးတစ်ဦး၏ ကိုယ်ဝန် အညစ်အကြေးများပင်တည်း။

ထိုဘဝမှ သေသောအခါ 'မိတ္တဝိန္ဒက' အမည်ရှိသော အမျိုးသား သွားဖြစ်၏။ သူ့မိဘများနှင့် ဆရာများပါ သူ့ကြောင့် ငတ်ပြတ်ဆင်းရဲသောဒဏ်



www.burmeseclassic.com

www.burmeseclassic.com



ကို ခံကြရ၏။ ထိုဘ၀မှ သေသောအခါ ယခုဘုရား သာသနာတွင် လူလာဖြစ်၏။ သူသန္ဓေတည်ရာ အိမ်ခြေတစ်ထောင်ရှိသည့် ရွာကြီးသည် သူသန္ဓေတည်သော နေ့မှ စ၍ ငတ်ပြတ်ဆင်းရဲကြရ၏။

မီးခုနစ်ကြိမ်လောင်၏။ ရေခုနစ်ကြိမ် မျော၏။ မင်းဒဏ်ခုနစ်ကြိမ် သင့်၏။ ထိုအခါ အကြီးအမှူးပုဂ္ဂိုလ်က အိမ်ခြေကို ငါးရားစီခွဲပြီး နေစေ၏။ ထိုအခါ သူမပါသော အိမ်ခြေငါးရာက စီးပွားရေး အဆင်ပြေသွားပြီး သူပါသော အိမ်ခြေ ငါးရာက ဆက်ငတ်မြဲငတ်၏။ ထို့ကြောင့် နှစ်ရာ့ငါးဆယ်စီ ထပ်ခွဲရာ ရေးနည်းတူ သူမပါသောဘက်က အဆင်ပြေသွားပြီး၊ သူပါသော ဘက်က ဆက်ငတ်ပြန်၏။

## ရဟန္တာဖြစ်လျက် ဆွမ်းမစားရခြင်း

ထိုကဲ့သို့ တစ်ဆင့်ပြီးတစ်ဆင့် ခွဲရာ သူတို့မိသားစုသာ ကျန်တော့၏။ ထိုအခါ ဖခင်ဖြစ်သူသည် လူယုတ်မာကို သန္ဓေလွယ်ထားသူအား မပေါင်းနိုင်ဟုဆိုကာ သူ့ကို ကိုယ်ဝန်ဆောင်ထားသော မိခင်အား ပစ်သွားလေ၏။ မိခင်သည် ငြိုငြင်ပင်ပန်းစွာ သူ့ကို မွေးဖွားရ၏။ နာမည်ကို 'လောသကတိဿ' ဟုအမည် ပေး၏။

မနာလိုခြင်း ဣဿာနှင့်၊ ဝန်တိုခြင်း မစ္ဆရိယပါခဲ့သောကြောင့် ထိုကလေး ငယ်ကို ပွေ့ချီယူသွားပြီး တောင်းရမ်းလျှင် ပေးမည့်သူ တစ်ယောက်မျှ မရှိပေ။ ကလေးကို တော်ရာတွင် ချထားပြီး သွားတောင်းရမ်းမှသာလျှင် ပေးမည့်ကျွေးမည့်သူ ရှိသောဟူ၏။ သူခုနစ်နှစ် အရွယ် ရောက်သော အခါ မိခင်သည် သူ့လက်ထဲတွင် တောင်းစားစရာ အိုးခြမ်းပဲ့ကလေးတစ်ခု ထည့်ပေးပြီး ထွက်ပြေးသွားရှာ၏။

လောသကတိဿသည် သာဝတ္ထိမြို့ထဲတွင် လှည့်လည်တောင်းသော်လည်း ဣဿာ, မစ္ဆရိယစေတက်ခံကြောင့် ပေးမည့်ကျွေးမည့်သူ တစ်ယောက်မျှ မရှိပေ။ အိမ်နောက်ဖေးတွင် အိမ်ရှင်မများ လွှမ်းပက်ထားသော အိုးဆေးရေ၊ ခွက်ဆေးရေများထဲမှ ထမင်းစေ့ကလေးများကို တစ်စေ့ချင်း လိုက်ကောက်စား



www.burmeseclassic.com

www.burmeseclassic.com



ကာ အသက်ဆက်ရရှာ၏။

သာမန်ပုဂ္ဂိုလ်ဆိုလျှင် ဝေတ်ပြီး သေရမည်ဖြစ်၏။ သူကား ရဟန္တာဖြစ်ရမည့် ကံကြောင့် အသက်မသေရခြင်း ဖြစ်၏။ တစ်ရက်တွင် အရှင်သာရိပုတ္တရာက တွေ့ပြီး ရှင်သာမဏေ ဝတ်ပေးလိုက်၏။ ထိုမှတစ်ဆင့် ရဟန်းဘဝသို့ရောက်ကာ ရဟန္တာပင် ဖြစ်သွားလေ၏။ ရဟန္တာ ဖြစ်သွားသော်လည်း ဆွမ်းကား တစ်နပ်မျှ ဝအောင်မစားရပေ။

ရဟန်းငါးရာ အတူတူ ဆွမ်းခံစီတန်းကြွရာ၌ သူ့အလှည့်ရောက်လျှင် ဆွမ်းလောင်းမည့်သူ၏ ဆွမ်းအုပ်ထဲမှ ဆွမ်းများသည် ပျောက်သွားကြ၏။ သူ့အလှည့် ကျော်ပြီး နောက်တစ်ပါးအလှည့်ရောက်မှ ဆွမ်းအုပ်ထဲမှ ဆွမ်းများသည် ပြန်ပေါ် လာကြ၏။ ထိုကဲ့သို့သော နည်းဖြင့် 'လောသကတိဿမထေရ်' ရဟန္တာဖြစ်သော်လည်း ဆွမ်းတစ်နပ်မှ ဝအောင် မဘုဉ်းပေးရခြင်း ဖြစ်၏။

အာဟာရ မမျှတမှုကြောင့် လောသကတိဿမထေရ်သည် အသက်အရွယ် ငယ်ငယ်မှာပင် ပရိနိဗ္ဗာန် စံရမည့်နေသို့ ရောက်ခဲ့၏။ အရှင်သာရိပုတ္တရာသည် သူ့တပည့်ကို ပရိနိဗ္ဗာန်စံမည့်နေတွင် ဆွမ်းတစ်နပ်တော့ ဝအောင် ဘုဉ်းပေးသွားရပါစေဟူသော စေတနာဖြင့် လောသကတိဿမထေရ်ကို ခေါ်ကာ နှစ်ပါးအတူ ဆွမ်းခံ ကြွသွားကြ၏။

အံ့သြစရာ ကောင်းပေစွ။ လောသကတိဿမထေရ် ပါသောကြောင့် အဂ္ဂသာဝကဖြစ်သော အရှင်သာရိပုတ္တရာကိုပင် ဆွမ်းလောင်းမည့်သူ တစ်ယောက်မျှ မရှိတော့ပေ။ ထို့ကြောင့် လောသကတိဿမထေရ်ကို ကျောင်းပြန်ခိုင်းပြီး တစ်ပါးတည်း ဆွမ်းခံကြွရ၏။ တစ်ပါးတည်း ပြန်ကြွသောအခါတွင်ကား လောင်းလှူမည့်သူများ ပုံထပ်နေ၏။

အရှင်သာရိပုတ္တရာက ကျောင်းသို့ ဆွမ်းစားအမိ ပြန်ကြွမည်ပြုရာ



www.burmeseclassic.com

www.burmeseclassic.com



ဒကာ,ဒကာမများက အိမ်မှာပင် ဆွမ်းဘုဉ်းပေးခိုင်းပြီး လောသကတိဿ မထေရ်အတွက် သပိတ်ထဲတွင် ဆွမ်းများ၊ ဟင်းများထည့်၍ ဒကာတစ်ယောက်အား ကျောင်းသို့ အပို့ခိုင်းလိုက်၏။ ဒကာသည် လောသကတိဿမထေရ်ကို မေ့လျော့ကာ ဆွမ်းခဲဖွယ်များကို လမ်းမှာပင် စားပစ်လိုက်၏။

အရှင်သာရိပုတ္တရာ ကျောင်းသို့ ပြန်ရောက်သောအခါ ဆွမ်းစားကျောင်းထဲတွင် တစ်ပါးတည်း ထိုင်စောင့်လျက်ရှိသော လောသကတိဿ မထေရ်ကို တွေ့ရသဖြင့် မေးကြည့်ရာ မစားရသေးကြောင်းကို သိသွား၏။ နေကို ကြည့်သောအခါ မွန်းလွဲသွားပြီ ဖြစ်ကြောင်း တွေ့ရ၏။ ထို့ကြောင့် အမြန်သက်နှံ့ရုံကာ သပိတ် ပိုက်ပြီး ကောသလမင်းကြီး၏ နန်းတော်ထဲသို့ သွားရပ်၏။

မွန်းလွဲနေပြီ ဖြစ်သောကြောင့် ကောသလမင်းကြီးက ညပိုင်းတွင် သုံးဆောင် မှီဝဲရသော စတုမဓုဆေးများကို လောင်းလှူလိုက်၏။ မထေရ်မြတ်ကြီးသည် အလျင်အမြန် ပြန်ကြွလာကာ စတုမဓုသပိတ်ကို ပိုက်ထားပြီး လောသက တိဿမထေရ်အား လက်ဖြင့်နှိုက်ယူကာ ဘုဉ်းပေးစေ၏။ လောသကတိဿမထေရ်လက်ထဲ သပိတ်ကိုထည့်ပေး လိုက်လျှင် စတုမဓုများ ပျောက်သွားမည် စိုးသောကြောင့် ကိုယ်တော်တိုင် သပိတ်ကို ပိုက်ထားခြင်း ဖြစ်၏။

ထိုစတုမဓုကို ဘုဉ်းပေးပြီး ပရိနိဗ္ဗာန် ဝင်စံရ၏။ ထို့ကြောင့် ရဟန္တာ ဖြစ်တိုင်းလည်း ဘုန်းမကြီး၊ ဘုန်းကြီးတိုင်းလည်း ရဟန္တာမဟုတ်' ဟုဆိုရခြင်း ဖြစ်၏။ မြန်မာအချင်းချင်း တိုးတက်ကြီးပွားအောင် ကူညီ စောင့်မနိုင်ကြပါစေ။

မွေးမည့်မွေးလျှင် ကြက်များ၊ ဘဲများကိုသာ မွေးသင့်၏။
မနာလိုသောစိတ်နှင့် ဝန်တိုသောစိတ်ကို မမွေးသင့်။
အကုသိုလ် ဖြစ်တာချင်း အပါယ်ကျတာချင်း တူသော်



www.burmeseclassic.com

www.burmeseclassic.com



**လည်း ကြက်များ၊ ဘဲများ မွေးခြင်းက ကြက်ဥဘဲဥ စားပြီးမှ အပါယ်ကျရ၏။ မနာလိုခြင်းနှင့် ဝန်တိုခြင်းကို မွေးမြူသူကား ဘာမျှမစားရဘဲ အပါယ်ကျရသောကြောင့် တည်း။**

နောင်ရင်းညီရင်း၊ နှယ်မကင်းသော၊ သားချင်းမျိုးဖော်၊ အကျော်ထင်ရှား၊ ဆွေတော်များကို တရားမပျက်၊ မေတ္တာဆက်၍၊ မဖျက်ဆီးမှု၊ ချီးမြှောက်ပြုလော့၊ သူကိုယ်ချီး မြှောက်၊ ကိုယ့်ဂုဏ်မြှောက်၏၊ ယှဉ်းဖောက်အလို၊ ဝန်မတိုနှင့်၊ သူကိုယ်ဂုဏ်နှိမ့်၊ ကိုယ်ဂုဏ်နှိမ့်၏။

(မဃဒေဝ)

ဣသာ, မစ္ဆေ၊ နှစ်ထွေဟိန၊ ထိုဓမ္မတို့၊ ကျရောက်ကိန်းခို၊ ယင်းပုဂ္ဂိုလ်ကား၊ ထိုဤကာလ၊ ဘဝအစဉ်၊ မရကောင်းကျိုး၊ မတိုးဂုဏ်သိမ်၊ အရှိန်မဲ့ကင်း၊ ဆင်းရဲတွင်းသို့၊ သက်ဆင်း တတ်ပေ၊ သို့ဖြစ်ထွေကြောင့် အရှည်မျှော်ထောက်၊ ဆင်းရဲ ကြောက်၍၊ အောက်အပါယ်ဝင်၊ ကင်းလိုလတ်သော်၊ သတ္တု ရန်နှစ်၊ ဆိုးအညစ်ကို၊ အရစ်အရဲ၊ ပူးမခံဘဲ၊ တွန်းလှန် ပယ်ခွင်း၊ ပြုထိုက်လျှင်းသည်၊ အတွင်းရန်သူပါတကား။ မင်းရန်သူပါတကား။ ။

(ရွှေဟင်္သာတောရ စတုတ္ထစံကျောင်းဆရာတော်)

■



www.burmeseclassic.com

www.burmeseclassic.com



## သင့်အလိုဆန္ဒအတိုင်းသာ

မိသားစုကို ထောကပံ့ကြွေးမွေဖို့လောက် ရည်ရွယ်၍ ရှာဖွေလျှင် မိသားစုကို ထောက်ပံ့ကျွေးမွေးဖို့လောက်သာရမည်။ ဆွေမျိုးသားချင်း အားလုံးကို ထောက်ပံ့ကျွေးမွေးဖို့လောက် ရည်ရွယ်၍ ရှာဖွေလျှင် ဆွေမျိုးသား ချင်းအားလုံးကို ထောက်ပံ့ကျွေးမွေးဖို့လောက် ရမည်။ နိုင်ငံသားအားလုံးကို ထောက်ပံ့ကျွေးမွေးဖို့လောက် ရည်ရွယ်၍ ရှာဖွေလျှင်၊ နိုင်ငံ သားအားလုံးကို ထောက်ပံ့ကျွေးမွေးဖို့လောက်သာရမည်။ လူသား အားလုံးကို ထောက်ပံ့ကျွေးမွေးဖို့ ရည်ရွယ်၍ ရှာဖွေလျှင် လူသားအားလုံးကို ထောက်ပံ့ကျွေးမွေးဖို့ ရမည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

### ခေါင်းဆောင်စိတ်

ဗုဒ္ဓဘာသာမြန်မာ အများစု မကြီးပွားခြင်း၏ ဆယ်ခုမြောက်အကြောင်းသည် ခေါင်းဆောင်စိတ် နည်းပါးခြင်း ဖြစ်၏။ ခေါင်းဆောင်စိတ်နှင့် နောက်လိုက်စိတ်ကို ခွဲခြား၍ မှတ်သားအပ်၏။

**မခိုင်းဘဲ လုပ်ခြင်း၊ အလုပ်ကို များများလုပ်ပြီး အခွင့်အရေးကို နည်းနည်းယူခြင်းသည် ခေါင်းဆောင်စိတ်။**

**ခိုင်းမှ လုပ်ခြင်း၊ အလုပ်ကို နည်းနည်းလုပ်ပြီး အခွင့်အရေးကို များများ ယူခြင်းသည် နောက်လိုက်စိတ်။**

ရုပ်သည် စိတ်၏နောက်သို့ လိုက်မြဲဖြစ်၏။ ထို့ကြောင့် ခေါင်းဆောင်စိတ်ရှိသူသည် ခေါင်းဆောင် ဖြစ်ရပြီး နောက်လိုက်စိတ် ရှိသူသည် နောက်လိုက်သာ ဖြစ်ရ၏။ လောကကို ကောင်းကျိုးပြုသော သီးပင်၊ စားပင်၊ သစ်ပင်များကို သေချာ ပြုစု စိုက်ပျိုးယူရသလို သခင်စိတ်၊ ခေါင်းဆောင်စိတ်ကိုလည်း သေချာ လေ့ကျင့် ပျိုးထောင်ယူမှ ရ၏။

လောကကို ကောင်းကျိုးမပြုသော မြက်၊ ခြုံပုတ် စသော အပင်များကို သေချာစိုက်ပျိုးစရာ မလိုသလို ကျွန်စိတ်၊ နောက်လိုက်စိတ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သေချာ လေ့ကျင့်ပျိုးထောင်စရာ မလိုပေ။ သီးပင်၊ စားပင်သည် အခန့်မသင့်၍ မြက်ထဲ ခြုံထဲပေါက်ရသော်လည်း ခဏသာဖြစ်၏။ တန်ဖိုးသိသူ တွေ့မြင်သွားသည်နှင့် သေချာတူးယူကာ နေရာကောင်းတွင် ကောင်းမွန်စွာ စိုက်ပျိုးခြင်းကို ခံယူရ၏။

ထို့အတူ ခေါင်းဆောင်စိတ် ရှိသူသည် အခိုက်အတန့်အရ နောက်လိုက်နေရာတွင် နေရသော်လည်း တန်ဖိုးသိသူနှင့် တွေ့သောအခါ ခေါင်းဆောင်နေရာသို့ ရောက်ရမြဲဖြစ်၏။ မြက်ပင်၊ ခြုံပင်သည် ကံစွတ်၍ သေချာပြုပြင်ထားသော နေရာကောင်းတွင် ပေါက်ရောက်ရသော်လည်း ခဏသာဖြစ်၏။

ဥယျာဉ်မှူးများ၊ ခြံပိုင်ရှင်များ တွေ့သည်နှင့် နုတ်ယူပြီး မီးရှို့ ဖျက်ဆီးခြင်းကို ခံရ၏။ ထို့အတူ နောက်လိုက်စိတ် ရှိသူသည် ကြက်ကန်း ဆန်အိုးတိုးသည့်အနေဖြင့် ခေါင်းဆောင်နေရာတွင် ရောက်နေရသော်လည်း ခဏသာဖြစ်၏။ ခေါင်းဆောင်စိတ်ရှိသူ ရောက်လာသည်နှင့် နောက်တန်းသို့ လျှောကျသွားရ၏။ 'နောက်လိုက်ကောင်းစား တမွန်းတည့်' ဟုပင် စကားပုံတစ်ခုကို တိုးနိုင်ပါ၏။

မြန်မာ အများစုသည် ခေါင်းဆောင်စိတ် နည်းပါးကြ၏။ ထို့ကြောင့် အင်္ဂလိပ်၏ နောက်လိုက်ဘဝဖြင့် နှစ်တစ်ရာကျော် နေခဲ့ရခြင်း ဖြစ်၏။ နယ်ချဲ့လက်မှ လွတ်လပ်ရေးရရန် အသက်ပေါင်းများစွာ စွန့်လွှတ်၍ တိုက်ပွဲဝင်ခဲ့ကြသည် ကိုကား ချီးကျူးရမည်ဖြစ်၏။ သို့သော် လွတ်လပ်ရေး ရသည်နှင့် နိုင်ငံပြိုကွဲလုနီးပါးဖြစ်အောင် အာဏာလုကြသည်ကိုကား ဝိုင်းဝန်းရှုတ်ချရမည် ဖြစ်၏။

ဘုရင်နေရာ၊ သမ္မတနေရာကို လက်ခံခြင်းသည် နိုင်ငံ တိုးတက် ကြီးပွားရာ ကြီးပွားကြောင်း အလုပ်များကို လုပ်ဖို့ တာဝန်ကြီး တစ်ခုကို ရယူလိုက်ခြင်းသာ ဖြစ်၏။ လူ့ဘဝတွင် အကြီးဆုံး စည်းစိမ် ချမ်းသာကြီး တစ်ခုကို ရယူလိုက်ခြင်းဟု သဘောမထားသင့်ပေ။ တာဝန်သည် 'အဓိက'၊ မင်းစည်းစိမ် ချမ်းသာသည် 'သာမည'သာ။

ထိုကဲ့သို့ မှန်ကန်သော အယူအဆမရှိဘဲ မင်းစည်းစိမ် ခံစားဖို့



www.burmeseclassic.com

www.burmeseclassic.com



သည် အဓိက၊ တာဝန်သည် သာမညနေရာ ရောက်သွား သောကြောင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါလျက်၊ မြန်မာသမိုင်းတွင် ဖခင်ကိုသတ်၍ မင်းအဖြစ်ကို ရယူသော သားမိုက်များ ပေါ်ထွန်း ခဲ့ခြင်းဖြစ်၏။ မင်းကိုသတ်၍ မင်းအဖြစ်ကို ရယူနေကြသော ခေတ်ကြီး တွင် ပေးအပ်လာသော ဘုရင်ရာထူးကို ငြင်းပယ်ရဲသော မြို့စား၊ မင်းသား အချို့လည်း ပေါ်ထွန်းခဲ့ဖူး၏။'

## အာဏာထက် နိုင်ငံကိုပိုချစ်သော သီလဝ

အင်းဝဘုရင် သတိုးမင်းဖျား နယ်စွန်နယ်ဖျားတွင် နတ်ရွာစံသော အခါ ဘုရင်၏ နောင်တော်ဖြစ်သော ရမည်းသင်းမြို့စား သီလဝကို ဘုရင် ရာထူးလက်ခံရန် မှူးကြီးမတ်ရာ သေနာပကိတို့က လာရောက်လျှောက် ထားကြ၏။ ထိုအခါ သီလဝက 'ငါနှင့် မင်းနေရာ မသင့်တော်၊ စော်ကဲ ကိုသာ မင်းမြှောက်လေ' ဟု ပြတ်သားစွာ မိန့်ကြားခဲ့၏။

သီလဝသည် ဆက်ဆံပေါင်းသင်းရေး မတတ်။ တစ်သက်လုံးနေမှ သုံးခါသာ ပြုံးဖူး၏။ စစ်တိုက်ကား ကောင်းပါ၏။ အင်းဝ၏ အန္တရာယ်၊ ရန်စွယ် များကို မကြာခဏ ပိုင်နိုင်စွာ တိုက်ခိုက် နှိမ်နင်း ကာကွယ်ပေးဖူး၏။ သို့သော် ဘုရင်နေရာသည် တိုက်ခိုက်ရေးတစ်ခုနှင့် မလုံလောက်။ စီးပွားရေး၊ လူမှုရေး၊ ဆက်ဆံများပါ လိုအပ်၏။

သူ့အုပ်ချုပ်သည်ထက် စော်ကဲမင်း အုပ်ချုပ်သည်က တိုင်းပြည် ပိုမို တိုးတက်နိုင်သည်ကို သီလဝက သိ၏။ ထို့ကြောင့် သူကိုယ်တိုင် စော်ကဲအား မင်းအဖြစ်တင်ရန် အကြံပြုခဲ့ခြင်း ဖြစ်၏။ သူထင်သည့် အတိုင်းပင် မင်းကြီးစော် ကဲသည် အင်းဝပြည်ကြီး သာယာဝပြောအောင် အုပ်ချုပ်နိုင်ခဲ့၏။

'သီလဝကား ဘုရင် အဖြစ်ကို အမြင့်ဆုံး စည်းစိမ်ချမ်းသာ ခံစားသော နေရာဟု မသတ်မှတ်ဘဲ၊ အကြီးဆုံး တာဝန်ထမ်းဆောင်သော နေရာဟု ယူဆခဲ့၏။ တစ်နည်း အားဖြင့် မင်းအာဏာထက် နိုင်ငံကို ပိုချစ်ခဲ့ခြင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သီလဝကား အလုပ်ကို အများကြီးလုပ်ပြီး အခွင့်အရေးကို အနည်းငယ်သာယူသော ခေါင်းဆောင်စိတ် ရှိသူပင် ဖြစ်၏။

မြန်မာဘုရင် အဆက်ဆက်သာ ထိုကဲ့သို့သော ခေါင်းဆောင်စိတ်မျိုး မွေးမြူ ခဲ့ကြမည်ဆိုလျှင် ကမ္ဘာ့သမိုင်းသည် ပြောင်းပြန် လန်သွားမည်ဖြစ်၏။ အင်္ဂလိပ်က မြန်မာကို လာမသိမ်းနိုင်ဘဲ မြန်မာတွေကသာ အင်္ဂလန်ကို သွားသိမ်းနိုင်မည် ဖြစ်၏။' ခေါင်းဆောင်စိတ်ရှိသဖြင့် နောက်လိုက်ဘဝမှ ခေါင်းဆောင် ဖြစ်သွားကြ သူများကို မှတ်သားမိသမျှ ဖော်ပြအံ့။

## ပဲရော့ဦးဆန်နီ၏ ခေါင်းဆောင်စိတ်

၁၉၃၄ ခုနှစ် မရောက်မီ ဆယ်နှစ်ကျော် ဝန်းကျင်ကပင် ဖြစ်၏။ ဝန်ထမ်းပေါင်း များစွာရှိသော ရန်ကုန်မြို့ ဌာနကြီးတစ်ခုအတွင်း၌ ရုတ်တစ်ရက် လေပြင်းကျရောက်လာသဖြင့် ဝန်းထမ်းများမှာ ကိုယ့်အလုပ်ကိုယ် ဆက်မလုပ်နိုင်ဘဲ မျက်နှာကို လက်ဖြင့်အုပ်ကာ အခြေအနေကို စောင့်ကြည့်နေလျက်ရှိ၏။

လေပြင်းဒဏ်ကြောင့် ပေါက်ချိတ် ချိတ်မထားသော ပြူတင်းပေါက်များသည် တိုက်နံရံကို တဒိုင်းဒိုင်း ရိုက်လျက်ရှိသလို ဖုန်များ၊ သဲများ၊ အမှိုက်သရိုက်များမှာလည်း တိုက်ခန်းကြီးအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်လျက်ရှိ၏။

ထိုအချိန်မှာပင် အသက်နှစ်ဆယ်ကျော်ခန့်ရှိ အောက်တန်း စာရေးကလေးတစ်ယောက်သည် မည်သူမျှ မခိုင်းရဘဲ ပြူင်းပေါက်များကို တစ်ပေါက်ပြီးတစ်ပေါက် လိုက်လံပိတ်နေ၏။ ပြူတင်းပေါက်များ ပိတ်ပြီး သောအခါ ဖုန်များ၊ သဲများ၊ အမှိုက်သရိုက်များ မဝင်နိုင်ဘဲ ရပ်တန့်သွား လေ၏။

ထိုအခါကျမှ မောင်ဆန်နီက တံမျက်စည်းတစ်ချောင်းကို ယူကာ ဖုန်များ၊ သဲများ၊ အမှိုက်သရိုက်များ လှဲကျင်း သန့်ရှင်းပစ်လိုက်၏။ မောင်ဆန်နီအား ထိုအလုပ်များကို လုပ်ရန် မည်သူကမျှ စေခိုင်းခြင်း မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးများကို မျက်နှာလုပ်ရန်လည်း ရည်ရွယ်ချက်မရှိပေ။ ပြူတင်း တံခါးများ မကွဲစေလိုသောစိတ်၊ ဝန်ထမ်းများ ချမ်းသာစွာ အလုပ်လုပ် စေလိုသော စေတနာကြောင့် ထလုပ်ပေးခြင်း ဖြစ်၏။

ခေါင်းဆောင်စိတ်ကြောင့် ထလုပ်ခြင်းဟုလည်း ဆိုနိုင်၏။ နှစ်ကုန်၍ ရာထူးများ အသီးသီးတက်ပေးသောအခါ အောက်တန်း စာရေးကလေး မောင်ဆန်နီသည် ထိုဌာနမှ မြင့်မားသော ရာထူးတစ်ခုကို ရရှိသွား၏။ သူ့ထက် လုပ်သက်ရင့်သော ဝန်ထမ်းများကို ကျော်တက်၍ ထို ရာထူးကို ရရှိခြင်း ဖြစ်၏။

ထိုဌာနကြီးတွင် မောင်ဆန်နီထက် ပညာတတ်သူ၊ လုပ်သက်ရင့်သူ အများအပြား ရှိပါလျက် သူတို့အားလုံးကို ကျော်တက်ပြီး အမြင့်ဆုံး ရာထူးကို ရရှိခြင်းမှာ ခေါင်းဆောင်စိတ်ကြောင့်ပင် ဖြစ်၏။ ထိုမှတစ်ဆင့် ဆက်လက် ကြိုးစားရာ 'ပဲရော့ရုပ်ရှင်' ကုမ္ပဏီပိုင် သူဌေးကြီးဘဝသို့ ရောက်ခဲ့ရ၏။

ဆရာကြီး ပီမိုးနင်းကို အယ်ဒီတာခန့်၍ ဂျာနယ်တစ်စောင်ကိုလည်း အောင်မြင်စွာ ထုတ်ဝေ ဖြန့်ချိခဲ့သည်။ ဂျာနယ်အမည်မှာ 'လမ်းညွှန် ဂျာနယ်' ဟူ၍ ဖြစ်၏။ သူဌေးဖြစ်သော အခါတွင်လည်း အလှူအတန်းကို ရက်ရောစွာ ပြု၏။ သို့သော် 'ပကာသနဒါန' မပါ။ တကယ်လိုအပ်သော နေရာများ တွင်သာ ပုံအော၍ လှူတတ်၏။

ဥပမာအားဖြင့် ဆောင်းတွင်းရောက်လျှင် ဆင်းရဲသား ရပ်ကွက်များ သို့ ကိုယ်တိုင်ဆင်း၍ စောင်အကောင်းစားများကို ကားနှင့်တိုက်ကာ အိမ်ပေါက်စေ့ လှူဒါန်းပေးတတ်သည်။ သူ့ဘဝတိုးတက်မှုတွင် စာပေဗဟုသုတ ရှိမှုသည် အရေးပါသော အကြောင်းတစ်ခု ဖြစ်ခဲ့ဟန် ရှိ၏။

အဘယ့်ကြောင့် ဆိုသော် စာပေနှင့် ပတ်သက်လျှင် သူမတူအောင် လှူဒါန်းတတ်သောကြောင့်ဖြစ်၏။ စာရေးဆရာများ အဖွဲ့ချုပ်ရုံး နေရာ လိုအပ်လျက် ရှိစဉ် ဦးဆန်နီက သူပိုင်တိုက်နှင့် ခြံတစ်ခြံကို အလကား နီးပါး ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့၏။ လွန်ခဲ့သော နှစ်ပေါင်း ရှစ်ဆယ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ကပင် ထိုတိုက်နှင့် ခြံသည် ငါးသောင်းကျော်ခန့် တန်ဖိုးရှိ၏။

သူဌေးတစ်ဦးသို့ ထိုဈေးနှင့် ရောင်းရန် ပြောထားပြီးလည်း ဖြစ်၏။ ထိုအချိန်က စာရေးဆရာများသည် အဖွဲ့ချုပ်ရုံးအတွက် ခြံဝယ်ရန် ရံပုံငွေရှာကြရာ နှစ်သောင်းခန့်သာ ရရှိ၏။ ဦးဆန်နီက ထိုငါးသောင်းကျော်ခန့် တန်သောတိုက်နှင့် ခြံကို တစ်သောင်းရှစ်ထောင်ဖြင့် ရောင်းချပေးခဲ့၏။

ဦးဆန်နီသည် လူငယ်များအပေါ်တွင် အလွန်စေတနာထား၏။ သူ့အလုပ် တိုက်၏ အောက်ထပ်တွင် စာကြည့်တိုက်တစ်တိုက် ဖွင့်ထား၏။ အခမဲ့ ကြိုက်သလို ငှားရမ်းကြည့်ရှုနိုင်၏။ သူကိုယ်တိုင် စာဖတ်၍ တိုးတက်လာခြင်း ဖြစ်သောကြောင့် လူငယ်များကို စာဖတ်စေချင်၍ စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခြင်း ဖြစ်သည်။

## ဦးဆန်နီ၏ စေတနာ

လူငယ်များ အပေါ်တွင် ထားသော ဦးဆန်နီ၏ စေတနာကို မြင်သာရန် အတွက် ၁၉၆၃ ခုနှစ်ဝန်းကျင်က ထုတ်ဝေခဲ့သော 'စာဝက်ပါ' စာအုပ်မှ ငွေဥဒေါင်း၏ ကိုယ်တွေ့တစ်ခုကို သူရေးသားသည့်အတိုင်း ထုတ်ပြလိုက်ပေသည်။

"ပဲရော့ဦးဆန်နီ၏ လမ်းညွှန်ဂျာနယ်တွင် ဆရာပီမိုးနင်း အယ်ဒီတာလုပ်သောအခါ ကျွန်တော်သည် မကြာခဏဆိုသလို ရောက်ရှိသွား၏။ အမှန်အားဖြင့် နေ့တိုင်းသွားချင်လှသည်။ သို့ရာတွင် ပုဇွန်တောင်မှ လမ်းညွှန်ဂျာနယ်တိုက် ရှိရာ၊ မော်တင်လမ်းသို့ ဓာတ်ရထားဖြစ်စေ၊ ဘတ်စ်ကား ဖြစ်စေ သုံးပြားပေးမှ ရောက်ရှိလေရာ အသွားအပြန် ပိုက်ဆံ ခြောက်ပြားကို နေ့တိုင်း အကုန်မခံနိုင်သောကြောင့် အကုန်ခံနိုင်သည် နေ့မှသာ သွားရသည်။

နေ့တိုင်း သွားလိုသည် ဆိုခြင်းမှာ ပဲရော့တိုက်သို့ ဆရာပီမိုးနင်း ရောက် မှန်းသိ၍ ပထမဆုံး သွားသည့်အခေါက်တွင်ပင် အပေါက်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို မမျှော် လင့်ဘဲ တွေ့ရသောကြောင့် ဖြစ်၏။ ထိုအပေါက်ကောင်းကား ပဲရော့တိုက် အောက် ထပ်တွင် စာကြည့်တိုက် ဖွင့်ထားခြင်းပင်တည်း။

ထိုအချိန်က ပဲရော့ကုမ္ပဏီသည် တစ်ဖက်တွင် ရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်၍ တစ်ဖက်တွင် တက္ကစီကားများ ပြေးဆွဲသည်။ ပဲရော့တိုက် အောက်ထပ် နောက်ပိုင်းတွင် ဆင်နားရွက် တံခါးကလေး ကာထားသော ဆရာပီမိုးနင်း၏ အလုပ်ခန်းရှိ၍ ရှေ့ပိုင်းတစ်ခြမ်းတွင် တက္ကစီလုပ်ငန်းမှ အရပ်ပုပုနှင့် စာရေးကြီး ၏ ကောင်တာရှိ၏။

တက္ကစီဌာနမှ စာရေးကြီးသည်။ စာကြည့်တိုက်မှူး၏ တာဝန်ကို ယူရသူ လည်း ဖြစ်၏။ အရပ်ပုသော်လည်း မျက်နှာကလေး ပြုံးပြုံးနှင့် သဘောကောင်း၏။ အမည်ကိုကား မေ့နေပြီ။ ပဲရော့ရုပ်ရှင်ကားများတွင် အခွင့်ရသလောက် အကွက်ဝင်သလောက် ဗြိတိသျှအစိုးရနှင့် နိုင်ငံခြားသားများအား ထုနှက်ကလော်ခြင်းဖြင့် လည်းကောင်း၊ တစ်နိုင်ငံလုံးရှိ စာကြည့်တိုက်များသို့ စာအုပ်များကို မညီးမငြူ၊ မငြင်းမပယ် ပေးလှူခြင်းဖြင့် လည်းကောင်း၊ ခေတ်မီလမ်းညွှန်ဂျာနယ်ကို ထုတ်ဝေခြင်းဖြင့် လည်းကောင်း ပဲရော့ ဦးဆန်နီ၏ သတင်းမှာ မွှေးလျက်ရှိသော်လည်း ဤကဲ့သို့ သူ့တိုက် အောက်ထပ်တွင် စာကြည့်တိုက် ဖွင့်ထားပေးသည်ကိုမူကား ကျွန်တော်မှာ အနေလှမ်းသောကြောင့် မသိခဲ့ရပေ။

ယနေ့ထိပင် ကျွန်တော် တွေ့ခဲ့ဖူးသမျှ စာကြည့်တိုက်များအနက် ပဲရော့ ဦးဆန်နီ၏ စာကြည့်တိုက်မှာ သဘောအကောင်းဆုံး၊ စာကြည့်သူ အလိုကို အလိုက်ဆုံး၊ သည်းအခံဆုံး ဖြစ်သည်။ စာကြည့်တိုက်သို့ စာလာဖတ်သူများမှာ များသောအားဖြင့် စာနယ်ဇင်းနှင့် ခေတ်ပေါ်ဝတ္ထု စသည့် စာအုပ်များကိုသာ အဖတ်များကြသည်။ ပဲရော့စာကြည့်တိုက်တွင် စာနယ်ဇင်းအစုံနှင့် ခေတ်ပေါ် စာအုပ်အစုံဆုံး ဖြစ်သည်။

အင်္ဂလိပ်စာအုပ်မှာ မှန်ဘီရိုတစ်လုံးနှင့် မြန်မာစာကြီးပေကြီး မှန်ဘီရို တစ်လုံးမှာ ထောင့်တစ်ထောင်တွင် ငြိမ်ဝပ်လျှက်ရှိ၏။ ‘ဤ စာကြည့်တိုက်တွင်



www.burmeseclassic.com

www.burmeseclassic.com



သင်ဖတ်လိုသောစာအုပ် မရှိပါက ရနိုင်သော နေရာနှင့် စာအုပ်အမည်ကို ညွှန်သည့် မှတ်တမ်းစာအုပ်တွင် ရေးခဲ့ပါ။ သို့မဟုတ် စာရေးကြီးအား ပြောပါ' ဟုစာဖတ်စားပွဲ အလယ်တွင် စာတစ်ခုထောင်ထား၏။

အတော်ကြွားတဲ့ စာကြည့်တိုက်ပါလား ဟုထင်ကာ ခေတ်ပေါ် စာအုပ်စာရင်းများကို ယူ၍ကြည့်သောအခါ လိုအပ်သည် မရှိသလောက် ဖြစ်နေရုံမျှမက အချို့စာအုပ်များမှာ တစ်မျိုးတည်းပင် နှစ်အုပ်မှ ငါးအုပ်အထိ ရှိနေသည်ကို တွေ့ရ၏။ ထိုအချိန်က ကျွန်တော်ဖတ်နေသော စာအုပ်မှာ ဇဝန၏ 'ကောလိပ်ကျောင်းသား' ဖြစ်သည်။ ကောလိပ်ကျောင်းသား ဝတ္ထုမှာ ထိုခေတ်က လေးတွဲ အထိရှိရာ အဖိုးမှာ တစ်အုပ်လျှင် ဆယ့်နှစ်ပဲသာ ဖြစ်၏။

ကျွန်တော်သည် စာအုပ်တစ်အုပ်ကို ဆယ့်နှစ်ပဲ ပေး၍မဝယ်နိုင်သောကြောင့် ရရာကငှား၍ ဖတ်ရပေရာ ပြတ်တိပြတ်တောက် ဖြစ်နေခဲ့ရသည်။ ကျွန် တော် လဲလျောင်းခဲ့သော ဘားနဒ်ပိဋကတ်တိုက်မှာ ကာလပေါ် ဝတ္ထုစာအုပ်၊ ဂျာနယ်များကို မထားပေ။

သတင်းစာပင်လျှင် ကန့်သတ်၍ထားသည်။ အမှန်အားဖြင့် ဘားနဒ်ပိဋကတ်တိုက်မှာ ကိုးကား ပိဋကတ်တိုက်ဖြစ်သည်။ ကျွန်တော်နှင့် နီးစပ်သော အခြားစာကြည့်တိုက်တစ်ခုဖြစ်သည့် ဆူးလေဘုရားလမ်းရှိ လူငယ်များကြီးပွားရေးအသင်း စာကြည့်တိုက်မှာ မြန်မာစာအုပ်များထက် အင်္ဂလိပ်စာအုပ်များကို ပို၍ အလေးပေးသည်။

ပဲရော့စာကြည့်တိုက် စာရင်းတွင် ကောလိပ်ကျောင်းသား ဝတ္ထုပြည့်စုံ သုံးစုံ အထိပင် ပြထားသည်။ သို့ရာတွင် စာအုပ်ဘီရို၌ ရှာဖွေသောအခါ အပြည့်အစုံ မတွေ့ရဘဲ ရှိသမျှမှာလည်း ဖတ်နေကြသည်ကိုသာ တွေ့ရ၏။ အလိုရှိသလို ရွေးချယ် ဖတ်နိုင်သည်။ မိမိဖတ်လိုသည့် စာအုပ်ကို ညွှန်သည့် မှတ်တမ်း၌ ရေးနေလျှင် ကြန့်ကြာနေမည် တစ်ကြောင်း–

ရေးထားသည့်အတိုင်း အပြောနှင့် အဟော ညီ/မညီကို သိလိုသည့် တစ်ကြောင်းကြောင့် ကောလိပ်ကျောင်းသားဝတ္ထု ဖတ်လိုသည့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ဘီရိုတွင် မရှိသည့်အကြောင်း၊ ရှိသည့်စာအုပ်များကိုလည်း သူတစ်ပါးတွေ ဖတ်နေသဖြင့် မအားသည့်အကြောင်း စာရေးကြီးအား သွား၍ပြောသည်။

အမှန်အားဖြင့် အလိုက်မသိ၊ အားမနာ အခွင့်ရေးယူလိုခြင်းဖြစ်သည်။ သူ့ခမျာ စီးပွားရေးလုပ်ငန်း တစ်ခုခုအတွက် အဖိုးတန်လှသော တိုက်အောက်ထပ် တစ်ခြမ်းလုံးကိုလည်း အများအကျိုးအတွက် စာကြည့်တိုက် ဖွင့်ထားပေးပြီးပြီ။ လူငယ်များဖတ်ချင်သော စာအုပ်များကိုလည်း လိုလေသေးမရှိ ဝယ်ပေးထားပြီးပြီ။

စေတနာကောင်းလွန်းလှပါ၏။ အာဂစေတနာ၊ တကယ့်စေတနာ ပါပေ။ သို့ပါလျက် မအားသေးသောစာအုပ်ကို စောင့်၍ ဖတ်ရန်သင့်ပါလျက် အားမနာ၊ ပါးမနာ သွား၍တောင်းဆိုခြင်း ဖြစ်သည်။ အမှန်အားဖြင့် ပဲရော့ဦးဆန်နီသည် ကျွန်တော်တို့ လူငယ်များ အပေါ် သူ့သားသမီးသဖွယ် ချစ်သည်ဟူသော အချက်ကို ကျွန်တော်တို့ နားလည်၏။

ထိုအချက်ကို အခွင့်ရေးယူ၍ ကျွန်တော်တို့က အလိုလိုက် အမိုက်စော်ကားသည်ဟု ဆိုသော် ဆိုနိုင်၏။ နွဲ့ဆိုး ဆိုးသည်ဟု ဆိုသော် ဆိုနိုင်၏။ စာရေး ကြီးထံ ကျွန်တော် သွားရောက်ပြောဆိုသောအခါ စာရေးကြီးက "ကောလိပ်ကျောင်း သားတွေ သုံးစုံတောင် ဝယ်ထားတာပဲကွ" ဟုပြော၏။

"ဟုတ်ပါတယ်၊ စာရင်းထဲမှာလည်း သုံးစုံလို့ တွေ့ပါတယ်။ သို့ပေမယ့် တစ်စုံတောင် အပြည့်အစုံ မရှိဘူးဗျ၊ ရှိတဲ့ဟာကိုလည်း ဖတ်နေကြတယ်၊ ကျွန်တော်က သိပ်ဖတ်ချင်နေလို့ ထပ်ဝယ်ပေးနိုင်ဦးမလားလို့ပါ"

"ဘုံးသွားကြပြန်ပြီထင်တယ်။ ဆိုးတဲ့ ကောင်းလေတွေပဲ"

"စာအုပ်ကို ဖတ်ရုံတင် မကဘူး၊ ဘုံးလည်း ဘုံးသွားသေးသလား"

"ဘုံးတာပေါ့၊ အိမ်ကစာအုပ်တွေ ယူလာပြီး စာအုပ်ချင်း ထပ်ယူသွားတယ်၊ သတင်းစာနဲ့ ညှပ်ယူသွားတယ်၊ အပေါ်အင်္ကျီအိတ်ထဲ ထည့်ယူသွားတယ်၊ ကျုပ်က သူတို့ကို ထိုင်ကြည့်နေတာ မဟုတ်ပေမယ့် မမြင်ချင်



www.burmeseclassic.com

www.burmeseclassic.com



အဆုံးပဲ"

"ဒါတော့ အတော်ဆိုးတာပဲဗျာ၊ မိအောင်ဖမ်းပြီး မှတ်လောက်အောင် နရင်း အုပ်လွှတ်ဖို့ ကောင်းတယ်"

"ဝေးပါသေးကွာ၊ စာကြည့်တိုက် စဖွင့်ကတည်းက အဲဒါတွေ ဘာမှ မပြောရဘူး၊ မသိချင်ယောင် ဆောင်နေရမယ်လို့ ဆရာဦးဆန်နီက အမိန့်ပေးထားတယ်။ ပထမတော့ ဒါမျိုးတွေ့လိုက်ရင် နရင်းတော့ မအုပ်ချင်ပါဘူး။ ပါးစပ်က ပြောလိုက်ချင်လွန်းလို့ အူကိုယား ယားနေတာပဲ၊ ဒါပေမယ့် အမိန့်အတိုင်း ဘာမှမပြောပါဘူး-

"နို့ပေမယ့် မြင်ရတာက များလာလို့ တစ်ခုခုတော့ လုပ်ပေးဦးမှ တော်တော့မှာပဲလို့ အလှူရှင်ရဲ့ စေတနာကို ထောက်ထားပြီး စာအုပ်တွေ မဘုန်း ကြဖို့ စာကလေးတစ်စောင် ရေးပြီး ထောင်ထားလိုက်တယ်၊ အဲဒီစာကို ဆရာဦး ဆန်နီလည်းတွေ့ရော ယူပြီး ဆုတ်ပစ်လိုက်တယ်"

"ခင်ဗျားကို ဘာမှမပြောနဲ့ ဆိုတာ ပါးစပ်နဲ့ မပြောတာသာ မဟုတ်ဘူး၊ စာနဲ့လည်း မပြောရဘူး-တဲ့။ ဘုံးစမ်းပါစေဗျာ-တဲ့၊ စာကြည့် တိုက်ကြီး တစ်ခုလုံးတောင် မနိုင်ရင် မ,သွားပါစေ။ ဒါလောက်နဲ့ ကျုပ်မွဲမ သွားပါဘူး- တဲ့ကွ"

ကျွန်တော်က "သြ..." ဟုသာဆိုနိုင်၏။

"ဘုံးသာ ဘုံးပါစေဦးတော့၊ ငါ အသည်းအယားဆုံးကတော့ စာအုပ်ကို ဆုတ်ယူတဲ့ဟာပဲကွ၊ တချို့ကောင်လေးတွေဟာ သိပ်ကို ဆိုးတာပဲ။ စာအုပ်ဆိုတာ မဆုတ်သေး၊ မပြဲသေးသမျှ ဖတ်လို့ရရင် တန်ဖိုးရှိနေတာပဲကွ။ ဒီတော့ ဘုံးသွားဦးတော့ မစုတ်မချင်း တစ်ယောက်မဖတ်၊ တစ်ယောက်ဖတ် ဦးမယ်။ ဆုတ်တာကတော့ သက်သက် ဖျက်ဆီးတဲ့ သဘောပဲကွ"

"ကျွန်တော်သာ ဦးလေးနေရာ စာကြည့်တိုက်မှူး လုပ်ရရင် ဆရာဦးဆန် နီ စကား နားမထောင်နိုင်တာနဲ့ မြန်မြန် အလုပ်ပြုတ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး၊ မင်းပြောတာ သိပ်မဆိုးဘူးဟေ့၊ ငါလည်း အလုပ်ပြုတ်မှာ စိုးတော့ ဘာလုပ်တယ်ထင်သလဲ၊ မကြည့်ပဲ နေလိုက်တာပေါ့ကွ။ အားလို့ ထိုင်နေရင် တောင် သူတို့ဘက် ကျောခိုင်းထိုင်တယ်"

" နို့ စာကြည့်တိုက်မှူးအနေနဲ့ ဘာတွေ လုပ်ရသလဲ"

" ဘာလုပ်ရမလဲကွ၊ စာကြည့်တိုက် ပိတ်ရင် သူတို့ ကိုးယိုးကားယား ထားခဲ့တဲ့ စာအုပ်တွေ ပြန်စီရတယ်၊ စာအုပ်လိုချင်တယ်ဆိုရင် ဝယ်ပေးရတယ်၊ ဒါပဲပေါ့"

"ဒါဖြင့် ကျွန်တော်ပြောတဲ့ စာအုပ်ရော ဝယ်ပေးမှာလား"

"ဝယ်ပေးပါ့မယ် မောင်... ပေးပါ့မယ်" ဟုဆိုကာ တက္ကစီ ဒရိုင်ဘာ တစ်ယောက်ကို ခေါ်၍ စာတိုလေးတစ်စောင် ရေးပြီး ငွေတစ်ဆယ်နှင့် လွှတ်လိုက် ပြီး နာရီဝက်အတွင်း 'ကောလိပ်ကျောင်းသား' နှစ်စုံပါလာသည်။

## ကိုရင်လူထွက် သူဌေးသားမက်

လွန်ခဲ့သော နှစ်ပေါင်း တစ်ရာခန့်ကပင် ဖြစ်၏။ ပထမ မစိုးရိမ်ဆရာ တော်ဘုရားကြီး၏ တပည့်သာမဏေတစ်ပါးသည် သာသနာ့ဘောင်၌ မပျော်ပိုက် သဖြင့် ဆရာတော်ကြီးထံ ခွင့်တောင်းကာ လူဝတ်လဲလိုက်၏။ ဆရာတော်ကြီးသည် ကိုရင်လူထွက်အား သူ့ဒကာ သစ်စက်သူဌေးကြီး တစ်ဦး ထံ အလုပ်သွင်းပေး လိုက်သည်။

သစ်စက်တွင် သစ်ထမ်း၊ သစ်ရွေး စသောအလုပ်ကြမ်းကိုသာ လုပ်ရ၏။ အလုပ်က အောက်တန်းကျသော်လည်း ကိုရင်လူထွက်ကလေး၏ စိတ်ဓာတ်က အထက်တန်းကျ၏။ ပေးသည့်လစာနှင့် တန်ရုံသာ လုပ်မည်ဟူသော စိတ်မျိုးကို မမွေးဘဲ စေတနာထားကာ ပိုလုပ်၏။ သစ်စက်အတွင်းမှ သစ်များ၊ ပစ္စည်းများ ကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေး၏။

အချိန်အား ဟူ၍မထားဘဲ သစ်ခွဲနည်းကို လေ့လာသလို သစ်စက်မန် နေဂျာ၏ လုပ်ငန်းလုပ်ပုံ တွက်ချက်ပုံများကိုလည်း မေးမြန်းမှတ်သား လေ့လာချင့်



www.burmeseclassic.com

www.burmeseclassic.com



ထား၏။ နှစ်အတန်ကြာလာသောအခါ ကိုရင်လူထွက်ကလေး၏ ရိုးသားမှု၊ ကြိုး စားမှု၊ ကျေးဇူးသိတတ်မှု၊ ခေါင်းဆောင်စိတ်ရှိမှု တို့ကို သတိထားမိသွားသော သူဌေးကြီးသည် သမီးနှင့်ပေးစားကာ လုပ်ငန်းအားလုံးကို လွှဲအပ်ပေးလေ၏။

အလုပ်ကြမ်းသမား ကိုရင်လူထွက်ကလေးကို သစ်စက်သူဌေးကြီးဘဝသို့ ပို့ပေးသော အရာကား ခေါင်းဆောင်စိတ်မှတစ်ပါး အခြားမည်သည့်အရာ ဖြစ်နိုင်ပါမည်နည်း။

## စန်းပွင့်သော မောင်အေးလေး

နှစ်ပေါင်း တစ်ရာနီးပါးက အကြောင်းတွေချည်း ပြောနေသောကြောင့် ယနေ့ နှစ်ဆယ့်တစ်ရာစု ခေတ်အတွင်းမှာရော ထိုကဲ့သို့ ဖြစ်နိုင်ပါဦးမလားဟု တချို့သော လူငယ်များက စောဒက တက်လာဖွယ်ရှိသောကြောင့် စာရေးသူ၏ တပည့်လေးတစ်ယောက်အကြောင်းကို တင်ပြပါအံ့။ သူ့အမည်ကို 'မောင်အေးလေး'ဟုပင် အလွယ်ခေါ်ကြ၏။ သူသည် သူတို့ ညီအစ်ကိုမောင်နှမများတွင် အငယ် ဆုံး ဖြစ်သောကြောင့်ပင်။

စာရေးသူ၏ ဆုံးမမှုကြောင့် မောင်အေးလေးသည် ခေါင်းဆောင်စိတ်လည်း ရှိ၏။ ရိုးလည်း ရိုးသား၏။

> စာရိတ္တကို တန်ဖိုးဖြတ်သူသည် အောက်တန်းစားဘဝသို့ ရောက်ရ၏။ စာရိတ္တကို တန်ဖိုးမဖြတ် သူသည် အထက်တန်းစားဘဝသို့ ရောက်ရ၏။ ဆုတ်ယုတ် ပျက်ဆီးနေသော သူများသည် စာရိတ္တကို တန်ဖိုးဖြတ်ခဲ့သူများ ဖြစ်၏။ တိုးတက်အောင်မြင်နေသောသူများသည် စာရိတ္တကို တန်ဖိုးမဖြတ်ခဲ့သူများဖြစ်၏။

အတ္တဟိတ တစ်ခုသာရှိသူသည် နောက်လိုက် ဖြစ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



အတ္တဟိတ, ပရဟိတ နှစ်ခုလုံးရှိသူ သည် ခေါင်းဆောင် ဖြစ်လာရသည်။ ခေါင်း ဆောင်စိတ်ရှိပြီး အောင်မြင်နေသူ များသည် အလကားနေရသည်ကို ပျင်း၍ အလုပ် လုပ်နေရ သည်ကို ပျော်သည်။ နောက်လိုက်စိတ် ရှိပြီး အောင်မြင်မှု မရသူများသည် အလုပ် လုပ်နေရသည်ကို ပျင်း၍ အလကား နေရသည်ကို ပျော်သည်။

သူသည် ကုမ္ပဏီတစ်ခုတွင် အလုပ်ရ၏။ သူ၏အလုပ်မှာ နယ်လှည့်ပြီး ကုမ္ပဏီထုတ် ပစ္စည်းများကို ရောင်းရခြင်း ဖြစ်၏။ နှစ်အနည်းငယ် ကြာသော အခါ စေတနာထားပြီး အလုပ်ကြိုးစားမှု၊ ရိုးသားဖြောင့်မတ် မှုတို့ကြောင့် ရုံးချုပ်တွင် သူဌေး၏ မျက်နှာလွှဲပင် ဖြစ်လာရ၏။ ရုံးချုပ် တွင်လည်း မခိုမကပ် စေတနာထားပြီး အလုပ် လုပ်သောကြောင့် ကုမ္ပဏီပိုင်ရှင် သူဌေးမ သည် အခြားနေရာ ပြောင်းသွားမှာကိုပင် စိုးရိမ်လာ၏။

သူဌေးမသည် မုဆိုးမ ဖြစ်သည်။ အသက်လေးဆယ်ခန့်ပင် ရှိသေး ၏။ သမီးပျိုလေး တစ်ယောက်လည်း ရှိသည်။ ရင်းနှီး ခင်မင်လာသောအခါ မောင်အေး လေးကို ပွင့်ပွင့်လင်းလင်းပင် ထုတ်ပြောလာ၏။

မောင်အေးလေးကို လက်လွှတ် မခံနိုင်ပါ။ ဆွေးမျိုးရင်းချာလိုလည်း သဘောထားပါသည်။ ထို့ကြောင့် သူ့ကို ဖြစ်စေ၊ သို့မဟုတ် သမီးကို ဖြစ်စေ လက်ထပ်ပြီး လုပ်ငန်းကို ဦးဆောင်လုပ်ပါ ဟူ၏။ စာရေးသူသည် မောင်အေးလေးအား ခေါင်းဆောင်စိတ်ရှိခြင်းနှင့် ရိုးသား ဖြောင့်မတ်ရေး တို့ကိုသာ သင်ပေးလိုက်ရပြီး အိမ်ထောင်ရေး၊ အချစ်ရေး အကြောင်းများကို သင်မပေးနိုင်လိုက်ရကား မောင်အေးလေးသည် အိမ်ထောင်ပြုရမှာ ကြောက် သဖြင့် တခြားဝေးရာမှ အလုပ်တစ်ခုသို့ အပြီး ပြောင်းသွားပါတော့သည်။

ထို့ကြောင့် သူ့မှာလည်း သူဌေးသားမက် မဖြစ်ရသလို၊ စာရေးသူမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း သူဌေးဆရာ မဖြစ်ရတော့ပေ။ ရှေ့ပိုင်းမှာ ရေးလာခဲ့သကဲ့သို့ နောက်လိုက်စိတ် ရှိသူများကြားတွင် ခေါင်းဆောင်စိတ်ရှိသူမှာ ကျီးများကြားထဲတွင် ဒေါင်းသည် ထင်ရှားစွာ ကွဲပြားသကဲ့သို့ ကွဲပြားနေရကား အလုပ်ရှင်များသည် သေချာသိကြသည်သာ ဖြစ်၏။

ထို့ကြောင့် မောင်အေးလေးသည် နောက်အလုပ်ရှင်သူဌေး၏ အရေးပေးမှုကို ခံရသည်သာ ဖြစ်၏။ ယခုအခါတွင် နိုင်ငံခြားသို့ အလုပ် ထွက်လုပ်နေလျက်ရှိသည်။ စာရိတ္တသည် ခေါင်းဆောင်စိတ် နည်းတူ အမြင့်သို့ ပို့ဆောင်ပေးတတ်သော အရာတစ်ခုပင် ဖြစ်၏။

## ဘိုးသင်းနိုင်၏ စာရိတ္တသတ္တိ

ဤနေရာ၌ စာရိတ္တနှင့် ပတ်သက်၍ လေးစားစရာကောင်းသော မြန်မာနှစ်ဦးကို ဖော်ပြအံ့။ ပထမတစ်ဦးမှာ ရန်ကုန်၊ လမ်း ၅၀ မှ စာအုပ်အဟောင်း ဆိုင်ပိုင်ရှင် 'ဘိုးသင်းနိုင်' ပင်ဖြစ်၏။ ယခုအချိန်တွင် အသက် ၇၀ ဝန်းကျင် ရှိနေပေပြီ။

တစ်ရက်တွင် မိန်းကလေးတစ်ဦးသည် 'မြန်မာ့စွယ်စုံးကျမ်း' အတွဲလိုက်ကြီး လာရောင်း၏။ ဘိုးသင်းနိုင်က ဈေးသည်ထုံးစံအတိုင်း ဈေးစကားပြောရ၏။

"တူမကြီး ဘယ်လောက်နဲ့ ရောင်းမှာလဲ"

"သုံးထောင်လောက် ရချင်ပါတယ်"

"တူမကြီးတို့က အခက်အခဲ ရှိလို့သာ လာရောင်းတာ၊ စာအုပ်တန်ဖိုးအကြောင်း ဘယ်သိမှာလဲ၊ တူမကြီး ဆိုင်ထဲဝင်လာကတည်းက ဒီစာအုပ်တွေ ရောင်းခဲ့ရင် ဘယ်လောက်ပေးမယ်ဆိုတာကို ဦးလေးရဲ့ လက်ဝါးမှာ ဘောလ်ပင်နဲ့ ရေးထားပြီးသားပါ"

ဟု ပြောပြီး လက်ဝါးကို ကလေးမဘက် လှည့်ပြလိုက်ရာ 'သုံးသောင်း'ဟု ရေးထား၏။ ထိုရေးထားသည့် အတိုင်းပင် ပေးလိုက်သည်။ ဘိုးသင်းနိုင်ကား



www.burmeseclassic.com

www.burmeseclassic.com



အနောက်နိုင်ငံမှ 'ဂျန်လ်တဲလ်မန်း'ဆိုသူများထက် သာလွန်မွန်မြတ်သူဟု ဆိုနိုင်ပါ၏။

## ပွဲစားကြီး၏ စာရိတ္တသတ္တိ

ယခုဖော်ပြမည့် အကြောင်းအရာကို ၁၉၆၄ ခုနှစ်က ထုတ်ဝေသော ငွေဥဒေါင်း၏ 'စာဝက်ပါ' တတိယတွဲမှ ရရှိသည်။ တကယ့်ဖြစ်ရပ်များသည် တစ်ခါတရံ စိတ်ကူးယဉ် အကြောင်းအရာများထက် ပို၍ ဆန်းကျယ်နေတတ်၏။ ဂျပန်ခေတ်က မြန်မာပြည်၏ ပုံရိပ်ကလေး တစ်ခုကို ယခုခေတ် လူငယ်များ အတွေးဖြင့် မြင်ဖူးစေရန် ငွေဥဒေါင်း၏ ရေးသားချက်အတိုင်း ဖော်ပြလိုက်ပါသည်။

"အပြန်ခရီးတွင် မကွေးမှ ဆီများတင်၍ မြန်အောင်တွင် ဝင်ရောင်းသည်။သပြေကုန်းမှ ယောက္ခမများ ရှိရာ အဖျောက်သို့ ပြန်သောအခါ မြေပိုင်ရှင် ဦးလေးက ဆားရောင်းရသော ကျွန်တော့်ငွေနှင့် သူ့ငွေကိုပါ ပေါင်းပြီးလျှင် လှေတစ်စင်းနှင့် ကြက်သွန်တွေ တင်၍ လွှတ်လိုက်သည်။

သို့ရာတွင် လှေသမားများသည် ဟင်္သာတသို့ ရောက်သောအခါ အဖျောက် ထိအောင် ဆက်လက်မလိုက်ဝံ့တော့ ဟုဆိုကာ ကပ်တီးကပ်ဖွဲ့ လုပ်နေကြ ပြန်သည်။ ရန်ကုန်မှ အဖျောက်သို့ လာစဉ်က ဓနုဖြူတွင် လှေသမားများ ကပ်ဖွဲ့လုပ်ကြပုံကို အထက်တွင် ဖော်ပြပြီး ဖြစ်၏။ လှေသမားများအား မည်သို့မျှ တောင်းပန်၍ မရပေ။

သူတို့ ရရန်ရှိသေးသော လှေခငွေကိုလည်း မယူတော့ဟုဆို၏။ အကြောင်းမှာ အဖျောက်အနီးတစ်ဝိုက်တွင် ဂျပန်စစ်ကြောင်းကို ဖြတ်၍ တော်လှန်ရေးရဲဘော်များ၏ တိုက်ပွဲများ အပြင်းအထန် ဖြစ်နေသည် ဟူသော သတင်းကြောင့် ပင် ဖြစ်ပေသည်။

ဂျပန်လက်နက်ချ၍ စစ်ပြီးပြီ ဆိုသော်လည်း နိုင်ချိန်တွင် အသည်း ခိုက်အောင် မိုက်လုံးထွားခဲ့သော ဂျပန်နှင့် တော်လှန်ရေးသမား၊ တောသူ



www.burmeseclassic.com

www.burmeseclassic.com



တောင်သားတို့၏ ပြဿနာသည် တော်တော်နှင့် မရှင်းသေးပေ။ လှေသမားများသည် ဟသ်ာတ ဆိပ်ကမ်းရှိ ဝါးဖောင်ကြီးပေါ်သို့ ကျွန်တော့် ကြက်သွန်အိတ်များကို ချနေဆဲမှာ ပင် မိုးရွာလာသဖြင့် ကြက်သွန်အိတ်များ မိုးစိုကုန်သည်။

ကြက်သွန်မှာ မိုးစိုခံနိုင်သော ကုန်မဟုတ်ရာ လှေသမားများတွင် သက်ညှာသောစိတ် ရှိခဲ့လျှင် ကြက်သွန်အိတ်များကို ခေတ္တပင်ဖြစ်စေ၊ လှေပေါ်သို့ ပြန်တင်ဖို့ ကောင်း၏။ ကမ်းနားတွင် မိုးလုံလေလုံ အဆောက်အဦ လုံးဝမရှိ။ ကမ်းနဖူးပေါ်မှ ပွဲရုံများမှာလည်း ဖောင်နှင့် ဝေးလှသည်။

သို့ရာတွင် လှေသမားများသည် ကြက်သွန်အိတ်များကို လှေထဲမှ မြန်မြန် ကုန်သွားအောင် သယ်ပြီးလျှင် လှေကို သုတ်ခြေတင် ထွက်ခွာ သွားကြ၏။ ကျွန်တော် ဘာလုပ်ရမည်နည်း။ ဤတွင် ကျွန်တော်၏ လူဖျင်း အဘိဓမ္မာသည် ဝင့်ကြွားစွာပေါ်လာ၏။ နဂိုကမှ စိတ်မချမ်းသာရသည့် ကြားတွင် မိုးရွာအောက်၌ စိုရွှဲနေသော ကြက်သွန်အိတ်များကို ငုံ့၍ ကြည့်ရှုကာ မချိနိုင် မချနိုင်ဖြစ်နေရသည်။

ဤ ဒုက္ခသည် ကြက်သွန်အိတ်တွေကြောင့်သာ ဖြစ်ပေါ်ရခြင်း ဖြစ်၏။ ကြက်သွန်အိတ်များ မရှိလျှင် နောက်ပိုင်း ဒုက္ခအားလုံးပြတ်သွားမည်ဟု တွေးခေါ်ကာ ကြက်သွန်အိတ်များကို ဖောင်စပ်မှ ရေထဲသို့ တစ်အိတ်ပြီး တစ်အိတ် ကန်ချတော့သည်။ ကြက်သွန်အိတ်များမှာလည်း မငယ်လှပေရာ တစ်အိတ်ချင်း ကို ရေထဲသို့ ဖွဲနှင့် မာန်နှင့် တွန်းကန်ချလျက်ရှိရာ ဤသည်ကို ရည်၍ အထက်တွင် ကျွန်တော် ရူးခဲ့သည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။

သုံးအိတ်မျှ တွန်းချအပြီးတွင် မြစ်ကမ်းဆီမှ လူကြီးတစ်ယောက် ပြေး ချလာသည်ကို တွေ့ရ၏။ ကျွန်တော့်ဆီသို့ လက်တစ်ဖက်ကို မြှောက်၍ 'ဟော့ သူငယ်၊ ဟော့ သူငယ်' ဟုအော်နေသည်ကိုလည်း ကြားရ၏။ လူကြီးအား ငေး ကြည့်နေဆဲမှာပင် အနီးသို့ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လို ဖြစ်တာလဲ' ဟုမေးသဖြင့် ကျွန်တော်က အကျိုးအကြောင်း ပြောပြရင်း ကျွန်တော့် အဘိဓမ္မာကိုလည်း အရေးထဲတွင် ဟောလိုက်သေး၏။ လူကြီးက ခပ်ပြုံးပြုံး နားထောင်ရင်း –

"အလဟဿ ဖြစ်မယ့်အတူတူတော့ ကျုပ်ကို ပေးခဲ့ပါလား မောင်ရယ်၊ ကုသိုလ်လည်းရ၊ မောင်လည်း သက်သာပါသေးတယ်" ဟုဆိုသဖြင့် တစ်ချက်ကလေးမှ မတွန့်ဘဲ "ဟုတ်ကဲ့ ယူပါတော့" ဟုပြောရင်း ချာခနဲ ကမ်းဆီသို့ လှည့်လာ၏။ လူကြီးက " နေပါဦး သူငယ်ရဲ့၊ မောင်ရင့် လိပ်စာကလေး ဦးကို ပေးခဲ့ပါဦး၊ လူဆိုတာ မိတ်ဖွဲ့ကောင်းပါ တယ်" ဟု ဆိုပြန်သဖြင့် အိမ်လိပ်စာကို သူမှတ်စုစာအုပ်ထဲတွင် ရေးပေးခဲ့ ရသည်။

## ထူးခြားသော သူငယ်ချင်းလေးယောက်

ဆိပ်ကမ်း ပွဲရုံတန်းတွင် ထိုညနေ၌ပင် အဖျောက်ဘက်သို့ စုန်မည့် သူငယ်ချင်းတစ်ယောက်ကို တွေ့သည်။ သူငယ်ချင်းက သူလှေနှင့် လိုက်ခဲ့ဖို့ အတင်းခေါ်နေရာ၊ မလိုက်ချင်လှသော်လည်း အခက်အခဲ ဖြစ်နေ၍ လိုက်ခဲ့ရသည်။ မလိုက်ချင်သည့် အကြောင်းမှာ ထိုသူငယ်ချင်းမှာ ဤနယ်တစ်ဝိုက်တွင် ဓားပြ ခေါင်းဆောင်ဖြစ်၏။

သူ့လှေသည် အချိန်မရွေး ပြဿနာပေါ်လာနိုင်သည်။ သွားလာ လှုပ်ရှား မှုများသည် ကောင်းသော သွားလာခြင်း၊ ရိုးသားသော သွားလာခြင်း များ ဟုတ်ချင်မှ ဟုတ်မည်။ သို့သော် ထိုသူငယ်ချင်းသည် ကျွန်တော့်အား လေးလေးစားစား ခင်မင်သူ ဖြစ်၏။

ဘဝခရီးတစ်လျှောက်ကို ပြန်ကြည့်လိုက်သောအခါ ရသမြောက်သော ဝတ္ထုကလေးများ တစ်ပုဒ်စီ ရေးသီထားသကဲ့သို့ အကွက်ဆန်း၊ အဖြစ်ဆန်း ကလေး များစွာကို တွေ့မြင်ရသည်။ ငယ်စဉ်က နေခဲ့ရသော ဘုန်းတော်ကြီး ကျောင်းတွင် ကျောင်းသား တစ်ရာခန့် ရှိသည်တွင် ထူးခြားသော သူငယ်ချင်း ကျောင်းသား လေးယောက်ကို မကြာခဏ သတိရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စံထွန်းသည် ဦးနှောက် အလွန်ကောင်းသူ ဖြစ်၏။ စာကျက်၍ အလွန် ရလွယ်သူ ဖြစ်သည်။ အမှန်အားဖြင့် ကျက်ရသည်မဟုတ် ဖတ်ရုံနှင့် အလွယ်ရသူ ဖြစ်သည်။ သင်္ချာ ကိုးပိုင်းလုံးကို ခုနစ်ရက်ဖြင့် ကျောင်းကျောင်း ပြေးသူဖြစ်၏။ အကယ်၍ မိဘချမ်းသာသဖြင့် ခေတ်ပညာ သင်ကြားရလျှင် ပါမောက္ခလောက် တော့ တန်းနေမည်။ သို့မဟုတ် ရဟန်းဖြစ်ခဲ့လျှင် ပိဋကတ်သုံးပုံ အာဂုံဆောင် ဒုတိယ ဦးဝိစိတ္တသာရ ဖြစ်နိုင်ဖို့ ရှိသည်။

သို့ရာတွင် ဦးနှောက် အဘယ်မျှ ကောင်းစေကာမူ အခြားအထောက် အကူ မရှိသဖြင့် လယ်သမား၊ ချောင်းသမား ဘဝကပင် မတက်ရတော့ချေ။ နောက်တစ် ယောက်မှာ ရှုနာရှိုက်ကုန်း ပန်းနာမြစ်ခြောက် သမား မောင်သန်း ဖြစ်၏။ ငယ်စဉ်ကပင် ချောင်းကလေး တစ်ဟွတ်ဟွတ်နှင့် ရောဂါအမြစ် မပြတ်ရှိခဲ့ရာ မည်သူကမျှ သက်ဆိုး ရှည်လိမ့်မည် ဟုမထင်ခဲ့ပေ။

ငယ်သူငယ်ချင်းချင်း ဆုံမိလျှင် မောင်သန်းအကြောင်းကို မေးကြမြဲ ဖြစ်၏။ သို့ရာတွင် အခြား လေးလုံးလေးဘက်သမားတွေသာ တစ်ယောက်ပြီး တစ်ယောက်သေကုန်သည်။ မောင်သန်းကား ချိနဲ့နဲ့ပင် သက်ဆိုးရှည်လျှက် ရှိသည်။ ကျန်နှစ်ယောက် အမည်ကိုကား ထုတ်ဖော်ရေး၍ မဖြစ်ပေ။ တစ်ယောက်မှာ သူခိုးဖြစ်၍၊ တစ်ယောက်မှာ အထက်ဖော်ပြပါ ဓားပြခေါင်း ဆောင် ဖြစ်သည်။

သူခိုး သူငယ်ချင်းသည် ကျောင်းသားဘဝကပင် ပြောင်မြောက်စွာ ခိုးလာခဲ့သူ ဖြစ်၏။ ဆရာနှင့် မိဘတို့က မည်မျှပင် ထိန်းကွပ်စေကာမူ သူ့အမူအကျင့် သည် လျော့၍ မသွားချေ။ ဂျပန်ခေတ်တွင်ကား ရန်ကုန်သို့ ရောက်လာ၍ ရန်ကုန်တွင် ခိုးသည်။ ကျွန်တော်သည် ဂျပန်ခေတ်ဦးတွင် သိမ်ကြီးဈေး၌ ဈေးသည် လုပ်ခဲ့ဖူးရာ သူ့ခိုးပေးသော ပစ္စည်းအချို့ကို သူခိုးလက်ခံအဖြစ် ရောင်းချပေးခဲ့ရဖူးသည်။

သူ့မှာ သူခိုးမှော် ရှိသည်ဟု ပြောကြသည်။ ဟုတ်လေမည်လား မသိ တစ်သက်လုံး ခိုးသော်လည်း မသကာ ခံရရုံမှအပ ပုလိပ်အဖမ်းတစ်ခါမျှ



www.burmeseclassic.com

www.burmeseclassic.com



မခံစဖူးဟု သူပြော၍ သိရသည်။

၁၉၅၆ တွင် ကျွန်တော် 'ဖဆပလ စာစောင်'အယ်ဒီတာလုပ်၍ စာစောင်ရိုက်သော 'ပြည်ထောင်စု' သတင်းစာတိုက်တွင် ထိုင်ရသောအခါ ပြည်ထောင်စု ပုံနှိပ်တိုက်တွင် အပ်ထည် ကမ္ဘဒ္ဒာန်းကျမ်း စာအုပ် ရိုက်နှိပ် နေသည်ကို တွေ့ရသည်။ ကျမ်းပြုသော ကမ္ဘဒ္ဒာန်းဆရာတော်၏ အကြောင်းကိုလည်း ပြည်ထောင်စု ဖိုမင်ကြီး ဦးသိန်းက လေးလေးစားစား ပြောနေသည်ကို တွေ့ရ၏။

တစ်နေ့ခင်းတွင် ထိုကမ္ဘဒ္ဒာန်းကိုယ်တော် ကိုယ်တိုင် ပြည်ထောင်စုသို့ ကြွလာရာ ကျွန်တော့်မှာ အံ့အားသင့်ရ၏။ သူခိုးသူငယ်ချင်းတည်း။ ကျွန်တော်က အံ့အားသင့်သော်လည်း သူအမူရာမှာ ကျွန်တော့်ကို တွေ့၍ ထူးခြားပုံပင် မပြ။ ရင့်ကျက်သော ဣန္ဒြေနှင့်သာ နှုတ်ဆက်စကား ပြောသည်။ အပြီးသတ်တွင်' ငါ့ ဘဝကို ပြောင်းပြန် လှန်ပစ်လိုက်ပြီ သူငယ်ချင်း' ဟုပြောသည်။ သူ့ဣန္ဒြေကို အကဲခတ်၍ ကျွန်တော် ယုံကြည်၏။ အင်းစိန်ဘက်တွင် သူ့အသိုက်၊ သူ့အအုံနှင့် ကမ္ဘဒ္ဒာန်းဆရာတော် ဖြစ်နေသည်။ ၁၉၅၉ တွင် သူငယ်ချင်း ကမ္ဘဒ္ဒာန်းဆရာတော် ပျံလွန်တော်မူရှာသည်။

ဖော်ပြပါ ဓားပြသူငယ်ချင်းမှာ နာမည်ကြီးဖြစ်သည်။ နောင်အခါတွင် နိုင်ငံကျော်ပင် ဖြစ်လာသည်။ ဘဏ်ဓားပြတိုက်မှုထိ ပါဝင်လာသောကြောင့် ဖြစ်သည်။ ဓားပြဆို၍ ပန်းချီဆရာများ သရုပ်ဖော်သကဲ့သို့ မုတ်ဆိတ် သဲသဲနှင့် မဲမဲတုတ်တုတ် မဟုတ်ပေ။ အသားဖြူဖြူ လူပာန်ပါးပါးနှင့် ဇာတ်မင်းသားကလေးလို လူချောဖြစ်သည်။ စကားနည်း၍ မျက်နှာကလေး တပြုံးပြုံးနှင့် နေတတ်သူ ဖြစ်သည်။ ကျွန်တော်တို့က ဤမျှ ပုံပန်းသဏ္ဌာန်ကို ထုတ်ပြခြင်းဖြင့် ရဲဘက်ကမူ မည်သူဆိုသည်ကို သိကြပေမည်။ အကြောင်း သော်ကား သူငယ်ချင်းသည် ဓားပြပီပီ တစ်သက်လုံးလိုလို မကြာခဏ ထောင်နန်းစံ ဖြစ်ရာရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



## ဓားပြနှင့် ခရီးသွားခြင်း

ဟသံ္ာတမှ နေဝင်ဖြိုးဖျ လှေထွက်သည်။ ထိုအချိန်မှာ စစ်ပြီးစ စပ်ကူး မတ်ကူး အချိန်ဖြစ်၍ ရဲဘက်မှ ဖိဖိစီးစီး မအုပ်ချုပ်နိုင်သေးပေ။ လက်နက်တို၊ လက်နက်ရှည်တွေမှာလည်း ပေါများလှ၏။ မြစ်ရိုး လှေလမ်း တစ်လျှောက် ကုန်းပေါ် ကားလမ်းတစ်လျှောက်တို့တွင် ဓားပြ တခြိမ်းခြိမ်း တိုက်သော သတင်းများမှာ ထနေသည်။ သူငယ်ချင်း လှေထွက်သော အချိန်သည် လှေကောင်း၊ လူကောင်း တို့ထွက်ဝံ့သွားဝံ့သော အချိန် မဟုတ်ပေ။

ထင်သည့်အတိုင်းပင် လှေထဲတွင် သေနတ်နှစ်လက်ကို တွေ့ရပြီး လှေမှာ ပေါ့ပေါ့ ပါးပါး ဘောက်တူ အငယ်စားဖြစ်၍ သူငယ်ချင်း အပြင် လှေသမား သုံးယောက်ပါသည်။ သူတို့သည်လည်း လှေသမားတစ်ပိုင်း ဓားပြရိုင်းများ ဖြစ်ကြပေသည်ကို ကျွန်တော် အတတ်သိသည်။ သေနတ်များကို တွေ့လျှင် ကျွန်တော် လိုက်လာမိသည်မှာ မှားပြီဟုတွေးမိ၏။ သိလျက်နှင့်ပင် ဝိပါက်ကြမ္မာ မငင်ပါနှင့် ဟုသာ ဆုတောင်းရတော့သည်။

လှေကို မလှော်မခတ်ဘဲ ရေစီးအတိုင်း မျှော၍လာသည်။ ဟသံ္ာတ အောက်ဆွဲနားတွင် တက်၍ စားကြသောက်ကြသည်။ ထိုနေရာတွင်ပင် ညအိပ်သည်။ တော်ပါသေး၏။ ထိုည ဘာမျှ အလုပ်မဖြစ်ပေ။ ညပိုင်း အလုပ်မဖြစ်လျှင် နေ့ပိုင်းအလုပ်ဖြစ်ဖို့မှာ မလွယ်ကူလှပေ။ နောက်နေ့ဆိုလျှင် ကျွန်တော့်အိမ်သို့ ပြန်ရောက်မည်။ သို့ရာတွင် နောက်နေ့ နံနက်တွင် မမျှော်လင့်သော အလုပ်တစ်ခု ဖြစ်ပေါ်လာသောကြောင့် ခေါင်းနပန်း ကြီးခဲ့ရ သေးသည်။

နောက်နေ့ နံနက်အစောကြီး လှေထွက်၏။ နံနက်စောစော ဆိုတော့ ဆီးနှင်း မြူမှုန်များအကြားတွင် ဇက်ရဲ လက်ရဲ ထွက်ချင် ထွက်လာတတ်သော သားကောင် လှေများနှင့် တွေ့နိုင်သည် မဟုတ်လော။ တွေ့တော့ တွေ့ပါ၏။ တွေ့ပုံက တစ်မျိုးတည်း။

လှေထွက်၍ တစ်နာရီခန့်အကြာ လူရောင် မကွဲတကွဲ အချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပါး ခြံစပ်ဘေးမှ 'ဟော့၊ ဟိုလှေ့ရပ်လိုက်။ ရပ်ဆို မရပ်ဘူးလား။ ပစ်လိုက် ရမလား။ ဒီကို တက်ခဲ့' ဟူသောအသံကို ကြားရသည်။ လှမ်း၍ ကြည့်သောအခါ နှင်းမှုန်များအကြားတွင် လူလေးယောက်ကို တွေ့ရသည်။ နှစ်ယောက်က သေနတ် ကိုယ်စီ ကိုင်ထားသည်။ ကျွန်တော်ကား ခက်ကောင်း ခက်ရချည့် ဟုထိတ်မိသည်။ သူငယ်ချင်းက ပြုံးပြီးလျှင် လှေကို ကမ်းသို့ ကပ်ရန် အမိန့်ပေးသည်။ ပဲ့မှလူက လှေဦးကို ကမ်းဘက်သို့ လှည့်ပေး လိုက်သည်။ လှေပေါင်းတွင်း သေနတ်နှစ်လက်သည် ခနိပေါက်များ အကြားမှ ကုန်းစာပြများဆီသို့ ချိန်ထား၏။ ကျွန်တော်ကား ဆန်အိတ်နှင့် သေတ္တာ အကွယ်ကို နေရာယူထားသည်။

လှေသည် ကမ်းပါးသို့ ဆိုက်မိသောအခါ သေနတ်မကိုင်သော ဓားပြ နှစ်ယောက်က ဆင်းလာ၍ လှေဦးကို ဆွဲသည်။ သူတို့ မျက်နှာများကို ထုံး၊ အိုး မဲများဖြင့် ရပ်ဖျက်ထားသည်။ ပါးစပ်မှ ဆဲလိုက်၊ ကြိမ်းမောင်း လိုက်သည်မှာလည်း မိုးမွှန်နေ၏။ လှေဆိုက်မိ၍ သူငယ်ချင်း ဓားပြက လှေပေါင်းအဝအပြင်သို့ ထွက်လိုက်သောအခါ ကုန်းဓားပြများသည် အံ့အားသင့်၍ သွားကြကာ 'ဟာ၊ ဆရာပါလား' ဟုဆိုရင်း ကြက်သေ သေနေကြ၏။ သူငယ်ချင်းက လှေပေါင်း အတွင်းမှ သေနတ်ကိုင်များသို့ လှမ်း၍ မပစ်ကြနဲ့ဟေ့ဟု ပြောရင်း ကုန်းပေါ်သို့ ခုန်ဆင်းသည်။

အပြောင်းအလဲမှာ မြန်လှ၏။ အခုပင် လူသတ်တော့အံ့ ဆဲဆဲ သူရဲကောင်း ကြီးများသည် သူငယ်ချင်းခြေထောက်ကို ကိုင်လုမတတ် ထိုင်၍ ရှိခိုးကြသည်။ အမျိုးမျိုးတောင်းပန်သည်။ ' မှားပါသည်' ဟုပြောသည်။ သူတို့ သေနတ်နှစ်လက် လုံးမှာ 'အစစ်မဟုတ် အတုကြီးတွေ' ဟုပြောပါသည်။ သူငယ်ချင်းကမူ သူဟန် အတိုင်း ခပ်ပြုံးပြုံးပင်။ "နောက်လူ ကြည့်လုပ်ကြဗျာ' ဟုတစ်ခွန်းမျှသာ ပြောရင်း လှေပေါ်သို့ ပြန်တက်ပြီး ထွက်လာခဲ့သည်။ လမ်းတွင် လှေပေါ်မှ တပည့်တစ် ယောက်က "တဲတဲ လိုတော့တယ် ဆရာ၊ ဆဲလွှန်းအားကြီးတော့ အမြင်ကတ် ကတ်နဲ့ ကျွန်တော် အုပ်ထည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



မလို့” ဟုပြောရာ သူငယ်ချင်းက “မင်း တို့ကလည်း ငါ ဘယ်နှစ်ခါ ပြောရမလဲကွ၊ ဘယ်တော့မှ လက်မယဉ်ပါနဲ့ ဆိုတာ” ဟုပြောရင်း ကျွန်တော့်ဘက်သို့ လှည့်၍ “ဟုတ်တယ် သူငယ်ချင်းရ၊ ကိုယ့်မှာ လက်နက် ရှိတိုင်း ထစ်ခနဲဆို လက်ယဉ်တာဟာ ကောင်းတာ မဟုတ်ဘူး၊ ဓားပြ တိုက်တယ်ဆိုတာက တစ်မျိုး၊ လူသတ်တယ် ဆိုတာက တစ်မျိုးကွ” ဟုပြောသည်။ ကျွန်တော်ကား ဤသည်လည်း ဓားပြအဘိဓမ္မာ တစ်ရပ် ဟုမှတ်ချက်ချမိသည်။ စောစောက အတိုင်းမူ ကျွဲနှစ်ကောင် စပ်ကြား မြေစာပင်ဖြစ်ကိန်း ကြုံရတော့မည်လားဟု စိုးရိမ်ခဲ့မိသည်။ အခုမှ စိတ်အေးရသည်။

တစ်သက်တာတွင် ဤကဲ့သို့ သက်စွန့်ဆံဖျားကိစ္စ နှစ်ကြိမ်၊ သုံးကြိမ် ကြုံရဖူး၏။ အခြားအကြောင်းများကိုလည်း အလျဉ်းသင့်သည် အခါမှ တင်ပြတော့မည်။

ထိုနေ့ နေလည်ပိုင်းတွင် အိမ်သို့ ပြန်ရောက်သည်။ ဆားလေ့နှင့် ထွက်သွား ချိန်မှစ၍ အဖြစ်အပျက်များကို ယောက္ခမများအား ပြီးစလွယ် ပြောပြလိုက်သည်။ သမီးအတွက် စိတ်မငြိမ်သူမှန်း သိ၍ တစ်စုံတရာမျှ မပြောကြပေ။ သုံးရက်ခန့် အကြာတွင်မူ ဟသာ်တမှ ပြန်လာသော သူကြီးတစ်ယောက်က အင်္ဂလိပ်ငွေ ခြောက်ရာကျော်ကျော်နှင့် စာရင်းစာရွက် တစ်ရွက်ကို လူကြုံပါးလိုက်သဖြင့် ယူလာသည်ဆိုပြီး ပေးသည်။ ကျွန်တော့်မှာ အံ့အားသင့်ရင်း မျက်ရည်စိမ့်လောက်အောင်ပင် ကျေးဇူးတင်မိသည်။ ရသာလျှင် ‘ဘနဖူးသိုက်တူးသော’ လူဆိုးလူလိမ် မသမာတွေ အဘယ်မျှ ပေါများသည် ဆိုစေ၊ ဤလို လူကောင်း၊ လူမွန်မျိုးလည်း ရှိပါသေးလား ဟု ကြည်နူးမိခြင်း ဖြစ်သည်။ ထိုငွေမှာ ကျွန်တော်စွန့်ပစ်ခဲ့သော ကြက်သွန်အိတ်များကို လက်ခံသူ ဟသာ်တ ပွဲစားကြီးထံမှ ကြက်သွန်အိတ်များ ရောင်းရငွေအနက်မှ သူ ရသင့်ရထိုက်သော ပွဲခနှင့် ကူလီခများကိုသာ နုတ်၍၊ ပိုငွေကို ပေးပို့လိုက်ခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## နောက်လိုက်စိတ်နှင့် ဆေးရုံအုပ်ကြီး

ဤကား အလျဉ်းသင့်သဖြင့် 'စာရိတ္တသတ္တိ' အကြောင်းကို ထည့်သွင်းရေးသားလိုက်ခြင်း ဖြစ်၏။ ယခု ရေးလက်စ ခေါင်းဆောင်စိတ် အကြောင်းကို ပြန်ဆက်အံ့။ လွန်ခဲ့သောဆယ်နှစ်ကျော်ကျော်ခန့်က ရန်ကုန်တိုင်းအတွင်း၊ မြို့နယ်ဆေးရုံကြီးတစ်ခုမှ အတွေ့အကြုံတစ်ခုကို ဂင်ပြအံ့။ စာရေးသူ၏ မိခင်ကြီး ဆေးရုံတင်နေစဉ်ကပင် ဖြစ်၏။

ဆေးရုံဝင်းအတွင်း သွယ်တန်းထားသော ရေပိုက်ခေါင်းတစ်ခု ပျက်စီးပြီး ရေများ ဒလဟော ယိုကျလျက်ရှိ၏ ။ ထိုရေများ ရေစင်ပေါ် ရောက်ဖို့အတွက် ပေးဆပ်ရသော အရင်းအနှီးမှာ မနည်းလှ။ မီတာခကုန်၏။ ဆီကုန်၏။ ရေစက်လည်း နာ၏။ ရေစက်မောင်းသော အလုပ်သမားအတွက် လခလည်း ကုန်၏။ ထိုငွေများသည် ပြည်သူအားလုံး၏ ငွေများဖြစ်၏။

ဆေးရုံအုပ်ကြီးမှ စ၍ ဝန်းထမ်းများအလယ် လူနာနှင့် လူနာစောင့်များအဆုံး အားလုံးသည် ပြည်သူထဲတွင် ပါဝင်သောကြောင့် ဆေးရုံဝင်းအတွင်းရှိ မြန်မာအားလုံး ပိုင်ဆိုင်သော ငွေများဆိုလျှင်လည်း မမှားပေ။ ဆေးရုံအုပ်ကြီးမှ စ၍ ဝန်ထမ်းအားလုံးသည် ရေပိုက်ခေါင်း ပျက်နေသည်ကို တစ်ယောက်မဟုတ် တစ်ယောက် တွေ့ကြမည်သာ ဖြစ်၏။ ထိုရေပိုက်ခေါင်းသည် ဆေးရုံမှမဟုတ်ဘဲ သူတို့အိမ်မှ ရေပိုက်ခေါင်းဆိုလျှင် ချက်ချင်း အသစ်လဲပြီး ပြင်ကြမည်ဖြစ်၏။

ယခု ဆေးရုံအတွင်းမှ ရေပိုက်ခေါင်းကို မပြင်ခြင်းသည် ငါ့ပစ္စည်း မဟုတ်၊ ငါနှင့် မဆိုင် ဟုခံယူထားသောကြောင့်ပင် ဖြစ်၏။ ဤခံယူချက်သည် နောက်လိုက်စိတ်၊ ကျွန်စိတ်ရှိသူများ၏ ခံယူချက်ပင် ဖြစ်၏။ ဤခံယူချက်ကို မပြောင်းသရွေ့ မြန်မာပြည်သည် ဈေးကွက်စီးပွားရေး မည်မျှ ဖွင့်ပေး သည်ဖြစ်စေ၊ သယံဇာတပစ္စည်း မည်မျှ ပေါများသည် ဖြစ်စေ၊ ဒီမိုကရေစီစနစ် မည်မျှထွန်းကားသည် ဖြစ်စေ ဆင်းရဲမြဲ ဆင်းရဲနေမည်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူသည် ဆေးရုံအုပ်ကြီးကို သွားအကြောင်းကြားလိုက်၏။ ဆေးရုံအုပ်ကြီး၊ ယခုချက်ချင်း လိုက်မပြင်လျှင် စာရေးသူပိုက်ဆံဖြင့် ပြင်ဆင်မည်ဖြစ်ကြောင်း တစ်ဆက်တည်း ပြောပစ်လိုက်သည်။ ထိုအခါကျမှ ရေပိုက်ခေါင်းတစ်ခု အသစ်ဝယ်ကာ ပြင်ဆင်လေ၏။ **မခိုင်းဘဲ လုပ်သော အလုပ်သည် တစ်သိန်းတန်ပါက ခိုင်းမှလုပ်သော အလုပ်သည် တစ်ကျပ်သာတန်တော့၏။ လုပ်ရတာချင်း တူသော်လည်း တန်ဖိုးချင်းကားကွာခြားလွန်းလှ၏။**

ထိုဆယ်နှစ်ခန့် အချိန်က ရေပိုက်ခေါင်း၏ တန်ဖိုးသည် နှစ်ရာခန့်သာရှိ၏။ နှစ်ရာခန့် ငွေလေးကို နှမြောပြီး မပြင်ဘဲ ထားသောကြောင့် သိန်းနှစ်ရာမကသော ရေများ အလဟဿ ဆုံးရှုံးသွားရသည်ကို တွေးမိတိုင်း အသည်းနာစရာကောင်းလှ၏။ စာသင်ကျောင်းများ၊ ဆေးရုံများ၊ စက်ရုံများ၊ ဝန်ထမ်းအိမ်ရာ များကို ကြည့်လိုက်လျှင် အရောင်မရှိ၊ အဆင်းမရှိ စုတ်ပြတ်ညစ်ပတ်ကွဲကျေ၊ ပေါက်ပြဲနေသည်ကိုသာ အမြဲတွေ့ရ၏။

စာသင်ကျောင်း၊ ဆေးရုံ၊ စက်ရုံမှ ပြူတင်း မှန်တံခါးလေး တစ်ချပ်ကွဲနေသည်ကို မည်သည့် ပညာရေးဝန်ထမ်း၊ မည်သည့် ကျန်းမာရေးဝန်ထမ်း၊ မည်သည့် စက်ရုံဝန်ထမ်းသည် မိမိအိတ်ထဲမှ ပိုက်ဆံစိုက်၍ အသစ်လဲလှယ်ပြုပြင်ဖူးပါသနည်း။ စာရေးသူ၏ လေးဆယ့်သုံးနှစ် သက်တမ်းအတွင်းတွင် ထိုကဲ့သို့ လဲလှယ် ပြုပြင်သူဟူ၍ တစ်ယောက်မှ မတွေ့ခဲ့ဖူးပါ။

ရှိတော့ရှိတယ်၊ ရှားတယ် ဟုဆိုရမည် ထင်ပါသည်။ သို့သော် ပြူတင်း မှန်တံခါးကို ဖြုတ်ရောင်းကြသော ဝန်ထမ်းကား အများအပြားရှိ၏။ ငါ့ကိုယ်ပိုင် အိမ် မဟုတ်သောကြောင့် ပြုပြင်စရာမလို၊ လဲလှယ်စရာ မလိုဟု သဘောထားခြင်း သည် နောက်လိုက်စိတ်၊ ကျွန်စိတ်ကြောင့်ပင် ဖြစ်၏။

ထိုစာသင်ကျောင်းများ၊ ဆေးရုံများ၊ စက်ရုံများ၊ ဝန်ထမ်းအိမ် ယာများ၊ တောက်တောက်ပြောင်ပြောင် သန့်သန့်ရှင်းရှင်း ဖြစ်လာသောနေ့သည် မြန်မာပြည်ကြီး တိုးတက်ကြီးပွားသော နေ့ဟုဆိုရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



## ခေါင်းဆောင်စိတ်ရှိသော အင်ဒရူးကာနက်ဂျီ

ကမ္ဘာအရပ်ရပ် မည်သည့်ဒေသမှ မည်သည့်လူမျိုးမဆို ခေါင်းဆောင်စိတ် ရှိသူများသည် ခေါင်းဆောင်ဘဝသို့ ရောက်ကြသည်သာ ဖြစ်၏။ သံမဏိသူဌေးကြီး အင်ဒရူးကာနက်ဂျီသည်လည်း အရင်က သာမန် အလုပ်ကြမ်းသမားလေး တစ်ယောက်သာ ဖြစ်၏။ တစ်ခါတွင် ဘူတာရုံပိုင်ကြီး တစ်ဦး၏ လက်အောက်တွင် အောင်ခြေသိမ်းအလုပ်များကို လုပ်နေရချိန်တွင် ဖြစ်၏။ ပေးထားသော လစာထက် အလုပ်ကို စေတနာဖြင့် ပိုလုပ်ပေးတတ်သောကြောင့် ရုံပိုင်ကြီး၏ အနီးနေ တပည့်တစ်ယောက် ဖြစ်လာခြင်းကို လူငယ်တိုင်း သတိပြုသင့်၏။

အလုပ်ကြိုးစားသည့်အတွက် ရုံပိုင်ကြီးက အခွင့်ရေးတစ်ခု တောင်းခိုင်းရာ ထိုစဉ်က ခေတ်စားကာစ ကြေးနန်းရိုက်ပညာကို သင်ပေးဖို့သာ တောင်းဆိုခဲ့သည်။ ရုံပိုင်ကြီး ကြေးနန်းရိုက်နေသည်ကို မိမိ အလုပ်တာဝန်ကြားမှ ဂရုစိုက် လေ့လာ ကြည့်ရှုရင်းဖြင့် ကြေးနန်းရိုက်ပညာကို နားလည်တတ်ကျွမ်းခဲ့သည်။ သင်ကြားပေးချိန်တွင် သညာ၊ လက်တွေ့ အသုံးချတတ်မှ ပညာဟုဆိုလျှင် မှားအံ့မထင်။

အင်ဒရူးလေးသည် သင်ထားသောပညာကို လက်တွေ့ အသုံးချတတ်ရန် ယခုကဲ့သို့ မိမိအလုပ်တာဝန်ကြားမှ လေ့လာနေခြင်း ဖြစ်သည်။ တစ်ရက်တွင် ရထားတစ်စီး လမ်းချော် တိမ်းမှောက်သွားသဖြင့် ရထားခရီးစဉ်များ အားလုံး ရပ်ဆိုင်းထားဖို့ ကြေးနန်းဝင်လာ၏။ သူတို့ ဘူတာရုံမှ ကျန်ဘူတာရုံကလေးများသို့ အချိန်မီ ကြေးနန်းမပို့နိုင်ပါက ခရီးသည်များစွာ၏ အသက်များ ဆုံးပါးကြရလေတော့မည်။

ကံဆိုးချင်တော့ ထိုအချိန်တွင် သူ့ဆရာ ရုံပိုင်ကြီး ခရီးလွန်နေခြင်းပင်။ အင်ဒရူးလေးထက် ရာထူးမြင့်သော အသက်ကြီးသော သူများ ဘူတာရုံထဲတွင် အများကြီးရှိ၏။ သို့သော် တစ်ယောက်မျှ ကြေးနန်းရိုက် ပညာကို



www.burmeseclassic.com

www.burmeseclassic.com



မတတ်ကြ။ တစ်မိနစ် နောက်ကျသည်နှင့် လူအသက် ပေါင်းများစွာ သေဆုံးရမည့် အဖြစ်နှင့် ကြုံနေရလေပြီ။

ကြေးနန်းရိုက်သတင်းပို့သော အလုပ်မှာ ရုံပိုင်ကြီး၏ အလုပ်ဖြစ်၍ အခြားသူများ ဝင်လုပ်ပါက အလုပ် ပြုတ်နိုင်သည်။ သူတော်ကောင်း စိတ်ရှိသော အင်ဒရူးလေးသည် အလုပ်မှ ထုတ်လိုက ထုတ်စေ၊ လူများစွာ၏ အသက်များကား မသေစေရ ဟုမှန်ကန်စွာ ဆုံးဖြတ်ပြီး လက်အောက် ဘူတာရုံအသီးသီးသို့ ရထားခရီးစဉ်များ ချက်ချင်း ရပ်ဆိုင်းထားရန် ရုံပိုင်ကြီး၏ လက်မှတ်ဖြင့် ကြေးနန်းရိုက်ကာ အမိန့်ထုတ်လိုက်လေ၏။

**ယောကျ်ားကောင်းတို့မည်သည် ကိုယ့်အလုပ်ကို တာဝန် ယူရဲရ၏။ အလုပ်၌ ပြစ်ချက်တွေ့၍ ကဲ့ရဲ့ခံရသောအခါ လက်ညှိုးကို အသုံးပြုပြီး၊ ကောင်းကွက်တွေ့၍ ချီးမွမ်းခံရသောအခါ လက်မကို အသုံးပြုသူများသည် ရာထူးအမြင့်ဆုံး ကိုရထားသော်လည်း စိတ်ဓာတ် ကား အောက်တန်း အကျဆုံးသာ ဖြစ်၏။**

**မြန်မာပြည်ရှိ စက်ရုံ၊ အလုပ်ရုံအများစု မတိုးတက်သည်မှာ ထိုကဲ့သို့ သောသူများက ရာထူးများကို ရထားကြသောကြောင့်ပင် ဖြစ်၏။ အင်ဒရူးကား ကိုယ့်လုပ်ရပ်ကို တာဝန်ယူရဲသော ယောကျ်ား ကောင်းတစ်ယောက် ဖြစ်၏။**

ထို့ကြောင့် ရုံပိုင်၏ နာမည်ဖြင့် အမိန့်ပေးခဲ့သော လုပ်ရပ်အတွက် အလုပ်မှ ထွက်စာကို ကိုယ်တိုင်တင်လိုက်လေသည်။ အကြောင်းစုံ သိသွားသော ရုံပိုင်ကြီးကား အထွက်မခံသည့်အပြင် ရာထူးပင် တိုးမြှင့် ပေးခဲ့လေသည်။ ထိုခေါင်း ဆောင်စိတ်ဓာတ်ကြောင့်ပင် အင်ဒရူး ကာနက်ဂျီ သည် သာမန် အလုပ်ကြမ်းသမား ဘဝမှ ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီး အဖြစ်သို့ ရောက်ခဲ့ရခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



## ခေါင်းဆောင်စိတ်နှင့် စောလုဖြူ

ခေါင်းဆောင်စိတ် ရှိသူသည် အချိန်မကျသေး၍ နောက်လိုက်ဘဝ ရောက် နေရသော်လည်း ခဏသာ။ အချိန်ကျသည်နှင့် ခေါင်းဆောင် ဘဝသို့ ရောက်ရသည် သာ ဖြစ်၏။ တစ်ဖန် ခေါင်းဆောင်စိတ်ရှိ၍ ခေါင်းဆောင်ဘဝသို့ ရောက်နေရသူ များသည် မည်သည့် အနှောက် အယှက်များနှင့် တွေ့ကြုံရသည် ဖြစ်စေ၊ နောက်လိုက် ဘဝသို့ လျှော့ကျသွားခြင်း မရှိပုံ ရှေးဟောင်း သာဓကတစ်ခုကို တင်ပြပါဦးမည်။

ခညဝတီတွင် ဘုရင်မင်းထီး အုပ်ချုပ်နေသော အချိန်ကပင် ဖြစ်၏။ တစ်ခါတွင် အမတ်နေရာတစ်ခု လစ်လပ်သွားသဖြင့် အသိဉာဏ်ပညာနှင့် ပြည့်စုံ သော ခေါင်းဆောင်စိတ် ရှိသူတစ်ယောက်ကို ခန့်အပ်ပေးလိုက်၏။ ထိုသူ၏ အမည်ကို 'စောလုဖြူ' ဟူ၍ပဲ မှတ်ပါ။ ထိုအခါ မိဖုရားခေါင်ကြီးသည် သူ့မောင်တစ်ယောက်အား ထိုရာထူးကို ပေးချင်သဖြင့် ဘုရင်မင်းထီးကို တီးတိုးတိုင်ပင် ပါသည်။

ဘုရင်မင်းထီးက သူခန့်အပ်သော သူသည်သာ အမတ်ရာထူးနှင့် ထိုက် တန်ကြောင်း၊ မိဖုရားကြီး၏ မောင်မှာ ထိုရာထူးနှင့် မထိုက်တန်ကြောင်း ရှင်းပြ ၏။ မိဖုရားကြီးကား မကျေနပ်။ သူ့မောင်ကိုသာ အမတ်ရာထူး ရစေချင်နေ၏။ စကားနှင့်ပြော၍ မရသောအခါ လက်တွေ့ပြရန်သာ ရှိတော့သဖြင့် မိဖုရား၏ ရှေ့မှာပင် နှစ်ဦးစလုံးကို ခေါ်ခိုင်းလိုက်သည်။

မိဖုရားကြီး၏ မောင်ကို အောင်သာဖြူ ဟူ၍ပဲ မှတ်ပါ။ ရှေ့တော်သို့ ရောက်သည်နှင့် ဘုရင်မင်းထီးက –

"ဟဲ့ ... အောင်သာဖြူနဲ့ စောလုဖြူ နန်းတော်အောက်နားမှာ ခွေးမတစ် ကောင် ပေါက်နေတယ်။ ဘယ်နှစ်ကောင် မွေးတယ်ဆိုတာ သွားကြည့်စမ်းပါ"

ဟုခိုင်းလိုက်၏။ နောက်လိုက်စိတ်ရှိသော အောင်သာဖြူသည် အလုပ်ကို ပိုကောင်းအောင် လုပ်ဖို့ စိတ်ကူးမရှိ။ မြန်မြန်ပြန်လျှောက်တင်နိုင်ရင် အရေးပေး ခံရမှာပဲ ဟုအသာစံဖို့ စိတ်ကူးသာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤစိတ်ကူးမျိုးကို နောက်လိုက်စိတ် ဟုပင်ခေါ်ရ၏။ စောလှဖြူကား အတွေးခေါ် ရှိသူ ၊ ခေါင်းဆောင်စိတ် ရှိသူဖြစ်၏။ ထို့ကြောင့် ခွေးသားပေါက်သည်ကို ကြည့်ခိုင်းသည်မှာ အကြောင်းရှိ၍သာ ဖြစ်ရမည်ဟု တွေးမိသဖြင့် ဘယ် နှစ်ကောင် ဟူသော အရေအတွက်သာမက အထီး၊ အမ၊ အဖြူ၊ အနက်၊အဝါ စသောအချက်တို့ကိုပါ သေချာမှတ်သားပြီးမှ ဘုရင့်ထံ ပြန်လာ၏။

ဘုရင်က အရေအတွက်ကိုသာ ခိုင်း၏။ စောလှဖြူက အထီး၊ အမ၊ အဖြူ၊ အဝါ တို့ကိုပါ မှတ်သားခြင်းသည် လုပ်သင့်သော အရာကို မခိုင်းဘဲ လုပ်ခြင်းပင် ဖြစ်၏။ ထိုစိတ်မျိုးကိုပင် ခေါင်းဆောင်စိတ် ဟုဆိုရ၏။ အောင်သာဖြူကား ဘုရင်ခိုင်းသလောက် အရေအတွက်ကိုသာ မှတ်ပြီး ဘုရင့်ထံ အရင်ရောက် အောင်သွား၏။ ဘုရင်က အရေအတွက်ကိုသာ မက အထီး၊ အမ၊ ဘယ်နှစ်ကောင် ပါသည်ကို ဆက်မေးသောအခါ မဖြေနိုင်တော့ဘဲ နန်းတော်အောက်သို့ ပြန်ကြည့် ရပြန်၏။

တစ်ဖန် အဖြူ၊ အနက် စသည်ကို မေးသောအခါတွင်လည်း နန်းတော်အောက်သို့ နောက်တစ်ခေါက် ပြန်ကြည့်ရပြန်၏။ စောလှဖြူအလှည့် ရောက်သောအခါ မေးသမျှကို တစ်ထိုင်တည်း အကုန်ဖြေနိုင်လေ၏။ ထိုသူနှစ်ယောက် ထွက် သွားကြသောအခါ ဘုရင်မင်းထီးက မိဖုရားကြီးကို အဓိပ္ပါယ်ရှိသော မျက်လုံးဖြင့် တစ်ချက်လှည့်ကြည့်လိုက်၏။

မိဖုရားကြီးသည် ခေါင်းညိတ် ထောက်ခံရုံမှတစ်ပါး တခြားဘာများ တတ်နိုင်ပါဦးမည်နည်း။

## ကိုယ့်အားကိုကိုး စီးပွားတိုး၊ ကောင်းကျိုးအဆင့်ဆင့်

၄ ဒွဘာသာ မြန်မာအများစု မကြီးပွားခြင်း၏ ဆယ့်တစ်ခုမြောက် အကြောင်းသည် ကိုယ့်အားကိုယ် ကိုးလိုစိတ် နည်းပါးခြင်းပင်ဖြစ်၏။ ဒဿနပါသော ကာတွန်းကလေးတစ်ကွက်ကို ဖတ်ဖူး၏။ ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သည် သူကြိုက်သော ကောင်မလေးတစ်ယောက် သူ့ကို စိတ်ဝင်စားလာစေရန်အတွက် သူသည် သူဌေးသား ဖြစ်ကြောင်း၊ သူ့အဖေသည် မည်ရွေ့မည်မျှ ချမ်းသာကြောင်း ပြောပြနေ၏။

ကောင်လေးစကား ဆုံးသောအခါ ကောင်မလေးက "ဒါဆိုရင် မောင့်ရဲ့ ဒယ်ဒီကိုပဲ လက်ထပ်တော့မယ်"ဟု ပြောနေပုံကလေး ဖြစ်၏။ မိန်းကလေး အများစု ငွေမက်သည်ကို သရော်လိုခြင်း ဖြစ်သော်လည်း မိဘချမ်းသာမှုသည် သားသမီး ချမ်းသာမှုမဟုတ် ဟူသော အချက်ကိုလည်း ပြသလျက် ရှိသည်။

မိဘကို အားကိုးလွန်းသော သားသမီးများ မထင်မှတ်သော လောကဓံနှင့် ကြုံကြိုက် ရသောအခါ ဘဝပျက်သည် အထိ ဒုက္ခရောက်တတ် ကြသည်။ ပုသိမ်မြို့သို့ တရားဟော ကြွစဉ်က တည်းခို ရာကျောင်းတစ်ကျောင်း တွင် လင်းယုန်ကြီးနှစ်ကောင် လှောင်အိမ်ထဲတွင် မွေးထားသည်ကို တွေ့ရသည်။

## ကြွက်ကိုကြောက်သော လင်းယုန်နှစ်ကောင်

လင်းယုန်နှစ်ကောင်သည် ငယ်ငယ်လေးကတည်းက လူတွေကို အားကိုးပြီး လှောင်အိမ်တွင်း၌ ကြီးပြင်းလာခဲ့ရခြင်း ဖြစ်သည်။ ကိုယ့်အား ကိုယ် ကိုးပြီး သားကောင်များကို ရှာဖွေစားသောက်တတ်သော အလေ့အထ များ မရှိကြတော့။ သူတို့၏ အစာဖြစ်သော ကြက်လေးများ၊ ကြွက်ကလေးများ ကို အရှင်လိုက် လှောင်အိမ်တွင်းသို့ ထည့်ပေးလိုက်လျှင် ကြောင်၍ ကြည့်နေ တတ်ကြသည်။ ဖမ်းရကောင်းမှန်းလည်း မသိ၊ စားရကောင်းမှန်းလည်း မသိ။ ခုတ်ထစ်ကျွေးမှသာ စားတတ်တော့သည်။

လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ၊ သူတစ်ပါးကို အားကိုးလွန်းလျှင် စွမ်းရည် သတ္တိတိုးတက်မှု မရှိတော့သည့်အပြင် အရင်ရှိပြီးသား စွမ်းရည်သတ္တိ များပင် လျော့ပါးကုန်ခန်းတတ်သည်မှာ သဘာဝပင်ဖြစ်၏။ လောင်းရိပ် မိသော အပင်ငယ်သည် ကြီးမားထွားကြိုင်းခြင်း မရှိတော့သကဲ့သို့ ဆရာ၏အရိပ်၊ မိဘ၏အရိပ် လွှမ်းမိုးခံရလွန်းအားကြီးသော တပည့်



www.burmeseclassic.com

www.burmeseclassic.com



သားသမီးများသည် ကြီးပွားတိုးတက်မှု မရှိတော့ချေ။

ထို့ကြောင့် ဆရာမိဘများကလည်း တပည့်နှင့် သားသမီးများကို ကိုယ့် အားကိုယ် ကိုးလိုသော စိတ်ဓာတ်များ ပေါ်ပေါက်လာအောင် သူတို့နှင့် တန်ရာ တာဝန်များ အလုပ်များကို လွတ်လပ်စွာ လုပ်နိုင်ရန် အခါအားလျော်စွာ ခွဲဝေပေး သင့်သည်။ နွေရာသီ ကျောင်းပိတ်ရက်များတွင် မိမိဝါသနာပါရာ အသက်မွေးဝမ်း ကျောင်းပညာ တစ်ခုခုကို သင်ထားသင့်သည်။

အထူးအားဖြင့် ရာထူးကြီးကြီး ရထားသော သားသမီးများ၊ ကတော်များသည် ဘဝ ပိုမေ့တတ်သည်။ 'မင်းခယောကျ်ား၊ ကမ်းနားသစ်ပင်' ဆိုသည့် အတိုင်း ယနေ့ အကြီးဆုံးအရာရှိကြီးသည် နောက်နေ့ အနိမ့်ဆုံး သာမန်လူတစ် ယောက် အဖြစ်သို့ ခဏချင်း ရောက်သွားနိုင်သည်ကို သတိပြုပြီး ထွက်လာမည့် လောဘ, ဒေါသ, မောဟ. မာနများ မထွက်အောင် ဂရုစိုက်သင့်သည်။

## အလောင်းသယ်သော ဘုရင်ခံကတော်

အိန္ဒိယနိုင်ငံ၏ နောက်ဆုံးဘုရင်ခံ လော့မောင့်ဘက်တန်၏ ဇနီး အက် ဒွင်နာမောင့်ဘက်တန်သည် ဘုရင်ခံကတော်ဖြစ်သော်လည်း မာနကို ပယ်သတ်နိုင် သူဟု ဆိုသင့်၏။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေး ရခါနီးအချိန်က မူဆလင်၊ ဟိန္ဒူ အရေးအခင်းကြောင့် လူအတော်များများ သေကြေရသည်။ တစ်ခါတွင် ဘုရင်ခံကတော်သည် ကိစ္စတစ်ခုဖြင့် အပြင်ထွက်ရင်း လမ်းဘေးတွင် ပုပ်ပွသေဆုံးနေသော အလောင်းတစ်ခုကို တွေ့ရသဖြင့် ကားရပ်ခိုင်းကာ ဆင်းကြည့်သည်။

ထိုအချိန်မှာပင် လူနာတင် ယာဉ်တစ်စီးကို မြင်သဖြင့် လှမ်းခေါ်ကာ အလောင်းကို ဆေးရုံသို့ ပို့ခိုင်းသည်။ ယာဉ်မောင်းက တင်မပေးနိုင်ဟု အတင်းငြင်း သည်။ အကြောင်းကို မေးကြည့်သောအခါ သူက ဇာတ်မြင့်ပြီး သေဆုံးသူက ဇာတ်နိမ့်သောကြောင့် ဟူ၏။ မာနကြီးသော စိတ်ဓာတ်နိမ့် ကျသော ဘုရင်ခံကတော် တစ်ယောက်သာဆိုလျှင် ထိုဒရိုင်ဘာကို အော်ဟစ်



www.burmeseclassic.com

www.burmeseclassic.com



ငေါက်ငမ်းပြီး ဖမ်းချုပ်ခိုင်းမည် ထင်သည်။

လော့မောင့်ဘက်တန်ကတော်သည် မည်သို့ ပြုလုပ်သည်ထင်ပါသနည်း။ အလောင်းကို ကိုယ်တိုင် မ,ပြီး လှူနာတင်ယာဉ်ပေါ် တင်ပေးလိုက်ပါသတည်း။ စာအုပ်ရှေ့ပိုင်းတွင် ရေးခဲ့သည့်အတိုင်း ရုပ်သည် စိတ်၏နောက်လိုက် ဖြစ်ရာ စိတ်ဓာတ်နိမ့်ကျလျှင် ရုပ်ဓာတ်လည်းနိမ့်ကျ၏။ လူနာတင် ယာဉ်မောင်းသည် စိတ်ဓာတ်နိမ့်ကျသောကြောင့် သေသည့်အထိ လူနာတင် ယာဉ်ကိုသာ မောင်းသွားရ၏။

စိတ်ဓာတ်မြင့်လျှင် ရုပ်ဓာတ်လည်း လိုက်မြင့်၏။ ဘုရင်ခံ ကတော်သည် စိတ်ဓာတ်မြင့်သောကြောင့် ဘုရင်ခံကတော်ဘဝသို့ ရောက်ရခြင်း ဖြစ်၏။ သူတို့ ဇနီးမောင်နှံနှစ်ယောက် နိုင်ငံရေးမှ အနားယူသည်အထိ မြန်မာနှင့်အိန္ဒိယပြည်သူ အများစု၏ ချစ်ခင်လေးစားမှုကို ရသည်မှာ ရာထူးကြောင့် မဟုတ်။ သူတို့၏ မြင့်မြတ် ယဉ်ကျေးသော စိတ်ဓာတ်ကြောင့် ဖြစ်ကြောင်း ထင်ရှား၏။ စာရိတ္တသတ္တိစာအုပ်တွင် ဖော်ပြခဲ့ဖူးသော ဆရာဇော်ဂျီ၏ ဒဿနကဗျာကလေးကို ထပ်ဆင့် ဖော်ပြလိုက်ချင်ပါသေး၏။

**အကာနှင့်အနှစ်**

ဆွေဂုဏ်မျိုးဂုဏ်၊ ရာထူးဂုဏ်ကား
လူ့ဘုံလောက၊ အကာမျှတည်း။
သူကငြူစူ၊ မကြည်ဖြူ၍
ခွာယူလို့ရ၊ ကွာ၍ကျ။
ရိုးဂုဏ်ဖြောင့်ဂုဏ်၊ ယဉ်းကျေးဂုဏ်ကား
လူဘုံလောက၊ နှစ်,သာရတည့်
သူကငြူစူ၊ မကြည်ဖြူလည်း
ခွာယူမရ၊ ကွာမကျ။ ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## ကရုဏာသက်ဖွယ် ဟောင်ကောင်အပျော်မယ်

ကမ္ဘာ့အဆင့်နီးပါး ချမ်းသာသွားသော မြန်မာနိုင်ငံသား တစ်ယောက် ရှိခဲ့ဖူး၏။ သူ့အမည်ကို 'အော်ဘွန်ဟော' ဟုခေါ်၏။ ကျားဘမ်းပရုပ်ဆီ ရောင်းချ ခြင်းဖြင့် ချမ်းသာလာခြင်း ဖြစ်သည်။

ဖျားနာ ချောင်းဆိုး၊ ညောင်းညာ ကိုက်ခဲ၊ ရောဂါများအတွက် သောက်၊ လိမ်း၊ ရှူ သုံးမျိုးလုံး အသုံးပြုနိုင်သော ဆင်းရဲသားအများစု အသုံးပြုသော ဆေးတစ်မျိုးဖြစ်၏။ ဆင်းရဲသားများ ဆေးဖိုးသက်သာစွာဖြင့် ကျန်းမာစေလို သော မေတ္တာ, စေတနာဖြင့် ကျားဘမ်းပရုပ်ဆီကို တီထွင်ခဲ့ခြင်း ဖြစ်၏။ ထိုမေတ္တာ, စေတနာက အော်ဘွန်ဟောကို ကမ္ဘာ့အဆင့် ရောက်လုနီးပါး သူဌေးကြီး အဖြစ်သို့ ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်၏။

ကျားဘမ်းပရုပ်ဆီကို မြန်မာပြည်သာမက တစ်ခြားနိုင်ငံများကပါ ဝယ် ယူအသုံးပြုလာသဖြင့် ဈေးကွက်ကျယ်လာ၏။ ထို့ကြောင့် စင်္ကာပူ နိုင်ငံအထိ ဖြန့်ချိရေး ဌာနများကို တိုးချဲ့ခဲ့ရသည်။ တစ်ရက်တွင် အော်ဘွန်ဟောသည် ဟောင်ကောင်သို့ အပန်းဖြေခရီးထွက်ခဲ့၏။ သူ၏ ကိုယ်စားလှယ်က သူ့အတွက် ချောမောလှပနုနယ်သော မိန်းကလေး တစ်ယောက်ကို ခေါ်လာပေး၏။

အပျော်မယ်လေးမှာ လှပနုနယ်သော်လည်း ရွှင်ရွှင်လန်းလန်း မရှိဘဲ ညှိုးငယ် မောပန်းသည့် အမူအရာများကို တွေ့ရသဖြင့် အော်ဘွန်ဟောက ကရုဏာသက်စွာ မေးမြန်းကြည့်သောအခါ ယခုလို သိရ၏။သူမသည် ဟောင်ကောင်သူ တစ်ယောက်မဟုတ် ဆိုဗီယက်သူတစ် ယောက်ဖြစ်သည်။

သူ့ဖခင်သည် ရာထူး အလွန်မြင့်မားသော အရာရှိကြီးတစ်ယောက် ဖြစ်သည်။ တစ်ချိန်တွင် အာဏာအသိမ်းခံရသဖြင့် သူတို့မိသားစု သုံးယောက် သည် အသက်ဘေးကြောင့် လက်လွတ်ထွက်ပြေးလာကြရ၏။ ပြေးရင်း လွှားရင်း ဖခင်သည် တိဗက်နိုင်ငံမှာပင် သေကျန်ရစ်ခဲ့သည်။ ဆက်ပြေးရင်း ဟောင်ကောင် မှာ သောင်တင်နေရာ လောကဓံကို ခံနိုင်ရည်မရှိသော မိခင်မှာ စိတ်ဆင်းရဲပြီး ကွယ်လွန်ခဲ့သဖြင့် သူမမှာ လောကအလယ်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



၏။ ဖခင်ကို မိခိုလွန်းအားကြီးခဲ့သောကြောင့် မိခင်နှင့် သူမမှာ ကိုယ့်ခြေထောက်ပေါ်ကို ရပ်တည်နိုင်စွမ်း မရှိကြ။

ထို့ကြောင့် မိခင်မှာ ရှေ့ဆက်လျှောက်ရမည့် ဘဝခရီးကို တွေးကြည့်ပြီး စိတ်ဆင်းရဲကာ သေရသလို၊ သူမလည်း ဝမ်းရေးအတွက် တခြားမည်သည့်အလုပ်မှ မလုပ်တတ်သဖြင့် ပြည့်တန်ဆာမ ဘဝသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။ ယခုအလုပ်မှာလည်း နားလည် ကျွမ်းကျင်မှု မရှိသေးသောကြောင့် စားဝတ်နေရေးအဆင်မပြေသေးပေ။

ယနေ့ ညနေစာပင် မစားရသေးသောကြောင့် ညိုးနွမ်းနေရခြင်းဖြစ်ကြောင်း အပျော်မလေးက မျက်ရည်အဝိုင်းသားနှင့် ရှင်းပြရှာသည်။ ထိုအခါ မြန်မာနိုင်ငံသား ပီပီ သနားတတ်သော အော်ဘွန်ဟောက ကော်ဖီနှင့်မုန့်များကို ချကျွေးရာ ဆာနေသောမိန်းကလေးသည် အော်ဘွန်ဟော ကိုပင် မရှက်နိုင်ဘဲ မုန့်များကို ပလုတ်ပလောင်း စားရှာ၏။

စားသောက်ပြီးသောအခါ အော်ဘွန်ဟောသည် ဒေါ်လာနှစ်ထောင် ပေးပြီး သူ့အိမ်သို့ ချက်ချင်း ပြန်ပို့ပေးခဲ့သည်။ အော်ဘွန်ဟောအတွက် အပျော်ညမဟုတ် တော့ဘဲ၊ ကရုဏာည ဖြစ်သွားတော့၏။

## နေ့စံ ညခံဘဝရောက်ရခြင်း အကြောင်းကံ

**လူ့သက်တမ်း တစ်ရာဆိုတာ တာဝတိံသာနတ်သက်နဲ့ တွက်ကြည့်တော့ တစ်ရက်ပဲ ရှိပါတယ်။ နတ်သက် တစ်ရက်စာ နေရတဲ့ အချိန်ကလေးကို အကုသိုလ်တွေ မလုပ်မိပါစေနဲ့။ နေ့စံ၊ညခံ၊ ခုနှစ်ရက်စံ၊ ခုနှစ်ရက်ခံရတဲ့ ဝေမာနိကပြိတ္တာမျိုးဆိုတာ ရှိတယ်-**

**တချို့ပြိတ္တာက နေ့ပိုင်းမှာ နတ်စည်းစိမ်ခံစားရပြီး ညပိုင်းမှာ ငရဲဆင်း ရဲကို ခံစားရတယ်။ တချို့ပြိတ္တာက ခုနှစ်ရက် နတ်စည်းစိမ်ချမ်းသာကို ခံစားရပြီး၊ နောက်ခုနှစ်ရက်ကျတော့ ငရဲဆင်းရဲကို**



www.burmeseclassic.com

www.burmeseclassic.com



**ခံစားရတယ်။ ဘာ့ကြောင့် အဲဒီလို ဖြစ်ရတာလဲဆိုတော့ လူ့ဘဝတုန်းက ကုသိုလ်ရော အကုသိုလ်ရော နှစ်မျိုးလုံး လုပ်ခဲ့တဲ့ အတွက်ကြောင့်ပဲ”**

ဒါ့ကြောင့် ကိုယ့်ဘဝကိုယ် တကယ်တန်ဖိုးထားတဲ့ သူဆိုရင် ကုသိုလ်ချည်းပဲ လုပ်သင့်တယ်။ အကုသိုလ်ကို လုံးဝ မလုပ်သင့်ဘူး။ သတ်မှု၊ ခိုးမှုစတဲ့ အကုသိုလ် တစ်ခုခုကို လုပ်တိုင်း လုပ်တိုင်း ဘေးလေးမျိုးသင့်တယ်။ အဲဒါတွေက–

ကိုယ့်ကိုကိုယ် စွပ်စွဲကဲ့ရဲ့ မကြည်ညိုတဲ့ – **အတ္တာနုဝါဒဘေး။**
သူတစ်ပါးက စွပ်စွဲကဲ့ရဲ့ မကြည်ညိုတဲ့ – **ပရာနုဝါဒဘေး။**
ထောင်တန်းကျပြီး အပြစ်ပေးခံရတဲ့ – **ဒဏ္ဍဘေး။**
အပါယ်လေးပါး ကျရတဲ့ – **အပါယဘေး။**

တို့ပဲ ဖြစ်တယ်။ ဒီလေးမျိုးထဲမှာ မကောင်းမှုကို ပိပိရိရိ လုပ်နိုင်ရင် ပရာနုဝါဒဘေးက လွတ်တယ်။ ဆိုင်ရာ ပုဂ္ဂိုလ်တွေကို လာဘ်ထိုးနိုင်ရင် ဒဏ္ဍဘေးက လွတ်တယ်။ အဲ...ဟန်ဆောင်လို့ လာဘ်ထိုးလို့ မရတာကတော့ အတ္တာနုဝါဒ ဘေးနဲ့ အပါယဘေးပဲ။ ဘယ်လောက် ပိပိရိရိ ခိုးခိုး ကိုယ်တိုင်ကတော့ သိနေတာပဲ–

ကိုယ် ကိုယ်တိုင်သိတာနဲ့ ငါဟာ ခိုးစားလိမ်စားနေတဲ့ သူယုတ်မာကြီး ပါလားဆိုပြီး၊ တွေးမိတိုင်း စိတ်ဆင်းရဲနေရတယ်။ အဲဒါ အတ္တာနုဝါဒဘေး ဆိုက်ကာပဲ။ ဒီဘေးဆိုက်ပြီ ဆိုတာနဲ့ ငရဲကျဖို့က သေချာသလောက် ဖြစ်သွားပြီ။ အပါယဘေးဆိုက်တာပေါ့။

တချို့သောတရားသူကြီးများကို ထောင်မကျအောင် သို့မဟုတ် ကျသင့်တဲ့နှစ်ထက် လျော့အောင် လာဘ်ထိုးလို့ ရချင်ရမယ်၊ငရဲပြည်က ‘ယမမင်း’ ကိုတော့ ဘာနဲ့မှ လာဘ်ထိုးလို့ မရပါဘူး။ ဒါ့ကြောင့်ဒီ ဒသနလေးကို ဦးဋ္ဌင်း ရေးခဲ့တာပေါ့။

**‘သူတစ်ပါးကို မကြည်ညိုရင် ကုသိုလ်မရရှုံဘဲ ရှိမယ်။**
**ကိုယ့်ကို ကိုယ် မကြည်ညိုရင် အပါယ်ကျတတ်တယ်။**



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား– သူတစ်ပါးကို လိမ်ညာ၍ရသော်လည်း ကိုယ့်ကိုကိုယ် လိမ်ညာ၍ မရသောကြောင့်တည်း' တဲ့။

အခက်လေးမျိုး ရှိတယ်။ ။

## အခက်လေးမျိုး

အကြည်ညို မခံရဖို့ထက်၊ အကြည်ညို ခံရဖို့က ပိုခက်တယ်။

အမျိုးသမီးတွေ ကြည်ညိုဖို့ထက် အမျိုးသားတွေ ကြည်ညိုဖို့က ပိုခက်တယ်။

အမျိုးသားတွေ ကြည်ညိုဖို့ထက် ရဟန်းအချင်းချင်း ကြည်ညိုဖို့က ပိုခက်တယ်။

"ရဟန်းအချင်းချင်း ကြည်ညိုဖို့ထက် ကိုယ့်ကိုယ်ကို ကြည်ညိုဖို့က ပိုခက်တယ်။ ဦးပဥ္စင်းတို့ မြို့ထဲမှာ အရာရှိကြီးတစ်ယောက်ရှိတယ်။ ခိုးတယ်၊ ဝှက်တယ်။ လိမ်တယ်၊ လာဘ်စားတယ်။ မကောင်းတာ မှန်သမျှ အကုန်လုပ်တယ်။ ဒါပေမယ့် ကျွမ်းကျင်ပိရိစွာ လုပ်တဲ့အတွက် သူတစ်ပါး ကဲ့ရဲ့တာ မခံရဘူး။ ပရာနုဝါဒဘေးက လွတ်သွားတာပေါ့။

သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေကို ကပ်ဖားပြီး လာဘ်ထိုးနိုင်တဲ့အတွက် 'ဒဏ္ဍဘေး'ကလည်း လွတ်သွားတယ်။ ဒါပေမယ့် 'ငါဟာ ခိုးစား၊ လိမ်စားနေတဲ့ လူကြီးပါလား' ဆိုတဲ့ ကိုယ့်ကိုယ်ကို စွပ်စွဲတဲ့ 'အတ္တာနုဝါဒဘေး' ကြီးကျတော့ ရှောင်လို့ မရတော့ဘူး။ 'အတ္တာနုဝါဒဘေး' ဆိုက်ရောက် ပြီဆိုရင် 'အပါယ ဘေး'က သေချာပေါက် ဆိုက်တော့တာပဲ။

## လာဘ်ထိုး၍မရသော ဘေး

အပါယဘေးကိုလည်း လာဘ်ထိုးလို့ မရဘူးလေ။ သူသေမယ့်ညမှာ ငရဲနိမိတ်ဖြစ်တဲ့ ခွေးနက်ကြီးတွေ၊ ငရဲသားတွေ၊ ငရဲမီးတွေ မြင်တော့ အသံနက်ကြီးနဲ့ အော်လိုက်တာ ရှစ်အိမ်ကျော် မျက်စောင်းထိုးလောက်မှာ ရှိတဲ့ ဦးပဥ္စင်းတို့တောင် အတိုင်းသား ကြားနေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငရဲကျခါနီး အော်တဲ့အသံဟာ ငယ်သံတောင် ပါနေတာမို့ တော်တော်ကြောက်စရာကောင်းတယ်။ ဒီအချိန်က ဦးပဋ္ဌင်းအသက် ဆယ်နှစ်လောက်ပဲ ရှိဦး မယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်ကျော်လောက် ကပေါ့။ အရာရှိကြီးရဲ့ သေခါနီး အော်သံကို ကြောက်လွန်းလို့ အမေ့ရင်ခွင်ထဲတောင် တိုးဝင်မိတယ်–

သူ့အိမ်က မိသားစုတွေလည်း သူအသံကြီးကို အတော်ကြောက် သွားဟန် တူတယ်။ သူ့နားမှာ ဘယ်သူမှ မနေရဲကြတော့ဘဲ သူအခန်း တံခါးကို အပြင်က ပိတ်ထားလိုက်ကြသတဲ့။ အော်နေတာတော့ အတော်ကြာ တယ်။ ညသန်းခေါင် ကျော်လောက်မှ သေသွားတယ်လို့ သိရတယ်–

မိုးလင်းလို့ အခန်းတံခါး သွားဖွင့်ကြည့်တဲ့အခါကျတော့ မျက်လုံးပြူး မျက်ဆံပြူးနဲ့ ကုတင်အောက် ပုံပျက်ပန်းပျက် လိမ့်ကျသေနေတဲ့ အရာရှိကြီးကို တွေ့ရတယ်။ သူ့ ခိုးကျွေးတုန်းကတော့ မိသားစုအားလုံး ဝိုင်းစားပေးကြ ပေမယ့် သူငရဲကျတဲ့ အခါမှာတော့ သားမယားတွေ တစ်ယောက်မှ နောက်က မလိုက်ကြပါဘူး။ အဲဒါကြောင့် ဒကာကြီးလည်း ကိုယ့်ကိုယ်ကို ကြည်ညို အောင်နေပါ လို့ပဲ မှာခဲ့ပါရစေ”

“တပည့်တော် ကိုယ့်ကိုယ်ကို ကြည်ညိုအောင် နေပါမယ်ဘုရား”

* * *

## ဂုဏ်မယူသင့်တာ ဂုဏ်ယူ၍ အောက်ကျရသောလူမျိုး

သမ္မာအာဇီဝကျသော သို့မဟုတ် တရားနည်းလမ်းကျသော စီးပွား ရေး အလုပ်မှန်သမျှ ဂုဏ်ရှိသည်သာ ဖြစ်၏။ မြန်မာ အများစုသည် တစ်လွဲဆံပင်ကောင်း ပြီး ဂုဏ်မယူသင့်တာကို ဂုဏ်ယူ၏။ ဂုဏ်ယူသင့်တာကို ဂုဏ်မယူ။ ကြီးပွားတိုး တက်နေသော အနောက်နိုင်ငံများ၌ ဆယ့်ရှစ်နှစ်အထက် လူငယ်များ တစ်ယောက်နှင့် တစ်ယောက်တွေ့လျှင် မည်သည့်အလုပ် လုပ် နေသလဲဟု မေးတတ်ကြ၏။

မှတ်ချက်။ ။ ဆယ့်ရှစ်နှစ် ပြည့်ပြီးလျှင် လူကြီးဖြစ်ပြီဟု ခံယူကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သည့် အလုပ်မှ မလုပ်ပါဟု ဖြေရမည်ကို အလွန်ရှက်ကြ၏။ ဆယ့် ရှစ်နှစ် ပြည့်ပြီးသူ ဖြစ်ပါလျက် မိဘလုပ်စာကို ထိုင်စားနေသူ၊ မိဘလုပ်စာဖြင့် ကျောင်းတက်နေသူများကို သုံးမရသော လူပျင်းတစ်ယောက်ဟု သတ်မှတ်လေ့ ရှိ၏။ စီးပွားရေး အလုပ်တစ်ခုခု ရှိမှသာလျှင် လူရာဝင်သောသူဟုသတ်မှတ်၏။

ထို့ကြောင့် အနောက်နိုင်ငံမှ လူငယ်အများစုသည် အလုပ်မရှိတာကို ဂုဏ်မယူ၊ အလုပ်ရှိတာကိုမှ ဂုဏ်ယူ၏။ ဤကား ဂုဏ်မယူသင့်တာကို ဂုဏ်မယူ ဘဲ ဂုဏ်ယူသင့်တာကို ဂုဏ်ယူခြင်းပင် ဖြစ်၏။ မြန်မာလူငယ် အများစုကား အလုပ်မလုပ်ဘဲ ထိုင်စားနိုင်တာ အလုပ်မလုပ်ဘဲ ကျောင်းတက် နိုင်တာကို ဂုဏ်ယူ၏။ ဤကား ဂုဏ်မယူသင့်တာကို ဂုဏ်ယူခြင်း ဖြစ်၏။

အလုပ် လုပ်ပြီး ကျောင်းတက်ရသည်ကို အောက်တန်းကျသည်ဟု ယူဆ၏။ ဤကား ဂုဏ်ယူသင့်သည်ကို ဂုဏ်မယူခြင်းဖြစ်၏။ **နယူးဇီလန် နိုင်ငံသို့ ပညာတော်သင်ရောက်ခဲ့သည့် အမျိုးသမီးတစ်ဦး ရေးခဲ့သော အကြောင်းအရာတစ်ခုကို ဖော်ပြအံ့။ ထိုအမျိုးသမီးသည် တက္ကစီကား ငှားပြီး ဌာနတစ်ခုသို့သွား၏။**

**တက္ကစီကား မောင်းသူနှင့် စကားစပ်၍ မေးကြည့်သောအခါ ဆေး တက္ကသိုလ် (နောက်ဆုံးနှစ်ကျောင်းသား) တစ်ယောက် ဖြစ်နေမှန်း သိရသည်။ မိဘများ အဆင်ပြေသော်လည်း အသက်ဆယ့်ရှစ်နှစ် ပြည့်ပြီးချိန်တွင် မိဘလုပ်စာနှင့် ကျောင်းတက်ရမည်ကိုရှက်၍ တက္ကစီ ကား မောင်းနေခြင်း ဖြစ်ကြောင်းသိရ၏။ အလုပ် လုပ်ရသည်ကို ဂုဏ်ယူတတ်သော အချက်သည် အနောက်နိုင်ငံသား အများစု ချမ်း သာကြွယ်ဝခြင်း၏ အကြောင်းတစ်ခုပင် ဖြစ်၏။**

**မြန်မာလူငယ် အများစုသည် အနောက်နိုင်ငံမှ ဝတ်ပုံ၊ စားပုံမှ အစ ယဉ်ကျေးမှု အမူအရာ အတော်များများကို အတုခိုးကြ၏။ သို့ သော် မိမိဘဝကို ဟက်လမ်းသို့ ပို့ပေးမည့် ဆယ့်ရှစ်နှစ်ကျော်လျှင်**



www.burmeseclassic.com

www.burmeseclassic.com



**မိမိ လုပ်စာနှင့် ကျောင်းတက်သည့် အလေ့အထကို အတုမခိုးသည်မှာ အလွန်အံ့ဩဖို့ ကောင်း၏။**

## ဝါသနာပါရာ လုပ်ပါစေ

ရှေ့ပိုင်းတွင် မိမိ ဝါသနာပါသော အလုပ်ကို လုပ်ရက မပင်ပန်းကြောင်း ဖော်ပြခဲ့၏။ ထို့ပြင် ထူးချွန် ထက်မြက်မှုလည်း ရှိ၏။ ဝါသနာမပါသော အလုပ်ကို လုပ်ရလျှင် စိတ်ရောလူပါ ပင်ပန်းသည့်အပြင် ထူးချွန်ထက်မြက်မှုလည်း မရှိပေ။ ကလေးတစ်ယောက် အမှတ်များများဖြင့် ဆယ်တန်းစာမေးပွဲအောင်လျှင် မိဘအများစုက ဆေးတက္ကသိုလ်ကို ဖွတ်တက်ခိုင်း၏။

သို့သော် ကလေးဝါသနာပါသည်က အင်ဂျင်နီယာ။ မိဘကို မလွန်ဆန်ရဲသောကြောင့် ဆေးတက္ကသိုလ် တက်ရသောအခါ ဆရာဝန်ကား ဖြစ်ပါ၏။ သို့သော် သာမန်ဆရာဝန် တစ်ယောက်မျှသာ ဖြစ်၏။ ထူးချွန်ထက်မြက်သူ တစ်ယောက် ဖြစ်မလာပေ။ ထို့ကြောင့် မိဘများသည် သားသမီး၏ ဝါသနာကို သေချာလေ့လာပြီး ကျောင်းကို တက်စေသင့်သလို၊ အသက်မွေးဝမ်းကျောင်းပညာကိုလည်း သင်စေသင့်သည်။

ဤ အချက်နှင့် ပတ်သက်၍ မိဘရော၊ သားသမီးပါ သိထားသင့်သည့် ကျော်ဝင်း၏ ဆောင်းပါးတစ်ပုဒ်ကို ကောက်နုတ်တင်ပြယင်း ဤစာအုပ်ကို နိဂုံးချုပ်လိုက်ပါသည်။

## ကောင်းကင် တစ်ဝက်ပိုင်သူများ

'အမျိုးသမီးများသည် ကောင်းကင် တစ်ဝက်ပိုင်ကြသူများ ဖြစ်သည်'ဟု ကွယ်လွန်သူ တရုတ်ခေါင်းဆောင်ကြီး မော်စီတုန်းက ပြောခဲ့ဖူးပါသည်။ တကယ်လက်တွေ့တွင်မူ ကွန်ဖြူးရှပ် ယဉ်ကျေးမှု ထွန်းကားရာ အာရှနိုင်ငံ တော်တော်များများရှိ အမျိုးသမီးထု၏ ကောင်းကင်တစ်ဝက်မှာ အပြည့်အဝ လင်းလက်ခွင့်ရခဲ့သည်တော့ မဟုတ်ပါ။ တရားဥပဒေအရ ခွဲခြားဆက်ဆံ ခံနေရသောကြောင့်တော့ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အရှိုးစွဲနေသော ဓလေ့ဟောင်းများ ကိုယ်တိုင်က အမျိုးသမီးများအပေါ် "အားနည်းသော ဒုတိယလိင်" အဖြစ် သဘောထားနေသောကြောင့် ဖြစ်သည်။ သုံးနှစ်တိုင် အာရှစီးပွားရေး အကြပ်အတည်း (၁၉၉၇-၁၉၉၉) နောက်ပိုင်းသို့ ရောက်သောအခါမှ ဆိုခဲ့ပါ အနေထားတို့ မှုန်ဝါးပျက်ပြယ်စပြုလာခဲ့သည် ဖြစ်ပါသည်။

## လမ်းသစ်ထွင်သူ

ရုက်(ဘ)နမ်မဲ(လ) ဝါနီမှာ စကာ်ပူနိုင်ငံမှ အစိုးရ အရာရှိကြီး တစ်ဦး၏ သမီးအထွေးဆုံးကလေး ဖြစ်သည်။ သူတို့ မျိုးရိုးမှာ ကိုလိုနီခေတ် ကတည်းက အရာရှိ အရာခံတွေဖြစ်ရာ ဗြိတိသျှအစဉ်အလာကို အထင်ကြီးသည်။ တစ်ပြိုင်နက်တည်းမှာပင် ကွန်ဖြူးရှပ် ယဉ်ကျေးမှုနှင့် အသားကျနေ သူများလည်း ဖြစ်ပါသည်။

အဖေက မဲ (လ)ဝါနီတို့ ညီအစ်မ တစ်သိုက်ကို ငယ်စဉ်ကတည်းက ကွန်ဗင့်ကျောင်းတွင် ထားပေးသည်။ သူတို့ ကျောင်းက အင်္ဂလိပ် မယ်သီလရှင်ကြီးများ အုပ်ချုပ်သည် ဖြစ်ရာ စည်းကမ်း အလွန်ကြီးသည်။ သတ်မှတ်ထားသော ကျောင်းဝတ်စုံသာ ဝတ်ရသည်။ သတ်မှတ်ထားသော ကျောင်းမှရောင်းသည့် သွားရည်စာကိုသာ စားရသည်။ ကျောင်းပရိဝုဏ် အတွင်း အင်္ဂလိပ်ဘာသာစကားမှ လွဲပြီး အခြား မည်သည့် ဘာသာစကားကိုမှ မသုံးရ။

အစ်မကြီးနှစ်ယောက်အထိ ဘာပြဿနာမှ မရှိ။ အစစ အဆင်ပြေသည်။ မဲ(လ)ဝါနီ လက်ထက်ရောက်မှ ပြဿနာ လုလုကြီး တွေ့ရသည်။ မဲ(လ) ဝါနီက သတ်မှတ်ထားသော ကျောင်းဝတ်စုံကို ဘယ်တော့မှ မဝတ်။ အိမ်မှာနေသော အဝတ်အစားနှင့်ပင် ကျောင်းတက်သည်။ လမ်းဘေးမှ မုန့်ပဲသွားရည်စာတွေ ဝယ်ပြီး စန္ဒတာကြီးတွေရှေ့ပင် စားပြသည်။

ပြီး တရုတ်စကား၊ သို့မဟုတ် မလေးစကားတွေကို အော်ကြီး ဟစ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြသည်။ နောက်ဆုံး ကျောင်းထုတ်ခံရမည့် အန္တရာယ် ရှိလာရာ မျက်နှာအပျက် မခံနိုင်သော ဖခင်ကြီး ကိုယ်တိုင်က သူမကို ကျောင်းထုတ်လိုက်ရသည်။ တက္ကသိုလ် တက်ရတော့မည် ဆိုတော့လည်း အဖေနှင့် ပြဿနာ တက်ပြန်သည်။

အဖေက သူ့ဌာနတွင် အလုပ်သွင်းနိုင်ရန် ပြည်သူ့အုပ်ချုပ် ရေးပညာကို ယူခိုင်းသည်။ မဲ(လ)ဝါနီက တစ်စက်မှ ဝါသနာမပါ။ သူမ စိတ်ဝင်စားသော ကွန်ပျူတာသိပ္ပံ ယူလိုက်သည်။ မည်သို့ပင်ဆိုစေ တက္ကသိုလ် နေ့ရက်များကား မေ့ရက်စရာမရှိပါ။ တစ်စုံတစ်ရာ လွတ်လပ်လာသည်မို့ စိတ်ကူးကွန့်မြူးခွင့် ရသည်။ ပျော်စရာလည်း ကောင်းသည် သူမဘဝ၏ အိမ်မက်ကို တက္ကသိုလ် နေ့ရက်များကပင် ထုဆစ်ခြင်း ဖြစ်ပါသည်။

## ဝါသနာပါရာလုပ်၍ ကြီးပွားသူ မဲ(လ်)ဝါနီ

ကျောင်းပြီးသည်နှင့် မဲ (လ)ဝါနီမှာ အဖေနှင့် အကြီးအကျယ် တိုက်ပွဲ ဆင်ရတော့သည်။ အဖေက အစိုးရအလုပ် ဝါသနာမပါဆိုသော သမီးကို အစိုးရနှင့် ဆက်စပ်နေသော ကုမ္ပဏီတစ်ခုတွင် အလုပ်သွင်းပေးသည်။ သူမက မလုပ်။ အဖေစိတ်ဆိုးလိုက်သည်မှာ မိုးပြိုတော့မတတ်ပင်။

နောက်ဆုံး– 'ကိုင်း... နင့်သဘော၊ နင်ကြိုက်သလိုသာ လုပ်တော့' ဟုဆိုကာ အဖေက ဥပေက္ခာပြုလိုက်သည်။ ထိုစဉ်မှစ၍ မဲ (လ) ဝါနီလည်း အဖေ့အိမ်မှ ခွာခဲ့တော့သည်။ သူငယ်ချင်းတွေနှင့် ပေါင်းပြီး တိုက်ခန်းတစ်ခု ငှားနေသည်။

ရရာအလုပ် လုပ်ပြီး ငွေစုသည်။ သူတို့ ရည်ရွယ်ချက်မှာ သူတို့တတွေ ၏ တက္ကသိုလ်အိပ်မက်ကို အကောင်အထည် ဖော်ဖို့။ သူတို့ သူငယ်ချင်း တစ်သိုက် မှာ ဂီတ ခရေဇီတွေဖြစ်သည်။ သူတို့ ချစ်သောဂီတကို ကမ္ဘာအနှံ့



www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ချင်သည်။ အင်တာနက်ကိုသာ ကျကျနန အသုံးပြုခွင့် ရလျှင် သူတို့ အိပ်မက်ထဲမှ ဆန္ဒတွေ လက်တွေ့ ဖြစ်နိုင်သည်ဟု ယုံထားသည်။

ဒီလိုနှင့် စက်ဘ်ပူ၏ အင်တာနက် ဘစ္စနက်စ် ကနဦးရက်များမှာပင် မဲ(လ)ဝါနီတို့၏ **Sound Buzz** ကို စတင် အကောင်အထည်ဖော်လိုက်နိုင်သည်။ သူတို့၏ အွန်လိုင်း ကုမ္ပဏီ **Sound Buzz** က အရှေ့ဂီတကို အနောက်သို့ ပို့သည်။ အနောက်ဂီတကို အရှေ့သို့ပို့သည်။

ဂီတတွင် လူမျိုးမရှိ ဆိုသည်မှာ **Sound Buzz** ၏ ဆောင်ပုဒ်။ သူတို့လုပ်ငန်းမှာ စက်ဘ်ပူတွင် ယခင်ကမရှိဘူးသေးသော အမျိုးအစားသစ်ဖြစ်သည်။ အဖေအပါအဝင် လူကြီးသူမတိုင်းက သေချာပေါက် 'ကွဲ'မှာဟု သြဘာ ပေးကြသည်။ သို့သော် လက်တွေ့တွင် အံ့သြလောက်အောင် အောင်မြင်သွားသည်။

ငါးနှစ် မရှိတရှိ ကာလမှာပင် အာရှဂီတဈေးကွက်တွင် နာမည်ရ ကုမ္ပဏီ ဖြစ်လာသည်။ အခုတော့ မဲ(လ)ဝါနီမှာ အဖေ့ကို ကောင်းကောင်း ရင်ဆိုင်ရဲပါပြီ။

"သမီးက အဖေခင်းပေးတဲ့ လမ်းအတိုင်း မလိုက်ချင်ဘူး၊ ပျင်းတယ်၊ ကိုယ့်လမ်းကိုယ် ထွင်သွားရတာမှ ပျော်စရာကောင်းတာ အဖေရ။ အဖေ သမီးကို စိတ်မဆိုးနဲ့နော်"ပြောတော့ -

အစကတည်းက သမီးအပေါ် စိတ်မဆိုးနိုင်သော အဖေက ပြုံးပြုံးကြီး ပြန်ပြောသည်။

"ငါ့သမီးက ခေါင်းမာပေမယ့် တော်တယ်၊ တော်မှာပေါ့ အဖေ့ သမီးကိုး..."

ဒါကိုပင် မဲလ်ဝါနီက မကျေနပ် ကက်ကက်လန်အောင် တုန့်ပြန်သည်။

"ဘာမှ မဆိုင်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



## ထက်အောက် ဖွဲ့စည်းပုံများကို ဖြိုပစ်သူ

တောင်ကိုးရီးယားသူလေး 'စုဂျီဟန်' မှာ လူမှန်း သိတတ်ကတည်းက ထက်အောက် ဖွဲ့စည်းပုံ ဆိုသည်များကို အမုန်းကြီး မုန်းနေသူဖြစ်သည်။ သူမ၏ ဖခင်မှာ တောင်ကိုးရီးယား ချာဘိုင်း ယဉ်ကျေးမှု၏ ဦးဆောင်ကုမ္ပဏီ ကြီးတစ်ခုမှ စီအီးအို။ အဖေမှာ သူ့အလုပ်တွင် ဘုရင်ဖြစ်သလို အိမ်မှာလည်း ဧကရာဇ်တစ်ပါးပင် ဖြစ်သည်။

သူတို့ မိသားစု၏ အိမ်ထောင်ဦးစီးက အဖေ။ မိသားစု စီးပွားရေးမှအစ အောက်ခြေသိမ်းကိစ္စအားလုံး အဖေ၏ ထိန်းချုပ်မှုအောက်တွင်သာ ရှိသည်။ အဲဖေပြီးတော့ ဒုတိယ အာဏာအရှိဆုံးမှာ သားကြီး ဩရသဖြစ်သော အစ်ကို။ အစ်ကိုက အဖေ့စီးပွားရေး တစ်ခုလုံးကို ဆက်ခံရမည့်သူ ဖြစ်ရာ အိမ်ရှေ့မင်းသားအရာ ထားရသူဖြစ်၏။

BURMESE CLASSIC

မိန်းမသား တစ်ဦးဖြစ်သော အမေ့မှာ အဖေ၏ ပွဲတက်မယား အဖြစ်မှ လွဲ၍ မည်သည့် အခွင့်အာဏာမှ မရှိ။ အခြေအနေအဆိုးဆုံးကား မိသားစု ထက်အောက်ဖွဲ့စည်းပုံတွင် အောက်ဆုံးပိတ်မှာရှိသည့် သမီးထွေးလေး စုဂျီဟန်ပင် ဖြစ်တော့သည်။ အဖေက သူ့သားကြီး အစ်ကို့ကို နာမည်ကြီး အမေရိကန် တက္ကသိုလ်သို့ ပို့သည်။

စုဂျီကိုမူ တောင်ကိုးရီးယားတက္ကသိုလ်မှာသာ ထားသည်။ ဒါတောင် အမေတောင်းပန်လွန်း၍သာ တက္ကသိုလ် တက်ခွင့် ရခြင်းဖြစ်သည်။ အဖေ့သဘော အရဆိုလျှင် အထက်တန်း အောင်ရုံမျှနှင့် ပညာရေးကိစ္စ ဆုံးခန်းတိုင်ရလိမ့်မည်။ အဖေ့သဘောမှာ 'မိန်းကလေးပဲ သေစာရှင်စာ တတ်ရင် တော်ရောပေါ့' ဟူ၍ဖြစ်သည်။

မည်သို့ပင် ဆိုစေ စုဂျီ အားမပျက်ပါ။ ရည်မှန်းချက် တစ်ခုအတွက် သန္နိဋ္ဌာန်ချပြီး ကျောင်းစာကို ကြိုးစားသင်သည်။ စုဂျီ ကျောင်းပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



အဖေက သူ့ကုမ္ပဏီတွင် ကွန်ပျူတာ စာရေးမအလုပ် ပေးသည်။ ငယ်စဉ်က တည်းက ထက်အောက် ဖွဲ့စည်းပုံတွေကို စိတ်ပျက်စိတ်နာနေသော စုဂျီအနေ နှင့် ဘယ်လိုမှ လက်မခံနိုင်ပါ။

အဖေတို့ ကုမ္ပဏီ ထက်အောက်ဖွဲ့စည်းပုံတွင် စာရေးမအတွက် အမိန့် နာခံရုံမှတစ်ပါး ဘာတစ်ခုမျှ လုပ်ပိုင်ခွင့် မရှိသည်ကို ကောင်းကောင်း သိပြီး ဖြစ်ပါသည်။ သည်လိုနှင့် အဖေ့ဆန္ဒကို လွန်ဆန်ပြီး သူမကိုယ်ပိုင် ကုမ္ပဏီတစ်ခု တည်ထောင်ခဲ့သည်။

ကုမ္ပဏီ အမည်မှာ Vinualtek ရုံးသုံး ဆော့ဖ်ဝဲလ်တွေ ထုတ်လုပ် ရောင်းချသော အိုင်တီကုမ္ပဏီဖြစ်သည်။ ဖြစ်ချင်တော့ ထိုအချိန်မှာ အိုင်တီတော် လှန်ရေးကြီး တောင်ကိုးရီးယားသို့ အရှိန်အဟုန်နှင့် ရောက်လာချိန်ဖြစ်ရာ စုဂျီ အတွက် ချိန်ခါသင့် ဖြစ်သွားတော့၏။

ယခုအခါ စုဂျီ၏ Vinualtek မှာ အရင်းတန်ဖိုး ဒေါ်လာ သန်းလေးရာဖြင့် လည်ပတ်နေသော ထိပ်တန်း ကုမ္ပဏီကြီး ဖြစ်နေလေပြီ။ သူတို့ ကုမ္ပဏီတွင် အစဉ်အလာ ထက်အောက်ဖွဲ့စည်းပုံတွေ မရှိ။ ဝန်ထမ်းအားလုံးမှာ သူမ၏ မိတ်ဆွေတွေ ဖြစ်သည်။ အားလုံး လူငယ်တွေချည်း ဖြစ်သည်။ အမျိုးသမီးတွေက အများစု ဖြစ်သည်။

"ကျွန်မတို့ဆီမှာ အလုပ်တာဝန် ခွဲဝေမှုက လွဲလို့ ရာထူးဆိုတာမရှိပါ ဘူး။ အားလုံး သူငယ်ချင်းတွေချည်းပါ"

ပြောတော့-ရှေးရိုးသမားကြီး သူ့ဖခင်က အံ့သြနေသည်။

"သမီးတို့ ဘယ်လို အလုပ် လုပ်ကြလဲ"

"သည်လိုပဲ ညှိနှိုင်းလုပ်တာပေါ့၊ ဒီနည်းက ပိုအလုပ်ဖြစ်တယ်လေ။ အိုင်ဒီယာ သစ်တွေလည်း ပိုထွက်လာတယ်"

www.burmeseclassic.com

www.burmeseclassic.com



စူဂျီ.စကားတွေကို ချာဘိုင်းခေတ် ဘာစ္စနက်စ် တစ်ဦးဖြစ်သော အဖေ့အနေနှင့် နားလည်ချင်မှ နားလည်နိုင်ပါလိမ့်မည်။ လူငယ် 'အန်ထရာ ပရာနွော' တစ်ဦးဖြစ်သော အစ်ကိုကတော့ ကောင်းကောင်း နားလည်သည်။ သူ.ညီမကို အားပေးသည်။

"အိုကေ၊ ညီမလေး ဆက်လုပ်"

* * *

အထက်တွင် ဖော်ပြခဲ့သည်တို့မှာ အာရှဒေသ 'အန်ထရာ့ပရာနွော' (စွန့်ဦးတီထွင်) လူငယ်မျိုးဆက်သစ်များထဲမှာ အမျိုးသမီးလုပ်ငန်းရှင် နှစ်ဦး၏ တစ်ပိုင်းတစ်စ ရုပ်ပုံလွှာ ဖြစ်ပါသည်။ ယနေ့ အာရှဘာစ္စနက်စ် လုပ်ငန်းကို ဦးဆောင်နေသူများ၏ သုံးပုံတစ်ပုံကျော်မှာ သူတို့လို လူငယ်အမျိုးသမီး 'အန်ထရာ ပရာနွော'များ ဟု သိရပါသည်။

ဤပုံအတိုင်းဆိုလျှင် အာရှ၏ ကောင်းကင်တစ်ဝက်မှာ မကြာမတင် အချိန်အတွင်း အပြည့် အဝလင်းလက်လာတော့မည်ဟု မှန်းဆရပါသည်။

(စာရှုသူအားလုံး မေတ္တာဖြင့် ကြီးပွားတိုးတက် ချမ်းသာကြပါစေ။)

မေတ္တာရှင် (ရွှေပြည်သာ)

၅. ၇, ၂၀၀၇ တွင် စတင်ရေးသား၍

၁၂, ၇, ၂၀၀၇၊ ည ၉း၁၀ မိနစ်တွင်

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊

ဖန်ခါးကုန်းကျေးရွာ

'သဒ္ဓိပဿနာ ' တောရကျောင်း၌

ရေးသားပြီးစီးသည်။



www.burmeseclassic.com